



# သာသနာပြုသော့ချက်များ


မဟာသဒ္ဓမ္မဇောတိကဓဇ

**တက္ကသိုလ်သျှင်သီရိ**

(မဟာစရိယ၊ ဘီအေ)



ဓမ္မဒါနအလှူရှင်

ကျေးဇူးရှင်မိဘများနှင့် ဆရာ၊ ဆရာမများအား

ဦးထိပ်ထား၍

အမှတ် – ၂၀၇၊ မြင်စိုင်းလမ်း (၂၀) ရပ်ကွက်၊

ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်

ရန်ကုန်တိုင်းနေ

အလှူ့ဒါယကာ အဂ္ဂမဟာသီရိသုဓမ္မာ

မဏိဇောတဓရ ဦးအောင်ကြည်မြင့်

အလှူ့ဒါယိကာမ ဒေါ်စန်းကြည် (ခ) ဒေါ်မြစန်းကြည်

သား-မောင်နေလင်းအောင်၊ သမီး-မသီရိဆုမြတ်အောင်

မိသားစုမှ ရိုက်နှိပ်လှူဒါန်းပါသည်။

ပထမအကြိမ်၊ အုပ်ရေ ❖ ၁၀၀၀

ဒုတိယအကြိမ်၊ အုပ်ရေ ❖ ၁၀၀၀

အလှူငွေ ၅၅၀၀၀၀ ကျပ်

ပထမအကြိမ် ○ ၂၀၀၅ ခုနှစ်
အုပ်ရေ ○ ၁၀၀၀
ဒုတိယအကြိမ် ○ ၂၀၀၉ ခုနှစ်
အုပ်ရေ ○ ၁၀၀၀

ထုတ်ဝေသူ

ဦးထွန်းမြအောင် (ယာယီ – ၅၄၉)
ညွှန်ကြားရေးမှူး၊
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန၊
ကမ္ဘာအေး၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးအောင်မြင့်သိန်း (မြ – ၀၆၃၆၄)
အင်ကြင်းမြိုင် ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပြည်နယ်၊ တောင်တန်း၊ နယ်စပ်ဒေသရှိ
သာသနာပြုပုဂ္ဂိုလ်များအတွက်

# သာသနာပြုဩဝါဒချက်များ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

သာသနာရေးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

သာသနာ – ၂၅၅၃၊ ကောဇာ – ၁၃၇၁၊ ခရာဇ် – ၂၀၀၉

# မာတိကာ

## အခန်း (၁)

* ကျေးဇူးကြီးမား သာသနာပြုပုဂ္ဂိုလ်များ
ပေါ်ထွန်းရေး ၁
* ဓမ္မအလင်းရောင် ထွန်းလင်းပါမှ ၆
* ဓမ္မဒီပါဝိဟာရတ
(ဓမ္မသည်သာ ဘဝ၏အလင်းရောင်) ၁၂
* တရားတော်ဂုဏ်၏ အနှစ်သာရ ၁၉
* သံဃရတနာ၏ဂုဏ်ရည် ၂၆
* သီလနှင့်ပြည့်စုံသော
သာသနာပြုပုဂ္ဂိုလ်၏ဂုဏ်ရည် ၄၀
* လူသားစွမ်းရည် အရင်းအမြစ်နှင့်
သံဃာတော်များစွမ်းရည် ၄၇

## အခန်း (၂)

* သာသနာပြုဆိုသည်မှာ ၅၄
* သာသနာပြု ပုဂ္ဂိုလ်ကောင်းတစ်ယောက်ဖြစ်ရန်
နည်းလမ်းမှန် ၅၈

* မြင့်မြတ်သော သာသနာပြု အာဇာနည်ဟူသည် ၆၇
* မြင့်မြတ်သော သာသနာပြု အာဇာနည်ခေါင်းဆောင်
တို့၏ တာဝန်နှင့်ကျင့်ဝတ်များ ၇၄
* မြင့်မြတ်သော သာသနာပြုအာဇာနည်
ခေါင်းဆောင်တို့၏ တာဝန်နှင့်ဝတ္တရားများ ၈၃
* အမြင့်မြတ်ဆုံးသော သာသနာပြု
သူရဲကောင်းအာဇာနည် ၈၉

## အခန်း (၃)

* သာသနာပြုပုဂ္ဂိုလ်များ ထားရှိရမည့်
ခံယူချက်နှင့် စိတ်ဓာတ် ၉၆
* အမျိုးကြီးပွားရေးအတွက်
ထားရှိရမည့် စိတ်ဓာတ်နှင့်ဝါဒ ၁၀၁
* ခေါင်းဆောင်ကောင်းတို့၏ ကျင့်ဝတ်ဟူသည် ၁၀၅
* သာသနာပြု စည်းရုံးမှု
ခေါင်းဆောင်တစ်ဦးဖြစ်ရန်နည်း ၁၁၁
* လူသာသနာပြုပုဂ္ဂိုလ်ကောင်းတစ်ယောက်ဖြစ်ရန်
ဖြည့်ကျင့်ရမည့် ကျင့်ဝတ်များ ၁၂၀
* သာသနာပြုခေါင်းဆောင်ကောင်း
အင်္ဂါရပ်များရရှိရန် နည်းလမ်းမှန် ၁၂၇
* သာသနာပြုခံရမည့် ပုဂ္ဂိုလ်တို့၏အဆင့်အတန်း ၁၂၉

ကြီးကြပ်ကွပ်ကဲ၍ ရွေးချယ်စိစစ်ခန့်ထားခြင်း၊ စေလွှတ်ခြင်းများနှင့် ထိုသာသနာပြု ရဟန်းပုဂ္ဂိုလ်များကို သင်တန်းပေးခြင်း၊ လူပုဂ္ဂိုလ်သာသနာပြုများကို သင်တန်းပေးခြင်း စသော လုပ်ငန်းများကို လမ်းညွှန်ပဲ့ကိုင်ပေးရပါသည်။

သင်တန်းများတွင် သာသနာပြုဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သော ဘာသာရပ်များကို သင်ကြားပို့ချပေးကြရပါသည်။ သင်တန်းများသည် အချိန်ကိုလှု၍ လုပ်ရသည့်အတွက် တစ်ပတ်၊ နှစ်ပတ် အတွင်းသာ ဖွင့်လှစ် သင်ကြားပို့ချနိုင်၍ အပေါ်ယံသဘောမျှလောက်မျှသာ (ဝါ) လုပ်ငန်းသဘော သိရုံမျှလောက်သာ အဓိကထား ပို့ချနိုင်ခဲ့ပါသည်။

ထိုသည်ကို သဘောပေါက်မိသော ညွှန်ကြားရေးမှူးချုပ်ကြီး ဦးစန်းလွင်သည် သာသနာပြု ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များအတွက် သင်တန်းပို့ချမှုတို့ကို အားရကျေနပ်ခြင်း မရှိခဲ့ပါ။ သို့အတွက် ညွှန်ကြားရေးမှူးချုပ်ကြီးသည် စာရေးသူအား သာသနာပြုပုဂ္ဂိုလ်များနှင့် ပတ်သက်၍ –

- သာသနာပြုဆိုတာဘာလဲ
- သာသနာပြုလုပ်ငန်း၏ ရည်ရွယ်ချက်
- သာသနာပြုတို့ ခံယူရမည့်စိတ်ဓာတ်
- သာသနာပြုတို့ ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေ

* ဗုဒ္ဓဘာသာ၏ ခံယူချက်နှင့် ဘုရားရှင်၏ သာသနာ ပြုပုံ
* အခြားဘာသာတို့၏ ခံယူချက်နှင့် သာသနာပြုပုံ
* သာသနာပြုပုဂ္ဂိုလ်အတွက် အနှောင့်အယှက် အန္တရာယ်များ

စသည့် သာသနာပြုဆိုင်ရာ သိသင့်သိထိုက်သော အချက်အလက်များကို အသေးစိတ် လေ့လာဖတ်ရှုနိုင်ရန်နှင့် လိုသည့်အခါတွင် ပြန်လည်ကြည့်ရှု ဆောင်ရွက်နိုင်ရန်အတွက် သာထွန်းပြန့် ဓမ္မစာစောင်၌ ရေးပေးပါဟု လမ်းညွှန်ခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်ကြီး ဦးစန်းလွင်၏ လမ်းညွှန်ချက်ကို စာရေးသူက ဦးထိပ်ပန်ဆင်လျက် သာသနာပြုပုဂ္ဂိုလ်များ သိသင့်သိထိုက်၊ ခံယူသင့်ခံယူထိုက်၊ လုပ်ဆောင်သင့်လုပ်ဆောင် ထိုက်သော သာသနာပြုဆိုင်ရာများကို သာထွန်းပြန့် ဓမ္မစာစောင် ၌ လစဉ်ရေးသားခဲ့ပါသည်။

ယခုအခါ ထိုအကြောင်းအရာ အချက်အလက်များကို လက်စွဲအဖြစ် အချိန်မရွေး အသုံးပြုနိုင်ရန် သာသနာပြုသော့ ချက်ဟူသော အမည်ဖြင့် သာသနာပြုပုဂ္ဂိုလ်များအတွက် စာအုပ် ထုတ်ဝေလိုက်ရပါသည်။

ဤစာအုပ်သည် နယ်စပ်နှင့် တောင်တန်းဒေသအသီးသီး ၌ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နေကြသော ရဟန်းတော်

နှင့် လူပုဂ္ဂိုလ်တို့အတွက် တစ်စိတ်တစ်ဒေသ အထောက်အကူ ပြုသော စာအုပ်ဖြစ်လိမ့်မည်ဟု စာရေးသူက ယုံကြည်မိပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အစိကလမ်းညွှန်မှုပြု ခဲ့သော ညွှန်ကြားရေးမှူးချုပ်ကြီး ဦးစန်းလွင်နှင့် စာမူကို ဝိုင်းဝန်းကူညီကြသော သာထွန်းပြန့် ဓမ္မစာစောင်အဖွဲ့မှ ဦးသန်းစိုး (ဦးစီးအရာရှိ)၊ ဦးစိုးတင့် (ကွန်မ်းကျင်ပညာရှင်)၊ ဒေါ်မြင့်မြင့်ကြည် (နည်းပြ) နှင့် ပုဂ္ဂိုလ်အပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

**တက္ကသိုလ်သျှင်သီရိ**
**(ဓမ္မာစရိယ၊ ဘီအေ)**
**တာဝန်ခံစာတည်း**
**သာထွန်းပြန့်ဓမ္မစာစောင်**

# အခန်း (၁)

## ကျေးဇူးကြီးမား သာသနာပြုပုဂ္ဂိုလ်များ ပေါ်ထွန်းရေး

လောကတွင် တရားစစ် တရားမှန်များ ထွန်းကားရေး အတွက်လည်းကောင်း၊ ဤလောကရှိ လူ၊ နတ်၊ ဗြဟ္မာတို့အား လည်း တရားစစ် တရားမှန် သိရှိပြီး သစ္စာလေးပါးတရားကို သိရှိကာ ချမ်းမြေ့သာယာသောနိဗ္ဗာန်သို့ ရောက်ရှိစေရန် ဂေါတမ ဘုရားသည် ဘုရားဖြစ်လျှင်ဖြစ်ချင်း မိမိကိုယ်ကို မဟာဗောဓိ မဏ္ဍိုင်မှ (၈) ယူဇနာဝေးသော ကာသိတိုင်း၊ ဗာရာဏသီပြည်၊ မိဂဒါဝုန်တောသို့ ဝါဆိုလပြည့်နေ့ နံနက်အချိန်တွင် ခြေကျင် ကြွတော်မူသည်။ ညချမ်းအချိန်တွင် ပဥ္စဝဂ္ဂီငါးဦးကို စည်းရုံး သိမ်းသွင်း၍ ဓမ္မစကြာတရားဦး စတင်ဟော၍ ဓမ္မစည်ကို စတင်တီးခတ် လှုံ့ဆော်ပေးခဲ့ပါသည်။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် (၅၆) ရက်မြောက်သောနေ့ညတွင် မာရ်နတ်သည် ဘုရားရှင်ထံသို့ ရောက်လာပြီး ပရိနိဗ္ဗာန်ပြုရန် လျှောက်ထားခဲ့သည်။ ထိုအခါ ဘုရားရှင်က –

"မာရ်နတ်–ငါ၏တပည့်သား ရဟန်း၊ ရဟန်းမများ၊ ဥပါသကာ၊ ဥပါသိကာတို့သည် မိမိတို့၏ဆရာဖြစ်သော ငါဘုရား၏ဝါဒကို တတ်မြောက်အောင်သင်ယူပြီး သူတစ်ပါးတို့အား မဟောနိုင်သေးသမျှ ပေါ်ပေါက်လာသော သူတစ်ပါးတို့၏ အယူဝါဒကို ယထာဘူတကျကျ ကောင်းစွာ နှိမ်နင်းပြီး အံ့ဖွယ်ရှိသော ငါဘုရား၏ တရားတော်များကို မပြောပြနိုင်သေးသမျှ ကာလပတ်လုံး ငါဘုရားသည် ပရိနိဗ္ဗာန်ပြုမည် မဟုတ်သေး"

ဟု မိန့်ကြားတော်မူခဲ့ပါသည်။

ယိုသို့ မိန့်ကြားပြီး ဘုရားရှင်သည် ဆိုခဲ့သည့်အတိုင်း ပဉ္စဝဂ္ဂီငါးပါးအား တရားစစ် တရားမှန်ကို စတင်ဟောကြားခဲ့ပြီး အယူမှန်ရောက်စေကာ ရဟန္တာဖြစ်စေခဲ့သည်။ ထို့နောက် သေနနိဂုံး ဗာရာဏသီ သူဌေးကတော် ဃနာနို့ဆွမ်း ဒါယိကာမ သုဇာတ၏ သားဖြစ်သော ယသသတို့သား အပါအဝင် ငါးကျိပ်ငါးဦးတို့ကို ဆက်လက်တရားဟောပြီး ရဟန္တာဖြစ်စေကာ သာသနာပြုခဲ့ပါသည်။

ထို့နောက် ဘုရားရှင်သည် ထိုရဟန်း (၆၀) ကျိပ်တို့ကို လောကလူသားတို့ ကောင်းကျိုးအတွက် လောကရှိ သတ္တဝါတို့ ချမ်းသာရန်အလို့ငှာ "သာသနာပြု ခရီးထွက်ကြကုန်လော့" ဟု ဩဝါဒပေးစေလွှတ်ပြီး နည်းနည်းနှင့် ကျဲကျဲဝိုင်းနိုင်ရန် တကြောင်း ခရီးကို တစ်ပါးသာ သာသနာပြုရန် စေလွှတ်ခဲ့ပါသည်။

ဘုရားရှင်ကိုယ်တော်တိုင်လည်း ဉရုဝေဠတောရှိ ရသေ့ ညီနောင် ရှင်တစ်ထောင်ထံသွားပြီး ထိုပုဂ္ဂိုလ်တို့အား တရား ဓမ္မဟောကြားကာ ကိုယ်တိုင် သာသနာပြုခဲ့ပါသည်။

အယူမှားသူများ အယူမှန်စေရန် သာသနာပြုလုပ်ငန်း၏ အကျိုးများပုံကို ဘုရားရှင်ကိုယ်တော်တိုင်က သီလက္ခန္ဓဝဂ် ဒိဗ္ဗ စက္ခုကဏ္ဍ၌ –

"ဒုစရိုက်ပြုသူများ၊ အရိယာကို စွပ်စွဲသူများ၊ ကိုယ်တိုင် အယူမှားသူများ၊ သူတစ်ပါးကို အယူမှားအောင်ပြုသူများ သည် အပါယ်သို့သာ လားကြရသည်။ သုစရိုက်ပြုသူ များ၊ အရိယာကို မစွပ်စွဲသူများ၊ ကိုယ်တိုင် အယူမှန်သူ များ၊ သူတစ်ပါးကို အယူမှန်အောင် အကျိုးဆောင်သူ များသည် နတ်ရွာသုဂတိသို့ လားရကြောင်း"

ဟောကြားတော်မူခဲ့ပါသည်။

ဘုရားရှင်သည် သာသနာပြုလုပ်ငန်း၏ အကျိုးကြီးမား ပုံကို သိရှိတော်မူ၍ ကိုယ်တော်တိုင် (၄၅) ဝါ ကာလပတ်လုံး

မရပ်မနား လှည့်လည်သွားလာ၍ လူ၊ နတ်၊ ဗြဟ္မာတို့အား တရားဟောကြားတော်မူခဲ့ရာ သုတ်, ဝိနည်း, အဘိဓမ္မာ ဟူသော ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ထိ ရှိခဲ့ပါသည်။

မြတ်စွာဘုရား၏ ဤတရားတော်များကြောင့် လည်းကောင်း၊ ဘုရားရှင်မှအစ သာဝကများမှလည်းကောင်း၊ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီးနောက် အရှင်မဟာကဿပအမှူးရှိသော မထေရ်သံဃာတော် အဆင့်ဆင့်မှလည်းကောင်း ထိုတရားတော်များကို ဟောပြောပို့ချ သွန်သင်ဆုံးမခဲ့ကြသဖြင့် သာသနာနှင့်ကြုံကြိုက်ခိုက် ဆုံတွေ့ခဲ့ကြရသော ပုဂ္ဂိုလ်များအပေါင်းသည် တရားစစ်တရားမှန်များ ရရှိကြပြီး မြင့်မြတ်သော လူ၊ နတ်၊ ဗြဟ္မာ ဘဝများသို့ ရောက်ရှိကြကာ နောက်ဆုံး ကျင့်ကြံအားထုတ်ကြသဖြင့် မဂ်ဖိုလ်ဝင် နိဗ္ဗာန်မျက်မှောက်ပြုကြရသော အကျိုးများကို ရရှိခံစားကြရပါသည်။

လူအများ ဤအကျိုးကျေးဇူး ခံစားကြရသည်မှာ သာသနာပြုပုဂ္ဂိုလ်တို့၏ ကိုယ်ကျိုးစွန့် ဟောပြောဆောင်ရွက်မှုများကြောင့် ဖြစ်ပါသည်။ သာသနာပြုပုဂ္ဂိုလ်များ၏ ခံယူချက်စိတ်ဓာတ်သည် သာမန်စိတ်ဓာတ်မဟုတ် မြင့်မြတ်သော အာဇာနီယ သူရဲကောင်းတို့၏ စိတ်ဓာတ်မျိုးကို သာမန်လူတို့ မမွေးနိုင်ပါ။ အလွန်မြင့်မြတ်သော စိတ်ထားရှိသော ပုဂ္ဂိုလ်များမှသာ မွေးနိုင်သောစိတ်ထား ဖြစ်ပါသည်။ ဤမြင့်မြတ်သော စိတ်ထားရှိသော ပုဂ္ဂိုလ်

များသည် စိတ်ထား အထွတ်အထိပ်သို့ရောက်သော် သတ္တဝါ အားလုံးအတွက် အလင်းရောင်ပေး ကယ်တင်လိုသောစိတ်များ ဝင်ကာ ဘုရားဆုကို ပန်ဆင်ကြပြီး ပါရမီဆယ်ပါး အပြား သုံးဆယ်၊ စရိယသုံးပါး၊ စွန့်ခြင်းကြီးငါးပါး စသောကျင့်စဉ် များကို ဖြည့်ဆည်းကျင့်ကြံ အားထုတ်တော်မူကြပါတော့သည်။

ဤမြင့်မြတ်သောစိတ်ထားရှိသော ပုဂ္ဂိုလ်သည် လောက တွင် အမြတ်ဆုံး အတုမရှိသောပုဂ္ဂိုလ် ဖြစ်လာရပါသည်။

ယနေ့ ဤမြန်မာနိုင်ငံ အပါအဝင် ဤကမ္ဘာလောကကြီး ၌ ဂေါတမဘုရားရှင်၏ အဆုံးအမများ တည်ရှိနေခြင်း၊ လူ အများတို့ ထိုအဆုံးအမ တရားအရသာကို ခံစားနေရခြင်းတို့ မှာ အယူမှားရှိသူများအား အယူမှန်တည်စေလိုသော သာသနာပြု လုပ်ငန်း၏ အကျိုးကို လိုလားတော်မူကြသော တပည့်သာဝက တို့၏ မွန်မြတ်သော စိတ်ထားကြောင့်ပင် ဖြစ်ပါသည်။

ထိုသာသနာပြုပုဂ္ဂိုလ်များနှင့် ထိုပုဂ္ဂိုလ်များအပေါ်၌ ပစ္စည်း လေးပါးဖြင့် ထောက်ပံ့ကြသော ဓမ္မကိုမြတ်နိုးသော စိတ်ဓာတ် ရှိသော ဥပါသကာ ဥပါသိကာတို့၏ ကျေးဇူးကြောင့်ပင် ဤ ဘုရားရှင်၏ အဆုံးအမများသည် နှစ်ပေါင်း (၂၅၀၀) ကျော် မတိမ်းမစောင်းဘဲ ရပ်တည်ထွန်းလင်းခဲ့ပါသည်။

ထိုသာသနာနှင့် အဆုံးအမများ သာသနာ (၅၀၀၀) အထိ ဆက်လက် တည်တံ့ပြန့်ပွားရေးအတွက် သာသနာပြုပြီး ထိန်း

သိမ်းဆောင့်ရောက်သွားရန်မှာ ယနေ့ လက်ရှိတင်ရှားရှိနေသော မထေရ်သံဃာများနှင့် အထောက်အပံ့ပေးနေကြသော လူပုဂ္ဂိုလ်များ၏ တာဝန်ပင် ဖြစ်ပါသည်။

ထို့ကြောင့် တရားစစ် တရားမှန်များ ထွန်းကားပြန့်ပွားရေးအတွက် သာသနာပြုပုဂ္ဂိုလ်များသည် ကျေးဇူးကြီးမားလှသော ပုဂ္ဂိုလ်များဖြစ်ကြ၍ ထိုပုဂ္ဂိုလ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းရေးကို အထူးအရေးပေး ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

## ဓမ္မအလင်းရောင် ထွန်းလင်းပါမှ

ကမ္ဘာဦးလူသားတို့ ကောင့်တမှုကြောင့် အမိုက်အမှောင်ကို ဖြိုခွင်းပြီး အလင်းရောင်ကို ပေးဆောင်နိုင်သော နေမင်း၊ လမင်းတို့သည် သတ္တဝါတို့ အကျိုးအတွက် ကမ္ဘာဦးအစ၌ ပေါ်ထွန်းခဲ့ရပါသည်။

သို့သော် ထိုလူသားသတ္တဝါတို့သည် ထိုအလင်းရောင်များအောက်ဝယ် –

* ကိလေသာရာဂ စသည်တို့ဖြင့် ထူထပ်ပေါ်များကာ ကျက်စားသွားလာနေကြသည်။
* မောဟ၊ အဝိဇ္ဇာ၊ အကုသိုလ် အမိုက်ဖြင့် ဖုံးလွှမ်းနေကြသည်။

* မကောင်းသော ဒုစရိုက်တရားတို့ကို မိုက်မှားပျော်ပါး လိုက်စားနေကြသည်။

* ကာမောဃစသော ဝဲသြဃတရားလေးပါး၌ တဖွားဖွား နစ်မွန်းပျော်ပါးလျက် ရှိနေကြသည်။

နေရောင်၊ လရောင်သာရှိပြီး ဓမ္မတည်းဟူသော အလင်းရောင် မရှိကြသဖြင့် လူတို့သည် သူ့အသက်သတ်ခြင်း၊ သူတစ်ပါးဥစ္စာ ခိုးယူခြင်း၊ သူ့သားအိမ်ရာပြစ်မှားခြင်း၊ လိမ်ညာပြောဆိုခြင်း၊ သေရည်သောက်စားခြင်းဟူသော အလေးအမြတ်ပြုအပ်သောတရား (ဂရုဓမ္မ) လောကကို စောင့်ရှောက်သော လောကပါလတရားတို့ကို အလေးအနက်ထား ကျင့်သုံးရမှန်းမသိ ဖြစ်ခဲ့ကြရသည်။

ကလိယုဂ်ဆုတ်ကပ် ကာလအတွင်း လူတို့သက်တမ်း (၁၀၀) ၌ ဂေါတမဘုရားရှင်သည် လောကရှိ သတ္တဝါအားလုံးတို့ အကျိုးအတွက် ဓမ္မအလင်းရောင်ပေးရန် ပေါ်ထွန်းခဲ့သည်။

ဂေါတမဘုရားရှင်သည်ပင်လျှင် ဘုရားဖြစ်ခါစ လောကကို ကြည့်မိသောအခါ လောကရှိ သတ္တဝါ အားလုံးတို့သည် ကိလေသာအမိုက်တိုက်၊ အဝိဇ္ဇာအမိုက်တိုက်ဖြင့် ဖုံးလွှမ်းနေသည်ကို မြင်တော်မူ၍ "အန္ဓိဘူတော အယံလောကော" အစရှိသည်ဖြင့် ဤသုံးဆယ့်တစ်ဘုံအတွင်းရှိ သတ္တဝါအများတို့သည် အမိုက်တိုက်အတိသာ ဖြစ်သောကြောင့် ငါဘုရား တရားဟောသော်

လည်း မောရုံသာရှိမည်ဟု စိတ်နှလုံးပိုက်၍ စိတ်ညွတ်တော်မူခဲ့လေသည်။

ထိုအခါ သဟမ္ပတိဗြဟ္မာကြီးသည် ဘုရားရှင်၏ စိတ်အလိုကိုသိ၍ "အို ... အချင်းတို့၊ လောကကြီး ပျက်စီးတော့မှာပါတကား" ဟု နှလုံးမသာမယာစွာဖြင့် ကျူးရင့်မိလေသည်။

ထို့နောက် သဟမ္ပတိဗြဟ္မာကြီးသည် ဘုရားရှင်ထံသို့ ချဉ်းကပ်ပြီးလျှင် –

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် ဒီပင်္ကရာဘုရားရှင်၏ ခြေတော်ရင်း၌ နိယတဗျာဒိတ်ကို ခံယူတော်မူစဉ်အခါက –

* ငါသည် သံသရာမှ ကူးမြောက်ခဲ့သည်ရှိသော် ဝေနေယျသတ္တဝါအပေါင်းတို့ကိုလည်း သံသရာမှ လွတ်စေအံ့၊
* ငါသည် ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်သည်ရှိသော် ဝေနေယျသတ္တဝါအပေါင်းတို့ကိုလည်း ကိလေသာအနှောင်အဖွဲ့မှ လွတ်စေအံ့၊
* ငါသည် သစ္စာလေးပါးမြတ်တရားကို သိသည်ရှိသော် ဝေနေယျသတ္တဝါအပေါင်းတို့ကိုလည်း သစ္စာလေးပါးမြတ်တရားကို သိစေအံ့၊

ဟု သုံးတန်သောဥဒါန်းကို ကျူးရင့်ခဲ့သည့်အတိုင်း ယခုအခါ မြတ်စွာဘုရားသည် ဝေနေယျအပေါင်းတို့အား ငွဲညှာသနား၍ သံသရာမှ ကူးမြောက်နိုင်စေရန် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင်အောင် ဟောကြားတော်မူပါဘုရား။ လောက၌ ကျွတ်ထိုက်သောသူ အနည်းငယ် ရှိပါသေးသည်။ မြတ်စွာဘုရား တရားတော်ကိုသာ ကြားခြင်းမပြုပါက ထိုသတ္တဝါများ ဆုံးရှုံးပျက်စီး နစ်နာပါလိမ့်မည်ဘုရား။ သို့ဖြစ်ပါ၍ တရားတော်ကို ဟောကြားတော်မူပါဘုရား”

ဟု တောင်းပန်လျှောက်ထားလေသည်။

ထိုအချိန်မှစ၍ ဘုရားရှင်သည် တရားတော်ကိုဟောရန် စိတ်ညွတ်ပြီး ပဉ္စဝဂ္ဂီတို့အား တရားဦးဓမ္မစကြာကို စတင်ဟောကြားခဲ့ပါသည်။ ထိုအချိန်မှစ၍ ဤလောကဝယ် ဘုရားရတနာ ပေါ်ခဲ့သလို တရားရတနာ၊ သံဃာရတနာများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပါသည်။

မြတ်စွာဘုရားရှင်သည် ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ကို ရွေးချယ်၍ စည်းရုံးတရားဟောကြားခဲ့သလို ကျန်သော သတ္တဝါတို့ ကောင်းကျိုးချမ်းသာအတွက် အဆက်ဆက် ကောင်းကျိုးတရားများ ဖြစ်ထွန်းစေရန်အတွက် ပင်ပန်းမှု၊ ဆင်းရဲမှုကို

* မေ့လျော့ခြင်း - ပမာဒ

တို့ဖြင့်သော အသုံးများ ပျော်မွေ့နေကြသည်က များနေကြပါသည်။

ဤအတိုင်းသာဆိုလျှင် ဓမ္မအလင်းရောင် တဖြည်းဖြည်း ကွယ်ပျောက်ပြီး အဓမ္မဝါဒများ လွှမ်းမိုးလာပြီး သတ္တဝါတို့ ဆင်းရဲတွင်း နက်သထက် နက်လာပေတော့မည်။

ထို့ကြောင့် ဘုရားရှင်က သတ္တဝါတို့ ကောင်းကျိုးအတွက် ဟောကြားခဲ့သော ဓမ္မအလင်းရောင်များ မကွယ်ပျောက်ရေး၊ သတ္တဝါတို့ကို အလင်းရောင်အောက်ဝယ် ချမ်းမြေ့သာယာစွာ နေနိုင်ရေးအတွက် သာသနာ့အကျိုး၊ ဓမ္မအကျိုး ဆောင်ရွက်ကြရန် လိုအပ်နေပါသည်။

## ဓမ္မဒီပါဝိဟာရထ
## ဓမ္မသည်သာ ဘဝ၏အလင်းရောင်

ဗုဒ္ဓဘာသာကို အင်္ဂလိပ်ဘာသာပြန်ကြလျှင် (Buddhism) ဘာသာပြန်ကြပါသည်။ ဗုဒ္ဓကတော့ ဟုတ်ပါပြီ။ နောက်က (ism) ကို ပြန်သောအခါ အင်္ဂလိပ်ဝေါဟာရတွင် Politeal or religious belief ဟူ၍ ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။ ဘာသာရေးယုံကြည်ချက်ဆိုတာနှင့် ဗုဒ္ဓဘာသာ

နှင့် တူသလား၊ ဗုဒ္ဓရဲ့ ရည်ရွယ်ချက်နှင့် ကိုက်ညီရဲ့လားဟု စဉ်းစားစရာ ဖြစ်ပါသည်။

လူအများ သိထားကြသည့် Religion ဆိုသည်မှာ –

၁။ ယုံကြည်ခြင်း

၂။ ကိုးကွယ်ခြင်း

၃။ ဆုတောင်းခြင်း

ဤသုံးမျိုးကို ပြုလုပ်ဆောင်ရွက်ဖို့ပြောခြင်း ဖြစ်သည်။ ဤသုံးမျိုး ပြည့်စုံလျှင် Religion ပြည့်စုံပြီ။ အခြားဘာသာများတွင် ယင်းသုံးမျိုးကို အဓိကထားပြီး ဆောင်ရွက်နေကြပါသည်။

အခြားဘာသာတွေမှာ ထာဝရဘုရား၊ ဗြဟ္မာ၊ နတ်စသည် တစ်ခုခုကိုယုံလျှင် လုံလောက်သည်။ ယုံပြီးလျှင် ကိုးကွယ်မည်။ ဆည်းကပ်ပြီးလျှင် ဆုတောင်းမည်။ ဤသုံးချက် ပြည့်စုံလျှင် ပြည့်စုံသွားပြီဟု ဆိုနိုင်ပါသည်။

သူက ဤသုံးချက်အပေါ်မှာ ယုံဆို ယုံလိုက်။ ဘာမျှ ဆင်ခြေတက်ခွင့် မရှိပေ။ ရှိခိုးဆို ရှိခိုးလိုက်၊ ကိုးကွယ်ဆို ကိုးကွယ်လိုက်၊ ဘာမျှ အကြောင်းပြစရာ မလိုပါ။ ယုံကြည်ကိုးကွယ်ပြီးလျှင် ဘုရားသခင်ရှေ့မှာ ဒူးထောက် လက်မြှောက် ဆုတောင်းလိုက်ရပါသည်။

ဗုဒ္ဓသည် ထိုသို့မဟုတ်ပေ။ ဗုဒ္ဓသည် လူသားစင်စစ်က မွေးလာပြီး လောကသဘာဝဆိုသည့် ဓမ္မကို ဉာဏ်ဝေဠုတော်ထဲမှာ

(၆) နှစ် ရှာဖွေခဲ့ပါသည်။ ထို (၆) နှစ်ကြာ ရှာဖွေရရှိခဲ့သော ဓမ္မကို (၄၅) ဝါ ကာလပတ်လုံး လူသားအတွက် ဟောပြောလမ်းညွှန်ခဲ့ပါသည်။ ဗုဒ္ဓဟောကြားခဲ့သော ထိုတရားများကို ဓမ္မ၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ဟူ၍ သံဂါယနာတင် မထေရ်မြတ်တို့က ခွဲခြားပေးထားခဲ့ပါသည်။ ယင်းကို ပိဋကတ်သုံးပုံ ဟူ၍ ခေါ်ဝေါ်နေကြပါသည်။ ထိုပိဋကတ်သုံးပုံဟူသော ဓမ္မသည် အစ်ဇင်း (ism) မဟုတ်ပါ။ ဓမ္မသည် သင်ကြားဖို့၊ တတ်သိနားလည်ဖို့၊ ကျင့်ကြံအားထုတ်ဖို့ ဖြစ်ပါသည်။

* သင်ကြားခြင်းသည် ဓမ္မ
* သင်ကြားပြီး ကျင့်သုံးဆောက်တည်ခြင်းသည် ဓမ္မ
* ကျင့်ပြီး၍ ထိုးထွင်းသိမြင်ခြင်းသည် ဓမ္မ

ယင်းတို့ကို ပါဠိဘာသာအားဖြင့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူ၍ ခေါ်ခြင်းဖြစ်ပါသည်။ ပိဋကတ်သုံးပုံဟူသော ဓမ္မတွင် –

သုတ္တန်ဟူသည် ဘဝနည်းလမ်းပြ ဖြစ်သည်။

လူ့ဘဝရောက်လာ ရလာလျှင် ဘယ်လိုနေ၊ ဘယ်လိုထိုင်၊ ဘယ်လိုစား စသည်ဖြင့် လူတစ်ယောက် ဘဝတစ်သက် လျှောက်လှမ်းရမည့် နည်းလမ်းများကို ပြသထားသည်။

ဥပမာ – မင်္ဂလသုတ်ကို ကြည့်ပါက လူမိုက်ကို မပေါင်းနဲ့၊ အတတ်ပညာကို တတ်အောင်သင်၊ မိဘကို လုပ်ကျွေး၊ သားသမီးကိုထောက်ပံ့၊ မိမိကိုယ်ကို

ကောင်းအောင်နေ စသည်ဖြင့် ဘဝ၏ နည်းလမ်းများကို ပြသထားပါသည်။

ဝိနည်းဟူသည် – ဘဝ၏ စည်းကမ်းဖြစ်သည်။

ဝိနည်းဆိုသည်မှာ ပါဠိစကားဖြစ်သည်။ အဓိပ္ပာယ်မှာ စည်းကမ်းဖြစ်သည်။ လူတိုင်းသည် ဘဝတစ်လျှောက် နေထိုင်ရာမှာ စည်းကမ်းရှိရှိ နေတတ်ရပါမည်။ လူတွင် လူနှင့်ဆိုင်ရာ စည်းကမ်းတွေရှိသည်။ ကာယကံ စည်းကမ်း၊ ဝစီကံ စည်းကမ်း၊ မနောကံ စည်းကမ်းများ ရှိသည်။ ထိုစည်းကမ်းများကို လိုက်နာပြီး နေမှသာလျှင် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာ ချမ်းသာမည်။ ထိုစည်းကမ်းများကို ရဟန်းသာမက လူများပါ လိုက်နာကျင့်သုံးရမည်။

အဘိဓမ္မာဟူသည် – သဘောတရား (ဝါ) ဘဝ၏ သဘာဝကို အသေးစိတ် ပြောဆိုပြသခြင်း ဖြစ်ပါသည်။

မိမိတို့ဘဝတွင် စိတ်ရှိသည်၊ ရုပ်ရှိသည်။ ထိုစိတ်ကို စေ့ဆော်ခိုင်းနေသော စေတသိက်စိတ်ရှိသည်။ ထိုစေတသိက်ကြောင့် မိမိ၏ရုပ်ကြီးက လှုပ်ရှားသွားလာနေရသည်။ ထိုစိတ်အကြောင်း၊ စေတသိက်အကြောင်း၊ ရုပ်အကြောင်း သဘာဝများကို ထုတ်ဖော်ညွှန်ပြခြင်းသည် အဘိဓမ္မ ဖြစ်သည်။ မိမိကိုယ်ကိုမိမိ ဆန်းစစ်ဝေဖန်တတ်အောင် နည်းပေးလမ်းပြသော တရားသည် အဘိဓမ္မာပင် ဖြစ်ပါသည်။

အချုပ်ဆိုရလျှင် ပိဋကတ်သုံးပုံဟူသော ဓမ္မသည် လူသားတို့အတွက် နည်းလမ်း၊ စည်းကမ်း၊ သဘောတရားဆိုသော လူသားတို့ သင်ယူရမည့်ဓမ္မများ ဖြစ်ပါသည်။

ဗုဒ္ဓသည် (၄၅) ဝါ ကာလပတ်လုံး လူသားတို့သင်ရမည့် ဓမ္မ၊ ကျင့်ရမည့် ဓမ္မ၊ ထိုးထွင်းသိရမည့် ဓမ္မတို့ကို ဟောကြားလမ်းညွှန်ခဲ့ပါသည်။

ထိုသည်ကို အနှစ်ချုပ်ပြလျှင် ကျင့်ရမည့် သီလ၊ သမာဓိ၊ ပညာ ဆိုသော အချက် (၃) ချက်ကို ကျင့်သုံးကြရပါမည်။

သီလဆိုသည်မှာ -- ကာယကံ (၃) ပါး၊ ဝစီကံ (၄) ပါး၊ မနောကံ (၃) ပါးဆိုသော အကျင့်သီလများ ဖြစ်ကြပါသည်။

သမာဓိဆိုသည်မှာ – သီလနှင့်ထိန်းထား၍ ကာယကံ၊ ဝစီကံ ကောင်းနေသော်လည်း မှောက်နှင့်တူသော စိတ်က ထိန်း၍မရပါ။ ပစ္စည်းချမ်းသာသော်လည်း ရာထူး အာဏာ ပြည့်စုံနေသော်လည်း မချမ်းသာကြပါချေ။ ထိုစိတ်ကို ထိန်းသိမ်းတတ်ရန် သမထ၊ ဝိပဿနာ အကျင့်ကိုကျင့်ရပါမည်။

ထိုကျင့်ခြင်းသည်ပင် သမာဓိ ထူထောင်သည်ဟု ဆိုပါသည်။

ကိုယ်နှုတ် စည်းကမ်းရှိလာလျှင် လူကောင်းဖြစ်မည်။ စိတ်စည်းကမ်းရှိလာလျှင် စိတ်ချမ်းသာမည်။ လူ့ဘဝ အဆင့်မြင့်မည်။ ကိုယ်နှုတ်စည်းကမ်းရှိ၍ လူကောင်းတစ်ယောက်ကနေ စိတ်စည်းကမ်းရှိသော လူဖြောင့်တစ်ယောက် ဖြစ်လာမည်။ ထိုနည်းလမ်းကို ဗုဒ္ဓက နည်းပေး လမ်းပြထားသည်။ ထိုနည်းလမ်းကို မည်သည့်ဘာသာမဆို လက်ခံကြသည်။

ပညာဆိုသည်မှာ – ပ ဆိုတာ အသေးစိတ်၊ ညာ ဆိုသည်က နားလည်ခြင်း၊ ပညာ အသေးစိတ် သိရှိနားလည်ခြင်းဟု အဓိပ္ပာယ်ရပါသည်။ မိမိ၏ စိတ်၊ စေတသိက်၊ ရုပ်တို့ မိမိကိုယ်မှာ ဖြစ်နေတာကို အသေးစိတ်သိရန် လိုအပ်ပါသည်။ မိမိကိုယ်၌ရှိသော

အသိကို အသေးစိတ်သိလျှင် ဝိသုဒ္ဓိ (စင်ကြယ်သွားပါသည်)။ စိတ်အညစ်အကြေးတွေအားလုံး သန့်ရှင်းစင်ကြယ်သွားလျှင် ဝိမုတ္တိလွတ်မြောက်ခြင်းကို ရပါမည်။ ဤသည်မှာ ပညာ ဖြစ်ပါသည်။ ထိုပညာကို ရဖို့နည်းလမ်းကို ဘုရားရှင်က ဓမ္မဖြင့် လမ်းညွှန် ဟောထားခဲ့ပါသည်။

လူ့ဘဝတွင် အဆင့်သုံးဆင့်ရှိပါသည်၊

၁။ လူကောင်းဘဝ – သီလကျင့်ရပါမည်။

၂။ ဖြောင့်မတ်သည့်လူ့ဘဝ – သမာဓိကျင့်ရပါမည်။

၃။ ဖြူစင်သောလူကောင်းဘဝ – ပညာကိုကျင့်ရပါမည်။

ဗုဒ္ဓဓမ္မသည် ယုံကြည်ရုံမျှ၊ ကိုးကွယ်နေရုံမျှ မရ၊ ကိုယ်တိုင်လက်တွေ့ကျင့်မှ ရသည်၊ ရမည်။ ဗုဒ္ဓက 'ဓမ္မဒီပါဝိဟာရထ' ဓမ္မကို ဘဝ၏အလင်းရောင်လုပ်ပြီး ထိုဓမ္မထဲမှာနေကြရန် လမ်းညွှန်ပါသည်။

ဗုဒ္ဓသည် –

* ငါ့ကို ကိုးကွယ်ကြ၊ ငါ့ကို မကိုးကွယ်လျှင် မင်းတို့ကို ဒဏ်ပေးမည်ဟူ၍ မမိန့်ကြား၊

* ငါ့ကို ယုံကြည်ကြ၊ ငါ့ကို မယုံကြည်လျှင် မင်းတို့ကို ငရဲကိုပို့မည်ဟု မမိန့်ကြား၊
* မင်းတို့ ငါ့ထံမှာ ဆုတောင်းကြ၊ ငါပေးမည်ဟု မမိန့်ကြား၊
* ငါပြောတဲ့နည်းလမ်းကို ကြိုးစားပြီးလုပ်၊ ကျင့်ဖြစ်အောင်ကျင့်၊ ဖြစ်အောင်ကျင့်၊ ထိုးထွင်းသိကြ၊ ဒါမှ ဘဝလွတ်မြောက်မည်ဟု မိန့်ကြားခဲ့ပါသည်။

ထို့ကြောင့် လူသားများသည် ယုံကြည်မှု၊ ကိုးကွယ်မှု၊ ဆုတောင်းမှု ဟူသော အဆင့်မဟုတ်သော "အတ္တာဟိ အတ္တနော နာထော" မိမိဘဝ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဟူသော ဗုဒ္ဓ၏ လမ်းညွှန်ချက်ကို အလေးအနက်ထားပြီး ဓမ္မအလင်းရောင်ဖြင့် နေနိုင်ရန် ကြိုးစားကြရပါမည်။

## တရားတော်ဂုဏ်၏ အနှစ်သာရ

မြတ်စွာဘုရားရှင်၏ တရားတော်များသည် "အမှန်တကယ် ထင်ရှားရှိသောတရား၊ အလွန်ပင် သန့်ရှင်းစင်ကြယ်၍ အပြစ်ကင်းသောတရား ဖြစ်သောကြောင့် လာခဲ့စမ်းပါ၊ ရှုကြည့်စမ်းပါ၊ ကျင့်ကြံလှည့်စမ်းပါ" ဟု ရဲတင်းစွာ အာမခံ၍ ဖိတ်ခေါ်ပြသော တရားတော်များ ဖြစ်ကြပါသည်။

အခြားအယူဝါဒများကဲ့သို့ မျက်စိမှိတ်ပြီး အတင်း အဓမ္မ ဇွတ် မယုံခိုင်းပါ။ လက်တွေ့စမ်းသပ်ဖြစ်အောင် စမ်းသပ်ကြည့်ဖို့ ဖိတ်ခေါ်တိုက်တွန်းထားသော တရားဖြစ်ပါသည်။

ထိုဘုရားရှင် တရားတော်များသည် ဘုရားရှင်က တမင် တီထွင် ဟောပြောပြသော တရားများမဟုတ်ပါ။ လောကတွင် လျှပ်စစ်ဓာတ်သည် သဘာဝအလျောက် အလိုလို ဖြစ်ပေါ်ရှိနေ သည်။ ထိုအရှိတရားကို သိပ္ပံပညာရှင်က ဖော်ထုတ်ပေးသကဲ့ သို့ လောကရှိ အဖြစ်မှန်တရား၊ ခန္ဓာကိုယ်ရှိ အဖြစ်မှန်တရား တို့ကို ဘုရားရှင်က ဖော်ထုတ်ပေးခဲ့ခြင်းသာ ဖြစ်ပါသည်။

ဘုရားရှင်ဟူသမျှသည် တစ်စုံတစ်ရာ အသစ်အဆန်းကို တီထွင်လာခဲ့ကြသည် မဟုတ်ကြပါ။ ဘုရားရှင်မှန်သမျှသည် တထာဂတ– ရှေးအစဉ်အလာအတိုင်း ကြွလာသူများသာ ဖြစ် ပါသည်။

ဤလောကဝယ် ပွင့်တော်မူပြီးသော ဘုရားရှင်အဆူဆူ တို့သည် ဘုရားလောင်းဘဝတွင် ပွင့်တော်မူပြီးသော ဘုရားရှင် အသီးသီးထံ၌ –

* ဘုရားဆုကို ပန်ဆင်ရခြင်း
* ဆုပန်ပြီးနောက် ပါရမီဆယ်ပါးကို ကျင့်ရခြင်း
* စွန့်ခြင်းကြီးငါးပါးကို စွန့်ရခြင်း

စရိယသုံးပါးကို ဖြည့်ကျင့်ရခြင်းမှာ ဓမ္မတာသဘောပင် ဖြစ်ပါသည်။ နောက်ဆုံးဘဝတွင်လည်း ပဋိသန္ဓေနေရခြင်း၊

တောထွက်၍ ဒုက္ကရစရိယာကို ကျင့်ရခြင်း၊ အောင်ပလ္လင်၌ မာရ်ငါးပါးကိုအောင်ပြီး ဘုရားဖြစ်ရခြင်း၊ ဓမ္မစကြာတရားဟောရ ခြင်းတို့သည် ရှေးရှေးသော ဘုရားရှင်တို့ ကျင့်ကြံအားထုတ် ဆောင်ရွက်သွားသည့်အတိုင်းသာ ကျင့်ကြံပြုမူဆောင်ရွက်၍ တရားဓမ္မများကို ဟောကြားကြခြင်း ဖြစ်ပါသည်။

ထိုဘုရားရှင်တိုင်း ဟောကြားခဲ့သော တရားတော်များ သည် မည်သည့်ခေတ်၊ မည်သည့်နှစ်က ပေါ်လာခဲ့သည်ဟူ၍ နှစ်ကာလ၊ အချိန် သတ်မှတ်၍မရပေ။ ဘုရားရှင်၏ တရားတော် ဟူသမျှသည် အစ၊ အလယ်၊ အဆုံး သုံးပါးသောကောင်းခြင်း နှင့် ပြည့်စုံတော်မူသလို သဒ္ဒါအနက် ကောင်းခြင်းနှင့်လည်း ပြည့်စုံတော်မူလေသည်။

ဘုရားရှင်၏ တရားတော်၌ –

* အစ၏ကောင်းခြင်းဂုဏ် (ကြည့်ရှုမှတ်သားနာယူခြင်း)
* အလယ်၏ကောင်းခြင်းဂုဏ် (ကျင့်ကြံအားထုတ် ရခြင်း)
* အဆုံး၏ကောင်းခြင်းဂုဏ် (အကျိုးရရှိခံစားရခြင်း)

ဟူသော အပိုင်း (၃) ပိုင်း ရှိပါသည်။

ဘုရားရှင်၏ တရားတော်ကို ပထမဦးဆုံး နာရ၊ သင်ယူ ကြည့်ရှုရလျှင်ပင် တရား၏ အနက်အဓိပ္ပာယ်ကိုသိသဖြင့် နှစ်သက် ရွှင်လန်း ဝမ်းမြောက်ကြည်နူးမှုများ ခံစားရပါသည်။

၂၉၂၀၇

ကြည့်ရှုကြားနာရုံမျှဖြင့် သောက၊ ပရိဒေဝ စသော အပူများ ကင်းစင်ရပါသည်။ ရာဂ၊ ဒေါသ၊ မောဟ စသော အညစ်အကြေးများလည်း ကင်းစင်ရပါသည်။

အပူအပင် အညစ်အကြေး ကင်းသဖြင့်လည်း စိတ်တည်ငြိမ်အေးချမ်းမှု၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်မှုကိုလည်း ရရှိစေနိုင်ပါသည်။

စဉ်းစားဝေဖန်တတ်သော လူသားတစ်ယောက်အတွက် မလွဲချော်နိုင်သော အခွင့်အလမ်းများ၊ ကြောင်းကျိုးဆီလျော်သော ယုံကြည်အားထားဖွယ်များကို အနည်းဆုံး ရရှိနိုင်ပါသည်။

ဤသည်မှာ အစ၏ကောင်းခြင်းဂုဏ်များ ဖြစ်ကြပါသည်။

ဘုရားရှင်တရားတော်များသည် အတွေးအခေါ်သက်သက် မဟုတ်၊ လက်တွေ့ကျင့်သုံးဆောက်တည်မှုရသော တရားတော်များဖြစ်သည့်အတိုင်း လက်တွေ့ကျကျ ကျင့်သုံးလိုက်နာရသော အခါ ကောင်းခြင်းဂုဏ်များသည် ပို၍လက်တွေ့ဖြစ်လာရပါသည်။

အကျင့်သီလတစ်ခုခု လုံခြုံရုံမျှဖြင့်ပင် မိမိရော သူတစ်ပါးပါ ဘေးရန်ကင်းရှင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရသည်မှာ ထင်ရှားလှပါသည်။

ယို့ထက် သမထ ဝိပဿနာ တရားတို့ကို လက်တွေ့အားထုတ်သောအခါ ရရှိလာသော နှစ်သက်ရွှင်လန်း ဝမ်းမြောက်မှု၊ ငြိမ်းအေးမှုများ ခံစားရသည်မှာ ထင်ရှားလှပါသည်။

ဤသည်မှာ အလယ်၏ကောင်းခြင်းဂုဏ် ဖြစ်ပါသည်။

တရားအသိအမြင်ရှင်း၍ မဂ်ဖိုလ်ဉာဏ်အလင်းကို ရသော အခါကား ဖော်မပြနိုင်သော ဝမ်းသာခြင်း၊ ချမ်းသာခြင်းကို ရရှိနိုင်ပါသည်။

ထိုနှင့်တစ်ပြိုင်တည်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်တည်းဟူသော အတုမရှိ ငြိမ်းအေးချမ်းသာမှုကို ပိုင်ဆိုင်ခံစားရသောအခါ၌ကား ဆိုဖွယ်ရာမရှိ။ အကောင်း အထွတ်အထိပ်သို့ ရောက်ရှိပါတော့သည်။

ဤသည်မှာ အဆုံး၏ကောင်းခြင်းဂုဏ် ဖြစ်ပါသည်။

ဘုရားရှင် ဟောကြားထားသော တရားများ၏ ကောင်းစွာဟောကြားထားမှု ဂုဏ်ကိုကြည့်လျှင် အောက်ပါဂုဏ်များနှင့် ပြည့်စုံသည်ကို တွေ့ရပါသည်။

* တရားတော်ကို ဟောကြားရာ၌ မည်သူအား မည်သည့်ဒေသ၌ မည်သို့သော အကျိုးကျေးဇူးများ ဖြစ်ထွန်းရရှိသွားသည် စသည်ဖြင့် အကြောင်းဖြစ်ရပ်များကို တိကျသေချာစွာ ဟောကြားထားခြင်းဟူသော ကလျာဏဂုဏ်၊
* ဟောကြားထားသော စကားဝါကျတိုင်းတွင် အသုံးအနှုန်း ဝေါဟာရ ပြည့်စုံကျစ်လစ် တိကျပြေပြစ်ပြီး တိုးတက်ချမ်းသာရေး၊ လွတ်မြောက်ရေး ဟူသော

လေးနက်သေချာသော သဘောတရား အဆီအနှစ် များချည်းသာဖြစ်ခြင်းဟူသော သတ္တသဗျဥ္ဇနဂုဏ်၊

* ရှောင်မှု, ဆောင်မှု, ပညတ်ချက်, ကျင့်စဉ်နှင့် စပ်သော်လည်းကောင်း၊ ရရှိမည့် အကျိုးတရားနှင့် စပ်သော်လည်းကောင်း၊ ဥပမာ မဂ်, ဖိုလ်, နိဗ္ဗာန်၊ သီလ, သမာဓိ, ပညာ ဝိမုတ္တိဉာဏ ဒဿန၊ မည်သည့်အရာ လိုသေးသည်၊ မည်သည့်အရာ ပိုသေးသည်ဟု ဆိုဖွယ်မရှိ၊ အပိုအလို ဖြည့်စွက်ရန် မရှိပါ။

* တစ်ဖန် အပြစ်ရှိသည်ဟူ၍လည်းကောင်း၊ အကျိုးရှိသည်ဟူ၍လည်းကောင်း ဟောထားသောတရားများ ဟောသည့်အတိုင်းဖြစ်မလာဘဲ ကြောင်းကျိုးမဆီလျော် လွဲချော်သွားသည်ဟူ၍ မရှိ။ နတ်နှင့်တကွသော သုံးလောကဌ မည်သည့်ပညာရှိမျှ မငြင်းဆန်နိုင်အောင် အကြွင်းမဲ့ ပြည့်စုံခြင်းဟူသော ကေဝလပရိပုဏ္ဏ၊

* သာသနာပြင်ပမှ အယူဝါဒများကဲ့သို့ ငါ့အယူသာ မှန်သည်၊ ငါ့တရားမှတရားဟူသော တရားမာန၊ ဒိဋ္ဌိမပါ၊ တစ်စုံတစ်ရာ လာဘ်လာဘကျော်စောမှုစသော လောကီအကျိုးကို မျှော်ကိုးခြင်းမရှိ၊ ငရဲဘုံနှင့်ခြောက်၊ ကောင်းကင်ဘုံနှင့်မြှောက်၍ မဟော၊

ပကတိသဘောထားအတိုင်း ဟောကြား [illegible] စင်
ကြယ်ခြင်းဟူသော ပရိသုဒ္ဓဂုဏ်၊

ဘုရားရှင် တရားတော်များသည် မိမိကိုယ်တိုင် သိမြင်ထိုက်သောတရား (ဝါ) မိမိကိုယ်တိုင် ကျင့်မှရသော တရားများသာ ဖြစ်ပါသည်။

တစ်ပါးသူတို့၏ အပြောဖြင့်မှန်းဆ၍ ယုံကြည်လက်ခံရသည့် တရားမဟုတ်ပေ။ ကိုယ်တွေ့ဒိဋ္ဌ လက်တွေ့ကျကျ သိမြင်နိုင်သော တရားများသာ ဖြစ်သည်။

နိဗ္ဗာန်ကို မျက်မှောက်မပြုစေကာမူ ဘုရားရှင်၏ တရားတော်ကို စတင်ကျင့်သည့်အချိန်မှစ၍ နိဗ္ဗာန်ရောက်သည်အထိ ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်တိုင်း ကျင့်ကြံမှု အတိုင်းအတာ အလိုက် ကိုယ်တိုင်သိနိုင်သော တရားများသာ ဖြစ်ကြပါသည်။

ကျင့်သောအခါတွင် သမာဓိတည်၍ ပီတိသုခဖြစ်ပုံနှင့် ရုပ်နာမ်တို့၏ ဖြစ်ပုံ ပျက်ပုံကို သူပြောငါပြော မဟုတ်၊ ကိုယ်တိုင် ပိုင်းပိုင်းခြားခြား ကွဲပြားစွာ သိလာရသည်။

ကျင့်ကြံ၍ မဂ်,ဖိုလ်သို့ ဆိုက်ရောက်သောအခါတွင် ဤပစ္စုပ္ပန် လက်ရှိဘဝ၌ပင် နိဗ္ဗာန်ကို ကိုယ်တိုင်ကိုယ်ကျ သိနိုင်လေသည်။

ထို့ကြောင့် ဘုရားရှင်၏ တရားတော်များသည် မည်ကဲ့သို့ ကိုယ်စိတ်ဆင်းရဲကင်း၍ ချမ်းသာအဆင့်ဆင့် ခံစားရပုံကို ကိုယ်တိုင်သိမြင်ခံစားရသော တရားစစ် တရားမှန် ဖြစ်ကြပါသည်။

## သံဃရတနာ၏ဂုဏ်ရည်

စိတ်နှလုံးမွေ့လျော် ရွှင်ပျော်နှစ်သက်ခြင်းကို ဖြစ်စေတတ်သော သက်ရှိသက်မဲ့ အရာဝတ္ထုဟူသမျှသည် ရတနာမည်၏။

စိန်, ရွှေ, ငွေ, ကျောက်သံပတ္တမြား, ရတနာ တို့သည် လောကရှိ လူအပေါင်းတို့၏ စိတ်နှလုံးကို နှစ်သက်စေတတ်သည်။ မွေ့လျော်ပျော်ရွှင်စေတတ်သောကြောင့် လောကီရတနာဟု ခေါ်ဆိုရသည်။

ရတနာ၏ လက္ခဏာ သဘောထားမှာ -

* အလေးအမြတ်ပြုခံရခြင်း
* အဖိုးများစွာ ထိုက်တန်ခြင်း
* အတုမရှိ အသာဆုံးဖြစ်ရခြင်း
* တွေ့ခဲ, ကြုံခဲ ရခြင်း
* ဘုန်းကံရှိသူတို့၏ အသုံးအဆောင် (သို့မဟုတ်) ကိုးကွယ်ရာဖြစ်ခြင်း

ဤရတနာသုံးပါးတွင်ပါသော သံဃာရတနာဟူသည် -

* သမ္မုတိနှင့် အရိယာ နှစ်ဖြာသော သံဃာတော်အရှင်မြတ်အပေါင်းသည် သံဃာရတနာ မည်ပါသည်။

အထူးသဖြင့် သံဃာတော် ရတနာဟူသည် ဘုရားရှင်၏ သာသနာတော်ကို တရားစစ် တရားမှန်များဖြစ်ကြောင်း သိရှိ

ပြီး ကျင့်ကြံပြုကြကုန်သော ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

ထိုသံဃာသည် တစ်မြို့၊ တစ်ရွာ၊ တစ်နိုင်ငံအတွက်သာ မဟုတ်၊ တစ်လောကလုံးအတွက် စံပြခေါင်းဆောင်များ ဖြစ်ကြပါသည်။ ထိုသံဃာတော်များ၏ မေတ္တာအာဏာစက် ကျရောက်ရာ ရပ်ရွာ နိုင်ငံတိုင်းဝယ် မေတ္တာတရား၊ ကိုယ်ချင်းစာတရား၊ လိမ္မာရေးခြားရှိခြင်း စသော လောကငြိမ်းချမ်းသာယာရေးအတွက် အစားထိုးမရလောက်အောင် အစွမ်းပေးနိုင်သော ငြိမ်းချမ်းမှု၏ ခေါင်းဆောင်ကြီးများလည်း ဖြစ်ကြပါသည်။

ပစ္စုပ္ပန် တမလွန်ဘဝ ကောင်းစားရေး၊ လောကုတ္တရာ ဂုဏ်ကျေးဇူးတို့ကို အဘယ် လူ, နတ်, ဗြဟ္မာတို့မျှ မပေးစွမ်းနိုင်ပါ။ သံသရာနှင့်ချီ၍ အတုမဲ့ ကောင်းကျိုးချမ်းသာတို့ကို ပေးနိုင်သူမှာလည်း သံဃာတော်များပင် ဖြစ်ပါသည်။

သံဃာတော်များ၏ ဂုဏ်ကျေးဇူးကိုသိ၍ ဘုရားရှင်သည် မိထွေးတော်ဂေါတမီက သူမကိုယ်တိုင် ရက်လုပ်သော သင်္ကန်းကို ဘုရားရှင်ကို လှူသောအခါ ဘုရားရှင်က –

“သံဃေဒိန္န မဟပ္ဖလံ၊ သံဃေ တွံ ဂေါတမီ ဒေဟိ
သံဃေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ”

“ဂေါတမီ ဤသင်ကိုယ်တိုင် ရက်လုပ်သော သင်္ကန်းများကို သံဃာတော်များအား လှူချေ၊ သံဃာတော်များကို

လျှူလျှင် ငါဘုရားကို လှူရာရောက်သည်”

ဟု မိန့်ကြားခဲ့ပါသည်။

ထို့အတူ ဘုရား၊ တရား၊ သံဃာတို့သည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့ စိတ်နှလုံးကို နှစ်သက်စေတတ်၊ မြတ်နိုးစေတတ်သောကြောင့် လောကုတ္တရာ ရတနာဟု ခေါ်ဆိုရပါသည်။ ထိုရတနာတို့ကို ရိုသေလေးစားထိုက်ပါသည်။ မရိုမသေပြုလျှင် ပြုလုပ်သူများ လောကကြီး၌ ကြီးပွားမှု၏ အန္တရာယ်ကို ဖြစ်စေ၏။ နောင်သံသရာ၌လည်း မကောင်းကျိုးကို ခံရသည်။

သံဃာတော်ကို ရိုသေလေးမြတ် ဆည်းကပ်ကိုးကွယ်သူများ လောက သံသရာ နှစ်ဖြာသောအကျိုးကို ရရှိနိုင်ပါသည်။

သံဃာရတနာသည် ဗုဒ္ဓရတနာ ပေါ်ထွန်းချိန်၌သာ တွေ့ကြုံရ ဖူးမြင်ရသောကြောင့် အလွန်တွေ့ကြုံရခဲသော ရတနာဖြစ်သည်။

## သံဃာရတနာ စတင်ပေါ်လာခြင်း

ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် မည်သူအား ဦးစွာတရားဟောရမည်နည်းဟု ဆင်ခြင်တော်မူသည်။ မိမိကိုယ်တော်မြတ်အပေါ်ဝယ် ကျေးဇူးပြုဖူးသည့်အပြင် တရားဟောလျှင် သိနိုင်သူများအား တရားဦးဖြင့် ကျေးဇူးတုံ့ဆပ်ရန် အကြံဖြစ်တော်မူလေသည်။

ထိုအကြံအရ မိမိ ဘုရားမဖြစ်မီ အလောင်းတော်ဘဝက မိမိအား လောကီစျာန်အဘိညာဉ်ရအောင် ကျေးဇူးပြုခဲ့ပေဖူးသော လောကီဆရာ အာဠာရ ရသေ့ကြီးတို့ကို ဦးစွာတရားဟောရန် ဆင်ခြင်ကြည့်မိသည်။

အာဠာရ ရသေ့ကြီး ကွယ်လွန်သည်မှာ (၇) ရက်မျှသာ ရှိသေး၍ ဥဒကဆရာကြီးကား ယမန်နေ့ညသန်းခေါင်ယံကလေး မှ ကွယ်လွန်သွားခဲ့သည်။

ဘဝလွတ်မြောက်မှုကို မရရှိသာမက သူတစ်ပါး တရား ဟောသည်ကိုပင် မနာကြားနိုင်သော ရုပ်ခန္ဓာမရှိသည့် အရူပ ဗြဟ္မာဘုံ၌ ဖြစ်နေသည်ကို မြင်တော်မူရာ "အဆုံးရှုံးကြီး ဆုံးရှုံး ကြရရှာလေစွ၊ ငါ့တရားကို နာရသော် လွတ်မြောက် ကြရလေ ရာ၏" ဟု ရင်သပ်တော်မူလေသည်။

ထို့နောက် ကျေးဇူးလည်းရှိ၍ တရားဟောလျှင်သိနိုင်သော သူများအား ဆက်လက်ဆင်ခြင်တော်မူရာ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောသို့ ထွက်ခွာသွားကြသော ပဉ္စဝဂ္ဂီငါးဦးတို့ကို မြင်တော်မူ၍ မဟာဗောဓိမှ ၁၈ ယူဇနာ (၁၄၄) မိုင်ဝေးသော မိဂဒါဝုန်သို့ ခြေကျင်ကြွတော်မူလေသည်။

မြတ်စွာဘုရားရှင်သည် ပဉ္စဝဂ္ဂီငါးဦးတို့အား မဇ္ဈိမ ပဋိပဒါ အလယ်လမ်းစဉ်ခေါ် မဂ္ဂင်ရှစ်ပါး သစ္စာလေးပါးတို့ဖြင့် တန်ဆာ ဆင်အပ်သော ဓမ္မစကြာတရားကို ဟောကြားတော်မူသည်။

ထိုတရားတော်အဆုံးတွင် အရှင်ကောဏ္ဍညမထေရ်သည် (၁၈) ကုဋေသော နတ်, ဗြဟ္မာတို့နှင့်အတူ သောတာပန် တည်တော်မူသည်။

ဓမ္မစကြာတရားဦး ဟောရာနေရာသည်ကား မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ နေလည်းဝင်စ လ,လည်းထွက်ပြူချိန်ဖြစ်သော ဝါဆိုလပြည့် စနေနေ့ ညနေချိန်ဖြစ်သည်။

လပြည့်ကျော် (၁) ရက်နေ့မှစ၍ (၄) ရက်တိုင်တိုင် ဓမ္မစကြာတရားတော်အတိုင်း ကျင့်ကြံအားထုတ်တော်မူရာ ဝပ္ပ, ဘဒ္ဒိယ, အဿဇိ, မဟာနာမ် လေးဦးတို့သည် တစ်ရက်ပြီးတစ်ရက် တစ်ပါးပြီးတစ်ပါး သောတာပန် တည်ကြလေသည်။

ဝါဆိုလပြည့်ကျော် (၅) ရက်နေ့တွင် အနတ္တလက္ခဏာသုတ်ကို ဟောတော်မူရာ ပဉ္စဝဂ္ဂီငါးပါးလုံး ရဟန္တာ ဖြစ်တော်မူလေသည်။

ထိုအခါမှစ၍ ကမ္ဘာလောကကြီး အတွင်းဝယ် သံဃာရတနာ စတင်ပေါ်ထွန်းလာခဲ့သည်။ ထို့နောက် ယသ, သတို့သားနှင့် သူငယ်ချင်း (၅၄) ယောက်တို့ ရှေ့ဆင့်နောက်ဆင့် ရဟန်းဘောင်သို့ဝင်ကြရာ သံဃာတော်များ (၆၀) ဖြစ်လာသည်။

ထို့နောက် ဥရုဝေလကဿပ ရသေ့တစ်ထောင်တို့ကို ဆက်လက်ချေချွတ်တော်မူရာ ဘုရားရှင် သာသနာဝယ် ရဟန်း

သံဃာများ တဖြည်းဖြည်း တိုးပွားလာခဲ့ပြီး သံဃာရတနာသည်လည်း သာသနာ၀ယ် ထင်ရှားခဲ့တော့သည်။

## သံဃဂုဏ်ရည်များ

မြတ်စွာဘုရားရှင် ဟောကြားဆိုဆုံးမသည့်အတိုင်း ရိုသေစွာ လိုက်နာကျင့်သုံးဆောက်တည်သော ပုဂ္ဂိုလ်များကို သာ၀က (တပည့်သား) ဟု ခေါ်သည်။ တပည့်သားဖြစ်သော သမ္မုတိသံဃာ အရိယာသံဃာအပေါင်းကို သံဃာ (အပေါင်းအသင်း၊ အစုအရုံး) ဟူ၍ ခေါ်ဆိုပါသည်။

အရိယာပုဂ္ဂိုလ် (၈) ယောက်သည်သာ မုချသံဃာဟု ယူရသည်။ ယင်းကို မြတ်သော ပရမတ္ထသံဃာဟူ၍လည်း ခေါ်သည်။

သာမန်အားဖြင့် ပုထုဇဉ် အရိယာ မခွဲခြားဘဲ အယူသီလတူမျှကြသော ရဟန်းအပေါင်းကို သမ္မုတိသံဃာ (အမည်ပညတ်အားဖြင့် တူညီသော) သံဃာဟု ခေါ်ပါသည်။

အနှစ်လိုလျှင် အခေါက် အပြင်ငယ်က စ,ရသကဲ့သို့ ပရမတ္ထ သံဃာဖြစ်ရန်မှာ ပညတ်က စ,ရပါသည်။

သံဃာဟုဆိုလျှင် ပရမတ်သံဃာ၊ သမ္မုတိသံဃာ နှစ်မျိုးစလုံး ပါ၀င်သည်။ ဘုရားရှင် သာသနာတော်၀ယ် ပထမဦးဆုံး ပေါ်လာသော အရှင်ကောဏ္ဍညမထေရ်မှစလျက် ယခုလက်ရှိ တစ်သာသနာလုံးရှိ ရဟန်းတော်များ ပါ၀င်ပါသည်။

လူတို့ အလှူဒါနတစ်ခုခုပြုရာဝယ် သံဃေဒိန္နံမဟပ္ဖလံ (သံဃာအား ပေးလှူခြင်းသည် မြတ်၏) ဟူသော ဘုရားရှင် စကားတော်အရ ပိုမို၍ အကျိုးကျေးဇူးကြီးမြတ် ခံစားနိုင်ရန် သံဃိကဒါန (သံဃာအားလုံးနှင့်ဆိုင်သော အလှူ) စိတ်ထားပြီး လှူကြရသည်။

သံဃာတော်သည် ပညတ်, ပရမတ် သဘောအားဖြင့် နှစ်မျိုး၊ အရေအတွက်ကအားဖြင့် (၈) ပါးသော သံဃာတော် အားလုံးသည် သံဃာ့ဂုဏ်တော် (၉) ပါးနှင့်အညီ ကျင့်ကြံကြိုးကုတ် ကောင်းစွာအားထုတ်တော်မူကြပါသည်။ ထိုသံဃာ့ဂုဏ်တော် (ဝါ) သံဃာ့ဂုဏ်ရည် (၉) ပါးမှာ –

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

၄။ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ယဒိဒံစတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော

၅။ အာဟုနေယျော

၆။ ပါဟုနေယျော

၇။ ဒက္ခိဏေယျော

၈။ အဋ္ဌလိကာရဏီယော

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ

## အဓိပ္ပာယ်

၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်အပေါင်းသည် ရာဂ, ဒေါသ, မောဟ ကင်းကြောင်း၊ သီလ, သမာဓိ, ပညာ အကျင့်ကောင်းကို ကောင်းစွာကျင့်ကြံ တော်မူပါပေ၏။

၂။ ကိုယ်, နှုတ်, စိတ်ဝယ် မဖုံးကွယ်ဘဲ အရှယ်သုံးမျိုး မချိုးမထောင့် ရိုးဖြောင့်မှန်စွာ ကျင့်ကြံတော်မူပါပေ၏။

၃။ ကိုယ့်အသက်ကို ငဲ့ကွက်မညှာ နိဗ္ဗာန်အကျိုးငှာ ကျင့်ကြံ တော်မူပါပေ၏။

၄။ လူတို့ ပြုစုရိုခိုးမှုနှင့် သင့်ပြုလျော်ကန် ထိုက်ကာန်အောင် ကျင့်တော်မူပါပေ၏။ မဂ်လေးပါး၊ ဖိုလ်လေးပါးအားဖြင့် ရှစ်ပါး ကုန်သော အကြင်ယောကျ်ားမြတ် ခေါ်ဆိုအပ်သော အရိယာ ပုဂ္ဂိုလ်တို့ပါတည်း။

၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ မဂ်ဖိုလ်လေးစုံ၊ ရေတွက်ရှစ်ဖော် ထိုတပည့်သား အရိယာသံဃာတော်မြတ်အပေါင်း သည် ယူဇနာများစွာ ခရီးကွာလည်း သွားလာဦးခိုက် လှူဒါန်း ပူဇော်ထိုက်ပါ၏။

၆။ အနီးရောက်လာကြသောအခါလည်း မစွန်းမှာ ကြိုတောင်း၊ ဖြည့်သည့်ကောင်းဟု၊ နှစ်ထောင်ကြည်နူး၊ ဦးဦးဖျားဖျား၊ များစွာ ရှိညွတ်၊ အမြတ်ထွတ်ဆုံ ဖြည့်ဝဟ်အလှူကို ခံတော်မူထိုက် ပြုစု ပူဇော်ထိုက်ပါပေ၏။

၇။ တမလွန်ဘဝ၊ ကောင်းကျိုးရအံ့၊ ရည်မျှော်ငံ့လျက်၊ ကံ-ကံ၏အကျိုး၊ ယုံကြည်ကိုးတိုင်း၊ တိုးပွားစေတတ်၊ အားကိုးအပ်သဖြင့် မြတ်သောအလှူကို ခံယူတော်မူထိုက်ပါပေ၏။

၈။ ဆယ်ဖြာလက်ရိုး၊ ထိပ်ဝယ်မိုး၍၊ ညွတ်ကျိုးဝပ်ချ၊ တည်ငါးဝဖြင့်၊ ဦးချရှိခိုးခြင်းငှာ ထိုက်တန်တော်မူပါပေ၏။

၉။ တစ်လောကလုံး၏ သီလ စသောဂုဏ်ကြောင့် တစ်ခုံတစ်ယောက်သောသူနှင့်မျှ မတူနိုင်းအပ်၊ အမြတ်ဆုံးဖြစ်တော်မူသော ဖူးမြင်ရုံမျှ၊ ချမ်းသာရ၍ ဒါနမျိုးစေ့ နည်းငယ်ပျိုးက ကောင်းစွာထွေထွေ ဖြစ်ထွန်းစေသည်။

ဤသံဃဂုဏ်ရည် (၉) ပါးတွင် ရှေးလေးပါးသည် အကြောင်းတရားများ ဖြစ်ကြပါသည်။ ရဟန်းများ၏ တကယ်မှန်စွာ ကျင့်ရသော အကြောင်းတရားများ ဖြစ်ပါသည်။

ဤမှန်ကန်စွာကျင့်သော အကြောင်းကြောင့် နောက်အကျိုးငါးပါးသည် မုချဆက်ဆက် ရရှိခံစားရသည်။ ထိုအကျိုးငါးပါးသည် ကျင့်သောရဟန်းများနှင့်တကွ ထိုရဟန်းတို့အား ပူဇော်

ရှိခိုးလှူဒါန်းကြသော လူ, နတ်, ဗြဟ္မာတို့အားလည်း အထူး ကျေးဇူးပြည့်စုံစေရပါသည်။

အလှူခံတစ်ကျိပ်လေး ခွေးကအစ လှူကောင်းသည်မှန် သော်လည်း အလှူ၏ကျိုး ကြီးမြတ်မှုသည် သီလရှိမှုနှင့် မရှိမှု၊ အကျင့်တော်မှုနှင့် မတော်မှုအပေါ် လှူဒါန်းမှုနှင့် ပတ်သက်၍ အကျိုးကျေးဇူး ကွာခြားသည်ကို တွေ့ရပါမည်။ ထို့ကြောင့် အလှူအကျိုးနှင့် ပတ်သက်၍ ဘုရားရှင်က အောက်ပါအတိုင်း ခွဲခြား၍ ဟောကြားထားသည်ကို တွေ့ရပါသည်။

တိရစ္ဆာန်ကိုလှူခြင်းထက် သီလရှိသော ပုထုဇဉ်ကိုလှူ ခြင်းက ပိုမြတ်သည်။

ယင်းထက် သာသနာပစျာန်ရ ရသေ့တို့ကို လှူခြင်းက ပိုမြတ်သည်။

ယင်းထက် သောတာပတ္တိမဂ်ပုဂ္ဂိုလ်အား လှူခြင်းက ပိုမြတ်သည်။

ယင်းထက် သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်အား လှူခြင်းက ပိုမြတ်သည်။

ယင်းထက် သကဒါဂါမိမဂ်ပုဂ္ဂိုလ်အား လှူခြင်းက ပိုမြတ် သည်။

ယင်းထက် သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်အား လှူခြင်းက ပိုမြတ်သည်။

ယင်းထက် အနာဂါမိမဂ်ပုဂ္ဂိုလ်အား လှူခြင်းက ပိုမြတ်သည်။

ယင်းထက် အနာဂါမိဖိုလ်ပုဂ္ဂိုလ်အား လှူခြင်းက ပိုမြတ်သည်။

ယင်းထက် အရဟတ္တမဂ်ဖိုလ်ပုဂ္ဂိုလ်အား လှူခြင်းက ပိုမြတ်သည်။

ယင်းထက် အရဟတ္တဖိုလ်ပုဂ္ဂိုလ်အား လှူခြင်းက ပိုမြတ်သည်။

ယင်းထက် ပစ္စေကဗုဒ္ဓါအား လှူခြင်းက ပိုမြတ်သည်။

ယင်းထက် ဘုရားရှင်အား လှူခြင်းက ပိုမြတ်သည်။

ယင်းထက် သံဃာအား လှူခြင်းက ပိုမြတ်သည်။

## ရတနသုတ်လာဂုဏ်ရည်များ

ခုဒ္ဒကနိကာယ် ရတနသုတ်တွင် ဗုဒ္ဓဘုရားရှင်သည် သံဃာ့ဂုဏ်ရည်များကို ဝေသာလီကပ်ဘေးကို ကယ်တင်ရန် စီမံသောအခါ ရှင်အာနန္ဒာမထေရ်ကို အောက်ပါအတိုင်း သင်ပြပေးတော်မူခဲ့ပါသည်။

(၁) လူ့ပြည်, နဂါးပြည်, ဂဠုန်ပြည်, နတ်ပြည်, ဗြဟ္မာ ပြည်တို့၌ ရှိသမျှသော ကောင်းမြတ်သော

ရတနာတို့တွင် သံဃာရတနာနှင့်တူသော ရတနာ ကား မရှိနိုင်သည်သာ ဖြစ်သည်။

(၂) ဘုရား အစရှိသော သူတော်ကောင်းတို့ ချီးမွမ်းအပ် သော အရိယာပုဂ္ဂိုလ်များကား ရှစ်ပါးဖြစ်ရာ အစုံ အားဖြင့် လေးစုံဖြစ်သည်။ ဘုရားရှင်၏ တပည့် သာဝကဖြစ်သော ထိုအရိယာသံဃာတို့ကား အလှူ ဒါယကာတို့ လှူအပ်သော အလှူတော်တို့ကို ခံယူ တော်မူထိုက်သောပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ ထို အရိယာသံဃာတို့အား လှူအပ်သော အလှူဟူသမျှ သည် အကျိုးကြီးမားလှသည်။

အရိယာ သံဃာတော်၌ ရတနာအဖြစ် နှစ်သက်ဖွယ် ဤ ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါသည်။

(၃) မြဲမြံတည်တံ့သော သမာဓိဖြင့် လွန်စွာအားထုတ်ကြ ကုန်၍ ဂေါတမဘုရား သာသနာတော်၌ ကိလေသာ အာသဝေါတို့မှ ကင်းလွတ်ကြကုန်သော အရိယာ သံဃာတော် အရှင်မြတ်တို့သည် နိဗ္ဗာန်သို့ အာရုံ သက်ရောက်ယူကြပြီးသော် ပစ္စည်းဥစ္စာ အနည်းငယ် မျှ မကုန်ကျရဘဲ အလွယ်တကူရရှိ၍ ဖလသမာပါတ် အငြိမ်းဓာတ်ကို ခံစားလျက် အရဟတ္တဖိုလ်၌ ဝင်စား နေကြပါသည်။

ရဟန္တာသံဃာ၌ ဤရတနာအဖြစ် နှစ်သက်ဖွယ်ရာ ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါသည်။

(၄) မြေ၌စိုက်ထားအပ်သော တံခါးတိုင်ကြီးသည် အရပ်လေးမျက်နှာမှ တိုက်ခတ်လာသော လေပြင်းမုန်တိုင်းများမှ လှုပ်ရှားခြင်းငှာ မတတ်နိုင်သကဲ့သို့ မဂ်ဉာဏ်ဖြင့် အရိယာသစ္စာတို့ကို သိမြင်သော သောတာပန်ပုဂ္ဂိုလ်မြတ်ကို ထိုတံခါးတိုင်ကြီးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောတော်မူသည်။

သောတာပန်သံဃာ၌ ဤရတနာအဖြစ် နှစ်သက်ဖွယ်ရာ ဂုဏ်ရည်များသည် ထူးမြတ်လှပါသည်။

(၅) နက်နဲသော ဉာဏ်တော်ရှင် မြတ်စွာဘုရားရှင်၏ အကောင်းဆုံး ဟောကြားတော်မူအပ်သော အရိယာသစ္စာတို့ကို မဂ်ဉာဏ်ရရှိ၍ ထင်ရှားဟောကြားတော်မူကြသော သတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်တို့သည် စည်းစိမ်ယစ်၍ အလွန်အကဲ မေ့လျော့ကြစေကာမူ ရှစ်ကြိမ်မြောက်ဘဝကို ကူးရိုးထုံးစံ မရှိတော့ပါ။

သောတာပန်သံဃာ၏ ရတနာဟု သိနိုင်ဖွယ်ရာ ဤဂုဏ်တော်သည်လည်း ထူးမြတ်လှပါသည်။

(၆) သောတာပန်ပုဂ္ဂိုလ်မြတ်သည် သောတာပတ္တိမဂ်ဉာဏ် ပြည့်စုံသည်နှင့်တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ တရားသုံးပါးနှင့် အချို့သော ကိလေသာများကို ပယ်ရှားအပ်ပြီးဖြစ်သည်။

(၇) ထိုသောတာပန်ပုဂ္ဂိုလ်မြတ်သည် အပါယ်လေးဘုံမှလွတ်မြောက်ရပြီး ရှန့်ရင်းသော အကြောင်းစုံ အမှုအပြစ်တို့ကိုလည်း ပြုခြင်းငှာ မထိုက်တော့ပေ။

သောတာပန်သံဃာ၌ ရတနာအဖြစ် နှစ်သက်ဖွယ်ရာ ဤဂုဏ်ရည်သည်လည်း ထူးမြတ်လှပါသည်။

(၈) သောတာပန်ပုဂ္ဂိုလ်သည် ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ မကောင်းသော ပြုမှုကိုလွန်ကျူးမိစေကာမူ သောတာပန်ပုဂ္ဂိုလ်တို့သည် ပြုမိသောပြစ်မှုကို ကာကွယ် ဖုံးကွယ်ဝှက်သူများအဖြစ် မဖြစ်နိုင်ပေ။ မဂ်ဉာဏ် ဖြင့် နိဗ္ဗာန်မြင်ပြီးသော အရိယာသောတာပန်၏ မိမိပြုသော ပြစ်မှုတို့ကို မဖုံးကွယ်ထိုက်သူဖြစ်ကြောင်းကို ဘုရားရှင် ဟောကြားတော်မူအပ်ပါသည်။

သောတာပန်သံဃာ၌ ဤရတနာဟု သိနိုင်ကြောင်း ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါသည်။

(၉) ရဟန္တာအရှင်မြတ်တို့အား ရှေးအတိတ်ကံဟောင်းများလည်း ကုန်ခဲ့ပါပြီ။ ကံအသစ်ဖြစ်ပေါ်ရန်လည်း မရှိတော့ပါ။ နောင်ဖြစ်ရမည့် ဘဝသစ်၌ တွယ်တာသောစိတ်သည်လည်း ကင်းတော်မူကြပါသည်။ ရဟန္တာအရှင်မြတ်တို့အား ပဋိသန္ဓေမျိုးစေ့လည်း ကုန်ပါပြီ။ ဘဝသစ် ဆက်ဖြစ်စည်ကားရေးဝယ် တွယ်တာသော ဆန္ဒလည်း မရှိကြပါ။ ထိုရဟန္တာအရှင်မြတ်တို့သည် ဆီမီးငြိမ်းသကဲ့သို့ ဝဋ္ဋဓာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူကြပါသည်။

ရဟန္တာသံဃာတော်၌ ရတနာအဖြစ် နှစ်သက်ဖွယ်ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါသည်။

❀ ❀ ❀

## သီလနှင့်ပြည့်စုံသော သာသနာပြုပုဂ္ဂိုလ်၏ဂုဏ်ရည်

သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ–သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်ပါရခြင်းအကျိုးငှာဟူသော ခံယူချက်၊ အဓိဋ္ဌာန်ပြုချက်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်လာကြသော ရှင်ရဟန်းဟူသမျှတို့သည် မိမိတို့၏ဘဝ၊ မိမိတို့၏ သီလကို အလေးအနက်ထားပြီး ထပ်ကာထပ်ကာ ပြန်လည်သုံးသပ်နေရပါမည်။ အမြင်မှန်ရအောင် ဆင်ခြင်နေရပါမည်။

မိမိ၏ သီလအကျင့်သိက္ခာကို ဤသို့ လေ့လာဆင်ခြင် သုံးသပ်ပြီး သီလကို စင်ကြယ်အောင် နေထိုင်လာပါက မှိုင်းဝသော မီးပုံးပျံသည် အပေါ်သို့ လွှတ်လိုက်သလို မိမိတို့၏ ရဟန်းဘဝသည်လည်း တစ်ခဏချင်း တစ်ရှိန်ထိုး တက်သွားမည်သာ ဖြစ်ပါသည်။

ရှင်ရဟန်းများသည် "ငါသည် အဆင်းဖောက်ပြန်ခြင်းသို့ရောက်ပြီး ငါ၏ အသက်မွေးမှုသည် ဒါယကာ ဒါယိကာမများနှင့် ဆက်စပ်နေသည်၊ ငါသည် လူပုံသဏ္ဌာန်နှင့်မတူဘဲ ရဟန်းပုံသဏ္ဌာန်နှင့်တူအောင် ပြုလုပ်ကျင့်ကြံ နေထိုင်သင့်သည်" ဟူ၍ ရဟန်းဟူသော အမှတ်သညာတို့ကို ထပ်ကာထပ်ကာ ပွားများဆင်ခြင်နေခဲ့ပါလျှင် –

* သီလကို မပြတ်ဖြည့်ကျင့်ရာရောက်သည်။
* အဘိဇ္ဈာ မများတော့ချေ။
* ဆင်းရဲခြင်း ကင်းသည်။
* အလွန်မာန်မူခြင်း မရှိတော့ပေ။
* သိက္ခာကို လိုလားနှစ်သက်မှု များလာမည်။
* ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဖြင့် ဆင်ခြင်သုံးစွဲတော့မည်။
* အားထုတ်မှု လုံ့လ အားကြီးမည်။

ဟူ၍ ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ၌ ဟော ထားခဲ့ပါသည်။

ဤရဟန်းဟူ၍ဖြစ်သော အမှတ်သညာကို အကြောင်းပြု ၍ရလာသော သီလနှင့်ပြည့်စုံမှု စသောဂုဏ်သည် မိမိအတွက် မျှသာမဟုတ်။ ရဟန်းရှင်လူတို့အတွက်လည်း အကျိုးများလှ ပါသည်။

သီလနှင့်ပြည့်စုံသော ရဟန်းနှင့်ပတ်သက်၍ မိလိန္ဒမင်းက မေး၍ ရှင်နာဂသေနက ဖြေကြားရာ၌ -

"မင်းမြတ်– သီလရှိသောပုဂ္ဂိုလ်၊ သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် -

* သတ္တဝါတို့၏ ကိလေသာအဆိပ်ကို ဖျက်ဆီးရာ၌ အဆိပ်ဖြေဆေးနှင့်တူသည်။
* သတ္တဝါတို့၏ ကိလေသာအနာကို ငြိမ်းစေရာ၌ ဗိန္ဒောဆေးဝါးနှင့်တူသည်။
* သတ္တဝါတို့၏ ကိလေသာမြူ အညစ်အကြေးကို ပယ်ရှားရာ၌ ရေနှင့်အလားတူသည်။
* သတ္တဝါတို့အား အလုံးစုံသော စည်းစိမ်ချမ်းသာကို ပေးရာ၌ ပတ္တမြားရတနာနှင့်တူသည်။
* သတ္တဝါတို့ ဩဃလေးပါး၏ တစ်ဘက်ကမ်းသို့သွား ရာ၌ လှေသင်္ဘောနှင့်တူသည်။

* သတ္တဝါတို့၏ ဇာတိတည်းဟူသော ခရီးခဲကို ကျော်လွှန်ရာ၌လည်း လှည်းအုပ်ခေါင်းဆောင်နှင့်တူသည်။
* သတ္တဝါတို့ သုံးပါးသော အပူမီးကိုငြိမ်းရာ၌ လေနှင့်တူသည်။
* သတ္တဝါတို့၏ စိတ်နှလုံးကို ပြည့်ဝစေရာ၌ မိုးကြီးနှင့်တူသည်။
* သတ္တဝါတို့အား ကုသိုလ်ကျင့်စေရာ၌ ဆရာနှင့်တူသည်။
* သတ္တဝါတို့အား ဘေးကင်းရာခရီးကို ပြောကြားရာ၌ လိမ္မာကျွမ်းကျင်သော ခရီးလမ်းညွှန်သဖွယ် ဖြစ်သည်။

မင်းမြတ်– သီလရှိသောပုဂ္ဂိုလ်သည် ဤသို့ သဘောရှိ၏။ များသောဂုဏ်ရှိ၏။ ပေါကြွယ်သော ကျေးဇူးတရားရှိ၏။ အတိုင်းမသိသော ကျေးဇူးတရားရှိ၏။ ဂုဏ်ကျေးဇူးတို့ စုဝေးရာဖြစ်၏။ သတ္တဝါတို့ ကြီးပွားတိုးတက်အောင်မြင်၏” ဟူ၍ သီလရှိသော ရဟန်း၏ဂုဏ်များကို ဖော်ကျူးပြထားသည်ကို တွေ့ရပါသည်။

ထို့ကြောင့် သာသနာ့ဝန်ဆောင် ရှင်ရဟန်းများသည် မိမိတို့ရလာသော ရှင်ရဟန်းဘဝ၏ ကြီးကျယ်မြင့်မြတ်သော ဂုဏ်ထူးကို သိနားလည်ကြပြီး တစ်ဆင့်ထက်တစ်ဆင့် တိုးတက်မြင့်မြတ်သော ဂုဏ်ထူးများကိုရအောင် မနားမနေ ကြိုးစားသင့်

ပါသည်။ သာသနာတော်ဝယ် ကြီးကျယ်မြင့်မြတ်သော မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ဟူသော ဂုဏ်ထူးများ ရှိနေပါသည်။

မိမိတို့သည် ဘုရားရှင် ဟောကြားခဲ့သော "မိဘက်ဖဘက် နှစ်ပါးစုံ မျိုးရိုးသန့်စင်သော မင်းသားတစ်ပါးသည် ဆင်စီးလျက် မြို့တွင်းသို့လှည့်လည်ရင်း ဆင်ပေါ်မှကျခဲ့ပါလျှင် အကြီးအကျယ် ဆင်းရဲဒုက္ခရောက်ရသကဲ့သို့ သာသနာတော်မှ ဆုတ်ယုတ်သော ရှင်ရဟန်းသည်လည်း လောကုတ္တရာတရား (၉) ပါးမှ ဆုတ်ယုတ်ရသည်" ဟူ၍ မဖြစ်ရလေအောင် ကြိုးစားကြရပါမည်။

ထိုသို့ ကျင့်ရာတွင်လည်း နတ်ဖြစ်ရန် ရည်မှန်းကျင့်က အောက်တန်းစားအကျင့်၊ သမာပတ်ရစ်ပါးကိုကျင့်က အလတ်တန်းစားအကျင့်၊ ဝိပဿနာကိုပွားလျက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်အောင်ကျင့်က အမြတ်ဆုံးသော ပုဂ္ဂိုလ်မြတ်အကျင့် ဟူ၍ အကျင့်သုံးပါးရှိရာ အရဟတ္တဖိုလ် အမြတ်ဆုံးရအောင် ကျင့်ရပါမည်။

သီလရှိသောပုဂ္ဂိုလ်ကို နတ်နှင့်လူဟူသော ဌာန (၂) ခုတို့ ကသာ သိမ်းပိုက်ကြသည်ဟု ဘုရားရှင် အင်္ဂုတ္တိုရ်၌ ဟောကြားခဲ့ပါသည်။

ကာသိတိုင်းဖြစ်အဝတ်သည် အသစ်ဖြစ်စေ၊ တစ်ပတ်ရစ်ဖြစ်စေ၊ အဟောင်းဖြစ်စေ မည်သည့်အမျိုးအစားပင် ဖြစ်စေကာမူ

အရောင်အသွေးလည်း ကောင်းသည်၊ အတွေ့လည်းကောင်းသည်၊ အဖိုးလည်း ထိုက်တန်သည်။ ဟောင်းနွမ်းသွားသည့်အခါ ရတနာထုပ်ရာ၌သော်လည်း အသုံးချ၍ရသည်။ နံ့သာပြုလုပ်ရာ၌သော်လည်း ထည့်ကြသည်။ ထို့အတူ ရှင်ရဟန်းများသည် အငယ်ဖြစ်စေ၊ အလတ်ဖြစ်စေ၊ အကြီးဖြစ်စေ သီလရှိသူ ကောင်းသောသဘောရှိသူ ဖြစ်နေပါက ထိုသီလရှိသောပုဂ္ဂိုလ်၏ အသွေးအရောင်ကောင်းမှုပင် ဖြစ်ရသည်။

ထိုပုဂ္ဂိုလ်အား လှူဒါန်းရသော ဒါယကာတို့မှာလည်း ကြီးကျယ်ဖွံ့ဖြိုးပြီး အကျိုးအာနိသင်ရှိသည်။ ဒါယကာတို့၏ ပေးလှူမှု အကျိုးကြီးခြင်းသည်ပင် ထိုရှင်ရဟန်းတို့၏ အဖိုးထိုက်တန်မှုပင် ဖြစ်သည်။

ဘုရားစသောပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်သူတို့မှာ ကြာရှည်စွာ စီးပွားချမ်းသာအလို့ငှာ ဖြစ်သကဲ့သို့ သီလရှိသောပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်သူများမှာလည်း ကြာရှည်လေ အကျိုးစီးပွားချမ်းသာ အလို့ငှာ ဖြစ်ရလေလေ ဖြစ်ရပါသည်။

သီလနှင့်ပြည့်စုံသောပုဂ္ဂိုလ်နှင့် ပတ်သက်၍ ဘုရားရှင်က –

"ရဟန်းတို့ အခက်အရွက်နှင့် ပြည့်စုံသော သစ်ပင်မှာ အပွေးလည်း ပြည့်စုံနိုင်သည်။ အခေါက်အခွံလည်း ပြည့်စုံနိုင်သည်။ အကာ, အနှစ်နှင့်လည်း ပြည့်စုံနိုင်သကဲ့သို့ သီလဝန္တပုဂ္ဂိုလ်များမှာလည်း စိတ်နှလုံး ကြည်လင်အေးမြ

မှု ဖြစ်နိုင်သည်။ ဝမ်းသာမှု ဖြစ်နိုင်သည်။ နှစ်သက်မှု ဖြစ်နိုင်သည်။ ကိုယ်စိတ်ချမ်းအေးမှု ဖြစ်နိုင်သည်။ ဟုတ်တိုင်းသိမှုဟူသော ဝိပဿနာဉာဏ်လည်း ဖြစ်နိုင်သည်။ ဝဋ်ဆင်းရဲ ငြီးငွေ့နိုင်ကြောင်း အားအကောင်းဆုံး ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်နှင့် ဝဋ်ဆင်းရဲမှတပ်ခြင်းကင်းကြောင်း အရိယာမဂ်ကိုလည်း ဖြစ်နိုင်သည်။ ကိလေသာတို့မှ လုံးဝလွတ်မြောက်သော အရဟတ္တဖိုလ်နှင့် ပစ္စဝေက္ခဏာဉာဏ်ကိုလည်း ဖြစ်နိုင်သည်”

ဟူ၍ ဟောကြားခဲ့ပါသည်။

ထို့ပြင် သီလနှင့် ပြည့်စုံသည့်ပြင် သမထ ဝိပဿနာ အားထုတ်သော ရဟန်းသည် –

* သီတင်းသုံးဖော်များ၏ ချစ်ခင်မြတ်နိုးမှုကို ခံရသည်။
* ပစ္စည်းလာဘ်လာဘ ပေါများသည်။
* အလှူဒါယကာတို့၏ အလှူကို အကျိုးကြီးမားစေသည်။
* ဆွေကောင်းမျိုးကောင်းတို့က အောက်မေ့သော စေတနာကို အကျိုးများစေသည်။
* မမွေ့လျော်မှု၊ မွေ့လျော်မှုကို သည်းခံနိုင်သည်။
* ကြောက်ခြင်းနှင့် ကြောက်မက်ဖွယ် အာရုံတို့ကိုလည်း သည်းခံနိုင်သည်။

* ရူပ, အရူပ ဈာန်ကိုလည်း ရနိုင်သည်။
* ဣဒ္ဓိဝိဓ, ဒိဗ္ဗသောတ, ပရစိတ္တဝိဇာနာန, ပုဗ္ဗေနိဝါသ, ဒိဗ္ဗစက္ခုအဘိညာဉ်များ ရနိုင်ပါသည်။
* သောတာပတ္တိစသော မဂ်ဖိုလ်လေးပါးကို ရနိုင်ပါသည်။

ထို့ကြောင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ရည်မှန်းချက် ပန်းတိုင်ကြီးစွာဖြင့် ဝင်လာကြသော ရှင်ရဟန်းတို့သည် မိမိတို့အကျိုး၊ ဒါယကာတို့၏ အကျိုးဟူသော နှစ်ဝသော အကျိုးကို ပြီးမြောက်စေရန် သီလနှင့်ပြည့်စုံသော ဂုဏ်ရည်များ တစ်ဆင့်ထက်တစ်ဆင့် တိုးတက်အောင် ကြိုးစားကြရပါမည်။

## လူသားစွမ်းရည်အရင်းအမြစ်နှင့် သံဃာတော်များစွမ်းရည်

မြန်မာနိုင်ငံတွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်မဟာဗျူဟာ လေ့လာရေးရုံးမှ ကြီးမှူး၍ လူသားစွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး ဆွေးနွေးပွဲကို ၂၀-၁၀-၉၇ နေ့၌ ရန်ကုန်မြို့၊ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေး ဗဟိုအဆောက်အအုံ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုဆွေးနွေးပွဲတွင် မြန်မာသမိုင်း ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ခင်မောင်ညွန့် တင်သွင်းသော မြန်မာယဉ်ကျေးမှု (MYANMAR CULTURE) စာတမ်းနှင့်ပတ်သက်၍ နိုင်ငံခြားကိုယ်စားလှယ် ပညာရှင်တစ်ဦးက မြန်မာနိုင်ငံရှိ သံဃာတော်များနှင့် ပတ်သက်၍ –

"မြန်မာနိုင်ငံရှိ ရဟန်းတော်များသည် လူသားစွမ်းရည် အရင်းအမြစ်များ ဖြစ်ပါသလား"

ဟု မေးခွန်းမေးခဲ့သည်ဟု သိရပါသည်။ ထိုမေးခွန်းနှင့်ပတ်သက်၍ စာတမ်းရှင် ဒေါက်တာ ခင်မောင်ညွန့်က –

"ကျွန်တော်တို့ မြန်မာနိုင်ငံက သံဃာတော်တွေဟာ အထူးသဖြင့် တောရွာများနှင့် နယ်စပ်ဒေသတွေမှာ ပညာသင်ကြားပေးနေတဲ့ ဆရာတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံ စာတတ်မြောက်မှုနှုန်း မြင့်မားနေအောင် အထောက်အကူပေးနေတဲ့ သံဃာတော်တွေ ဖြစ်ပါတယ်။ သံဃာတော်များဟာ ပညာသင်ကြားပေးရုံသာမက နိုင်ငံသားတွေ အကျင့်စာရိတ္တကောင်းအောင်၊ အလုပ်လုပ်ရာမှာ ဖွဲ့၊ လုံ့လ၊ ဝီရိယနှင့် လုပ်တတ်အောင် လမ်းညွှန်သင်ကြားပေးနေတဲ့သူတွေ ဖြစ်ပါတယ်"

ဟူ၍ အဖြေပေးခဲ့ကြောင်း သိရပါသည်။

ထိုဆွေးနွေးပွဲ နောက်ဆုံးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) နှင့် စစ်မဟာဗျူဟာလေ့လာရေးဌာနကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ နိဂုံးချုပ် မိန့်ခွန်းပြောကြားရာ၌ ထိုမေးခွန်းနှင့်ပတ်သက်၍ ထည့်သွင်းပြောကြားသွားခဲ့သည်ကို တွေ့ရပါသည်။

"နိုင်ငံတော် တည်ဆောက်ရေးနှင့် လူသားစွမ်းရည် အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ယဉ်ကျေးမှု၏ အခန်းကဏ္ဍ စာတမ်းနှင့်ပတ်သက်ပြီး နိုင်ငံခြားမှ ကိုယ်စားလှယ်တော်တစ်ဦးက မြန်မာနိုင်ငံမှ သံဃာတော်များသည် လူသားစွမ်းရည် အရင်းအမြစ် ဖြစ်ပါသလားလို့ မေးမြန်းသွားကြောင်း၊ ၎င်းမေးခွန်းမှာ တကယ်ပင် စိတ်ဝင်စားစရာကောင်းလှကြောင်း၊ စာတမ်းရှင်ကိုယ်တိုင်က မိမိတို့ဗုဒ္ဓဘာသာ သံဃာတော်များသည် အထူးသဖြင့် နယ်စပ်ဒေသများ၏ ပညာရေးကဏ္ဍမှာ အရေးပါသည့် အခန်းကဏ္ဍရှိကြပြီး မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းမြင့်မားခြင်း၏ အဓိက အထောက်အကူပြုသူများဖြစ်ကြောင်း၊ သံဃာတော်များသည် နိုင်ငံသားများကို ပညာသင်ကြားပေးရုံတွင်သာမက အကျင့်စာရိတ္တကောင်းအောင်၊ လုပ်ငန်းဆောင်ရွက်ရာတွင် လုံ့လဝီရိယထုတ် ဆောင်ရွက်

> တတ်အောင် လမ်းညွှန်သင်ကြားပေးကြသူများဖြစ်ကြောင်းဖြင့် ဖြေကြားသွားကြောင်း၊ ထို့ကြောင့် ဗုဒ္ဓဘာသာ သံဃာတော်များသည် လူသားစွမ်းရည် အရင်းအမြစ်များဖြစ်ကြရုံသာမကဘဲ လူသားစွမ်းရည် အရင်းအမြစ်များ အကောင်းဆုံးဖွံ့ဖြိုးနိုင်သည့် နည်းလမ်းများကို ညွှန်ကြားပြသပေးခဲ့ကြသည့် မွန်မြတ်သော ဆရာသခင်များဖြစ်ကြကြောင်း၊ သံဃာတော်အရှင်သူမြတ်တို့သည် မိမိတို့ကို နိုင်ငံသားကောင်းများဖြစ်အောင် သင်ကြားပေးကြသူများ ဖြစ်ကြကြောင်း”

ဟူ၍ ထုတ်ဖော်မိန့်ကြားသွားပါသည်။

မှန်ပါသည်။ မြန်မာနိုင်ငံရှိ သံဃာတော်များ အထူးသဖြင့် သံဃာရတနာဟူသော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်များသည် မင်းနှင့်တကွသော ပြည်သူပြည်သားတို့အား အသိပညာကြွယ်ဝရန်၊ စည်းကမ်းသေဝပ်ရန်၊ ရတနာသုံးပါး လေးစားကြည်ညိုတတ်စေရန်၊ မိဘဆရာတို့၌ ရိုသေတတ်ရန်၊ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားတတ်စေရန်၊ သူတစ်ပါးကျေးဇူးကို သိတတ်စေရန်၊ ဗလငါးတန် ကြံ့ခိုင်ဖွံ့ဖြိုးစေရန် စသည်ဘက်စုံကဏ္ဍတို့၌ အသိအလိမ္မာ ဉာဏ်ပညာများရအောင် ဦးဆောင်သင်ကြားပေးခဲ့သည်မှာ အနော်ရထာဘုရင်နှင့် ရှင်အရဟံတို့၏

သာသနာအုတ်မြစ်၊ စာပေအုတ်မြစ်ချခဲ့သော အချိန်မှစ၍ ယနေ့တိုင်ပင် ဖြစ်ခဲ့ကြပါသည်။

ရှင်အရဟံနှင့် အနော်ရထာမင်းတို့ အုတ်မြစ်ချခဲ့သော ဗုဒ္ဓဘာသာနှင့် စာပေသင်ကြားမှုသည် ပုဂံ, အင်းဝ, ကုန်းဘောင်ခေတ်အဆက်ဆက်ထိ အရှိန်အဟုန်ပြင်းစွာနှင့် ထွန်းလင်းတောက်ပခဲ့ပါသည်။

ဗုဒ္ဓဘာသာစာပေတွင် ကြည့်ပါကလည်း လောကီကောင်းကျိုးကျင့်စဉ်များဖြစ်ကြသော နိုင်ငံရေးကျင့်စဉ်၊ စစ်ရေးကျင့်စဉ်၊ စီးပွားရေးကျင့်စဉ်၊ ပညာရေးကျင့်စဉ်၊ ကျန်းမာရေးကျင့်စဉ်၊ လူမှုဆက်ဆံရေးကျင့်စဉ် စသော လူသားတို့အတွက် တစ်သက်တာ အကျိုးရှိစေသော ကျင့်စဉ်ပညာများပါသလို နောက်ဆုံးဘဝငြိမ်းချမ်းရေး နိဗ္ဗာန်ရောက်စေသော လောကုတ္တရာကျင့်စဉ်များပါ ဘက်စုံ၊ ကဏ္ဍစုံ ပါဝင်နေသည်ကို တွေ့ရပါမည်။

ထိုပညာရပ်များကို မြန်မာနိုင်ငံ အဝှန်းတွင် သံဃာတော်များက မြို့ရွာအသီးသီးတွင် ဘုန်းတော်ကြီးကျောင်းများ တည်ဆောက်ကာ အခမဲ့ဖြန့်ဖြူး ပညာသင်ကြားပေးခဲ့ကြပါသည်။

ထိုပညာရေးစနစ်သည် ၁၈၈၅ ခု မြန်မာနိုင်ငံ သူ့ကျွန်လက်အောက် အရောက်တွင် နယ်ချဲ့အင်္ဂလိပ်တို့၏ စနစ်တကျဖျက်ဆီးမှုကို ခံခဲ့ရသည်။ သို့သော် နိုင်ငံနှင့် လူမျိုးအတွက် အကျိုးပြုသော ပညာသင်ကျောင်းများဖြစ်နေ၍ နယ်ချဲ့တို့သည်

ထိုပညာရေးစနစ်ကို အစဆုံး ပျောက်ကွယ်သွားသည်အထိ မဖျက်ဆီးနိုင်ကြပေ။ မြို့တွင် အများအပြား ပျက်သွားသော်လည်း ကျေးလက်ဒေသတွင် ထိုပညာရေးစနစ် ဆက်လက်ထွန်းကား ရှင်သန်နေခဲ့ပါသည်။

ယနေ့ တပ်မတော်အစိုးရသည် ထိုဘုန်းကြီးကျောင်းပညာ ရေးစနစ်ကို ပြန်လည်အကောင်အထည်ဖော် ဆောက်ရွက်ပေးနေ ပါသည်။ ရည်ရွယ်ချက်မှာ "ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ရှိ တောင်ပေါ်မြေပြန့် အရပ်ဒေသများမှ ပညာသင်ကြားရန် အခက်အခဲရှိနေကြသော တိုင်းရင်းသား ရင်သွေးငယ်များကို အရေး၊ အဖတ်၊ အတွက် တတ်မြောက်ကြပြီး ယဉ်ကျေးသိမ်မွေ့ သည့် လူကောင်းလူတော်လေးများ ဖြစ်လာကြရန်" ဟူသော မွန်မြတ်သော ဦးတည်ချက်ဖြင့် ဖွင့်လှစ်နိုင်ရန် တပ်မတော် အစိုးရက အားပေးနေခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ သံဃာတော်များ၏ ကျေးဇူးကြောင့် နှစ် ပေါင်းထောင်နှင့်ချီ၍ မြန်မာပညာရေး ဆက်လက်ရှင်သန်ခဲ့ပြီး ထိုသံဃာတော်များ၏ ဦးဆောင်မှုကြောင့် မြန်မာမှု၊ မြန်မာဟန်၊ မြန်မာယဉ်ကျေးမှု၊ မြန်မာဓလေ့များ၊ မျိုးချစ်စိတ်ဓာတ်များ ဖွံ့ဖြိုးရှင်သန်ခဲ့ကြရပါသည်။

သံဃာတော်များ သင်ကြားပေးနေသော ပရိယတ္တိပညာ ရေးတွင် စစ်ရေး, နိုင်ငံရေး, စီးပွားရေး, ပညာရေး, လူမှုရေး,

ကျန်းမာရေး စုံလင်စွာ ပါဝင်နေ၍ လူသားစွမ်းရည် အရင်းအမြစ်များ အကောင်းဆုံး ဖွံ့ဖြိုးနိုင်သည့် နည်းလမ်းများရရှိကာ နိုင်ငံကောင်းကျိုး၊ သာသနာကောင်းကျိုးကို ဆက်လက်သယ်ပိုးနိုင်ကြပါသည်။

ယနေ့ နိုင်ငံတွင် တပ်မတော်အစိုးရက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ပြန်လည်အားပေးနေသဖြင့် နိုင်ငံအတွက် စာတတ်မြောက်မှုများ ပိုမိုဖွံ့ဖြိုးပြီး အနာဂတ် နိုင်ငံအတွက် သားကောင်း သမီးကောင်းများစွာ ပေါ်ထွန်းလာမည် ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ သံဃာတော်များသည် လူသားစွမ်းရည် အရင်းအမြစ်များအဖြစ်လည်းကောင်း၊ လူသားစွမ်းရည် အရင်းအမြစ်များကို ရှင်သန်ဖွံ့ဖြိုးစေမည့် နည်းလမ်းများကို ညွှန်ကြားပြသပေးနေသော မွန်မြတ်သော ဆရာသခင်များအဖြစ် လည်းကောင်း ထာဝရ ရပ်တည်နေကာ နိုင်ငံဂုဏ်၊ သာသနာတော်ဂုဏ်ကို အစဉ်ထွန်းပြောင် ဝင်းလက်အောင် ဆောင်ရွက်နေကြမည်သာ ဖြစ်ပါသည်။

## အခန်း (၂)

## သာသနာပြုဆိုသည်မှာ

သာသနာပြုဟူသော စကားတွင် ဓမ္မဟူသော ပါဠိဝေါဟာရနှင့် ပြုဟူသော မြန်မာဝေါဟာရ နှစ်လုံးတွဲထားပါသည်။

ဓမ္မဆိုသည်မှာ အဆုံးအမ ဖြစ်ပါသည်။

ပြုဆိုသည်မှာ ပြုစုစောင့်ရှောက် ထိန်းသိမ်းဖြန့်ချိပေးခြင်း ဖြစ်ပါသည်။

အဓိပ္ပာယ်အချုပ်မှာ မြတ်စွာဘုရားရှင် ဟောကြားလမ်းညွှန်ခဲ့သော အဆုံးအမများကို မသိ၊ မတတ်၊ နားမလည်သေးသောသူတို့ကို သိအောင်၊ တတ်အောင်၊ နားလည်အောင် ပြုလုပ်ပေးခြင်း၊ ဟောပြောပြပေးခြင်း၊ ပို့ချသင်ကြားပေးခြင်း ဖြစ်ပါသည်။

ဘုရားရှင်သည် သာသနာပြုလုပ်ငန်းကို ဘုရားဖြစ်သော မဟာသက္ကရာဇ် (၁၀၃)၊ (ဘီစီ-၅၈၉) နှစ်၊ ကဆုန်လပြည့်နေ့မှ စတင်ပြုလုပ်ခဲ့ပါသည်။ တပည့်သံဃာများကိုလည်း မွေးထုတ်ပေးခဲ့ပါသည်။

ပဥ္စဝဂ္ဂီဟူသော ရဟန်းတော်ငါးပါး၊ ယသနှင့် အပေါင်းပါ မိတ်ဆွေ (၅၅) ပါး၊ စုစုပေါင်း ရဟန္တာ (၆၀) ရလာသောအခါ ထိုရဟန္တာများကို သာသနာပြုကြရန် အောက်ပါအဆုံးအမကို ပေးပြီး အနယ်နယ်အရပ်ရပ်သို့ သာသနာပြု စေလွှတ်ခဲ့ပါသည်။

"ချစ်သားတို့ ငါဘုရားရှင်သည် လူနတ်တို့၌ဖြစ်သော၊ အလုံးစုံသော ကိလေသာတို့မှ လွတ်မြောက်တော်မူလေပြီ။

ချစ်သားတို့ သင်တို့သည်လည်း လူနတ်တို့၌ဖြစ်သော အလုံးစုံသော ကိလေသာတို့မှ လွတ်မြောက်ကြလေကုန်ပြီ။

ချစ်သားတို့ များစွာသောလူတိုင်း အကျိုးစီးပွားအလို့ငှာ၊ များစွာသောလူတိုင်း ချမ်းသာအလို့ငှာ လောကကြီးကို ငဲ့ညှာသနားသောအားဖြင့် နတ်လူအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ ချမ်းသာစေခြင်းအကျိုးငှာ သာသနာပြု လှည့်လည်သည့် ကျင့်စဉ်လုပ်ငန်း တာဝန်ကြီးကို ထမ်းဆောင်ကျင့်ကြံ ကြိုးကုတ်အားထုတ်ကြပါကုန်။

တစ်ကြောင်းတည်း (ဝါ) တစ်ရပ်တည်း၊ တစ်နေရာတည်းသို့ ချစ်သားတို့ နှစ်ပါးအတူ မသွားကြပါလင့်။

ချစ်သားတို့ အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းနှင့်လည်း ပြည့်စုံသော၊ အနက်အဓိပ္ပာယ်နှင့် ပြည့်စုံသော၊ သဒ္ဒါနည်းစနစ်နှင့်လည်း ပြည့်စုံသော တရားတော်မြတ်ကို လူတို့အား စည်းရုံး၍ ဟောကြ၊ ပြောကြကုန်လော့။

ထက်ဝန်းကျင် အလုံးစုံပြည့်စုံပြီး အလွန်တရာ စင်ကြယ်သော သီလ၊ သမာဓိ၊ ပညာမဂ်ဖိုလ်နိဗ္ဗာန် အကျင့်မြတ်ကို မကြား၊ မနာ၊ မသိရခြင်းကြောင့် လောက၊ သံသရာ နှစ်ဖြာသော အကျိုးကျေးဇူးတို့ကို (ဝါ) လောကုတ်၊ လောကီ နှစ်လီသော အကျိုးကျေးဇူးတို့မှ ဆုတ်ယုတ်နေကြရပါကုန်၏။

ငါဘုရားရှင်၏ တရားတော်မြတ်ကို သိစွမ်းနားလည်နိုင်သော (ဝါ) မဂ်ဖိုလ်နိဗ္ဗာန်ကို ရရောက်နိုင်သော ပါရမီရှင် အရှိသော သူတော်စင်တို့သည် မုချမသွေ အမှန်ပင် ရှိနေပါသေးသည်"

ဘုရားရှင်၏ လမ်းညွှန်သည့်အတိုင်း ရဟန္တာ (၆၀) တို့သည် ခရီးတစ်ကြောင်း တစ်ပါးကျစီကြွ၍ ဘုရားရှင်၏ အဆုံးအမများကို ပြည်သူတို့အား စည်းရုံး၍ ဟောကြားပြသခဲ့ကြသည်။ ဘုရားရှင် ကိုယ်တော်တိုင်လည်း ဥရုဝေဠတောရှိ ဥရုဝေဠကဿပ၊ နဒီကဿပ၊ ဂယာကဿပ ဟူသော ရသေ့ညီနောင်ထံသို့ ကိုယ်တိုင်ကြွပြီး (၁၀၀၀) သော ပုဂ္ဂိုလ်တို့ကို အဆုံးအမပေးကာ စစ်မှန်သော တရားစစ် တရားမှန်ကိုရစေပြီး ရဟန္တာ အသီးသီး ဖြစ်စေခဲ့ပါသည်။

အယူဝါဒ လွဲမှားနေသူတို့အား အယူမှန်၍ တည်လာစေရန် လုပ်ဆောင်မှုများ၌ အကျိုးများပုံတို့ကိုလည်း သုဝဏ်ဿဝိလဉ္ဇပါဠိတော် ဒိဗ္ဗစက္ခုခန်း၌ ဟောကြားခဲ့ပါသည်။

* မကောင်းမှု ဒုစရိုက်များကို ပြုလုပ်ဆောင်ရွက်နေသူ
* အရိယာပုဂ္ဂိုလ်များကို စွပ်စွဲသူ
* ကိုယ်တိုင် အယူမှားပြီး မိစ္ဆာဒိဋ္ဌိဖြစ်နေသူ
* သူတစ်ပါးကိုလည်း အယူမှားအောင် ပြုလုပ်နေသူ

ထိုသူများသည် အပါယ်သို့ လားကြရမည်။

* ကိုယ်တိုင် ကောင်းမှုသုစရိုက်ပြုနေသူ
* အရိယာပုဂ္ဂိုလ်များကို မစွပ်စွဲသူ
* ကိုယ်တိုင် သမ္မာဒိဋ္ဌိ အယူမှန်သူ
* သူတစ်ပါးကိုလည်း အယူမှန်အောင် ပြုလုပ်ပေးသူ

ထိုသူများသည် နတ်ရွာသုဂတိသို့ လားရောက်ရမည်။

တစ်ဖန် အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ ပုဂ္ဂလဝဂ်၊ ဗဟုပကာရသုတ်၌ –

"အကြင်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ထိုပုဂ္ဂိုလ်သည် ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာမြတ်သုံးပါးကို တည်အောင်ပြု၍လည်းကောင်း၊ သစ္စာလေးပါးကို သိအောင်ပြုခြင်းသည်လည်းကောင်း၊ အာသဝေါတရားတို့၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုအောင် ပြုလုပ်သော ပုဂ္ဂိုလ်တို့သည်လည်း

ကောင်း လောကတွင် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သည်” ဟူ၍ ဟော ကြားထားခဲ့ပါသည်။

ဤဘုရားရှင် ဟောကြားချက်များကို ထောက်ဆကြည့်လျှင် သာသနာပြုဟူသည် အဘယ်နည်း။ အဘယ်သို့သော လုပ်ငန်း များကို လုပ်ရသည်ကို သဘောပေါက်ကြမည် ဖြစ်ပါသည်။

ထိုလုပ်ငန်းကို လုပ်ကြရာဝယ် အဓိကအချက်မှာ လမ်းစဉ် မှန်၊ ကျင့်စဉ်မှန်တရားတို့ကို မသိသေးသောသူတို့အား သိအောင်၊ နားလည်အောင်၊ တတ်အောင် သင်ကြားပေးခြင်း၊ သိအောင် ဟောပြောပို့ချပေးခြင်း၊ လက်တွေ့ကျင့်ကြံအားထုတ်စေခြင်းသည် အဓိကဖြစ်ပါသည်။

## သာသနာပြုပုဂ္ဂိုလ်ကောင်း တစ်ယောက်ဖြစ်ရန် နည်းလမ်းမှန်

ဗုဒ္ဓသာသနာဟူသော ပါဠိစကားနှစ်လုံးကို မြန်မာမှု တိုက်ရိုက်ပြုထားသော စကားဖြစ်ပါသည်။

ဗုဒ္ဓ = အမှန်တရားကို ထိုးထွင်းသိမှု

သာသနာ = အဆုံးအမဖြစ်ပါသည်။

အမှန်တရားတို့ကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ကျင့်ပြီး ဤမှာဘက်ဘဝတွင် ဒုက္ကရစရိယ (၆) နှစ်အထိ

ခဲယဉ်းစွာကျင့်ပြီးမှ သစ္စာလေးပါး အမှန်တရားကို ကိုယ်တိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်ခဲ့သော အနွယ်အမည် ရှင်ဂေါတမဟု အမည်ရှိသောပုဂ္ဂိုလ်ကို ဗုဒ္ဓဟူ၍ တင်စားခေါ်နေကြခြင်းဖြစ်သည်။

ထိုရှင်ဂေါတမမည်သော ဗုဒ္ဓက ဟောကြားဆုံးမ လမ်းညွှန်ပြခဲ့သော အဆုံးအမဟူသမျှကို သာသနာဟူ၍ ခေါ်ဆိုပါသည်။

ထိုဗုဒ္ဓ၏ အဓိကဆုံးမချက်သည် သီလ, သမာဓိ, ပညာဟူ၍ (၃) မျိုး ဖြစ်ပါသည်။ ဤသုံးမျိုးကို ပြည့်စုံအောင် ကျင့်ကြံ ဆောင်ရွက်ခြင်းသည်ပင်လျှင် ဗုဒ္ဓအဆုံးအမကို လိုက်နာသည် မည်ပါသည်။ တစ်နည်း ဗုဒ္ဓသာသနာမည်ပါသည်။

ဤဗုဒ္ဓအဆုံးအမများကို မယဉ်ကျေး၊ မလိမ္မာသေးသော သူတို့၌ ကိန်းဝပ်တည်ပြီး ယဉ်ကျေးလိမ္မာလာအောင် ထိုအဆုံးအမကို သိပြီးသောသူတို့က အထူးသဖြင့် ရဟန်းသံဃာများက ဟောပြောဖြန့်ဖြူး သာသနာပြုကြပါမည်။

ထိုဗုဒ္ဓသာသနာ ပြန့်ပွားအောင် ဟောကြားမည့်ပုဂ္ဂိုလ်သည် သူတစ်ပါး သန္တာန်၌ သာသနာဟူသော သီလ, သမာဓိ, ပညာ တည်အောင် ပြည့်စုံအောင် ပြုလုပ်ရန် လိုအပ်လှပါသည်။

ဘုရားရှင်က သူတစ်ပါးအပေါ်၌ မတရားဆုံးဖြတ်ကာ ကိုယ့်အဖို့သာကြည့်သော ဥပနန္ဒမထေရ်ကို –

"ချစ်သားတို့ သူတစ်ပါးကို ဆုံးမသူဆိုသည်ကား ရှေးဦးကပင် မိမိကိုယ်ကို သင့်လျော်ရာမှာ တည်စေသင့်သည်"

ဟု မိန့်ကြားတော်မူပြီးလျှင် အောက်ပါတရားများကို ဆက်လက်ဟောကြားခဲ့ပါသည်။

"အတ္တနာမေဝ ပဌမ၊ ပတိရူပေနိဝေသယေ
အထညမနုသာသေယျ၊ နကိလိဿေယျ၊ ပဏ္ဍိတော"

"မိမိကိုယ်ကိုသာလျှင် ရှေးဦးစွာ သင့်တင့်လျောက်ပတ်သော ဂုဏ်သဘော၌ သွင်းထားရာ၏။ ထို့နောက်မှ သူတစ်ပါးကို ဆုံးမရာ၏။ ပညာရှိသောသူသည် သူတစ်ပါး ကဲ့ရဲ့ဖွယ်ဖြစ်ကာ မညစ်နွမ်းစေရ"

ဟူ၍ (ဓမ္မပဒ၊ အတ္တဝဂ်၊ ဥပနန္ဒသကျပုတ္တထေရ) ၌ ဟောကြားလမ်းညွှန်ခဲ့ပါသည်။

ဤလောကတွင် ပုဂ္ဂိုလ်လေးမျိုး ရှိပါသည်။

၁။ မိမိသာကျင့်၍ သူတစ်ပါးကို မဆုံးမသူ

၂။ သူတစ်ပါးကိုသာဆုံးမ၍ မိမိ မကျင့်သူ

၃။ မိမိလည်းကျင့် သူတစ်ပါးကိုလည်း ဆုံးမသူ

၄။ မိမိလည်းမကျင့် သူတစ်ပါးကိုလည်း မဆုံးမသူ

ဤလေးမျိုးတွင် သူတစ်ပါးကိုသာ ဆုံးမ၍ မိမိမကျင့်သူသည် ဝမရှိဘဲ ဝိလုပ်သူ၊ ပုဆိုးမရှိသူက လုံအောင်ထိုင်ပါဟုပြောသည့် ပုဂ္ဂိုလ်အမျိုးအစား ဖြစ်ပါမည်။

ဗုဒ္ဓဟောကြားခဲ့သော ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ သာသနာသုံးရပ်ရှိသည်။ ပရိယတ်တွင်လည်း လိုက်နာရန် စည်းကမ်း– ဝိနည်း၊ ကျင့်သုံးရန် နည်းလမ်းညွှန်–သုတ္တန်၊ လောကသဘာဝနိယာမကို ဖော်ထုတ်နည်း–အဘိဓမ္မာဟူ၍ (၃) မျိုးရှိသည်။

ထိုပရိယတ် (၃) မျိုးကို တတ်မြောက်အောင် လေ့လာသင်ကြားထားမှုရှိရန် လိုအပ်လှပါသည်။

ထိုပရိယတ်ကို ထုံးလိုမွှေ ရေလိုနှောက် သင်ကြားတတ်မြောက်ထားသည် မှန်သော်လည်း မိမိသည် မကျင့်၊ သူတစ်ပါးကိုလည်း မကျင့်စေပါက မကောင်းကျိုးသာလျှင် ရောက်ဖွယ်ရာ အကြောင်းရှိပေသည်ဟု ဘုရားရှင်က (ဓမ္မပဒ၊ တဏှာဝဂ်၊ ကပိကမစ္ဆဝတ္ထု) ၌ ဟောကြားထားသည်ကို သတိပြုရပါမည်။

လောက၌ ပြောသလိုလုပ် လုပ်သလိုပြော (ယထာဝါဒီ တတာကာရီတထာဝါဒီ) ဆိုသော ဂုဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်မျိုးက သူတစ်ပါးကို ဆုံးမမှသာလျှင် (ဝါ) သာသနာပြုမှသာလျှင် သဘာဝကျပြီး လောကလူအများကလည်း နှစ်သက်လက်ခံကြမည်သာ ဖြစ်ပါသည်။

ဘုရားရှင်သည် မိမိ၏ အဆုံးအမ လူအများ လက်ခံစေရန် ပြောတိုင်းလုပ်၊ လုပ်တိုင်းပြောဟူသော ဂုဏ်နှင့်အညီ ပြုလုပ်ခဲ့၍ ဘုရားရှင်၏ အဆုံးအမ သာသနာ ပြန့်ပွားခဲ့ပါသည်။

သာသနာပြု ဆောင်ရွက်ရာဝယ် သာသနာပြုထိုက်သော ပုဂ္ဂိုလ်အဖြစ်ရောက်ရန် မလွယ်ကူလှကြောင်း သတိပြုမိရပါမည်။ သာသနာပြုပုဂ္ဂိုလ်အဖြစ်နှင့် မသင့်လျော်သောပုဂ္ဂိုလ်ကို သာသနာပြု စေလွှတ်ခဲ့သော် သာသနာမပြန့်ပွားရုံသာမက သာသနာဆုတ်ယုတ်ရေးပင် ဖြစ်တတ်ပါသည်။

ဗုဒ္ဓသာသနာတော်ကို ဟောကြားပြုစုဆောင်ရွက်ရာတွင် သံသရာရေးကို ဦးတည်၍ ပြုရမြဲသာ ဖြစ်သည်။ သာမည လောကီစီးပွားချမ်းသာကို ပဓာနထား၍ မပြုရပါချေ။ ပြုလည်း မပြုကောင်းပါ။

သို့အတွက် ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်သည် ကိုယ်တိုင်ပင် လောကီချမ်းသာကို စွန့်လွှတ်ရလျှင် (ဝါ) လောကီချမ်းသာနှင့် ကင်းကွာလျှင် (ဝါ) ဆင်းရဲလျှင် သာသနာမပြုနိုင်ဟူသော စိတ်ထားရှိလျှင်၊ သွားလာရေး၊ စားဝတ်နေရေး ပြည့်စုံမှ သာသနာပြုနိုင်မည်ဆိုလျှင်၊ ရာသီဥတု သင့်တော်သောနေရာမှ သာသနာပြုနိုင်မည်ဆိုလျှင် ထိုပုဂ္ဂိုလ်၌ သာသနာပြုစိတ်ဓာတ် ပြည့်ဝသည်ဟူ၍ သတ်မှတ်စံချိန်ထားရာ မရောက်ပါချေ။

ဘုရားရှင်လက်ထက် အရှင်ပုဏ္ဏမထေရ်၏ သာသနာပြု စိတ်ဓာတ်မျိုးကို အတုယူသင့်သည်။ တစ်ဖန် သီရိဓမ္မာသောက မင်းလက်ထက် ကိုးတိုင်း၊ ကိုးဌာန သာသနာပြုကြွရာတွင် ကသ္မီရနှင့် ဂန္ဓာရတိုင်းသို့ကြွသော အရှင်မြတ်များသည် ကြမ်း

တမ်းလှသော နဂါးမင်းနှင့် နဂါးများကို နှိမ်နင်း၍ သာသနာပြု ခဲ့ကြရသည်။

အလားတူ သုဝဏ္ဏဘူမိသို့ ကြွရောက်သာသနာပြုကြသော အရှင်မြတ်များသည် ကြမ်းတမ်းသော ရေစောင့်ဘီလူးတို့ကို နှိမ်နင်း၍ သာသနာပြုခဲ့ကြရသည်။

ထို့ကြောင့် သာသနာပြုလုပ်ငန်း လုပ်ရာဝယ် ကိုယ်တိုင် ကလည်း ကိုယ်ခံပညာ, သီလ, သမာဓိ, ပညာ အားကောင်း ရန် လိုအပ်သလို များစွာစွန့်စားမှု၊ သည်းခံမှုစွမ်းအား အရည် အချင်းများ ပြည့်စုံရန် လိုအပ်လှပါသည်။

တစ်ဖန် သာသနာပြုပုဂ္ဂိုလ်များရရှိရေး ရွေးထုတ်ရာတွင် တိဿဗြဟ္မာကြီး တစ်ဖြစ်လဲခဲ့သော အရှင်သိဂ္ဂဝမထေရ်၏ အတွေးအခေါ်ကို နမူနာယူသင့်ပါသည်။

အရှင်သိဂ္ဂဝသည် မောဂ္ဂလိပုဏ္ဏားက်သား တိဿအား သာသနာပြုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်စေရန် အားထုတ်ပုံ၊ ပြုလုပ်ဆောင်ရွက်သွားပုံတို့သည်လည်း အတုယူဖွယ်ကောင်းလှ ပါသည်။

အရှင်သိဂ္ဂဝသည် အယူသည်း ပြင်းထန်သော မောဂ္ဂလိ ပုဏ္ဏားကြီးနှင့် ရင်းနှီးရန် အချိန်ကြာမြင့်စွာ အားထုတ်ရသလို တိဿလုလင်နှင့်လည်း အချိန်များစွာ ကြာမြင့်သည်အထိ အား

ထုတ်ခဲ့ရသည်။ ရင်းနီးပြီးနောက် တိဿကို ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်း သင်ပေးခဲ့သည်။ မကြာခင် သောတာပန် ဖြစ်ခဲ့သည်။

ထို့နောက် အရှင်သိဂ္ဂဝ စိတ်ထဲ၌ တိဿကား သောတာပန်ဖြစ်ပေပြီ၊ သာသနာတော်မှ တစ်ဖန်ပြန်၍ ထွက်ခွာရန် အကြောင်းမရှိပြီ၊ ငါသည့် ကမ္မဋ္ဌာန်းဟောကြား၍ ရှင်တိဿအား ဆက်လက်ပွားများစေလျှင် ရဟန္တာဖြစ်စေရန် အကြောင်းရှိသည်။ ရဟန္တာဖြစ်သော် ဘုရား၏စကားကို ပိဋကတ်ကိုသင်ရန် ကြောင့်ကြမဲ့ ဖြစ်သွားပေလိမ့်မည်ဟု တွေးတောဆင်ခြင်မိကာ ပိဋကတ်တော်သင်စေရန် အရှင်စန္ဒဝဇ္ဇီမထေရ်ထံ၌ ရှင်သာမဏေ အဖြစ်ဖြင့်လည်းကောင်း၊ ရှင်ရဟန်းအဖြစ်ဖြင့်လည်းကောင်း အဆင့်ဆင့်တက်ပြီး ပိဋကတ်ကို သင်ယူစေသည်။ ထို့နောက် ကမ္မဋ္ဌာန်းတရားပွားများရာ မကြာခင် ရဟန္တာဖြစ်တော်မူသည်။

နောင်တွင် တတိယ သံဃာယနာတင်သောအခါ ခေါင်းဆောင်အဖြစ် တာဝန်ယူပြီး သာသနာသန့်ရှင်းရေးကို ဆောင်ရွက်ခဲ့သည်။

အရှင်သိဂ္ဂဝမထေရ်ကြီး၏ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်လောင်းပေါ်၌ သောတာပန်ဖြစ်၍ လူမထွက်တော့ပြီ။ ရဟန္တာမဖြစ်ခင် ပိဋကတ်သင်သင့်သည်တို့ကို ဆင်ခြင်၍ အချိန်ယူဆောင်ရွက် သာသနာပြုသွားပုံမှာ နောင်သာသနာပြုပုဂ္ဂိုလ်များ အထူးဆင်ခြင် စဉ်းစားသတိထား လိုက်နာဆောင်ရွက်ရမည့် အချက်ဖြစ်ပါသည်။

အချုပ်အားဖြင့် သာသနာပြုပုဂ္ဂိုလ်တို့သည် ဘုရားရှင် အင်္ဂုတ္တိုရ်၌ လမ်းညွှန်ဟောကြားခဲ့သော ဒူတေယျသုတ်လာ အချက် (၈) ချက်နှင့် ပြည့်စုံရန် အထူးလိုအပ်လှပါသည်။

ယင်း (၈) ချက်မှာ –

၁။ သောတာစ – ရှိသေစွာ နားထောင်တတ်ခြင်း

၂။ သာဝေတာစ – သူတစ်ပါးကို ရှိသေစွာ နားထောင်တတ်စေခြင်း

၃။ ဥဂ္ဂဟေတာစ – သင်ယူတတ်ခြင်း

၄။ ဓာရေတာစ – နှုတ်ဖြင့်ဆောင်ထားတတ်ခြင်း

၅။ ဝိညာတာစ – သိရှိနားလည်မှုရှိခြင်း

၆။ ဝိညာပေတာစ – သူတစ်ပါးကို သိရှိနားလည်မှုရှိစေခြင်း

၇။ သမိတာသိဟတကုသလာ – အကျိုးရှိအကျိုးမဲ့ကို ဝေဖန်မှု တတ်သိလိမ္မာခြင်း

၈။ နကာလဟကာရက – ငြင်းခုံခိုက်ရန် ဆန့်ကျင်မှု မပြုခြင်း

ဟူသော အင်္ဂါ (၈) ပါးနှင့် ပြည့်စုံပြီး သာသနာပြုလုပ်ငန်းတို့တွင် တောင်တန်းသာသနာပြုနှင့် ပြည်နယ်၊ ပြည်မ ကျေးလက်

ဒေသများ သာသနာပြုလုပ်ငန်းသည် အလွန်ပင် အရေးကြီးလှပါသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းသာသနာပြု လုပ်ငန်းတို့တွင် တောင်ပေါ်ပြည်နယ်သားများကို သာသနာပြုလုပ်ငန်း လုပ်ကြရာဝယ် လူအား၊ ငွေအား၊ လုံ့လအား၊ ဉာဏ်အား စသည်တို့နှင့် ပြည့်စုံလှသော အခြားသာသနာပြုတို့နှင့် ရင်ဆိုင်ရမည်ဖြစ်သောကြောင့်လည်းကောင်း၊ အသွားအလာ ခက်ခဲခြင်း၊ ရာသီဥတု ကြမ်းတမ်းခြင်း စသော အခက်အခဲများနှင့်လည်း ရင်ဆိုင်ရမည်ဖြစ်သောကြောင့်လည်းကောင်း တောင်တန်းသာသနာပြုပုဂ္ဂိုလ်များသည် အခြားသာသနာပြုပုဂ္ဂိုလ်များထက် ပညာအား၊ သတိအား၊ သမာဓိအား၊ ဝီရိယအား အထူးနှစ်ဆရှိရန် လိုအပ်လှပါသည်။

ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်ဟူသမျှသည် သီလ, သမာဓိ, ပညာ ဟူသော ကိုယ်ခံပညာ ပြည့်စုံပြီးလျှင် ပေါ့စေလို၍ ကြောင်ရပ်ထိုး ဆေးအတွက်လေး ဆိုသကဲ့သို့ မဖြစ်ကြစေရန် မိမိအတွက် ညစ်နွမ်းမှုများလည်း မဖြစ်ရလေအောင် သတိတမံ ဉာဏ်မြေကတုတ် ပညာစွမ်း ချွန်းကဲ့သို့အုပ်ဟူသော ဆုံးမစာနှင့်အညီ ကြိုးစာကြရန် လိုအပ်ပါသည်။

❦ ❦ ❦

# မြင့်မြတ်သော သာသနာပြုအာဇာနည်ဟူသည်

အာဇာနည်ဟူသော စကားရပ်ကို ယခုအခါ အများသုံးစွဲနေကြသည်။ စာပေများတွင်လည်း မြင်းအာဇာနည်၊ ဆင်အာဇာနည် စသည်ဖြင့် သတ္တိ ဗျတ္တိနှင့် ပြည့်စုံသူ၊ ထူးချွန်သူများကို ချီးမြှောက်ဂုဏ်ပြု၍ သုံးစွဲခဲ့ကြသည်ကိုလည်း တွေ့ရပါသည်။

အာဇာနည်ဟူသည် မိမိတို့အပေါ် ကျရောက်လာသော တာဝန်များကို မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲဝံ့အောင်မြင်စွာ ပြုလုပ်ဆောင်ရွက်နိုင်သော လူ, နတ်, ရဟန်း, စစ်သူကြီးမှစ၍ ဆင်, မြင်းအထိ ဂုဏ်ပြုသုံးစွဲကြလေ့ ရှိကြပါသည်။

အာဇာနည်ဟူသော စကားသည် ပါဠိ အာဇာနိယ ဟူသောပုဒ်ကို မြန်မာမှုပြုထားသော စကားလုံးဖြစ်ပါသည်။

ပါဠိအနက်အဓိပ္ပာယ်မှာ အာ–လျင်မြန်စွာ၊ လွန်စွာ၊ ဇာနိယ– သိတတ်သူဟူ၍ အနက်အဓိပ္ပာယ် ထွက်ပါသည်။

“သင့်, မသင့်ကို ခဏချင်းသိ၍ ရဲရင့်စွာ ဆောင်ရွက်နိုင်သူကို အာဇာနည်ဟု ခေါ်ဆိုကြောင်း ”ဖွင့်ဆိုကြသည်ကိုလည်း တွေ့ရပါသည်။

မြန်မာအဘိဓာန်တွင် အာဇာနည်ဟူသော အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် –

၁။ သင့်, မသင့်ကို ခဏချင်း ကောင်းစွာ၊ ရဲရင့်စွာ ဆောင်ရွက်နိုင်သူ

၂။ လူသာမန်တို့ထက် လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အမျိုးအတွက် အသက်စွန့်လွှတ်နိုင်သူ

ဟူ၍ ဖွင့်ဆိုပြထားသည်ကို တွေ့ရပါသည်။

အင်္ဂလိပ်ရှိုင်ကာဋ္ဌ အာဇာနည်ကို –

"ငါ့အယူ ငါ့အလုပ်မှန်သည်ကို အတည်ပြု ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသူဝယ် ကြောက်ရွံ့မှုဟူသည် မြူမျှ မရှိပါ။ ရဲရင့်သူ အာဇာနည်ဟု ဆိုအပ်၏"

ဟု ဖွင့်ဆိုပြထားပါသည်။

ပျို့၊ ကဗျာ၊ လင်္ကာတို့တွင်လည်း အာဇာနည်နှင့်ပတ်သက်၍ ဤသို့ဖွင့်ဆို ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

"လူအာဇာနည်၊ ယောကျ်ားသည်လျှင် ခြောက်ပြည်နတ်ရပ် မကပ်လေပါ" (ဆုတောင်းခန်းပျို့)

"အာဇာနည်စိတ်၊ မထိတ်မရွံ့၊ ဤသို့ကြံလျက်၊ မြဲမြံရည်လျော်၊ လျှောက်သည်သော်ကား" (သူဇာပျို့)

"ဤသည်မှာကား၊ အာဇာနည်မင်း၊ ချည်တိုင်ရင်း၌၊ သန့်ရှင်းမျက်သောက်" (ဇနကပျို့)

"ဤသူကား လူအာဇာနည်ဖြစ်၍ တည်ကြည်ခိုင်ခံ့သော နှလုံးရှိ၏" (လောကသာရပျို့)

"သို့စင်ကလောက် ဗိုလ်ထုကို မရွံ့မကြောက် တိုက်ထောင်၍ ခုနစ်ယောက်သောမင်းတို့ကို အရှင်ရအောင် ဖမ်းယူ

ခြင်း၌ စွမ်းနိုင်သည်ကား အာဇာနည်ဖြစ်၍သာ စွမ်းနိုင်သည်” (သံဝဏ္ဏနာအဖွင့်)

“ဘုရားအလောင်းတော်ဖြစ်သော ယောကျ်ားအာဇာနည်ပုဂ္ဂိုလ်ကြီးတို့သည်မူကား ဖြစ်လေရာ ဘဝတိုင်းမှာပင် ကိုယ်ကောင်းကြံကာ သူတစ်ပါးကို နစ်နာစေလိုသောစိတ်မရှိဘဲ ကိုယ်ချင်းစာတရားဖြင့် အများကောင်းဖို့ကိုသာ စီမံပြုလုပ်တော်မူကြလေသည်” (စာဏကျနီတိ)

ဘုရားရှင်က ဓမ္မပဒတွင် ယောကျ်ားအာဇာနည် ပုဂ္ဂိုလ်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောကျ်ားအာဇာနည်ပုဂ္ဂိုလ်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်။ ပညာရှိသော အာဇာနည်ယောကျ်ား ပေါ်ပေါက်သော အမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်ရ၏ဟု ဟောတော်မူခဲ့ပါသည်။

အာဇာနည်သည် မိမိ၏မာန်၊ လူမျိုး၏မာန်၊ တိုင်းပြည်မာန်နှင့် ဆက်စပ်၍ ဖြစ်ပေါ်တတ်သည်ဟု ဆိုပါသည်။

စာပေများထဲတွင် မာနဟူသော အသုံးအနှုန်းတစ်ခုရှိပါသည်။ ထိုမာနကို ပုဂ္ဂိုလ်သတ္တဝါအလိုက် ထပ်ဆင့်ခွဲခြားလျှင် (၉) မျိုးအထိ ကွဲပြားသည်ကို တွေ့ရပါသည်။

အဘိဓမ္မာ ဝိဘင်းပါဠိတော်၌ ငါတကားဟု ထောင်လွှားမှတ်ထင်တတ်သော အကြောင်း (၃) ပါး ရှိသည်။

၁။ ဂုဏ်, ဇာတ်, ပညာ, ဥစ္စာ, အဆင်း, သားချင်း, ခြွေရံ စသည်အားဖြင့် သူ့ထက်မြတ်သည်ဟု မှတ်ထင်ခြင်း (သေယျမာန်)

၂။ ထိုထို ဂုဏ်သိရ်ဥစ္စာ စသည်၌ သင်တို့နှင့်ငါ အတူတူပဲဟု မှတ်ထင်ခြင်း (သဒိသမာန်)

၃။ ငါက သင်တို့ထက် အောက်တန်းကျသော်လည်း ဘာအရေးစိုက်စရာလိုသလဲဟု ထောင်လွှားခြင်း (ဟိနမာန်)

ဤမာန် (၃) မျိုးဝယ် တစ်မျိုးမျိုး၌ အမြတ်, အလတ်, အယုတ် ဟူ၍ (၃) မျိုးစီ ရှိကြသောကြောင့် (၃ x ၃ = ၉) မျိုး ဖြစ်ရပါသည်။

အဿထိုရ်မြင်းဟုခေါ်သော ကောင်းကင်ပျံနိုင်သော စွမ်းအား အလွန်ကောင်းသောမြင်းမျိုးတို့သည် မြင်းမျိုးတွင် အမြတ်ဆုံးမြင်းမျိုး ဖြစ်သည်။

ထိုအမြတ်ဆုံးဖြစ်သော အဿထိုရ်မြင်းသည် စစ်မြေပြင်သို့ ရောက်သောအခါ မိမိ၏ အမြင့်မြတ်ဆုံးသော ဂုဏ်ပုဒ်ကို စောင့်ထိန်းသောအားဖြင့် မည်သည့်အခါမျှ နောက်မတွန့် နောက်မဆုတ်ပေ။

သေမည့်ဘေးနှင့် ကြုံတွေ့ရင်ဆိုင်ရသော်လည်း မိမိ၏ မြင့်မြတ်သော အမျိုးမာန်ကို မစွန့်လွှတ်ပေ။

အမြတ်ဆုံးအမျိုးဖြစ်၍ အမျိုးမာန် အမြင့်ဆုံးထားသည်။ အမြင့်မြတ်ဆုံးသော ပုဂ္ဂိုလ်တို့၏ အမြင့်မြတ်ဆုံးသော ဇာတိမာန်ဖြင့် စွမ်းဆောင်မှုကို အာဇာနည်စိတ်ဓာတ်ဟု ခေါ်သည်။

အမြင့်မြတ်ဆုံးပုဂ္ဂိုလ်၏ အမြင့်မြတ်ဆုံးမာနသည် ကာလဒေသအလိုက် လိုအပ်သည်သာ ဖြစ်ပါသည်။

တရားသဘောအရ မာနတရားဟုဆိုရသော်လည်း လိုအပ်သောအခါ၌ လိုအပ်သော မာနမျိုးဖြစ်သည်ဟု ပညာရှိတို့က ဆိုကြပါသည်။

ဆင်၊ မြင်း စသော သတ္တဝါတို့၌ဖြစ်သော မာနတရားသည် ပညာစေတသိက်နှင့် မယှဉ်ပေ။ ဉာဏ်ဦးမဆောင်ပေ။ ပညာ၏ဆန့်ကျင်ဘက် မောဟကသာ ဦးဆောင်သည်။ အကျိုးရှိသည်ကို ပညာဖြင့် ဆန်းစစ်နေစရာမလို။ မိမိအပေါ် ကျရောက်လာသော၊ မိမိကို ပေးအပ်လာသော တာဝန်ကို သေသေကျေကျေ စိတ်ဓာတ်ဖြင့် မိမိ ဇာတိဂုဏ်၊ ဗလဂုဏ်တို့ဖြင့်သာ ဆောင်ရွက်ကြလေ့ ရှိပါသည်။ အသိဉာဏ်ပညာ၊ အလိမ္မာရှိကြသော လူနတ်တို့က အလုပ်များကို တစ်ခုကို ဆောင်ရွက်ကြတော့မည်ဟုဆိုလျှင် မိမိတို့၌ရှိသော ဇာတိဂုဏ်, ဗလဂုဏ်, ပညာဂုဏ်, ဓနဂုဏ်, သတ္တိဂုဏ်, ဗျတ္တိဂုဏ်များကို ဦးထိပ်ထားပြီး နောက်မတွန့် ရဲရဲဝံ့ဝံ့ပင် အောင်ပွဲရအောင် ဆောင်ရွက်တတ်ကြသော သဘောရှိပါသည်။

သို့ဖြစ်၍ ရဟန်းဖြစ်ပါက မိမိသည် ဘုရားသားတော် ဖြစ်သည်။ အဖ ဘုရားဂုဏ်ကိုထောက်၍ မကောင်းမှုကို အသေသာခံမည် မပြုလုပ်ဟု ရဲဝံ့စွာ ရှောင်ကြဉ်နိုင်သော ရဟန်းကို ရဟန်းအာဇာနည်၊

* မြင့်မြတ်သော လူသားပီပီ လူဇာတိမာန်ကို ဦးထိပ်ထား၍ အမျိုးဂုဏ် မြင့်တင်အောင် ဆောင်ရွက်သူကို လူသားအာဇာနည်၊
* သာသနာ့ဘောင်ဝယ် ဘုရားရှင်၏ အဆုံးအမ သာသနာ ထွန်းကားပြန့်ပွားရန် အရိုးကြေကြေ အရေခန်းခန်း ဆောင်ရွက်သူသည် သာသနာ့အာဇာနည်၊
* စစ်မြေပြင်တွင် မိမိ၏ ဇာတိဂုဏ်၊ သတ္တိ၊ ဗျတ္တိဂုဏ်ကို ဦးထိပ်ထားပြီး တိုက်ပွဲဝင်နေသူကို စစ်အာဇာနည်၊
* အလားတူ မိမိ၏ ဇာတိဂုဏ်ကို ဦးထိပ်ထားပြီး တိုက်ပွဲ၌ နောက်မတွန့်ဘဲ အောင်ပွဲရယူနိုင်လောက်သော စွမ်းပကားရှိသော ဆင်ကို ဆင်အာဇာနည်၊ မြင်းအာဇာနည်၊

ဟု အသီးသီး ကာလဒေသ ပုဂ္ဂလအလိုက် ခေါ်ဆိုကြပါသည်။ ထိုအာဇာနည်တွင်လည်း သုံးမျိုးသုံးစား အတန်းခွဲနိုင်ပါသည်။

၁။ မိမိအတွက်၊ မိမိဆွေမျိုးအတွက် ဦးလည်မသုန်၊ မကြောက်မရွံ့၊ မတွန့်မဆုတ် ဆောင်ရွက်သူသည် တတိယတန်းစား အာဇာနည် ဖြစ်ပါသည်။

၂။ မိမိတိုင်းပြည်နှင့် လူမျိုးအတွက်၊ မိမိသာသနာတော်အတွက် အသက်သေသေ, အရေခန်းခန်း, ဦးလည်မသုန်, မကြောက်မရွံ့, မတွန့်မဆုတ် ဆောင်ရွက်သူသည် ဒုတိယတန်းစား အာဇာနည် ဖြစ်ပါသည်။

၃။ မိမိက တစ်ဘက်ကို ပိုင်နိုင်လျက် သတ်ဖြတ်ချေမှုန်းနိုင်လျက် အနိုင်မယူ သည်းခံခွင့်လွှတ်ခြင်း၊ မေတ္တာဖြင့် ခွင့်လွှတ်နိုင်သောစိတ်ကို မွေးမြူနိုင်သူသည် ပထမတန်းစား အာဇာနည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရပါမူ အာဇာနည်ဟူသည် မိမိ၏ ဇာတိ, ပုည, ဂုဏ်ဓန တို့ကို သေသော်လည်း မဖောက်မဖျက် လက်မြှောက်အရှုံးပေးမှု မရှိဘဲ သတ္တိ, ဗျတ္တိ အပြည့်၊ ဗျတ္တိ လိမ္မာစွာနှင့် အောင်ပွဲသရဖူကို ရယူနိုင်သူကို ချီးကျူးခေါ်ဝေါ်ထားသောအမည် ဖြစ်ပါတော့သည်။

သာသနာတော်အတွက် သာသနာပြုတာဝန် ထမ်းဆောင်နေကြသော ရဟန်းသာသနာပြု၊ လူသာသနာပြုပုဂ္ဂိုလ်တို့သည် မိမိတို့၏ အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်လုပ်ကိုင်ကြရာတွင် မိမိ ကျရာတာဝန်လုပ်ငန်းကို မမှိတ်မသုန် ယုံကြည်သော သန္နိဋ္ဌာန်စိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြမှသာလျှင် သာသနာပြုအာဇာနည် ဖြစ်ကြမည် ဖြစ်ပါသည်။

# မြင့်မြတ်သော သာသနာပြု အာဇာနည်ခေါင်းဆောင်တို့၏ တာဝန်နှင့် ကျင့်ဝတ်များ

ဤကမ္ဘာတွင် လူဟူ၍ ပေါ်ပေါက်လာကတည်းကပင် အုပ်ချုပ်သူ မဟာသမ္မတမင်းနှင့် အုပ်ချုပ်ခံပြည်သူဟူ၍ ပေါ်ပေါက်လာခဲ့ရပါသည်။ တစ်ဖန် လူဟူသည် အဖွဲ့အစည်း အပေါင်းအသင်းနှင့် နေတတ်သော သဘောသဘာဝရှိပြီး လူ့အဖွဲ့အစည်းဟူ၍ ရှိလာပြီးကတည်းက ထိုလူ့အဖွဲ့အစည်းကို ဦးဆောင်သော မဟာသမ္မတမင်းဟူသော ခေါင်းဆောင်ကောင်းတစ်ယောက်သည် ပေါ်ထွန်းလာခဲ့ရသည်။

ခေတ်ကာလအလျောက်၊ လူမျိုးအလျောက်၊ အရပ်ဒေသအလျောက် ဘာသာခြားနားနေခဲ့သော်လည်း၊ လူ့အဖွဲ့အစည်းတွင် ပုံစံအမျိုးမျိုး ကွဲပြားခြားနားနေခဲ့သော်လည်း လူ့အဖွဲ့အစည်းတွင် အတန်းစားနှစ်ရပ်သည် ထာဝရရှိနေမည်သာ ဖြစ်သည်။

လူ့အဖွဲ့အစည်းခေါင်းဆောင်၏ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ရေးန် ကျင့်သုံးရမည့် စည်းကမ်းဥပဒေများ အသီးသီး ရှိနေပါသည်။ လူမျိုးအလိုက်၊ ဘာသာအလိုက် မတူညီသောအချက် စည်းကမ်းဥပဒေများ ရှိနေစေကာမူ ခေါင်းဆောင်တို့၏ ကျင့်စဉ်များက သူ့နေရာနှင့်သူ ရှိနေကြသည်သာ ဖြစ်ပါသည်။

ကမ္ဘာဦးလူသားတို့သည် မိမိတို့အားလုံးအပေါ်တွင် စီမံခန့်ခွဲအုပ်ချုပ်နိုင်ရန် ခေါင်းဆောင်မဟာသမ္မတကို ရွေးချယ်တင်မြှောက်ခဲ့ကြသလို ထိုမဟာသမ္မတမင်း ခေါင်းဆောင်၏ကျင့်ဝတ်တို့ကိုလည်း သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ မဟာသမ္မတမင်းတို့သည် မင်းကျင့်တရား (၁၀) ပါးနှင့် သင်္ဂဟတရား(၄)ပါးကို ကျင့်ဝတ်အနေဖြင့် ကျင့်ရပါမည်။

မင်းကျင့်တရား (၁၀) ပါးမှာ –

၁။ ဒါန = ပေးလှူခြင်း

၂။ သီလ = အကျင့်သီလနှင့် ပြည့်စုံရခြင်း

၃။ ပရိစာဂ = ပေးကမ်းချီးမြှင့်စွန့်ကြဲရခြင်း

၄။ မုဒုက = ကိုယ်နှုတ်နူးညံ့ သိမ်မွေ့ရခြင်း

၅။ ဥပေါသက = ဥပုသ်သီတင်း စောင့်သုံးရခြင်း

၆။ အက္ကောဓ = အမျက်မထွက်ရခြင်း

၇။ ဝိရောဓ = ရဟန်း, ရှင်, လူ, ပြည်သူတို့နှင့် မဆန့်ကျင်ရခြင်း

၈။ အဝိဟိံသန = ပြည်သူလူထုကို အခွန်အတုပ် အမျိုးမျိုးတို့ဖြင့် မညှဉ်းဆဲရခြင်း

၉။ ခန္တီ = သည်းခံစိတ်မွေးမြူရခြင်း

၁၀။ သမ္မာပဋိသန္ဓ = ကျောသား၊ ရင်သား မခွဲခြားဘဲ ဖြောင့်မတ်မှန်ကန်စွာ ကျင့်ရခြင်း

မင်းတို့ကျင့်အပ်သော သင်္ဂဟတရား (၄)ပါး ရှိပါသည်။

၁။ သဿမေဓ = တိုင်းပြည်နိုင်ငံအပေါ်၌ ကျရောက်ဖြစ်ထွန်းသမျှသော စီးပွားချမ်းသာတို့မှ မှူးမတ်၊ ပြည်သူတို့နှင့် ညှိနှိုင်းတိုင်ပင်စည်းဝေးကြပြီးလျှင် မည်ရွေ့မည်မျှ ကောက်ခံ တောင်းယူရမည်ဟူသော ပြဋ္ဌာန်းချက် ဥပဒေသအတိုင်း အပိုအလိုမရှိ မနာကြည်း မထိခိုက်ရလေအောင် ကောက်ခံခွဲယူသော လယ်ခွန်တော်နှင့် အခြားအခွန်တော်များ ကောက်ခံရယူခြင်း၊

၂။ ပုရိသမေဓ = မှူးမတ်၊ ရဲမက်၊ လက်နက်ကိုင်စစ်သား၊ တရားသူကြီး၊ မင်းမှုထမ်းစသည့် နိုင်ငံတာဝန်ကို ထမ်းဆောင်ပြီးနေကြသောသူတို့ကို ရာထူးကြီးစဉ်ငယ်လိုက် ကောက်ခံရရှိသော အခွန်အတုတ်များမှ ထိုသူများ စားသုံးလောက်အောင် လစာရိက္ခာ၊ စားနပ်ရိက္ခာများ ပေးကမ်းချီးမြှင့်ရခြင်း၊

၃။ သမ္မာပါသ = ကုန်သည်, လယ်လုပ်တို့ကို အပိတ်အပင်၊ အတားအဆီး၊ အချုပ်အချယ်မရှိ ဖွင့်ပေးရခြင်း၊ စောင်မ သင့်သမျှ စောင်မ ကြည့်ရှုခြင်း၊ ထို့ထက် အလွန်လည်း ကြီးကျယ် ဖွံ့ဖြိုးနိုင်စေရန်၊ ကူးသန်းရောင်းဝယ်နိုင်ရန်အတိုးအပွားမရှိ အရင်းအနှီး အမတော်ငွေများကို ပေးကမ်းမ,စရခြင်း၊

၄။ ဝါစာပေယျ = ပြုံးရွှင်ခြင်းလျှင် ရှေ့သွားရှိသော ချစ်ဖွယ်ချိုမြသော စကားတို့ကို သာယာခြေင်းစွာ ပြောဆိုရခြင်း၊

ဤမင်းကျင့်တရား (၁၀) ပါး၊ သင်္ဂဟတရား(၄)ပါးတို့သည် ကမ္ဘာဦးခေါင်းဆောင် မဟာသမ္မတမင်းမှစ၍ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူ ခေါင်းဆောင်အသီးသီးတို့ ကျင့်သုံးဆောက်တည်ရသော၊ အာဏာနည်ခေါင်းဆောင်တို့ ကျင့်ရသော ကျင့်ဝတ်များ ဖြစ်ကြပါသည်။

ဘုရားရှင်က သိင်္ဂါလသုတ်တွင် ခေါင်းဆောင်ကောင်း (နာယက) အာဏာနည်တို့ ကျင့်သုံးဆောက်တည်ရမည့် ကျင့်ဝတ်ခြောက်ပါးကို လမ်းညွှန်ဟောကြားထားသည်ကိုလည်း တွေ့ရပါသည်။

ယင်းမှာ ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု ဤခြောက်ခု ကြီးသူ့တာဝန်သာဟူ၍ ဖြစ်ပါသည်။

၁။ ထကြွဆိုသည်မှာ - ခေါင်းဆောင်ပုဂ္ဂိုလ်သည် နောက်လိုက်ငယ်သားတို့ ထက် ဆယ်ဆပိုမို၍ လုံ့လ ဝီရိယစိုက်၍ ဆောင်ရွက် လုပ်ကိုင်နိုင်ရမည်။ လုပ်ကိုင် စွမ်းရည်လည်း ရှိရမည်။

၂။ နိုးကြားဆိုသည်မှာ - ခေါင်းဆောင်ပုဂ္ဂိုလ်သည် အရပ်ရှစ်မျက်နှာ ပတ်ဝန်း ကျင်ကို မျက်စိဖွင့်ကာ ကိုယ် ရောစိတ်ပါ နိုးနိုးကြားကြား သတိနှင့် အဆင်သင့်ရှိနေရ ပါသည်။

၃။ သနားဆိုသည်မှာ - ခေါင်းဆောင်ပုဂ္ဂိုလ်သည် မိမိကိုယ်ကျိုးကို မငဲ့ရ၊ လက် အောက်ငယ်သား အုပ်ချုပ်ခံ ပြည်သူတို့၏ ချို့တဲ့ အား နည်းချက်တို့ကို သနား၊ မေတ္တာ၊ ကရုဏာစိတ်တို့နှင့်

ဖေးမ ကူညီတတ်ရပါမည်။ မည်သူသေသေ ငတေမာပြီး ရောဆိုသောစိတ်ဓာတ်၊ မိမိ တစ်ဦးတည်း တက်လမ်းရဖို့၊ ချမ်းသာဖို့ဟူသော တစ်ကိုယ်ကောင်း စိတ်ဓာတ် ကင်းရှင်းရပါမည်။ အေးအတူ ပူအမျှဆိုသော ရဲဘော်ရဲဘက် စိတ်ဓာတ်မျိုး ထားရှိရပါမည်။

၄။ သည်းခံဆိုသည်မှာ – မိမိ နောက်လိုက်ငယ်သားများ၏ စေတနာဆိုးမပါသော အမှားအယွင်းများအပေါ်၌ သည်းခံနိုင်စွမ်းသောစိတ် မွေးမြူထားရမည်။ အမှန်ကိုရအောင် သည်းခံစောင့်ဆိုင်းပြီး ဆောင်ရွက်နိုင်ရပါမည်။

၅။ ဝေဖန်ဆိုသည်မှာ – ခေါင်းဆောင်က ပေးအပ်သောတာဝန်ကို ကျေပွန်စွာ

ထမ်းဆောင်သူ၊ မထမ်းဆောင်သူတို့ကို ဝေဖန်ပိုင်းခြားတတ်ရပါမည်။ မိမိနားသို့ လာရောက်ကပ်ဖားနေသူကိုသာ ဆုပေးနေရတာမျိုး၊ နေရာပေးနေရတာမျိုး ဆန္ဒာဂတိ မရှိ ဖြစ်နေရပါမည်။ တော်သူကို တော်သလို ချီးမြှင့်မြှောက်စားတတ်ရပါမည်။ မတော်သူကို မတော်သလောက် ဒဏ်ပေးဆုံးမပေးတတ်ရပါမည်။

၆။ ထောက်ရှုဆိုသည်မှာ – အမှုကြီးငယ် ပြဿနာများပေါ်လာသည့်အခါ အလျင်စလို ဆုံးဖြတ်စီရင်မှုမပြုဘဲ အဂတိလေးပါး မလိုက်စားရပါ။ အမှုနှင့်ပတ်သက်၍ အချက်အလက်များကို ကျေကျေညက်ညက် ထောက်လှမ်းစုံစမ်းကြည့်ရှုပြီး ဆင်ခြင်သုံးသပ်ပြီးမှ တိကျပြတ်

သားသော အဆုံးအဖြတ်ကို
ပေးနိုင်ရပါမည်။

ဦးစီးခေါင်းဆောင် ပုဂ္ဂိုလ်များအတွက် တစ်ခါတစ်ရံဝယ် အမှုကိစ္စကို အချိန်မဆိုင်းဘဲ တစ်ထိုင်တည်း ဆုံးဖြတ်ရသော အမှုကိစ္စများ ရှိတတ်ရပါသည်။

အချိန်ကန့်သတ်ချက် တိုတောင်းသည်နှင့်အမျှ ဆုံးဖြတ်ဖို့ကလည်း ခက်ခဲလှသည်။ တစ်ဘက်ဘက်ကို အလေးသာမိပါက အခြားတစ်ဘက်ကို ရက်စက်ရာ ရောက်သွားတတ်ပါသည်။ ထိုအခြေအနေမျိုးတွင် ပုဂ္ဂိုလ်ရေး သံယောဇဉ်မထားရ၊ တည်ကြည်ပြီး ကြည်လင်သောဉာဏ်ဖြင့်သာ ဆုံးဖြတ်ရသည်။

သက်ဆိုင်ရာ လူ့အဖွဲ့အစည်းကြီး၏ အကြီးအကဲအဖြစ် တာဝန်ကြီးမားစွာ ဆောင်ရွက်လုပ်ကိုင်နေရသော ဦးစီးခေါင်းဆောင်သည် အခြားတစ်ဘက်ကလည်း လက်ညှိုးညွှန်ရာ ရေဖြစ်စေသော စေတစ်လုံးပိုင်ရှင် အကြီးမားဆုံးသော အခွင့်အရေးကို ရရှိနေကြ၍ စည်းစိမ်ဥစ္စာ အခြွေအရံမှစ၍ သူတစ်ပါးနှင့် မတူအောင် ခံစားစံစားခွင့် ရှိနေပါသည်။

ဤနေရာတွင် တရားသဖြင့်ရ၍ ခံစားရသော အခွင့်အရေးများ ရှိသကဲ့သို့ မတရားသဖြင့်ရရှိသော အခွင့်အရေးများလည်း ပါရှိတတ်ပါသည်။ မတရားသဖြင့်ရရှိသော အခွင့်အရေးကို

ရရှိခံစားသောသူသည် ပစ္စုပ္ပန် လက်ရှိခံစားနေစဉ်လည်း သူတကာတို့၏ မျက်ကွယ်၌ ကဲ့ရဲ့ရှုတ်ချမှုကို ခံရသလို မိမိ အာဏာမဲ့သောအခါတွင် အများတံတွေးခွက်တွင် မျောပါသွားရတတ်ပါသည်။

ဤသည်မှာလည်း လက်ရှိဘဝအကျိုး မကောင်းမှုဖြစ်ပါသည်။ သံသရာခံစားရမည့် ဆိုးကျိုးကား ဆိုဖွယ်ရာ မရှိနိုင်ပါ။

မြင့်မြတ်သော အာဇာနည်ခေါင်းဆောင် ဖြစ်လိုသောသူတို့သည် ရတာနှင့် ရောင့်ရဲလွယ်သော သတ္တိ၊ မိမိက တရားသဖြင့် ရရှိခံစားရသော စည်းစိမ်ဥစ္စာ၊ အာဏာရာထူး ရရှိထားသည် မှန်သော်လည်း အတိုင်းအတာ နှိုင်းနှိုင်းယှဉ်ယှဉ်နှင့် ခံစားတတ်မှ အများ ကြည်ညိုလေးစားမှု ခံရတတ်ပါသည်။

ထို့ကြောင့် မြင့်မြတ်သော အာဇာနည်ခေါင်းဆောင် ဖြစ်လိုသူတို့သည် လူသမိုင်းတစ်လျှောက်တွင် ဥဒါန်းတွင်ရစ်လေအောင် အကျင့်သီလဂုဏ်၊ သတ္တိဗျတ္တိဂုဏ်တို့ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

# မြင့်မြတ်သော သာသနာပြု အာဇာနည်ခေါင်းဆောင်တို့၏ တာဝန်နှင့် ဝတ္တရားများ

လူတို့တွင် လူ့အဖွဲ့အစည်း ပေါ်ပေါက်လာသော အချိန်မှစ၍ ဦးစီးခေါင်းဆောင်နှင့် နောက်လိုက်ငယ်သားဟူ၍ အဆင့်ဆင့်ပေါ်လာခဲ့သည်။ ထိုသို့ပေါ်လာရာ၌ မိသားစုလည်း မိသားစုအလျောက်၊ တိုင်းနိုင်ငံ မြို့ရွာများတွင်လည်း တိုင်းနိုင်ငံ ပြည်ရွာအလျောက် ခေါင်းဆောင်အဆင့်၊ ငယ်သားဝန်ထမ်းအဆင့် အသီးသီး ပေါ်ပေါက်လာခဲ့သည်။

ထိုသို့ ပေါ်ပေါက်လာခြင်းသည် တစ်စုံတစ်ခုသော ဖန်ဆင်းရှင်၊ တန်ခိုးရှင်က ဖန်တီးပေးလိုက်၍ မဟုတ်ပါ။ လူသားအချင်းချင်း မတူညီ ကွဲပြားခြားနားသော စွမ်းရည်သတ္တိများကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

ဦးစီးခေါင်းဆောင် တာဝန်ထမ်းဆောင်နိုင်သူသည် ဦးစီးခေါင်းဆောင်အဆင့်မှာ ပါဝင်ခွင့်ရ၍ ထိုတာဝန်ကို မထမ်းဆောင်နိုင်သူများလည်း ဦးစီးခေါင်းဆောင်က ချမှတ်သောတာဝန်ကို နောက်လိုက်ငယ်သားကောင်းအဖြစ် တာဝန်ထမ်းဆောင်ကြရသည်။

စွမ်းအားသတ္တိ ကွဲပြားခြားနားမှုအပေါ်၌ အဆင့်နှစ်ဆင့်ကွဲပြားနေသော်လည်း တာဝန်ယူ ဆောင်ရွက်ရာတွင်မူ အထက်အောက် အမြီသဟဲပြုမှု၊ ကျေးဇူးပြုမှုများရှိနေ၍ ဘယ်သူ့တာဝန်

ထက် ဘယ်သူ့တာဝန်က ပို၍အရေးကြီးသည်၊ အရေးပါ အရာ ရောက်သည်ဟူ၍ ပြောဆိုခွဲခြား၍မရပါ။ မိမိ တာဝန်ကျရာ တာဝန်သည် အရေးကြီးသောတာဝန်ဖြစ်၍ တာဝန်ကျေပွန်အောင် လုပ်ရန်အတွက် အရေးကြီးသည်သာ ဖြစ်ပါသည်။

ဦးစီးခေါင်းဆောင်သည် မှန်ကန်သော ဦးဆောင်မှုပေးရန် လိုအပ်သလို ငယ်သားတို့ကလည်း ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရပါသည်။

နိုင်ငံအကျိုး၊ ပြည်ရွာအကျိုး ထမ်းဆောင်ကြရာဝယ် လစာရိက္ခာ၊ ရာထူးအာဏာ စသည်များ ရလျှင်ရမည်။ ထိုအရာများမရသော လူမှုရေးသက်သက် လုပ်ငန်းများကိုလည်း လုပ်ရသည်လည်း ရှိပါသည်။

မိမိအပါအဝင်ဖြစ်သော လူ့အဖွဲ့အစည်းတွင် အရေးကြီးသော ကိစ္စတစ်ရပ် ပေါ်ပေါက်လာပါက ကျရာတာဝန်အသီးသီး ထမ်းဆောင်ရသည်မှာ လူ၏ တာဝန်ဝတ္တရားတစ်ခုပင် ဖြစ်ပါသည်။

လူ့အဖွဲ့အစည်းတစ်ခုလုံးကို ခြုံကြည့်လျှင် တာဝန်သိသိ ဆောင်ရွက်နိုင်သော ကိစ္စမှန်သမျှ အကျိုးကျေးဇူးရှိသည်သာ ဖြစ်ပါသည်။ သို့သော် မိမိ တစ်ဦးတည်းအတွက် တွက်ကြည့်လျှင် လုပ်ကိုင်ဆောင်ရွက်ပါလျှင် တစ်ခါတစ်ရံ ထိခိုက်နစ်နာမှုများ၊ ဘေးအန္တရာယ်များ ကျရောက်ပြီး ထိခိုက်ပျက်စီးတတ်သည်ကို တွေ့ရတတ်ပါသည်။

ငါစွဲ (သက္ကာယဒိဋ္ဌိ) မကင်းနိုင်သေးသောသူမှန်သမျှ အတ္တကို ဦးစားပေးကြသူ များပါသည်။ လူသည် အတ္တအယူအစွဲကို အခြေပြုကာ ကိုယ်ကျိုးစီးပွားကိုသာ အလေးထား၍ ကြိုးစားတတ်ကြသောသဘော ရှိနေတတ်ကြပါသည်။

ကိုယ်ကျိုးစီးပွားဟုဆိုရာဝယ် စည်းစိမ်ဥစ္စာ ရတနာသာမက အရှိန်အဝါ ဩဇာအာဏာများလည်း ပါဝင်တတ်ကြပါသည်။ အိမ်ထောင်သာယာရေး၊ မိသားစု ဥမကွဲသိုက်မပျက် ရပ်တည်နေနိုင်မှု စသည့်ရုပ်ပိုင်းဆိုင်ရာ နာမ်ပိုင်းဆိုင်ရာ လိုအပ်ချက်မှန်သမျှတို့သည်လည်း ကိုယ်ကျိုးစီးပွားများပင် ဖြစ်ကြပါသည်။

ထိုကိုယ်ကျိုးစီးပွားကို ရှာကြရာဝယ် ကိုယ်တစ်ယောက်တည်းနှင့် မပြီးနိုင်ကြ၍ ပတ်ဝန်းကျင်နှင့် ဘေးအကျိုးတို့ကိုပါ လေ့လာပြီး ပူးပေါင်းဆောင်ရွက်ကြရပါသည်။

လူသည် အတ္တမည်မျှပင် အစွဲအလမ်း သည်းနေစေကာမူ၊ တစ်ကိုယ်ကောင်းစိတ် မည်မျှအားကြီးနေစေကာမူ တစ်ကိုယ်ကောင်းစားရေးအတွက် မိမိ တစ်ယောက်တည်း ဖန်တီး၍မရသောကြောင့် သူတစ်ပါး၏ ပါဝင်မှု၊ ကူညီမှု၊ ထောက်ကူပြုမှုကို တစ်နည်းနည်းဖြင့် ရယူနေကြရသော သဘော ရှိပါသည်။

ဤသို့လျှင် ကိုယ်ကျိုးစီးပွားသည် အများတကာနှင့် ဆက်စပ်ပုံကို အာရုံပြု သတိထားရာမှ လူသားတို့သည် ကိုယ်ကျိုးစီးပွားဟူသော အသိုက်အမြုံမှ ခေါင်းထွက်ကာ အများ

အကျိုးဆောင်ရွက်မှ ကိုယ်ကျိုးအောင်မည်ဟူသော သဘောတရားကို လက်ခံကျင့်သုံး လာခဲ့ကြရပါသည်။ ထိုမှတစ်ဆင့် ရင့်ကျက်လာသောအခါ အများအကျိုးအတွက်ဆိုလျှင် မိမိအကျိုးပျက်လျှင် ပျက်ပါစေဟူသော မြင့်မြတ်သောစိတ်ထား ထားရှိနိုင်လာကြပြီး မိမိအကျိုးကိုစွန့်ကာ အများအကျိုးကို သက်စွန့်ကြိုးပမ်းဆောင်ရွက်လာခဲ့ကြသည်။

ထိုပုဂ္ဂိုလ်များ၏ ထိုသို့ဆောင်ရွက်မှုသည်ပင် ပါရမီဖြည့်ဆောင်ရွက်မှု သို့မဟုတ် အာဇာနည်တို့၏ တာဝန်ထမ်းဆောင်မှုဟူ၍ ဆိုကြပါသည်။

အာဇာနည်သူရဲကောင်းတစ်ယောက် ဖြစ်ပေါ်ရန်အတွက်ကျင့်ရမည့် ဝတ္တရားများစွာ ရှိနေပါသည်။ ထိုဝတ္တရားများတွင်မဖြစ်မနေ ကျင့်ရမည့် ဝတ္တရားများမှာ –

* မိမိအလုပ်၌ သက်ဝင်ယုံကြည်ပြီး စေတနာ အပြည့်အဝထားပြီး ဆောင်ရွက်ရပါမည်။
* အကျင့်သီလ, သိက္ခာနှင့် ပြည့်စုံရပါမည်။
* တစ်ဘက်ဝါဒကို နှိမ်နင်းနိုင်သော အကြားအမြင်ဗဟုသုတ ကိုယ်ခံပညာ ပြည့်စုံရပါမည်။
* သူ့ဘက်ကိုယ့်ဘက် အမြဲလေ့လာစုံစမ်းမှု၊ နှိုင်းယှဉ်မှုပြုတတ်ရပါမည်။

* ရဲရင့်မှု၊ ဇွဲရှိမှု၊ သည်းခံနိုင်မှုကို အရင်းတည် လက်ကိုင်ထားရပါမည်။
* တပည့်လက်သားနှင့် အေးအတူပူအမျှ ချမ်းသာဆင်းရဲကို ခံစားနိုင်သော သတ္တိ၊ အကျင့် ရှိရပါမည်။
* ကိုယ်ခန္ဓာ ကျန်းမာခိုင်ခံ့ သန်စွမ်းမှု ရှိရပါမည်။
* ကိုယ်တိုင်ကလည်း သူတစ်ပါး အရိပ်အခြည်ကို သိရမည်။ ကိုယ့်အရိပ်အခြည်ကိုလည်း သူတစ်ပါး သိအောင် ပြုမူဆောင်ရွက်တတ်ရပါမည်။
* ကိုယ့်အတွက်၊ အများအကျိုးအတွက် အကျိုးစီးပွားဖြစ်နိုင်သည်ကို လိမ္မာပါးနပ်စွာ သိတတ်နားလည်တတ်ရပါမည်။
* ငြင်းခုံ၊ ခိုက်ရန်ဖြစ်မှုကို အထူးရှောင်ကြဉ်တတ်ရပါမည်။
* ချစ်စဖွယ် သာယာဖွယ်စကားနှင့် ရွှင်ပျသော မျက်နှာအမူအရာ အမြဲရှိနေရပါမည်။
* သူတစ်ပါးပစ္စည်းဥစ္စာ လိုချင်တပ်မက်မှု လောဘရမ္မက်နည်းနိုင်ရပါမည်။

မြင့်မြတ်သော အာဇာနည်တစ်ယောက်ဖြစ်ရန်အတွက် **သင်ယူမှု, လေ့လာမှု, လေ့ကျင့်မှုများ** များစွာပြုလုပ်ရန် လိုအပ်လှပါသည်။

တံစက်မြိတ်မှ ကျလာသောရေကို အိုးမှောက်ခံသလို ပို့ချပေးမှု၊ သင်ကြားပေးမှုတို့ကို ဂရုတစိုက် မှတ်သားမှုမရှိ၊ စာအုပ်စာပေ လေ့လာမှု၊ အားနည်းမှု၊ အတတ်ပညာ သင်ယူမှုတို့ကို အရေးတယူမပြုမှု စသည်တို့ကို မပြုလုပ် မဆောင်ရွက်ရပါ။

ခါးပိုက်၌ ဆောင်ထားသောအရာကို လုံခြုံစွာ ထိန်းသိမ်းသကဲ့သို့ ရလာသော အသိပညာ၊ အတတ်ပညာတို့ကို အချိန်မရွေး ထုတ်သုံးနိုင်အောင် ပြုလုပ်ထားရပါမည်။

တံစက်မြိတ်ကကျသောရေကို ရေအိုးဖြင့် ကောင်းစွာခံယူသလို သင်ပေးသမျှ၊ ဖတ်မှတ်ထားသမျှကို ကောင်းစွာခံယူကျင့်သုံးမှ တိုးတက်မည်ကို သတိပြုနေရပါမည်။

မြင့်မြတ်သော အာဇာနည်ဟူသည် –

* ဂဏန်းကဲ့သို့ လက်မအမြဲထောင်ကာ မာန်မာနတက်ကြွမှုကို မပြုရပါ။
* ပုတ်သင်ညိုကဲ့သို့ သူတစ်ပါးပြောသမျှကို ခေါင်းညိမ့်လိုက်နာမှုကို မပြုရပါ။
* လေယူရာယိမ်းသော ဝါးပင်ကဲ့သို့ ဟိုဘက်ယိမ်း၊ ဒီဘက်ယိမ်း မပြုရပါ။
* နွားသိုးကဲ့သို့ ရှုးရှုးဒိုင်းဒိုင်း စိတ်တိုမှုနှင့် မပြုလုပ် မဆောင်ရွက်ရပါ။

* လိပ်ကဲ့သို့ ကိုယ့်ဘက်ကိုယ်ယက်သော အမှုမျိုး မပြုရပါ။
* ခွေးအ ကဲ့သို့ အစားအစာ အဝစားပြီး စည်းစိမ်ခံ ယစ်မူးမနေရပါ။

ဤသို့လျှင် မြင့်မြတ်သော အာဇာနည်တစ်ယောက်ဖြစ်ရန်မှာ ဤကဲ့သို့သော တာဝန်များ၊ ဝတ္တရားများကို သိရှိနားလည်ပြီး ကျင့်ကြံအားထုတ် ဆောင်ရွက်ကြပါလျှင် သင်လည်း မုချဆက်ဆက် ခေါင်းဆောင်ကောင်း တစ်ယောက်နှင့် မြင့်မြတ်သော အာဇာနည်ကောင်းတစ်ယောက် ဖြစ်ပါမည်။

## အမြင့်မြတ်ဆုံးသော သာသနာပြု သူရဲကောင်းအာဇာနည်

လောကတွင် အာဇာနည်တို့၏ လက္ခဏာမှာ အမြော်အမြင် ပညာနှင့်ပြည့်စုံခြင်း၊ သတ္တိ၊ ဗျတ္တိ ပြည့်စုံစွာ လုပ်ကိုင်ဆောင်ရွက်ရခြင်းဟူ၍ စာဏကျနီတိ၌ ဆိုထားသည်ကို တွေ့ရပါသည်။

တစ်ဖန် သတ္တိ၊ ဗျတ္တိနှင့် ပြည့်စုံသောသူသည် ကြိမ်းဝါးခြင်းကိုမပြု၊ မိမိ လုပ်ဆောင်သင့်သောအရာကို တည်တည်

ငြိမ်ငြိမ် အေးဆေးစွာဖြင့် ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်လုပ်ကိုင်သွားတတ်သည်ဟု ဇာတကဝဏ္ဏ သုမခဇာတ်၌ ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။

မြန်မာစာပေ မြန်မာ့ဝေါဟာရတွင် သတ္တိ၊ ဗျတ္တိ ရှိသောသူကို အာဇာနည်သူရဲကောင်းဟူ၍ ခေါ်ဆိုလေ့ရှိပါသည်။

ယင်းသတ္တိ ဗျတ္တိဟူသော စကားသည် ပါဠိဘာသာ ဝေါဟာရမှ ဆင်းသက်လာသော စကားဖြစ်ပါသည်။ အနက်အဓိပ္ပာယ်အဖွင့်မှာ –

သတ္တိ = အစွမ်း, ရဲစွမ်း, စွမ်းရည် ဟူ၍ ဖြစ်ပါသည်။

ကိုယ်ကျိုးစီးပွား ပဓာနမထားဘဲ အများပြည်သူတို့ အကျိုးစီးပွား ဖြစ်ထွန်းလာအောင် သာသနာအကျိုး ဖြစ်ထွန်းလာအောင် ဆောင်ရွက်နိုင်သော သတ္တိ၊ ဗျတ္တိ ရှိခြင်းကို သာသနာပြု သူရဲကောင်းအာဇာနည်ဟူ၍ ခေါ်ဆိုသည်။

လူ၏ စွန့်စားနိုင်ခြင်းသည် = သတ္တိရုပ်

ထိုအစွမ်း ထင်ရှားစွာပြနိုင်ခြင်းသည် = ဗျတ္တိရုပ်

"သတ္တိ, ဗျတ္တိ, ဒြပ်ညှိလျက်, သပ်ရှိကျူးထွက်၊ ရန်လုံးညွတ်၏ဟု ဆိုသည့်အတိုင်း ထိုသတ္တိ ဗျတ္တိနှင့် ညီညွတ်စွာဆောင်ရွက်နိုင်က ရန်သူတို့၏ ဦးညွတ်ရှိသေခြင်းကို ခံရသည်။ ထိုသူသည်သာ အာဇာနည်သူရဲကောင်းဟု ဆိုလိုပါသည်။

သာသနာပြု အာဇာနည်သူရဲကောင်းတွင် သာမန် သာသနာပြုသူရဲကောင်း၊ အမြင့်မြတ်ဆုံးသော သာသနာပြုသူရဲကောင်းဟူ၍ နှစ်မျိုးရှိသည်။

ဘုရားရှင်က ဓမ္မပဒ (၁၀၃) တွင် –

"စစ်မြေပြင်၌ ရန်သူအပေါင်း ထောင်သောင်းများစွာကို အောင်နိုင်သော သူရဲကောင်းအာဇာနည်သည် ရှိ၏။ ထိုသူရဲကောင်းအာဇာနည်သည် အမြတ်ဆုံး သူရဲကောင်းအာဇာနည်မဟုတ်၊ တစ်ယောက်တည်းသော မိမိကိုယ်ကို မိမိ အောင်နိုင်သူသာလျှင် အမြတ်ဆုံး သူရဲကောင်းအာဇာနည် ဖြစ်၏"

ဟု ဟောတော်မူခဲ့ပါသည်။

ဤဂါထာအရ စစ်မြေပြင်၌ ရန်သူထောင်သောင်းပေါင်းများစွာကို နိုင်ဖို့ထက် မိမိကိုယ်ကိုမိမိ အောင်နိုင်ဖို့ ခက်ခဲလှပါသည်။

ထို့ကြောင့် ရန်သူထောင်ပေါင်းများစွာကို အောင်နိုင်မှုကို သာမန်သူရဲကောင်းအာဇာနည်အဖြစ် သတ်မှတ်ပြီး မိမိကိုယ်ကို အောင်နိုင်မှုကိုသာလျှင် အမြင့်မြတ်ဆုံးသော သူရဲကောင်းအာဇာနည်ဟု သတ်မှတ်ခြင်း ဖြစ်ပါသည်။

လူ့လောက လူ့သဘာဝတွင် လူသားဟူသမျှတို့သည် ဘဝဟူသော စစ်မြေပြင်တွင် တရားမှုနှင့် မတရားမှု၊ ကောင်းမှု

နှင့် မကောင်းမှုတို့ကို ထာဝစဉ်တွေ့ကြုံပြီး တိုက်ခိုက်ရန်းကန်နေရသော သဘောရှိကြပါသည်။

မတရားမှုကို တရားမှုဖြစ်အောင်၊ မကောင်းမှုကို ကောင်းမှုဖြစ်အောင် တိုက်နိုင်သောသူသည် သူရဲကောင်းအာဇာနည်ဖြစ်၏ဟု ဆိုပါသည်။

နိုင်ငံတိုင်းတွင် သူရဲကောင်းအာဇာနည် များစွာရှိပါသည်။ ထိုသူရဲကောင်းအာဇာနည်များသည် နိုင်ငံနှင့် လူမျိုးအတွက် အနစ်နာခံကြသည်။ ပစ္စည်းဥစ္စာကို စွန့်ကြသည်။ ခြေလက်အင်္ဂါများကို စွန့်ကြသည်။ နောက်ဆုံး အသက်ကို စွန့်ကြသည်။

အမှန်အားဖြင့် ထိုသူများသည် လောက၌ (ဝါ) မိမိနိုင်ငံနှင့် လူမျိုးအပေါ်၌ မတရားမှုများ မကျရောက်စေရေးအတွက် ဘဝကို စတေးကြသူများ ဖြစ်ကြပါသည်။

သို့ရာတွင် မိမိ အနစ်နာခံမှုကြောင့် အကျိုးတရားများဖြစ်ထွန်းလာသောအခါ –

> "ငါက တကယ်တမ်း ရှေ့တန်းမှ အနစ်နာခံ ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ အသက်စွန့်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားကို ငါသာလျှင် ခံစားထိုက်သည်"

ဟု ခံယူသော သူရဲကောင်းအာဇာနည်များလည်း ရှိတတ်ပါသည်။ ထိုသူရဲကောင်းအာဇာနည်သည် 'ငါ' မလွတ်မြောက်သော စွန့်

လွှတ်မှုဖြင့် စွန့်လွှတ်သော သူရဲကောင်းအာဇာနည်များ ဖြစ်ကြသည်။

ထိုသူရဲကောင်း အာဇာနည်သည် ဓမ္မပဒဂါထာ၌ ဟောကြားခဲ့သော ရန်သူထောင်ပေါင်းများစွာကို အောင်နိုင်သူသာဖြစ်သည်။ မိမိကိုယ်ကို အောင်နိုင်သူ မဖြစ်ပါ။

မိမိကိုယ်ကို မအောင်နိုင်သူများအနက် မိမိ အနစ်နာခံဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားများတွင် ပစ္စည်းဥစ္စာ၌ မက်မောသူများလည်း ရှိသည်။ ရာထူး၌ မက်မောသူများလည်း ရှိသည်။ ဘွဲ့ထူး၊ ဂုဏ်ထူး၌ မက်မောလာသူလည်းရှိသည်။ နှစ်မျိုးမက်သောသူလည်း ရှိသည်။ သုံးမျိုးမက်လာသူလည်း ရှိသည်။

ထိုသို့ မက်လာခြင်းသည် မိမိကိုယ်ကို မအောင်နိုင်သောကြောင့် ဖြစ်ပါသည်။ မိမိကိုယ်ကို မအောင်နိုင်သူသည် နေရာတကာ၌ 'ငါ' ပါချင်သည်။ ငါပါမှ စိတ်ချမ်းသာလေ့ရှိ၏။ ငါမပါက စိတ်မချမ်းမသာ ခံစားရ၏။

သို့အတွက် ထိုသူ၏ အနစ်နာခံမှုသည် အရင်းစစ်လိုက်ပါက ငါ ချမ်းသာရေးအတွက် ဖြစ်သည်။ လောကလူသားအများ ချမ်းသာရေးမဟုတ်။ လူအများ၏ မျက်နှာဖုံးစွပ်တပ်ပြီး ငါချမ်း သာရေးကို လုပ်နေခြင်းဖြစ်သည်။

မိမိကိုယ်ကို အောင်နိုင်သူကား မိမိ အနှစ်နာခံ ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားများ၌ ပစ္စည်းဥစ္စာ မမက်မော၊ ရာထူး မမက်မော၊ ဘွဲ့ထူး, ဂုဏ်ထူး မမက်မော၊ မည်သည့်အကျိုးတရားကိုမျှ မမက်မော။ သူ၏ အနှစ်နာခံမှုသည် စွန့်လွှတ်မှုသာ ဖြစ်သည်။ ထိုသူသည် မိမိကိုယ်ကို အောင်နိုင်သူ ဖြစ်သည်။ မိမိကိုယ်ကို အောင်နိုင်သူသည် လောကတွင် မည်သည့်အရာကိုမျှ ကြောက်စရာ မရှိတော့ချေ။ မိမိကိုယ်ကို မအောင်နိုင်သူအတွက် အရာရာတိုင်းသည် ကြောက်စရာတွေချည်းသာ ဖြစ်နေရပါသည်။

တကယ်တမ်း အောင်ရမည့်ရန်သူကား ထောင်ပေါင်းများစွာသော ရန်သူများမဟုတ်၊ မိမိကိုယ်ကိုသာ ဖြစ်ပါသည်။ ထိုသူသည်သာလျှင် ဤလောကတွင် အမြင့်မြတ်ဆုံးသော သူရဲကောင်းအာဇာနည် ဖြစ်ပါတော့သည်။

သင်သည် အမြင့်မြတ်ဆုံးသော သူရဲကောင်းအာဇာနည် ဖြစ်လိုလျှင် 'ငါ' မပါသော ကိုယ်ကျိုးစွန့်မှု၊ အနစ်နာခံမှု၊ အများအကျိုး သယ်ပိုးမှုတို့ကို ဆောင်ရွက်ပါ။

လောကဥပမာတွင် ဇာတ်တော်များ၌ အမျိုးအတွက် စွန့်လွှတ်စွန့်စားသူများ၊ တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စားသူများ၊ သာသနာအတွက် စွန့်လွှတ်စွန့်စား ဆောင်ရွက်

ကြသူများ၊ အမြင့်မြတ်ဆုံး စွန့်လွှတ်စွန့်စားသူများ၏ ဘဝဇာတ်လမ်းများ များစွာရှိပါသည်။

သင်သည် ဤအမြင့်မြတ်ဆုံးသော သူရဲကောင်းအာဇာနည်မျိုးဖြစ်ရန် အမြဲကြိုးစားရန် လိုအပ်ပါသည်။

❖ ❖ ❖

# အခန်း (၃)

## သာသနာပြုပုဂ္ဂိုလ်များ ထားရှိရမည့် ခံယူချက်နှင့်စိတ်ဓာတ်

မြတ်စွာဘုရားရှင်သည် မိမိ၏ သာသနာတော်၌ ရဟန်း (၆) ကျိပ်ကျော် စုမိသောအခါ လောကလူသားတို့ အကျိုးစီးပွား အလို့ငှာ သာသနာပြုကြွပြီး တရားဟောကြရန် မိမိ၏ တပည့်များကို ဒေသအသီးသီးသို့ စေလွှတ်ခဲ့လေသည်။

၁။ မယဉ်ကျေး မလိမ္မာသေးသောသူများ ယဉ်ကျေးလိမ္မာစေရန်၊

၂။ အသိဉာဏ်ပညာ ကိုယ်ခံအားရှိလျက် ဓမ္မတည်းဟူသော နေရောင်ခြည်မတွေ့သေး၍ မဖူးပွင့်ကြသေးသော ပုဂ္ဂိုလ်များ၊ အသိဉာဏ်ပွင့်ပြီး တရားထူး တရားမြတ် ရရှိကြစေရန်၊

၃။ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း ခံစားနေရသော သူများ စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှု ရစေရန်၊

၄။ နိုင်ငံသူ/နိုင်ငံသား အားလုံး တရားစစ် တရားမှန် ရရှိခံစားစေရန်၊

ဟူသော ရည်ရွယ်ချက်တို့ဖြင့် ခေတ်အဆက်ဆက် သာသနာပြု ရဟန်းတော်များသည် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်လျက် ရှိကြပါသည်။

ထိုသာသနာပြုလုပ်ငန်းနှင့် ပတ်သက်၍၊ ထားရှိရမည့် စိတ်ဓာတ်နှင့် ပတ်သက်၍ ဆရာတော်ဘုရားကြီးများက ခေတ်ဆောင်ပုဒ်လေးများဖြင့် အသီးသီး ဆုံးမခဲ့ကြသည်ကို –

"ဗုဒ္ဓသာသနာဿဘာရော အဝဿံ ဝဟိတဗ္ဗော"

"ငါသည် ဗုဒ္ဓသာသနာ၏ တာဝန်ကို မချွတ် ထမ်းဆောင်ပါမည်"

သာသနာပြုပုဂ္ဂိုလ်များသည် မိမိတို့ တာဝန်ကျရာ သာသနာပြုဌာန အသီးသီးတွင် တာဝန်ယူ ဆောင်ရွက်ကြရာ၌ အထက်ပါ ဆရာတော်ကြီးများ ဆုံးမလမ်းညွှန်ထားသည့်အတိုင်း –

"မာနကို ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ ချိုးနှိမ်ထားရန်" လိုအပ်ပါသည်။

အလုပ်တာဝန် တစ်ခုခုကို လုပ်ကြ၍ အောင်မြင်မှုရလာသော ပုဂ္ဂိုလ်အချို့သည် –

**ငါပြောတာအဟုတ်၊ ငါလုပ်တာအမှန်၊ ငါကြံတာအကောင်း** ဟု မာန်မာနတက်ပြီး ပပလွှားလွှား ပြောဆိုပြုမူတတ်ကြလေသည်။

ထိုကဲ့သို့ မာန်မာနထောင်လွှားမှုကို ချိုးနှိမ်၍ လုပ်ကိုင်ဆောင်ရွက်ကြမှသာ မိမိတို့ ဆောင်ရွက်နေသော လုပ်ငန်းကြီးသည် အောင်မြင်မှု အပြည့်အဝရရှိ၍ အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။

သာသနာပြုလုပ်ငန်းတာဝန်ကို ထမ်းရွက်နေကြသော သာသနာပြုပုဂ္ဂိုလ်များအနေဖြင့် သတိတမံ ဉာဏ်မြေက တုတ်ပညာစွမ်း ချွန်းကဲ့သို့အုပ်ဟူသော ရှေးရှေးဆရာကြီးများ ၏ဆုံးမစကားကို အလေးအနက်မထားပါက မိမိတို့ အကျိုးပြုလုပ်ငန်းများသည် အောင်မြင်မှုရနိုင်မည် မဟုတ်ပေ။

သို့အတွက် အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်နေကြသော သာသနာပြု၊ သာသနာအကျိုးဆောင် ပုဂ္ဂိုလ်များသည် ကိုယ်ကျိုးကို လုံးဝစွန့်လွှတ်နိုင်ရန် လိုအပ်ပြီး အများအကျိုးအတွက် သယ်ပိုးဆောင်ရွက်လိုသော စိတ်ဆန္ဒသာရှိနေရန်လိုအပ်ပါသည်။

သာသနာပြုလုပ်ငန်းဟူသည် အများနှင့်ဆက်ဆံ၍လုပ်ရသော လုပ်ငန်းဖြစ်၍ လုပ်ငန်းခွင်တွင် စိတ်တိုင်းမကျစရာ၊

စိတ်ဆိုးစရာ၊ စိတ်မကျေနပ်စရာများနှင့် မကြာခဏ တွေ့ရတတ်ပါသည်။ ထိုသို့ တွေ့ကြုံသည့်အခါ အကျိုးအကြောင်း ဆင်ခြင်၍ အမှန်သိမြင်အောင် သတိသမ္ပဇဉ် ဉာဏ်နှင့်ယှဉ်၍ စိတ်ဆိုးစရာ၊ စိတ်မကျေနပ်စရာတို့ကိုဖြစ်အောင် ပြုမူပြောဆိုတတ်ကြသောသူများအပေါ် ဒေါသ အာဃာတ အမှတ်မထားဘဲ သည်းခံဆောင်ရွက်နိုင်ကြရန် လိုအပ်ပါသည်။

ဤနေရာ၌လည်း သည်းခံမှုနှင့်ပတ်သက်၍ ခန္တီတရားဆိုသည်မှာ သူတစ်ပါးက ဝေဖန်ကဲ့ရဲ့မှု၊ ဆဲရေးမှု၊ ရိုက်နှက်မှုစသည်ပြုလာခဲ့သော် တုံ့ပြန်မှုကင်း၊ ဖောက်ပြန်ခြင်းမရှိ ပကတိသဘောကိုမစွန့်ဘဲ ကျေနပ်စွာ လက်ခံခြင်းကို သည်းခံခြင်းဟုခေါ်ဆိုပါသည်။

ဤသည်းခံမှုတွင် သူတစ်ပါး ကဲ့ရဲ့မှု၊ ဆဲရေးမှု၊ ရိုက်နှက်မှု စသည်ပြုလုပ်သောအခါ ပြန်လှန်၍ ကဲ့ရဲ့ခြင်း၊ ဆဲရေးခြင်း၊ ရိုက်နှက်ခြင်း မပြုသဖြင့် ထိုအရာများသည် မိမိအပေါ်၌ ကျရောက်သည် မမည်တော့ဘဲ ပြုလုပ်သူ၌သာ ကျရောက် တည်သွားပါမည်။

ခန္တီစတရား လက်ကိုင်ထားသူမှာ အဒေါ (မေတ္တာ) ပြဋ္ဌာန်းသော ကုသိုလ်တရားများ ဖြစ်ကြပါသည်။ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဆိုသော အကျင့်မြတ်တရားသည် ခန္တီ

တရားက အချုပ်ဖြစ်ပါသည်။ ကုသိုလ်မှန်သမျှ ခန္တီတရားနှင့် စပ်မှ ကြီးပွားတိုးတက်နိုင်ပါသည်။

လောင်စာမရှိရာ၌ကျသော မီးသည် အလိုလိုငြိမ်း၏ ဆိုသကဲ့သို့ ခန္တီတရား လက်ကိုင်ထားက မည်သည့်လူမိုက်မျှ မိမိအပေါ် မလွှမ်းမိုးနိုင်ပါဟု ဘုရားရှင်က ဟောကြားခဲ့သည်ကို အထူး အလေးအံနက် ထားစေလိုပါသည်။

သာသနာပြုလုပ်ငန်း လုပ်ကြရာ၌ ဆန့်ကျင်ဘက် အမြင်မကြည်လင် ဘဝင်မကျသူများ မမျှော်လင့်ဘဲ ပေါ်ပေါက်လာပြီး ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်အောင် ပြုမူပြောဆို ဆောင်ရွက်လာမှုများ ပေါ်တတ်ပါသည်။ ထိုသို့ ပေါ်လာပါက ထိုစိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုဒဏ် အန္တတာခံကာ မိမိတို့ ထားရှိအပ်သော မွန်မြတ်သော မေတ္တာ, ကရုဏာ, စေတနာတို့ဖြင့် အများသူငါ တိုင်းရင်းသားတို့၏ အကျိုးကိုကြည့်ပြီး စိတ်ရှည်စွာဖြင့် အန္တတာခံကာ ဆောင်ရွက်သင့်ကြပါသည်။

မိမိတို့ ပြုလုပ်နေသော သာသနာပြုလုပ်ငန်းကြီးငယ် မှန်သမျှ ပြီးမြောက်အောင်မြင်ရန် စိတ်ဓာတ်တွန့်ဆုတ်ခြင်း၊ နောက်ဆုတ်ရပ်တန့်ခြင်း မရှိဘဲ ဖွံ့ကောင်းရန်နှင့် စိတ်ဓာတ်အင်အား သန်မာတောင့်တင်းရန် အထူးလိုအပ်လှပါသည်။

စိတ်ဓာတ်ကျဆင်းစရာ ပြဿနာတစ်ရပ်ရပ်နှင့် ရင်ဆိုင်နေရသည့်အခါ မိမိတို့ ပြုလုပ်နေဆဲ လုပ်ငန်းကို ရှေ့ဆက်မလုပ်

လိုဘဲ ကြောက်ရွံ့နောက်တွန့် နေတတ်ကြပါသည်။ ထိုသို့ အခြေအနေမျိုး ကြုံတွေ့ရင်ဆိုင်ရသည့်အခါ မိမိ ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်တို့ကို ပြန်လည်ဆန်းစစ်ရန် လိုပါသည်။

ထို့ကြောင့် သာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်မည်ဟု သစ္စာအဓိဋ္ဌာန်ပြုထားကြသော သာသနာပြု ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့သည် ထိုကဲ့သို့သော စိတ်ဓာတ်မျိုးများ အစဉ်ရှင်သန်နေရန် မွေးမြူကြဖို့ လိုအပ်ပါသည်။

## အမျိုးကြီးပွားရေးအတွက် ထားရှိရမည့် စိတ်ဓာတ်နှင့်ဝါဒ

ဤလောကတွင် အများအကျိုးကို သက်စွန့်ကြိုးပမ်းဆောင်ရွက်သော ပုဂ္ဂိုလ်ကို အာဇာနိယ အာဇာနည်ပုဂ္ဂိုလ်ဟု ခေါ်ဆိုကြပါသည်။ ထိုအာဇာနည်ပုဂ္ဂိုလ်တို့သည် မိမိ၏ခန္ဓာ၊ မိမိ၏အသက်ကို အများကောင်းကျိုးအတွက် ပေးလှူစွန့်လွှတ်၍ အလုပ်လုပ်ကြလေ့ ရှိကြသည်။

ထိုသို့ ပြုလုပ်ဆောင်ရွက်၍ အခွင့်အရေးရလာလျှင်လည်း မိမိအတွက်၊ မိမိကိုယ်ကျိုးအတွက် အသုံးချလေ့မရှိ။ အများအကျိုးအတွက်သာ ရည်ရွယ်ပြီး ပေးကမ်းစွန့်ကြဲ ဆောင်ရွက်လေ့ရှိပါသည်။

ထိုအာဇာနည်ပုဂ္ဂိုလ်တို့၏ ခံယူချက်ဝါဒသည် –

* အမျိုးသားရေး မျိုးချစ်ဝါဒ
* အများကောင်းစားရေးဝါဒ
* အတ္တနှင့်ပရတွင် ပရကို ဦးစားပေးသောဝါဒ
* မိမိနှင့် မိမိဆွေမျိုး မိတ်သင်္ဂဟ အပါအဝင် မိမိလူမျိုး၊ မိမိနိုင်ငံ ကြီးပွားအောင်လုပ်သောဝါဒ
* မိမိအကျိုးကို ဘေးအန္တရာယ်မှ ကာကွယ်သောဝါဒ

ဤသို့သော ဝါဒများကို လက်ခံထားကြလေ့ ရှိသည်။

ထိုသို့သော ဝါဒများကို လက်ကိုင်ထားပြီး မိမိ၏စိတ် တိုးတက်ရာတွင်လည်း –

* ကိုယ်ကျင့်တရားကောင်းမှုကို အဓိကထားကျင့်သည်။
* ဣန္ဒြေကို စောင့်စည်းစိတ်၊ တည်ကြည်သောစိတ် အမြဲရှိသည်။
* အစားအသောက်၊ အနေအထိုင်တို့၌ ဆင်ခြင်တုံတရား ထားရှိသည်။
* အအိပ်အနေနည်းပြီး အမြဲတမ်း နိုးကြားဖျတ်လတ် နေသည်။
* ယုံကြည်ချက်ကို ခိုင်မာစွာထားပြီး ချစ်ခြင်း၊ မုန်းခြင်း၊ ကြောက်ခြင်း၊ တွေဝေခြင်းကြောင့် မိမိ၏ ယုံကြည် ချက်ကို အထိပါး မခံတတ်ပါ။

* သတိတရားအမြဲရှိပြီး ပြောတိုင်း မယုံတတ်။ မတုန် မလှုပ်၊ ကြံ့ခိုင်တည်ငြိမ်သည်။
* လောက, ရာဇ, ဓမ္မတို့၏ ကျွမ်းကျင်အောင် လေ့လာပြီး အကြားအမြင် ဗဟုသုတရှိအောင် အမြဲလေ့လာ မှတ်သားနေသည်။
* ရှေ့ရေးကို မြော်မြင်တတ်သော ပညာရှိပြီး ပရိယာယ်ကြွယ်ဝစွာနှင့် အသုံးချ ဆောင်ရွက်တတ်သည်။ ဉာဏ်လျင်သည်။
* မိမိဘဝ လူဖျင်း၊ လူအ၊ လူနုံ အသုံးမကျဘဝ ဖြစ်ရမည်ကို အလွန်ရှက်ကြောက်တတ်သော သဘောရှိသည်။
* လုပ်ငန်းကို ဆောင်ရွက်ရာတွင် အားနာသည်၊ သနားသည် ဆိုတာမျိုးကို အဓိကမထားဘဲ မှန်သောအလုပ်ကို အလျှော့မပေး၊ အညှော်မခံဘဲ လုပ်တတ်သည်။ ခွဲလုံ့လကြီးသည်။
* သူတစ်ပါး အပြစ်တင်မှာ၊ လွှမ်းမိုးခံရမှာကို ကြောက်တတ်သည်။
* အလုပ်ကို စူးစူးစိုက်စိုက် ဈာန်ဝင်ပြီး လုပ်တတ်သည်။
* မိမိရရှိသော အကျိုးအမြတ်ကို မျှဝေခံစားတတ်သည်။

* မိမိဆွေမျိုး မိတ်သင်္ဂဟ မိမိလူမျိုး မိမိနိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်ရာတွင်လည်း မေတ္တာဖြင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်သည်။

* အမြောက်အပင့်ကို မနှစ်သက်၊ မကြိုက်။ ခြောက်သည်ကိုလည်း မကြောက်တတ်ဘဲ ရည်ရွယ်ချက်ကို ပေါက်မြောက်အောင် ဦးတည်ချက်ထား၍ ဆောင်ရွက်တတ်သည်။

ဤသို့ကျင့်သုံးသော စိတ်ဓာတ်ဝါဒကို ဘုရားလောင်းဝါဒဟု ခေါ်စမှတ်ပြုကြသည်။

ထိုဝါဒသည် ဘဝကြီးပွားရေး၊ မိသားစုကြီးပွားရေး၊ မိမိလူမျိုးကြီးပွားရေး၊ မိမိနိုင်ငံ တိုးတက်ရေးအတွက် လက်ကိုင်ပြုဆောင်ရွက်ရမည့်ဝါဒ ဖြစ်ပါသည်။

ယနေ့ နိုင်ငံအကျိုး၊ အမျိုးဘာသာ၊ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နေသူတိုင်းသည် ဤဝါဒနှင့် ဤစိတ်ဓာတ်ကို မွေးမြူ၍ ဆောင်ရွက်ကြလျှင်၊ ကျင့်သုံးလိုက်နာကြလျှင် –

* မိမိဘဝ ကြီးပွားပါမည်။

* မိမိမိသားစု ကြီးပွားပါမည်။

* မိမိလူမျိုး ကြီးပွားပါမည်။

* မိမိနိုင်ငံ တိုးတက်ဖွံ့ဖြိုး စည်ပင်ပါမည်။

ထိုသို့သောပုဂ္ဂိုလ်များ များများပေါ်ထွက်ပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြပါလျှင် ဘာသာပျောက်မှာ၊ အမျိုး ပျောက်မှာ၊ နိုင်ငံပျောက်မှာ စိုးကြောက်စရာ မလိုတော့ပါ။

တစ်ကိုယ်ကောင်းဝါဒ၊ ဘယ်သူသေသေ ငတေမာပြီးရော ဝါဒနှင့် စိတ်ဓာတ်ရှိသူတို့သည် လူမိုက်ဝါဒဖြစ်၍ ထိုသူ၏ဘဝ ငြိမ်းချမ်းမှုမရှိ၊ လွတ်မြောက်မှုမရှိ၊ အတ္တပရ နှစ်ဘက်စလုံး ပျက်စီးမှုဖြင့်သာ အဆုံးသတ်စေပါသည်။

ထို့ကြောင့် နိုင်ငံအတွက် အမျိုးဘာသာ သာသနာ အကျိုးတို့ သယ်ပိုးဆောင်ရွက်နေကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့၏ စိတ်ဓာတ်နှင့် လုပ်ကိုင်ဆောင်ရွက်မှုတို့ကို ဘုရားလောင်းဝါဒနှင့် စိတ်ဓာတ်မျိုး (ဝါ) အာဇာနည်စိတ်ဓာတ်မျိုး ထားရှိပြီး လုပ်ကိုင်ဆောင်ရွက်အပ်ပေသည်။

## ခေါင်းဆောင်ကောင်းတို့၏ ကျင့်ဝတ်ဟူသည်

ဤလောကတွင် တိုင်းပြည်တိုင်း၌ ခေါင်းဆောင်ကောင်းရှိရန် လိုအပ်သလို အဖွဲ့အစည်းတိုင်း၌လည်း ခေါင်းဆောင်ကောင်းရှိရန် လိုအပ်ပါသည်။ တိုင်းပြည်၌သော်လည်းကောင်း အဖွဲ့အစည်း၌သော်လည်းကောင်း အရည်အချင်း ပြည့်မီသော

ခေါင်းဆောင်ရှိက ထိုတိုင်းပြည်၊ ထိုလူမျိုး၊ ထိုအဖွဲ့အစည်းသည် အစဉ်ကြီးပွား တိုးတက်နေမည်သာ ဖြစ်ပါသည်။

ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်ပေါ်လာရန်မှာ မွေးဖွားလာကတည်းက သွေးသား အသည်းထဲ စွဲမြဲတွယ်ကပ်ပါလာသော အရည်အချင်း မဟုတ်ပါ။ လေ့ကျင့်ပျိုးထောင် ပညာပေးပြီး ကျင့်ကြံအားထုတ်ကြမှသာ ခေါင်းဆောင်ကောင်းဘဝ ရောက်ရစမြဲ ဖြစ်ပါသည်။ တစ်ဖန် ခေါင်းဆောင်ဆိုသည်မှာ လူသားတို့၏ စိတ်ဓာတ်နှင့် စွမ်းရည်ကို စနစ်တကျ စုစည်းပြီး စွမ်းအားတစ်ခုရရှိအောင် ဖော်ဆောင်နိုင်သော အရည်အချင်းရှိသူကို ခေါင်းဆောင်ခေါ်ကြောင်း ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။

အနာဂတ် ခေါင်းဆောင်ကောင်းတစ်ယောက် ပေါ်ထွက်နိုင်ရန်အတွက် လေ့ကျင့်ပေးသော ကျောင်းများနှင့် နည်းပြဆရာများသည် အဓိက ပဓာနကျပါသည်။

ဆရာမပြ နည်းမကျ၊ ဆရာမပြလျှင် ငါးပိဖုတ်သော်မှ မကျက်ဟူသော ဆုံးမစကားပုံများသည် မြန်မာယဉ်ကျေးမှု ဝေါဟာရတွင် ရှိခဲ့ပါသည်။ သို့တွက် အတတ်ပညာ၊ အသိပညာတို့ကို သင်ဆရာ၊ မြင်ဆရာတို့ထံမှ နည်းနာခံရန်၊ လေ့ကျင့်ရန် အမှန်လိုအပ်လှပါသည်။

ခေတ်မီတိုးတက်သော အမြင်ရှိသော ခေါင်းဆောင်ကောင်းတစ်ဦး၏ ဂုဏ်အင်္ဂါတွင် ရုပ်ဝတ္ထုပစ္စည်းများ ခြံရံပြည့်စုံမှု လို

အပ်သလို စိတ်ဓာတ်ရေးရာ ခိုင်မာမှု၊ ယုံကြည်မှု၊ အရည်အချင်း၊ အရည်အသွေးများ ပြည့်စုံမှုရရှိရန် လိုအပ်ပါသည်။ ထိုသို့ ကာယသတ္တိ၊ စိတ္တသတ္တိများ ပါရှိရန်အတွက် ပြုစုပျိုးထောင် လေ့ကျင့်ပေးရန် လိုအပ်လှပါသည်။

ဗုဒ္ဓဘုရားရှင်က ခေါင်းဆောင်ကောင်းတစ်ယောက် ကျင့်ရန်နှင့်ပတ်သက်၍ နာယကဂုဏ်ခြောက်ပါးကို ဟောထားခဲ့ပါသည်။ နာယကဂုဏ်ဆိုသည်မှာ ယနေ့ခေတ် ဝေါဟာရ လက်ခံနေကြသည်မှာ ဂုဏ်ထူးဆောင်ခေါင်းဆောင်ဟု ထင်မှတ်ထားကြပါသည်။ ဥက္ကဋ္ဌကသာ အဓိကဟု ထင်နေကြပါသည်။

နာယကဆိုသော ပါဠိဝေါဟာရ၏ အဓိပ္ပာယ်မှာ ဦးဆောင်သူဟု အဓိပ္ပာယ်ရပါသည်။ ဦးဆောင်သူဆိုသူမှာ ခေါင်းဆောင်ပင် ဖြစ်ပါသည်။ ထိုခေါင်းဆောင်ကို ပါဠိဝေါဟာရအားဖြင့် နာယကဟူ၍ ခေါ်ဆိုခြင်းဖြစ်ပါသည်။

ထိုနာယက (ခေါင်းဆောင်ကောင်း) ဖြစ်ရန်မှာ နည်းလမ်းခြောက်သွယ်ကို ကျင့်ကြံအားထုတ်ရမည်ဟု ဟောထားခဲ့ပါသည်။ ယင်းနည်းလမ်းခြောက်သွယ်မှာ –

"ထကြွ, နိုးကြွား, သနားသည်းခံ, ဝေဖန်, ကြည့်ရှု၍ခြောက်ခု ကြီးသူ့နာယကဂုဏ်"

ဟု ဆိုသည့်အတိုင်း ခေါင်းဆောင်သည် –

၁။ ထထကြွကြွ ဆောင်ရွက်တတ်ရပါမည်။

၂။ အစဉ်နိုးကြားပြီး သတိတရားနှင့် ဆောင်ရွက်တတ်ရပါမည်။

၃။ မိမိ၏ လုပ်ဖော်ကိုင်ဖက်များအပေါ် သနားကြင်နာစွာ ဆက်ဆံတတ်ရမည်။

၄။ အိမ်၏ လုပ်ဖော်ကိုင်ဖက်များအပေါ် သည်းခံစိတ်မွေးနိုင်ရမည်။

၅။ မိမိလုပ်ငန်းအပေါ် အမြဲဝေဖန်ပိုင်းခြား ဆုံးဖြတ်တတ်ရမည်။

၆။ မိမိလုပ်ငန်းနှင့် အဖွဲ့အစည်းအပေါ် တိုးတက်မှုကျဆုံးမှုကို အစဉ်မပြတ် ကြည့်ရှုလေ့လာနေရမည်။

ဤသည်မှာ ဘုရားရှင် လမ်းညွှန်ဟောကြားခဲ့သော ခေါင်းဆောင်ကျင့်ဝတ်ခြောက်ချက် ဖြစ်ပါသည်။

ယနေ့ တိုင်းပြည်တွင် ပြည်သူပြည်သား အပေါင်းကို ဘေးအန္တရာယ်အမျိုးမျိုး မကျရောက်စေရန်၊ တိုင်းပြည် တိုးတက်စည်ပင်ပြန့်ပွားရန်၊ ပြည်ထောင်စုကြီး မပြိုကွဲစေရန် ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်ပြီး ကာကွယ်စောင့်ရှောက်နေသော တပ်မတော်တွင် သတ်မှတ်ထားသော ခေါင်းဆောင်မှု ကျင့်ဝတ် (၁၆) ချက်ရှိသလို ဘုရားရှင်၏ သာသနာတော် ကြီးပွားတိုးတက်ရေးနှင့် သာသနာပျက် အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ပြီး ဗုဒ္ဓသာသနာ အစဉ်ထွန်းလင်းရန် စီမံဆောင်ရွက်နေကြသော

သာသနာပြုများတွင်လည်း ခေါင်းဆောင်မှုအင်္ဂါ (၁၆) ရပ် ပြည့်စုံရန် လိုအပ်လှပါသည်။ အင်္ဂါ (၁၆) ရပ်မှာ –

၁။ ထိုးထွင်းကြံဆ လုပ်ဆောင်တတ်မှုနှင့် တီထွင်လုပ်ကိုင် ဆောင်ရွက်တတ်မှု ရှိရပါမည်။

၂။ သာသနာပြုလုပ်ငန်းအပေါ် ကွပ်ကဲမှုနှင့် ကြီးကြပ်မှု ကောင်းရပါမည်။

၃။ ဗဟုသုတ ကြွယ်ဝအောင် လေ့လာလိုစိတ် အမြဲရှိနေရမည်။

၄။ အကျင့်စာရိတ္တ အထူးကောင်းမွန်နေရပါမည်။

၅။ စိတ်စေတနာကောင်း အမြဲမွေးနိုင်ရပါမည်။

၆။ အမျိုးဘာသာ သာသနာအတွက် သစ္စာရှိနေရပါမည်။

၇။ သာသနာပြုစိတ်ဓာတ်နှင့် မိမိ သာသနာပြုနေသော ပြည်သူများအပေါ် မိဘစိတ်ဓာတ်မျိုး မွေးမြူတတ်ရပါမည်။

၈။ မိမိက စည်းကမ်းအရာမှာ စံနမူနာ ဖြစ်စေရပါမည်။

၉။ သာသနာပြန့်ပွားရေးနှင့် ကောင်းကျိုးအတွက် အစဉ်ကြိုးပမ်း ဆောင်ရွက်လိုစိတ် ရှိနေရပါမည်။

၁၀။ ဇွဲ, လုံ့လ, ကြိုးစားမှု အစဉ်ရှိနေရပါမည်။

၁၁။ သတ္တိ, ဗျတ္တိရှိမှု အစဉ်မွေးနေရမည်။

၁၂။ တညီတညွတ်တည်း ဆောင်ရွက်လိုစိတ်၊ စည်းလုံးညီညွတ်မှုစိတ်ရှိအောင် အမြဲဦးဆောင်နိုင်ရမည်။

၁၃။ မိမိခေါင်းဆောင်သော အဖွဲ့အစည်း အမြဲစည်းလုံးနေအောင် စည်းရုံးနိုင်ရမည်။

၁၄။ အခွင့်အရေးနှင့် ယှဉ်လာက မိမိက အမြဲ အနစ်နာခံနိုင်ရမည်။

၁၅။ ပရိယတ်၊ ပဋိပတ်စွမ်းရည် (ဝါ) ဘာသာရေးအသိအလိမ္မာ ဉာဏ်ရည်တိုးတက်အောင် စွမ်းဆောင်နိုင်ရမည်။

၁၆။ အများအကျိုးအတွက် မိမိအကျိုးကို ပယ်စွန့်နိုင်ရပါမည်။

ဤခေါင်းဆောင်မှု (၁၆) ချက်သည် သာသနာပြုပုဂ္ဂိုလ်များအတွက် မဖြစ်မနေ လိုအပ်ချက် ဖြစ်ပါသည်။

အမျိုးဘာသာ သာသနာအကျိုး ဆောင်ရွက်ကြရာဝယ် –

၁။ လျှို့ဝှက်အပ်သော ကိစ္စအရပ်ရပ်ကို ထုတ်ဖော်ပေါက်ကြားမှုမရှိအောင် ထိန်းသိမ်းခြင်း၊

၂။ အလိုနည်းခြင်း၊

၃။ ကိုယ်အမူအရာ ကြမ်းကြုတ်မှုမရှိခြင်း၊

၄။ စိတ်မငြိမ်သက်ခြင်း၊ မတည်တံ့ခြင်း၊ ပြောင်းလဲမှုမရှိခြင်း မဖြစ်အောင် ကြံ့ခိုင်သောစိတ်ဓာတ် မွေးမြူခြင်း၊

၅။ ဒေါသတရား နည်းပါးခြင်း၊

၆။ ဖြောင့်မှန်မှုရှိခြင်း၊

၇။ အပျော်အပါးဘက်သို့ ယိမ်းပါးတတ်သောစိတ် မမွေးမြူခြင်း၊

ဟူသော ဟိတောပဒေသကျမ်းလာ ကျင့်စဉ်ခုနစ်သွယ်ကို အလေးအနက်ထား လက်ခံဆောင်ရွက်ရန် လိုအပ်ပါသည်။

မိမိတို့ သာသနာပြုနယ်ပယ်တွင် သာသနာပြုလုပ်ငန်းများ အောင်မြင်နိုင်အောင် လုပ်ဆောင်ရာ၌ မိမိ၌ ကျင့်စဉ်အချက်များတွင် မည်သည့်အချက်က အားသာနေသည်၊ မည်သည့်အချက်က အားလျော့နေသည်ကို ပြည့်ဝအောင် ပြုလုပ်နိုင်ကြရန် လိုအပ်ပါသည်။

## သာသနာပြုစည်းရုံးမှု ခေါင်းဆောင်တစ်ဦးဖြစ်ရန်နည်း

သာသနာပြုစည်းရုံးရေးလုပ်မှုနှင့် ပတ်သက်၍ အလုပ်တိုင်းတွင် တိကျသောရည်ရွယ်ချက်၊ ဦးတည်ချက်ဖြင့်လုပ်မှ အောင်မြင်သလို ရည်ရွယ်ချက်၊ ယုံကြည်ချက်များသည် အလွန်ပင် အရေးကြီးလှပါသည်။ လုပ်ငန်းတိုင်းတွင် ရည်ရွယ်ချက်မရှိက ပဲ့မပါသောလှေကဲ့သို့ ရောက်ချင်ရာရောက်၊ ပေါက်ချင်ရာ ပေါက်သွားနိုင်ပါသည်။

ထို့ကြောင့် ရည်ရွယ်ချက်တွင် ဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးဟူသော ခိုင်မာသော ရည်ရွယ်ချက်ဖြင့် စည်းရုံးဆောင်ရွက် လှုပ်ရှားကြရန် ဖြစ်ပါသည်။

“ဝိနယောနာမ သာသနဿအာယု” ဟူသော စကားအရ ဝိနည်းသည် သာသနာ၏အသက် ဖြစ်သည်။ ဝိနည်းကို သင်ယူနိုင်ရန်၊ သင်ယူစိတ် ပေါ်ပေါက်လာစေရန် ဝိနည်းစာမေးပွဲများ ကျင်းပပေးခြင်းသည် စည်းရုံးရေးအသွင်သဘော ဖြစ်သလို သာသနာ ဆက်လက်တည်ရန် အဓိကရည်ရွယ်ချက်လည်း မည်ပါသည်။

သစ်ပင်တစ်ပင် ရှင်သန်ရန်အတွက် အမြစ်သည် ပဓာနဖြစ်သလို သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် “ပရိယတ္တိနာမ သာသနဿမူလံ” ဟု ဆိုထားသည့်အတိုင်း ပရိယတ္တိ ရှင်သန်ရန် အရေးကြီးသည်။ ပရိယတ္တိ ရှင်သန်ရေးအတွက် ပထမပြန် စာမေးပွဲများ၊ ဓမ္မာစရိယစာမေးပွဲ များ၊ တိပိဋကဓရစာမေးပွဲများ ကျင်းပပြုလုပ်ပေးနေခြင်းသည် သာသနာ တည်တံ့ပြန့်ပွားရေးအတွက် အဓိကရည်ရွယ်ချက်ပင် ဖြစ်ပါသည်။

သာသနာတော် တည်တံ့ပြန့်ပွားရေးတွင် အဓိကအချက်များ ပြည့်စုံကြရန် လိုအပ်လှပါသည်။

၁။ ပရိယတ်ကို ပို့ချသူ၊ သင်အံသူ ရဟန်းသံဃာများ စဉ်ဆက်မပြတ် ပေါ်ထွက်နေစေရမည်။

၂။ နိုင်ငံတော်ကလည်း ပံ့ပိုးကူညီမှု ပြုနေရမည်။

၃။ ပစ္စည်းလေးပါးဖြင့် အစဉ်ထာဝရ ကူညီပေးနေသော ဒါယကာ၊ ဒါယိကာမကလည်း ပြည့်စုံနေရပါမည်။

ယခုအချိန်တွင် မြန်မာနိုင်ငံ၌ ဤအချက်သုံးချက် ပြည့်စုံနေသဖြင့် သာသနာသန့်ရှင်းပြန့်ပွား တည်တံ့ရေး ရည်ရွယ်ချက်များသည် ကြိုးစားလုပ်သလောက် အောင်မြင်နေသည်ကို တွေ့ရပါမည်။

ထိုသို့ အောင်မြင်ရန်အတွက် ရဟန်းသံဃာများသည် ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်ရန် လိုအပ်ပါသည်။ တပည့် ဒါယကာ၊ ဒါယိကာမများကိုလည်း ဟောကြားအသိပေး စည်းရုံးနိုင်ရန် လိုအပ်ပါသည်။

ယနေ့ ဗုဒ္ဓသာသနာတော် ၂၅၀၀ ကျော် တည်တံ့ပြန့်ပွားနေခြင်းမှာ ထိုအချက်များကို ဆရာ ဒါယကာ ညီညွတ်စွာ ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်ပါသည်။

ယုံကြည်မှုဟူသည် သဘောတရားပိုင်း ဖြစ်ပါသည်။ သဘောတရားဦးစီးမှု မရှိပါက မည်သည့်လုပ်ငန်းမှ မအောင်မြင်နိုင်ပါ။ ထိုသဘောတရားရဖို့ဟူသည်တွင် ကိုယ်တိုင်က ပြည့်ဝရန် လိုအပ်ပါသည်။ ကိုယ်ပြည့်မှ သူတစ်ပါးကို ဖြည့်ပေးနိုင်မည်ကို သဘောပေါက်ထားရန် လိုအပ်ပါသည်။

သဘောတရားပိုင်းကို လက်တွေ့သဘောပေါက်နားလည်ပြီး သာသနာပြန့်ပွားရေး လုပ်ငန်းများကို ယုံကြည်ချက် ပြည့်ဝစွာဖြင့် ခံယူကျင့်သုံးပြီး လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။

ခံယူကျင့်သုံးမှုဟု ဆိုရာတွင်လည်း လက်တွေ့ပိုင်း ဖြစ်ပါသည်။ လက်တွေ့ပိုင်းတွင် ရုပ်ဝတ္ထုကို စည်းရုံးခြင်းထက် စိတ်ပိုင်းဆိုင်ရာကို စည်းရုံးနိုင်မှ မိမိရည်ရွယ်ချက်လုပ်ငန်း အောင်မြင်ပါမည်။ ယုံကြည်မှု ခိုင်မာသလောက် လက်တွေ့သဘောတွင် မြင့်မားလာပါမည်။

စည်းရုံးရေးလုပ်ငန်းတွင် လုပ်ငန်း (၃) ရပ်ကို ရှေ့နောက်ညီညွတ်စွာ ကျင့်သုံးနိုင်အောင် ကြိုးစားကြရမည်။ ကြိုးစားကြရာ၌လည်း –

* လူတိုင်း သိမ်းသွင်းစည်းရုံးရမည်။
* ရလာသောအားကို စနစ်တကျ စုစည်းထားတတ်ရမည်။
* စုစည်းရလာသောအားကို စနစ်တကျ အသုံးချတတ်ရပါမည်။

စည်းရုံးရေးအလုပ်တွင် ကိုယ်တိုင်လေးနက်စွာ ယုံကြည်မှ လူစု၍ သိမ်းသွင်းစည်းရုံးနိုင်ပါမည်။ ထိုသို့လုပ်ရာတွင် တစ်ယောက်တည်းအနေဖြင့် အင်အားမရှိသော်လည်း အဖွဲ့အစည်း

ဖြစ်ပေါ်လာသောအခါ အင်အားရှိလာမည်။ ဘုရားရှင်၏ သံဃာ အင်အား စုစည်းမှုကိုကြည့်က သဘောတရား ထင်ရှားပါမည်။

စည်းရုံးရာတွင် အလုပ်လုပ်ရန်အတွက် စည်းရုံးရသည်။ စည်းရုံးမှုသည် အသိနှင့်ယှဉ်သော စည်းရုံးမှုမျိုး ဖြစ်ရမည်။ ရည်ရွယ်ချက် အောင်မြင်ရန်အတွက် အလုပ်လုပ်ရာ၌ အတ္တနှင့် ယှဉ်သော အများအတွက် အကျိုးရှိသောအလုပ် ဖြစ်ရပါမည်။ ထိုအလုပ် အောင်မြင်ရန်အတွက် သေတပန်သက်တဆုံး လုပ်ကြရန် ဖြစ်ပါသည်။

လူ၏ သဘောသဘာဝသည် ကိုယ်က အားကိုးမှ သူက အားကိုးပါမည်။ ကိုယ့်ဘက်က ယုံကြည်မှ သူက ယုံကြည်ပါသည်။

အလုပ်လုပ်ရာ၌ သူများခိုင်း၍ လုပ်ရတာထက် ကိုယ့်အသိဖြင့်လုပ်ခြင်းက ပို၍အကျိုးရှိပါသည်။

စည်းရုံးရေး (၂) မျိုး ရှိပါသည်။

* သဘောတရားနည်းဖြင့် စည်းရုံးခြင်း
* သဘောတရား လက်တွေ့နည်းဖြင့် ပေါင်းစပ်၍ စည်းရုံးခြင်း

သဘောတရားနည်းဖြင့် စည်းရုံးရာ၌ ဟောပြောပို့ချခြင်း၊ ဆွေးနွေးမေးမြန်းခြင်း၊ စာပေရေးသားခြင်းနှင့် ပြခန်း ခင်းကျင်းပြသပေးခြင်းတို့ဖြင့် စည်းရုံးနိုင်ပါသည်။

ထိုသို့ စည်းရုံးရာတွင် သူ့ဒေသ၊ သူ့ယဉ်ကျေးမှု အစရှိသည်တို့ကိုလည်း သိထားရန် လိုအပ်သလို စည်းရုံးခံရမှု စိတ်ဝင်စားမှုရှိရန်လည်း လိုအပ်လှပါသည်။

သဘောတရားနှင့်လက်တွေ့ ပေါင်းစပ်စည်းရုံးရာ၌ မိရိုးဖလာ လက်ခံကျင့်သုံးနေသော လူငယ်များအား စိတ်ရှည်လက်ရှည် ရှင်းပြနိုင်ရန် လိုအပ်ပါသည်။

ယနေ့ခေတ် လူငယ်များသည် စူးစမ်းလိုစိတ် ရှိကြသည်။ အရာရာကို ပုံသေကားချပ်မှတ်ခိုင်း၍မရပါ။ အကျိုးအကြောင်း ရှင်းပြ၍ စည်းရုံးနိုင်ရပါမည်။

အချို့ပုဂ္ဂိုလ်များအနေဖြင့် သဘောတရားပိုင်းအနေဖြင့် စည်းရုံး၍ ရနိုင်သော်လည်း အချို့ပုဂ္ဂိုလ်များက ကိုယ်ပိုင်အသိဉာဏ်နှင့် ပြုလုပ်ရရှိမှ ကျေနပ်မှု၊ လက်ခံမှု ရှိတတ်ကြပါသည်။

စည်းရုံးရာ၌ ပုဂ္ဂိုလ်ခင်မှ တရားမင်သည်လည်း ရှိပါသည်။ သို့အတွက် ဝိနည်းတော်နှင့် မဆန့်ကျင်သော ပုဂ္ဂိုလ်ခင်မင်မှုကိုလည်း တစ်ဘက်က ကြိုးစားစည်းရုံးနိုင်ရပါမည်။

စည်းရုံးရေးမှူးကောင်း တစ်ယောက်ဖြစ်ရန်အတွက် အောက် ပါအရည်အချင်းများရှိရန် လိုအပ်ပါသည်။

၁။ ပရိယတ္တိဝိသာရဒဂုဏ်

၂။ ဌာနာဋ္ဌာနကောသလ္လဉာဏ်

၃။ ဝိဘဇ္ဇဝိစာရဏာဉာဏ်

၄။ လဒ္ဓိပေသလသိက္ခာကာမဂုဏ်

၅။ ခမာဇောဂရိယဂုဏ်

၆။ အတ္တသမ္မာပဏိဓိဂုဏ်

၇။ နိဝါတနိမာနဂုဏ်

များနှင့် ပြည့်စုံကြရန် အထူးကြိုးစားကြရပါမည်။ ထိုဂုဏ်နှင့် ပြည့်စုံကြမှလည်း အများ၏ လေးစားမှုကို ခံယူရရှိပြီး စည်းရုံးရေး အောင်မြင်နိုင်ပါသည်။

မြတ်စွာဘုရားရှင်က သာသနာပြု (သံတမန်) ပုဂ္ဂိုလ် အင်္ဂါ (၈) ပါးကို အင်္ဂုတ္တိုရ်အဋ္ဌကနိပါတ၌ ဟောထားပါသည်။

၁။ သောတာစ = သူတစ်ပါးပြောဆိုသည်ကို လေးစားစွာ နားထောင်ခြင်း၊

၂။ သာဝေတာစ = သူတစ်ပါး နားလည်အောင် ပြန်ပြောတတ်ခြင်း၊

၃။ ဥဂ္ဂဟေတာစ = ဘာသာမျိုးစုံစကား သင်ယူထားရခြင်း၊

၄။ ဓာရေတာစ = မှတ်မိအောင် နှုတ်ဖြင့်ဆောင်ထားရခြင်း၊

၅။ ဝိညာတာစ = လောကဓမ္မအကြောင်းကို ကိုယ်တိုင် သိထားရခြင်း၊

၆။ ဝိညာပေတာစ = လောကဓမ္မအကြောင်းကို သူတစ်ပါးအား သိစေခြင်း၊

၇။ ကုသလောစသ = အကျိုးစီးပွားရှိ,မရှိ၌ လိမ္မာခြင်း ဟိတာသဟိတာသ

၈။ နောစကလဟ = ငြင်းခုံခိုက်ရန်မှုကို မပြုခြင်း ကာရကော

ဤအင်္ဂါရှစ်ပါးနှင့် ညီညွတ်လျှင် သာသနာပြု စည်းရုံးရေးအတွက် အခက်အခဲမရှိ သာသနာပြု စည်းရုံးနိုင်ပါသည်။

တစ်ဖန် စည်းရုံးရေးအောင်မြင်မှုနှင့် ပတ်သက်၍ လိုက်နာရမည့် ခေါင်းဆောင်မှုအင်္ဂါ (၉) ပါး ရှိပါသည်။

၁။ သဒ္ဓါရှိ = မိမိလုပ်နေသော အလုပ်၏ မြင့်မြတ်မှုကို သက်ဝင်ယုံကြည်သော စိတ်အဟုန်နှင့် ပြည့်စုံခြင်း။

၂။ အလုပ်တတ် = မိမိလုပ်နေသော အလုပ်ကိစ္စ ကျွမ်းကျင်မှု ရှိရမည်။

၃။ တာဝန်ယူ = မိမိလုပ်သမျှ ကိစ္စအားလုံးကို မိမိကိုယ်တိုင် တာဝန်ယူနိုင်ရမည်။

၄။ တိုးအောင်လုပ် = မိမိကိုယ်ကိုမိမိ သိရှိအောင် ဝေဖန်စစ်ဆေးပြီး မိမိစွမ်းရည်ကို ပိုမိုထက်မြက်အောင် ကြိုးစားရမည်။

၅။ စံပြဖြစ် = မိမိ၏ နမူနာကောင်းကို လက်အောက်ခံများကို ပြသနိုင်ရမည်။

၆။ တာဝန်ရှာ = တာဝန်ကို မရှောင်လွှဲ ပြေးတွေ့ရရမည်။ တာဝန်နည်းနေသေးလျှင် များအောင် ရှာကြံတတ်ရမည်။ မိမိ၏ တပည့်များကို တာဝန်သိတတ်သည့် စိတ်ဓာတ်နှင့် တာဝန်ယူတတ်သည့်စိတ်ဓာတ် ရှိလာအောင် လုပ်ရမည်။

၇။ အခိုင်းတတ် = ငယ်သားများကို တာဝန်ပေးထားသောအခါ အောက်ပါအချက် (၃) ချက်ကို သတိပြုရမည်။

(က) ခိုင်းလိုက်သောအလုပ်ကို သေချာစွာ နားလည်ရဲ့လား။

(ခ) ခိုင်းသောအလုပ်ကို မိမိဖြစ်စေ၊ တစ်ဦးကဖြစ်စေ ကြီးကြပ်မှုရှိရဲ့လား။

(ဂ) ခိုင်းထားသောအလုပ် ပြီးစီးအောင် လုပ်ရဲ့လား။

၈။ မေတ္တာထား = မိမိ လက်အောက်ငယ်သားများ၏ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေး အခြေအနေတို့ကို ဂရုတစိုက် ထားရှိရမည်။

၉။ ပညာပေး = မိမိ လက်အောက်များ သိသင့်သိထိုက်တာကို အမြဲသိအောင် ဆောင်ရွက်ပေးနေရမည်။

ဤကဲ့သို့သော ခေါင်းဆောင်မှုလုပ်ခြင်း အင်္ဂါများနှင့် ညီညွတ်လျှင်၊ စည်းရုံးရေးကောင်းအင်္ဂါနှင့် ပြည့်စုံပြီးလျှင် စည်းရုံးရေး အစစအရာရာ အောင်မြင်မှုရနိုင်မည်မှာ မုချဖြစ်ပါသည်။

## လူသာသနာပြုပုဂ္ဂိုလ်ကောင်း တစ်ယောက်ဖြစ်ရန် ဖြည့်ကျင့်ရမည့် ကျင့်ဝတ်များ

မြန်မာနိုင်ငံတွင် ရုံးသုံးဘာသာရပ်အဖြစ် အသုံးပြုလျက်ရှိသော မြန်မာစာပေများ တတ်မြောက်ပြီး မိမိတို့ နေထိုင်ရာဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုများ ခေတ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရဟန်းသာသနာပြုပုဂ္ဂိုလ်များ၊ သီလရှင်သာသနာပြုပုဂ္ဂိုလ်များ၊ လူပုဂ္ဂိုလ်

သာသနာပြုများကို ခန့်ထားပြီး အမျိုးဘာသာ သာသနာ့အကျိုးများကို ဆောင်ရွက်လျက်ရှိရာတွင် အထူးသဖြင့် လူပုဂ္ဂိုလ် သာသနာပြုပုဂ္ဂိုလ်များသည် သာသနာပြု ဥပါသကာကောင်း တစ်ယောက်ဖြစ်ရန် အထူးလိုအပ်လှပါသည်။

သာသနာပြု ဥပါသကာပုဂ္ဂိုလ်ကောင်း တစ်ယောက်ဖြစ်ရန်မှာ –

၁။ မိမိကိုယ်တိုင်က ဘုရား၊ တရား၊ သံဃာ သုံးပါးသော ကိုယ်စားရာကိုသာ ယုံကြည်ကိုးစားခြင်းဟူသော သဒ္ဓါတရား ခိုင်မြဲရပါမည်။

၂။ ကိုယ်ကျင့်တရား မှန်ကန်ဖြောင့်မတ်စွာ တည်ဆောက်ခြင်းဟူသော သီလတရား မြဲရပါမည်။

၃။ မိမိပိုင်ဥစ္စာဒြဗ် မိမိ တတ်နိုင်သမျှ ခွဲခြားဝေဖန် စွန့်လွှတ်လှူဒါန်းခြင်းဟူသော စာဂ တရားလည်းရှိရန် လိုအပ်လှပါသည်။

၄။ ရတနာမြတ်သုံးပါးအား အမြဲမပြတ် ပူဇော်ဆည်းကပ်လေ့ရှိခြင်းဟူသော ပူဇာတရားရှိရန် လိုအပ်လှပါသည်။

၅။ ဆရာသမား၊ သံဃာတော်များထံမှာ တရားလမ်းမှန်ကို ဩဝါဒ ခံယူတတ်ခြင်းဟူသော သုတတရားရှိရန် လိုအပ်လှပါသည်။

၆။ ဆရာသမား သံဃာတော်များ ဟောကြားလမ်းညွှန်ပြသော တရားစစ်၊ တရားမှန်၊ နည်းလမ်းမှန်တို့ကို မိမိနှုတ်၌ ဆောင်ထားရန်ဟူသော ဓာရဏာဂုဏ်ရှိရန် လိုအပ်လှပါသည်။

၇။ ထိုတရားလမ်းမှန်များကို အဖန်ဖန် နှလုံးသွင်း စဉ်းစားခြင်းဟူသော စိန္တာဂုဏ်ရှိရန် လိုအပ်လှပါသည်။

၈။ မိမိကိုယ်တိုင် မဂ်ဖိုလ်ရောက်စေသော တရားများကို တတ်နိုင်သလောက် ပွားများခြင်းဟူသော ဗောဓိပက္ခိယတရားနှင့် ပြည့်စုံရန် လိုအပ်လှပါသည်။

လူပုဂ္ဂိုလ်သာသနာပြုများသည် အင်္ဂုတ္တိုရ်ပါဠိတော်လာ ဤအင်္ဂါ (၈) ပါးနှင့် ပြည့်စုံရန်လိုအပ်ပြီး မိမိတို့က ဦးစွာပြည့်စုံပြီးလျှင် မိမိတို့ သာသနာပြုကြသော ပုဂ္ဂိုလ်များအားလည်း ပြည့်စုံစေရန် တိုက်တွန်းခြင်း၊ နှိုးဆော်ခြင်း၊ ဟောပြောခြင်း စသည်များကို ကျေပွန်အောင် ဆောင်ရွက်သာသနာပြုပေးကြရန် လိုအပ်လှပါသည်။

ထို့ပြင် လူပုဂ္ဂိုလ် သာသနာပြုများသည် မိလိန္ဒပဉ္ဟာလာ လူပုဂ္ဂိုလ် သာသနာပြု ဥပါသကာကောင်း အင်္ဂါ (၁၀) ပါးနှင့်လည်း ပြည့်စုံစွာ ကျင့်ကြံအားထုတ်နေရပါမည်။

| | |
|---|---|
| ၁။ သံဃေနသမာန သုခဒုက္ခ | = ရဟန်းသာသနာပြုပုဂ္ဂိုလ်နှင့် မိမိသည် သာသနာပြု |

လုပ်ငန်း အတူတူ ဆောင်ရွက်ရသူများဖြစ်၍ မိမိနှင့် သာသနာပြု ရဟန်းသည် ဆင်းရဲ, ချမ်းသာမှုတို့၌ အေးအတူပူအမျှ ညီမျှသော စိတ်ထား ရှိနေရပါမည်။

၂။ ဓမ္မာဓိပတေယျ = တရားဓမ္မနှင့် မညီသော လောကအလိုကျ မဆောင်ရွက်ဘဲ တရားလမ်းစဉ်မှန်၏ ကြီးပွားတိုးတက်ခြင်းကိုသာ အဓိကထား၍ ဆောင်ရွက်လုပ်ကိုင်သော စိတ်ဓာတ်ရှိရမည်။

၃။ ယထာဗလသံဝိဘာဂရ = ရရှိလာသော ဥစ္စာပစ္စည်း ထောက်ပံ့ကြေး လှူဒါန်း လက်ခံရလာမှုအပေါ်၌ ပေးကမ်းမှု ပြုတတ်ရခြင်း။

၄။ ဓိနသာသနပရိဟာနိ အဘိဝဂဋ္ဌိယာဝါယမ = ဘုရားရှင်၏ သာသနာတော် ဆုတ်ယုတ်နေသော နေရာဌာန၊ သာသနာတော်

ရှိသေးရာ မပြန့်ပွားရာဌာန တို့၌ ဘုရားရှင်၏ အဆုံးအမများ သန့်ရှင်းစင်ကြယ်စွာ တည်ရှိရန်၊ တိုးတက်ပြန့်ပွားဖို့ရန် ကာယအား၊ ဉာဏအား၊ သဒ္ဓါအားတို့ဖြင့် အားသွန်ခွန်စိုက်လုပ်ကိုင် ဆောင်ရွက်နေတတ်ရပါမည်။

၅။ သမ္မာဒိဋ္ဌိက = မိမိကိုယ်တိုင်က တွေးတောဆင်ခြင်တတ်သော ဉာဏ်ပညာဖြင့် အကြောင်းမှန်၊ အကျိုးမှန်ကို လက်ခံယုံကြည်တတ်သူဖြစ်အောင် ကြိုးစားနေရပါသည်။

၆။ ကာရိကာဝါ အသိကရက္ခိတ = မိမိ၏ ကိုယ်နှုတ်တို့ဖြင့် ပြုလုပ်ပြောဆိုရာတို့တွင် မကောင်းမှုများ မဖြစ်စေရန် လက်လွတ်စလွယ် ပြောဆိုပြုလုပ်သူ မဖြစ်စေရဘဲ

စဉ်းစားဆင်ခြင်ပြီး သတိ ပညာ ရှေ့သွားပြုလျက် ပြုပြောဆိုရန် လိုအပ်လှပါသည်။

၇။ သမဂ္ဂရာမရတနအနုသုယကနကုမာနဝသေန

သာသနေစရတိ = အများနှင့် သင့်တင့်ညီညွတ်မှု၏ မွေ့လျော်သူ ဖြစ်ရမည်။ အချင်းချင်း ချစ်ခင်ညီညွတ်လျက် ပြုစုစောင်းမြောင်းမှုကင်းစွာ နေထိုင်တတ်ရမည်။ ကောက်ကျစ်စဉ်းလဲသော သဘောဖြင့် သာသနာကို မိမိကိုယ်ကျိုးအတွက် အသုံးချခြင်းမျိုး မရှိစေရပါ။ မိမိရော မိမိပိုင် ကာယ၊ ဉာဏ၊ ဓနအားတို့ကို သာသနာအတွက် အသုံးချနေသူ ဖြစ်နေရပါမည်။

၈။ ဗုဒ္ဓ သဂါရဝတာ = ဘုရားရှင်၏ ဂုဏ်တော်ကိုသာ ကိုးစားယုံကြည်နေသူ ဖြစ်ရန် လိုအပ်လှပါသည်။

၉။ ဓမ္မ သဂါရဝတာ = တရားစစ်၊ တရားမှန်ကိုသာ ကိုးစားယုံကြည်နေသူ ဖြစ်ရန် လိုအပ်လှပါသည်။

၁၀။ သံဃ သဂါရဝတာ = ရဟန်းသံဃာတော်မြတ်များကိုသာ ကိုးစားယုံကြည်နေသူဖြစ်ရန် လိုအပ်လှပါသည်။

ဤဆယ်ပါးသော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံစေရန် သာသနာပြု လူပုဂ္ဂိုလ်များသည် မိမိတို့ဘဝကို တည်ဆောက်ရပါမည်။ ကျင့်ဆောင်ရပါမည်၊ ရှာဖွေလေ့လာရပါမည်။

မိမိဘက်က ပြည့်စုံပြီးမှသာ အခြားသူများကို ဟောပြောခြင်း၊ စည်းရုံးခြင်း၊ သာသနာပြုခြင်းဟူသော လုပ်ငန်းတာဝန်များကို ဆက်လက် ဆောင်ရွက်ရပါမည်။

ဝ,မရှိဘဲ ဝိ,လုပ်နေခြင်း၊ အမည်ခံ သာသနာပြုလူပုဂ္ဂိုလ်ဖြစ်နေပါက နိုင်ငံနှင့် လူမျိုးအတွက်လည်း အကျိုးမရှိ၊ သာသနာအတွက်လည်း အကျိုးမရှိ၊ မိမိဘဝအတွက်လည်း လိမ်ညာဟန်ဆောင်ပြုနေသော အညံ့စား လူတန်းစားဘဝ ရောက်သွားပါမည်။

ထို့ကြောင့် အမျိုးဘာသာ သာသနာအတွက် ခံယူချက်၊ ယုံကြည်ချက် ရှိကြသော သာသနာပြု လူပုဂ္ဂိုလ်တို့သည် ဤမည်သော သာသနာပြု လူပုဂ္ဂိုလ်ကောင်းတစ်ယောက် ဖြစ်နိုင်ရန် ဖြည့်ကျင့်ရမည့် ကျင့်ဝတ်များကို တတ်နိုင်သမျှ ဖြည့်ကျင့်နိုင်ကြရန် လိုအပ်လှပါသည်။

## သာသနာပြု ခေါင်းဆောင်ကောင်း အင်္ဂါရပ်များရရှိရန် နည်းလမ်းမှန်

မိမိတို့ လုပ်ငန်းများ လုပ်ဆောင်ရာ၌ လုပ်ငန်းအောင်မြင်မှုအတွက် ခေါင်းဆောင်ကောင်းလိုသည်။ ထိုခေါင်းဆောင်ကောင်းဟူသည် လေ့ကျင့်ပျိုးထောင်ပေး၍ ကြိုးစားလုပ်ကိုင်သူများသာ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်နိုင်ပါသည်။

ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်ရန်မှာ ခေါင်းဆောင်မှု ရနိုင်အောင် မိမိက ကြိုးစားလုပ်ကိုင်နိုင်ရပါမည်။ ခေါင်းဆောင်မှုဘာဝ ရရှိနိုင်ရန်မှာလည်း –

* မိမိက ထူးခြားသော အရည်အချင်းဖြင့် ခေါင်းဆောင်နိုင်မှသာ ခေါင်းဆောင်မှုဘာဝကို ရရှိနိုင်ပါမည်။
* ခေါင်းဆောင်လုပ်မည့်သူသည် မိမိ ခေါင်းဆောင်လုပ်

ရမည့် လုပ်ငန်းတာဝန်ကို တတ်ကျွမ်းနားလည်ရန် လိုအပ်ပါသည်။

* တစ်ဦးချင်း၏ လုပ်ဆောင်မှု၊ အသင်းလိုက် ပူးပေါင်း လုပ်ဆောင်မှုတို့၌ မိမိ၏ အစွမ်းအစကို ပြည့်ပြည့်ဝဝ ပြသလုပ်နိုင်မှလည်း ခေါင်းဆောင်မှု ရနိုင်ပါသည်။
* မိမိက ဦးဆောင်ရလျှင် ပွဲကိုင်ကောင်းရမည်၊ ပွဲကိုင် ကောင်းက မည်မျှကြီးမားသော တာဝန်ဖြစ်စေ အောင် မြင်မည်သာ ဖြစ်ပါသည်။
* ခေါင်းဆောင်ကောင်း တစ်ယောက်သည် ရရန်အခွင့် အရေး ကြုံလာလျှင် မိမိက အမြဲတမ်း အနစ်နာခံ တတ်ရသည်။
* ကိုယ်ကျိုးကို စွန့်လွှတ်ရဲသော သတ္တိရှိရမည်။
* စိတ်ဓာတ်စစ်ဆင်ရေးကို ပိုင်နိုင်စွာ အသုံးချနိုင်သော သူသည်သာ ခေါင်းဆောင်မှုရရှိပြီး လုပ်ငန်းကို အကြွင်းမဲ့ အောင်မြင်အောင် လုပ်နိုင်ပါမည်။

ခေါင်းဆောင်မှုဘဝကိုရရန် အောက်ခြေအဆင့်ဆင့် လုပ်ငန်းတာဝန် အဆင့်ဆင့်၌ မိမိက စိတ်ရောကိုယ်ပါ ပူးပေါင်း နိုင်အောင် အထူးကြိုးစားရပါမည်။

ခေါင်းဆောင်ကောင်းပြုလုပ်မည့် ပုဂ္ဂိုလ်သည် အထက် ဖော်ပြပါ ခေါင်းဆောင်မှုအင်္ဂါ (၉) ချက်ကို အလေးအနက်ထား ပြီး တည်ဆောက်နိုင်ရန် ကြိုးစားရပါမည်။

ထို့ပြင် ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်ရန်အတွက် မိမိကိုယ်တိုင်က ကျန်းမာမှုကောင်းရမည်။ အကျင့်သီလကောင်း၍ ကိုယ်ခံပညာဟူသော အသိပညာ၊ အတတ်ပညာ ပြည့်စုံလုံလောက်ရန် လိုအပ်ပါမည်။

ထို့ကြောင့် သာသနာပြု ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်ရန် ခေါင်းဆောင်ကောင်း အင်္ဂါများကို အလေးအနက်ထားပြီး ကျင့်ကြံအားထုတ်ကြရန် လိုအပ်ပါသည်။

## သာသနာပြုခံရမည့် ပုဂ္ဂိုလ်များ၏ အဆင့်အတန်း

ထေရဝါဒ ဗုဒ္ဓသာသနာတော်တွင် အလယ်အလတ်လမ်းစဉ်ဟုခေါ်သော (မဇ္ဈိမပဋိပဒါ) ကျင့်စဉ် (ဝါ) မဂ္ဂင်ရှစ်ပါးကျင့်စဉ်ဟူသော ကျင့်စဉ်သည် အဓိကသော့ချက် ဖြစ်သည်။

သာသနာပြုခံ (ဝါ) ဒေသခံ ပုဂ္ဂိုလ်များ၏ –

* ပညာဉာဏ်ရည်အဆင့်
* လက်ခံနာယူကျင့်သုံးနိုင်မည့် လူနေမှုအဆင့်ဆင့်
* အသက်အရွယ်ပမာဏ အဆင့်ဆင့်

တို့ကို ထောက်ရှုဆင်ခြင် သုံးသပ်ပြီး ဟောပြောစည်းရုံး သာသနာပြုရန် လိုအပ်ပါသည်။

ထိုအခြေအနေများကို မစူးစမ်း၊ မဆင်ခြင်၊ မသုံးသပ်ဘဲ အတင်းအကျပ် ထိုးဖောက်စည်းရုံးမိပါက အစွန်းရောက်ဝါဒ၊ အယူသည်းဝါဒ၊ ကြီးနိုင်ငယ်ညှဉ်းဝါဒ၊ အင်အားကြီးဝါဒမျိုး ဖြစ်သွားနိုင်သည်။ ဆေးကြောင့်လေး ဆိုသကဲ့သို့ ဖြစ်သွားနိုင်သည်။

ထိုသို့ ဖြစ်သွားသော် သာသနာပြုလုပ်ငန်းတွင် အဟန့်အတား ဖြစ်သွားနိုင်ပါသည်။

သာသနာပြုပုဂ္ဂိုလ်များသည် မိမိတို့ သာသနာပြုကျရာ နယ်ပယ်ဒေသရှိ ပြည်သူများကို အဆင့်သုံးဆင့်ခွဲ၍ လေ့လာသုံးသပ် ဆင်ခြင်တတ်ရပါမည်။

လုံး၀ စာပေအသိဉာဏ် ဗဟုသုတ အားနည်းနေသော ပုဂ္ဂိုလ်များကို အခြေခံအဆင့်ဟု သတ်မှတ်ထားရပါမည်။

ထိုအဆင့်ရှိ ပုဂ္ဂိုလ်များကို ပါဠိတွေ၊ အဋ္ဌကထာတွေ၊ ဋီကာတွေ၊ ဒဿနတွေ၊ ဟောပြော ပို့ချချက်တွေဖြင့် ဟောပြောနေပါက ကျွဲပါးစောင်းတီးဖြစ်ပြီး ဟောသူ၊ နာသူ နှစ်ဘက်အကျိုး မဲ့သာ ဖြစ်ရပါမည်။ သူတို့တစ်တွေ နားလည်နိုင်သော ဝေါဟာရအသုံးအနှုန်း စကားဖြင့်သာ ဆွေးနွေးပြတတ်ရပါမည်။

ထိုသို့ ဆွေးနွေးဟောပြောပြရာတွင် ကာလဒေသကို ကြည့်တတ်ရပါမည်။ သူတို့တစ်တွေ ဝမ်းစာရေး ပရိယေသန

ရှာမှီးချိန်မျိုး မဖြစ်စေရဘဲ သူတို့တစ်တွေ အားလပ်ချိန်မျိုး၌ ဆွေးနွေးနိုင်ရန် စီစဉ်တတ်ရပါမည်။

ဆွေးနွေးစည်းရုံးရာတွင် ကိုယ်ဟောချင်တာကို အတင်းရော အဓမ္မ ဟောပြော၍မရနိုင်သည်ကို သတိထားပြီး တဖြည်းဖြည်း နားဝင်အောင် စည်းရုံးဟောပြောနိုင်ရပါမည်။ ဝတ္ထု၊ ဇာတ်နိပါတ်၊ ပုံပြင်များဖြင့် သူတို့အကြိုက် ဝါသနာနှင့်နီးနွယ်၍ ဓမ္မရသကို တဖြည်းဖြည်း ခံစားနိုင်အောင် ဟောပြောတတ်ရပါမည်။

အလယ်အလတ် ပုဂ္ဂိုလ်ဆိုသည်မှာ ပညာလည်း အနည်းငယ်တတ်ပြီး လောကလူမှုရေးရာလည်း အထိုက်အလျောက် လုပ်ကိုင်လှုပ်ရှားဖူးသူများကို ဆိုလိုပါသည်။

ထိုပုဂ္ဂိုလ်များကို သူတို့ နားလည်နိုင်သော အသုံးအနှုန်းဝေါဟာရများဖြင့် ဓမ္မ၏သော့ချက် ဆောင်ပုဒ်များ၊ ဓမ္မသံဝေဂကဗျာများ၊ မြန်မာပြန် ဇာတ်ဝတ္ထုများ၊ စာအုပ်များပေး၍ ဖတ်စေခြင်းဖြင့် သိမ်းသွင်းဟောပြော စည်းရုံးနိုင်ရပါမည်။

အခြေခံ ဒါန၊ သီလ အကြောင်းများ ထိုမှတစ်ဆင့် ဘာဝနာအဆင့်များကို တစ်ဆင့်စီ တစ်ဆင့်စီ ဟောပြောပြတတ်ရန် လိုအပ်ပါသည်။ ဗုဒ္ဓယဉ်ကျေးမှုကို လွယ်လွယ်ရှင်းရှင်း သဘောပေါက်အောင် ဆွေးနွေးရပါမည်။ အလွန်ခက်ခဲသော အဘိဓမ္မာကျမ်းစကားတို့ဖြင့် မပြောပြဘဲ လောကရှိ မည်သူမဆို မိမိစိတ်

အပေါ်တွင် မူတည်၍ မိမိအလုပ်လုပ်မှ မိမိဘဝ ပြည့်စုံနိုင်ပုံ အကြောင်း၊ အလုပ်နှင့် အလုပ်အကျိုးကို လက်တွေ့ပြသ ဟောပြောစည်းရုံးနိုင်ရပါမည်။

တတိယအဆင့်မှာ ပညာတတ်ဂုဏ်သရေရှိ ရာထူးဌာနန္တရ ရှိသော အထက်တန်းစား လူတန်းလွှာကို ဆိုလိုပါသည်။

ထိုအဆင့် ပုဂ္ဂိုလ်များကိုမူ ဓမ္မ၏ အနှစ်သာရများကို မိမိရရ ကျမ်းကိုး အထောက်အထား လက်တွေ့ဘဝ ဖြစ်စဉ် များနှင့် နှိုင်းယှဉ်ပြီး ဆွေးနွေးဟောပြောပြနိုင်ရပါမည်။ အပေါ်ယံ ကြောသဘော ဝတ်ကျေတန်းကျေသဘောထား၍ ဟောပြောပြ ၍ မရပါ။ နက်ရှိုင်းသော အတွေးအခေါ်၊ အယူအဆတို့ဖြင့် ညှိနှိုင်းဆွေးနွေးပြနိုင်ရပါမည်။

ယင်းတို့ လက်ခံထားရှိသော မူလအယူအဆစွဲဝါဒနှင့် ဗုဒ္ဓ၏ ဓမ္မရသကို နှိုင်းယှဉ်ဆွေးနွေးကာ ဗုဒ္ဓ၏ ဓမ္မများသည် လောကသဘာဝ သိပ္ပံသဘာဝနှင့် ကိုက်ညီပုံတို့ကို သဘာဝ ယုတ္တိ၊ အာဂမယုတ္တိ၊ အာစာရယုတ္တိများဖြင့် ညှိနှိုင်းဆွေးနွေး ပြသနိုင်ရပါမည်။

တစ်ဖန် သာသနာပြုရာတွင် တိုင်းရင်းသားများအား အခြေခံ ရုပ်ဝတ္ထု၊ အနုပညာလက်ရာတန်ဖိုးကို သိနားလည် အောင် ကျင့်သုံးပုံ၊ ကျင့်သုံးနည်းကို ပထမအဆင့်အနေနှင့် လမ်းညွှန်ပြရန် လိုအပ်ပါသည်။

ဥပမာ နေ့စဉ်မှန်မှန် ရုပ်ပွားဆင်းတုတော်ကိုဖြစ်စေ၊ စေတီပုထိုးကိုဖြစ်စေ ရှိခိုးပူဇော်တတ်အောင်၊ ဆုတောင်းတတ်အောင် ကူညီရပါမည်။

ဤသည်မှာ ပန်းချီ၊ ပန်းပု အနုပညာလက်ရာများကို စွဲလမ်းနှစ်သက် တန်ဖိုးသိလာအောင် ဆွဲဆောင်သော ပထမအဆင့်နည်း ဖြစ်ပါသည်။

ဒုတိယအဆင့်အနေဖြင့် သာသနာကို လက်ခံယုံကြည်ကြည်ညိုလာသူများကို မိမိတို့ ယုံကြည်သော ဗုဒ္ဓဘာသာ၏ အနှစ်သာရတန်ဖိုးကို သိရှိသဘောပေါက် နားလည်အောင် ကျင့်သုံးရပုံကို လမ်းညွှန်ပြသရပါမည်။

ဥပမာ – ကြေးဆင်းတု၊ ကျောက်ဆင်းတု၊ ဒက္ခိဏသာခါ၊ စေတီပုထိုး စသည်တို့ကို ရှိခိုးပူဇော်ရာ၌ အနုပညာမြောက်သည်ကို တန်ဖိုးထားသည်ထက် ဗုဒ္ဓကိုယ်စားပြုသော ဆရာဖြစ်သည်ကို နှလုံးသွင်း လက်ခံလာအောင် ကူညီသင်ကြား ပြသပေးနိုင်ရပါမည်။

ဤသည်မှာ ကိုးကွယ်စရာ ကြည်ညိုစရာဖြစ်သော အလှအပတန်ဖိုးကို ချစ်မြတ်နိုးတတ်အောင် ဆွဲဆောင်သောနည်း ဖြစ်ပါသည်။

တတိယအဆင့် ပညာတတ်၊ ဂုဏ်ရှိ ပုဂ္ဂိုလ်များကို သာသနာပြုရာတွင် ထိုရုပ်ပွားဆင်းတု၊ စေတီပုထိုး စသော သာသ

နိက ပစ္စည်းများကို ရှိခိုးခြင်း၊ ဆုတောင်းခြင်းတို့ကို ဆောင်ရွက်ရာတွင် ဗုဒ္ဓသာသနာနည်းကျ မှန်ကန်အောင် ညွှန်ကြားသင်ကြားပြသရပါမည်။

ဥပမာ – ထိခြင်းငါးပါး ရှိခိုးနည်း၊ ဆုတောင်းပုံ ဆုတောင်းနည်း၊ မှန်ကန်စွာ ဆုတောင်းရပုံတို့ကို စနစ်တကျ သင်ပေးပြီး အကျိုးရလဒ် အနှစ်သာရကို သိရှိအောင် ဟောပြောပြရပါမည်။

ထိုမှတစ်ဖန် အတွင်းကျကျ အနှစ်သာရဖြစ်သော ပကတိဓမ္မသဘော၊ ဓာတ်သဘာဝသဘောတို့ကို ဟုတ်တိုင်းမှန်စွာ သိရှိနိုင်သော အဘိဓမ္မာ သဘောသဘာဝများကို ဆွေးနွေးပြပြီး ထိုမှတစ်ဆင့် သမထ၊ ဝိပဿနာအဆင့်ရောက်အောင် လမ်းညွှန်ပြသပေးနိုင်ရပါမည်။

ထိုသို့သော အဆင့်များသို့ ရောက်လာလျှင် သာသနာပြုခံ တိုင်းရင်းသားများသည် စစ်မှန်သော ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြပါမည်။

ထိုသို့ဖြစ်လာအောင် နည်းပေးလမ်းပြ သာသနာပြုကြသော ပုဂ္ဂိုလ်များသည် ကာလ၊ ဒေသ၊ ပုဂ္ဂလ ဆိုသည့်အတိုင်း အခြေအနေအရပ်ရပ်ကို သုံးသပ်ဆင်ခြင်၍ လုပ်တတ်ကိုင်တတ်ရန် လိုအပ်ပါသည်။

# သာသနာပြုပုဂ္ဂိုလ်များအတွက် အနှောင့်အယှက် အဖျက်အဆီးများ

သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်အသီးသီးတွင် အတွင်းအပြင် အနှောင့်အယှက် အဖျက်အဆီးများ ရှိမည်သာ ဖြစ်ပါသည်။ ထိုအဖျက်အဆီးများကို မာရသေန မာရ်စစ်သည်များဟု ခေါ်ဆိုပါသည်။

ဘုရားရှင်သည်ပင် ဘုရားအဖြစ်သို့ရောက်အောင် အားထုတ်စဉ်ကာလဝယ် ထိုမာရ်နတ်ကိုယ်တွင်း အနှောင့်အယှက်များ ပေါ်ပေါက်ခဲ့ဖူးကြောင်း သုတ္တနိပါတပါဠိတော်၊ ပဓာနသုတ်၌ ဟောကြားခဲ့ပါသည်။

ကိုယ်တွင်း ဖြစ်ပေါ်လာတတ်သော ရန်သူ (၁၀) ပါးမှာ –

၁။ ကာမဂုဏ်၌ တပ်မက်မှု (ကာမ)

၂။ သာသနာပြုကိစ္စ၌ မမွေ့လျော် မပျော်ပိုက်မှု (အရတိ)

၃။ ဆာလောင်မွတ်သိပ်လာတတ်မှု (ခုပ္ပိပါသ)

၄။ အလိုရမ္မက် တပ်မက်စွဲလမ်းမှု (တဏှာ)

၅။ ငိုက်မြည်းမှု၊ လေးလံထိုင်းမှိုင်း ပျင်းရိမှု (ထိနမိဒ္ဓ)

၆။ ကြောက်ရွံ့မှု၊ နောက်တွန့်မှု (ဘီရု)

၇။ သာသနာပြုလုပ်ငန်း၌ သံသယဖြစ်မှု (ဝိစိကိစ္ဆာ)

၈။ ကျေးဇူးတရားမဲ့မှု၊ ခက်ထန်မှု (မက္ခ ထမ္ဘ)

၉။ မဟုတ်မမှန်သော နည်းလမ်းဖြင့်ရအပ်သော အခြေ
အရုံများ၊ လာဘ်သပ္ပကာ ကျော်စောခြင်းများ၊ ပူဇော်
ရမှုများ (လာဘသိလောက သက္ကာရ မိစ္ဆာလဒ္ဓယသ)

၁၀။ မိမိကိုယ်ကို အထင်ကြီး၍ သူတစ်ပါးအား အထင်
သေးတတ်ခြင်း (အတ္တုက္ကံသနပရဝမ္ဘန)

ဘုရားရှင်သည် ထို (၁၀) မျိုးကို ဖယ်ရှားပယ်သတ်နိုင်၍သာ ဘုရားအဖြစ်သို့ ရောက်ခဲ့ရပါသည်။ ဘုရားရှင်သည် နောင်လာနောက်သား တပည့်သားများ အားထုတ်ရာတွင် သိထားနိုင်စေရန်အတွက် ထုတ်ဖော်ဟောကြားခဲ့ပါသည်။

သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များတွင်လည်း ဤ (၁၀) မျိုးသည် ထိုးစစ်ဆင်ကာ ဖျက်ဆီးနှောင့်ယှက်လာမည်မှာ ဧကန်မုချဖြစ်ပါသည်။ ထိုအဖျက်သမားရန် (၁၀) မျိုးကို ကျော်လွှားနိုင်မှသာ မိမိတို့ ရည်မှန်းသောသာသနာပြုလုပ်ငန်းများ အောင်မြင်နိုင်မည် ဖြစ်ပါသည်။

သို့အတွက်သာ သာသနာပြုများသည် ကိုယ်တွင်းအဖျက်အနှောင့်အယှက် ဤရန်သူ (၁၀) မျိုးကို သတိသမ္ပဇဉ် ဉာဏ်နှင့်ယှဉ်ကာ ကျော်လွှားပယ်ရှားနိုင်အောင် ပြုလုပ်ကြမှသာ မိမိတို့၏ မွန်မြတ်သော သာသနာပြု လုပ်ငန်းကြီးများ အောင်မြင်မည်ကို သိရှိသဘောပေါက်ထားရန် လိုအပ်ပါသည်။

သာသနာပြု ပုဂ္ဂိုလ်များတွင် အတွင်းအနှောင့်အယှက် အဖျက်အဆီးရှိသလို ပြင်ပ ပယောဂ အနှောင့်အယှက် အဖျက်အဆီးများလည်း ရှိနိုင်ပါသည်။

ထိုပြင်ပ ပယောဂ အနှောင့်အယှက် အဖျက်အဆီးများမှာ –

၁။ ငွေကြေး လာဘ်ပေး လာဘ်ယူမှု

၂။ ရာထူးဌာနန္တရဖြင့် ဖြားယောင်းသွေးဆောင်မှု

၃။ မိန်းမ စသော တဏှာရမ္မက်ဖြင့် မြှူဆွယ်ဖြားယောင်းမှု

၄။ အရက်သေစာ မူးယစ်ဆေးဝါး သောက်စားလွန်ကျူးမှု

၅။ လက်နက်အမျိုးမျိုးဖြင့် ခြိမ်းခြောက်ခံရမှု

၆။ ချီးမွမ်းထောမနာဖြင့် မြှောက်ပင့်ပေးခံရမှု

၇။ ဘာသာမဲ့တို့၏ ရန်ရှာမှု

၈။ မဟာယာန စသော ဗုဒ္ဓဘာသာဂိုဏ်းကွဲများ၏ ထိုးနှက်မှု

၉။ ခရစ်ယာန်ဘာသာတို့၏ ထိုးနှက်မှု

၁၀။ အစ္စလာမ်ဘာသာတို့၏ ထိုးနှက်မှု

၁၁။ ဟိန္ဒူဘာသာတို့၏ ထိုးနှက်မှု

၁၂။ နတ်ကိုးကွယ်သူတို့၏ ထိုးနှက်မှု

ဤပြင်ပ ပယောဂ အနှောင့်အယှက် အဖျက်အဆီးများကို သာသနာပြုပုဂ္ဂိုလ်များသည် –

* သတိကြီးစွာ ထားရမည်။
* ခန္တီလက်နက်ဖြင့် တုံ့ပြန်နိုင်ရမည်။
* သီလတရားဖြင့် တုံ့ပြန်နိုင်ရမည်။
* သစ္စာတရားဖြင့် တုံ့ပြန်နိုင်ရမည်။
* သဒ္ဓါတရား လက်ကိုင်ထားရမည်။

သာသနာပြုပုဂ္ဂိုလ်တို့သည် ဤလက်နက်များဖြင့် တုံ့ပြန်နိုင်ကြပါလျှင် မိမိတို့၏ မွန်မြတ်သော သာသနာပြုလုပ်ငန်းသည် မုချအောင်မြင်မည်ကို စိတ်ချစွာ ယုံကြည်ရပါမည်။

သာသနာပြုပုဂ္ဂိုလ်များသည် ထိုအတွင်း၊ အပြင် အန္တရာယ် အနှောင့်အယှက် အဖျက်အဆီးများစွာကို သိရှိဖယ်ရှားနိုင်ပြီးလျှင် မိမိ၏ ကြံစည်မှု၊ ပြောဆိုမှု၊ လုပ်ကိုင်မှုများတို့သည် သူတစ်ပါး၏ ကောင်းကျိုးကို ဆောင်ရွက်နေရသော ဗုဒ္ဓသာသနာပြုလုပ်ငန်းတစ်ရပ်ပါတကားဟု အမြဲ၊ ဆင်ခြင်၊ သုံးသပ်နေရပါမည်။ မမေ့ မလျော့သော သတိတရား ရှိနေရပါမည်။

မိမိ၏ ကိုယ်နှုတ်နှလုံး မှားယွင်းသွားပါက မိမိရော မိမိ၏ ရပ်ရွာနှင့်တကွ နိုင်ငံတော်တစ်ခုလုံး၊ ဗုဒ္ဓသာသနာတစ်ခုလုံး ထိခိုက်နစ်နာမည်ကို သတိရှိရပါမည်။ ထိုဘာသာရေးအရ

ထိခိုက်မှုသည် ပစ္စုပ္ပန် ဤဘဝတွင်သာမက သံသရာတစ်လျှောက်လုံး ပြစ်မှားကျူးလွန်ရာ ရောက်နိုင်သည်ကို သတိရှိရပါမည်။

တစ်စုံတစ်ယောက်သော သစ္စာမဲ့သူ၊ ဖောက်ပြန်သူကြောင့် သာသနာပြုလုပ်ငန်းတွင် ထိခိုက်နစ်နာမှု ဖြစ်ပေါ်တတ်သော အခါမျိုး၌ စိတ်ပျက်အားလျော့မှု မရှိစေရဘဲ ဘယ်သူတရား ပျက်ပျက် ငါမပျက်ဟူသော အဓိဋ္ဌာန်ဖြင့် အဖျက်သဘောတစ်ခု ကြောင့် ပြိုပျက်သောတရားကို အပြုသဘောအဖြစ် ပြန်လည် တည်ဆောက်မည်ဟူသော သိန္နိဋ္ဌာန်ချက် ရှိထားရပါမည်။

သာသနာပြုလုပ်ငန်း၊ အပျက်ကိုပြင်ရန် လုပ်ငန်းတို့တွင် မိမိထံမှောက် ရောက်ရှိလာသည်အထိ စောင့်ဆိုင်းမနေဘဲ ရက်ရာဇာ၊ ပြဿဒါး၊ ပါပရက် စသည် တွက်ချက်မရွေးချယ်နေဘဲ ပြဿနာရှိရာအရပ်သို့ ကိုယ်တိုင်ကိုယ်ကျသွား၍ သွားရောက်၍ သာသနာပြုနိုင်သော အခွင့်အရေးကို ရယူတတ်ရပါမည်။

မိမိကိုယ်တိုင်က လက်ရှိအခြေအနေနှင့် တင်းတိမ်ရောင့်ရဲ မနေဘဲ တိုးတက်သည်ထက် တိုးတက်လာအောင် ပရိယတ္တိ သင်ယူလေ့လာ ဖတ်ရှုမှတ်သားခြင်း၊ ပဋိပတ္တိကျင့်စဉ်များကို အချိန်ရသရွေ့ တတ်နိုင်သရွေ့ ကျင့်ခြင်းများဖြင့် ကျင့်ကြံအား ထုတ်၍ မိမိအကျိုး သာသနာအကျိုးကို မြှင့်တင်ပေးနိုင်ရပါမည်။ (တောင်တန်းဆရာတော်ကြီး ဦးဥတ္တမသာရ၏ ဘဝနှင့်ကျင့်စဉ် ကို အစဉ်သတိရနေပါ)

သာသနာတော်က မိမိအား စိတ်ချယုံကြည် အားကိုး၍သာ ရွေးချယ်စိစစ်ပြီး သာသနာပြုတာဝန် ပေးအပ်ထားသည်။

မိမိ၏ သာသနာပြု လုပ်ငန်းအဝဝသည် ပြည်တွင်း၊ နယ်စပ်၊ တောင်တန်းဒေသများ၌ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွား ရေးအတွက် ဆောင်ရွက်နေရခြင်းဖြစ်သည်။ ထိုလုပ်ငန်းသည် မိမိ၏ တိုင်းရင်းသားများ အသိအလိမ္မာ ဉာဏ်ပညာတိုးတက်မှု၊ လူတော်လူကောင်းများ ဖြစ်ပေါ်လာမှုအတွက် အထောက်အပံ့ ဖြစ်စေသော လုပ်ငန်းဖြစ်ကြောင်း ယုံကြည်ချက်နှင့် ဇွဲလုံ့လ မလျှော့ဘဲ ဆောင်ရွက်ရန် လိုသလို ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ ဟူသော အဓိပတိတရားလေးပါးကို အစဉ်ဦးထိပ်ထားပြီး ဆောင် ရက်ရန် လိုအပ်ပါသည်။

ထိုသို့သော ယုံကြည်ချက်၊ ခံယူချက်၊ သိန္နိဋ္ဌာန်ချက်များ မိမိ၏ ကိုယ်တွင်း၌ စိမ့်ဝင်ပြန့်ပွားနေပါလျှင် ထိုသာသနာပြု ကိုယ်တွင်းကိုယ်ပ အဖျက်ပယောဂ အနှောင့်အယှက်များသည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ရှိပြီး မိမိ ပြုလုပ်နေသော သာသနာပြု လုပ်ငန်းကြီးသည် မုချမသွေ အောင်မြင်လာမည် ဖြစ်ပေသည်။

# သာသနာပြုပုဂ္ဂိုလ်များ၏ လက်တွေ့ကျင့်စဉ်များ

သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များသည် ယုံကြည်မှုစသော ဗလငါးတန် ပြည့်စုံရန်နှင့် ဆန္ဒပြင်းပြမှုဟူသော အဓိပတိငါးပါး တပ်ဆင်ထားရန် စိတ်ဓာတ်ရေးရာအရ လိုအပ်သလို လက်တွေ့ဆောင်ရွက်မှုတွင် လက်တွေ့ဆောင်ရွက်ရန်လိုအပ်သော ကျင့်ဝတ်များကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်တတ်ရန် လိုအပ်ပါသည်။ သာသနာပြုများသည် သာသနာပြုလုပ်ငန်း ဆောင်ရွက်ရာတွင် –

* အသိပညာပေးမှုကို ဆောင်ရွက်ခြင်း၊
* အကူအညီပေးမှုကို ဆောင်ရွက်ခြင်း၊
* သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

ဟူသော အဓိကလုပ်ငန်းကြီး (၃)ရပ်ကို စီမံဆောင်ရွက်ရမည့်အပြင် အောက်ပါအချက်များကိုလည်း လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်လှပါသည်။

၁။ မပျက်ချိန်မှန်ဝတ်ပြုရန် – အခြားဘာသာများ၌ တနင်္ဂနွေ ဘုရားဝတ်တက်ပြုခြင်း၊ သောကြာနေ့ ဗလီတက်ခြင်း စသည်တို့ကို မပျက်မကွက် ပုံမှန်ပြုလုပ် ဆောင်ရွက်ကြသလို ဗုဒ္ဓဘာသာ

ဝင်တို့၏ ဥပုသ်နေ့များ၊ အခါကြီးရက်ကြီးများတွင် တစ်ဦးတည်းဖြစ်စေ၊ အများကိုဦးဆောင်၍ဖြစ်စေ ကျောင်းကန်ဘုရားသို့သွား၍ ဘုရားဝတ်တက်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ ဥပုသ်စောင့်ခြင်းတို့ကို မပျက်ပြုလုပ်ရန် လိုအပ်ပါသည်။ မိမိသည် ထိုဝတ်အတွက် အများ၏စံပြ ဖြစ်နေစေရပါမည်။

၂။ စည်းရုံးစုပေါင်း ကောင်းမှုကြောင်း – သာသနာပြုများသည် မိမိတို့ ရောက်ရှိသာသနာပြုရာအရပ်တွင် ဗုဒ္ဓဘာသာဝင် လူငယ်/လူလတ်/လူကြီးတို့ကို စုစည်း စည်းရုံးကာ ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းများ၊ ဝေယျာဝစ္စအသင်းများ ဖွဲ့စည်းတည်ထောင်ပြီး အသင်းလိုက် ပရိတ်ဓမ္မစကြာ ရွတ်ဆိုခြင်း၊ သာရေးနာရေးများ၌ ကူညီဆောင်ရွက်ပေးခြင်း၊ ဘာသာရေး ပွဲလမ်းသဘင်တို့၌ ဦးစီးဦးဆောင်ဆောင်ရွက်ပေးခြင်း၊ ဆွမ်းလောင်းအသင်းများဖွဲ့၍ ဆွမ်းလောင်းခြင်း စသည်တို့ကို ဆောင်ရွက်လုပ်ကိုင်ပေးတတ်ရန် လိုအပ်ပါသည်။

၃။ သံဃဆန္ဒဩဝါဒ ခံယူတတ်ခြင်း – မိမိ သာသနာပြု ကျရာဒေသရှိ သာသနာပြုဆရာတော် သံဃာတော်များ၏ ဩဝါဒကို မပြတ်ခံယူပြီး သာသနာရေးကိစ္စများကို ဆောင်ရွက်ပေးတတ်ရပါမည်။ ပရိယတ္တိ စာပြန်ပွဲကိစ္စ၊ ပဋိပတ္တိဆယ်ရက်စခန်းကိစ္စ စသည်များ၌ ဥပဋ္ဌာကအဖြစ် ကူညီဆောင်ရွက် ပေးတတ်ရပါမည်။

၄။ ဆက်သွယ်ပြန်ကြား တင်ပြထား – အထက် တာဝန်ရှိလူကြီးများ၊ ဌာနဆိုင်ရာများမှ အားနည်းချက် အားသာချက်များကို သိရှိပြီး ပြုပြင်ဖြည့်ဆည်းပေးနိုင်ရန်အတွက် သာသနာပြုပုဂ္ဂိုလ်များသည် မိမိ သာသနာပြုရာဒေသ၏ တကယ့်ဖြစ်ရပ်မှန် အားသာချက်၊ အားနည်းချက် ပြုပြင်ရန်၊ ထောက်ပံ့ရန်၊ အားဖြည့်ရန် လိုအပ်ချက်တို့ကို သုံးသပ်ချက်များနှင့်အတူ လစဉ် အစီရင်ခံစာ ပုံမှန်ရေးပို့ အစီရင်ခံရပါမည်။

၅။ ရင်းနှီးဆက်ဆံ ပေါင်းသင်းရန် – သာသနာပြုပုဂ္ဂိုလ်များသည် မိမိ သာသနာပြုရာ နယ်ပယ်ရှိ တိုင်းရင်းသားလူမျိုးများကို လူငယ်/လူကြီး မရွေး ရင်းရင်းနှီးနှီး ဖြစ်နေစေရန် ပေါင်းသင်းဆက်ဆံတတ်ရပါမည်။

၆။ ထိန်းသိမ်းသည်းခံ စာရိတ္တမှန် – သာသနာပြုပုဂ္ဂိုလ်သည် စားဝတ်နေရေးတွင် စံပြနမူနာပုဂ္ဂိုလ်ဖြစ်နေရပါမည်။ အသောက်အစား ကင်းရပါမည်။ မိမိကိုယ်တိုင်က လာဘသက္ကာရ ဝိသမလောဘနည်းသူဖြစ်အောင် ထိန်းချုပ်သည်းခံနိုင်ရပါမည်။ မိမိ သာသနာပြုခံရသော ပုဂ္ဂိုလ်များသည် မိမိအပေါ်တွင် ရှိသေလေးစားချစ်ခင်မှု၊ အားကိုးမှုစိတ် ဝင်နေအောင် စံပြအဖြစ်ပြုကျင့်ရပါမည်။

၇။ ဝတ်စားဆင်ယင် သတိယှဉ် – သာသနာပြုပုဂ္ဂိုလ်သည် ဝတ်စားဆင်ယင်မှုတွင် လျှပ်ပေါ်လော်လည်မှုကင်းရန် လိုသလို မသပ်မရပ်နှင့် ဝတ်စားဆင်ယင်မှုကင်းရန် လိုအပ်ပါသည်။ လူအများ လေးစားကြည်ညိုလောက်သော ဝတ်စားဆင်ယင်မှုရှိရန် လိုအပ်ပါသည်။

၈။ ခြိုးခြံချွေတာသုံးစွဲ – သာသနာပြုပုဂ္ဂိုလ်သည် မိမိ၌ ငွေကြေးပြည့်စုံသော်မှ သူဌေးဂိုက်ဖမ်း၍ သုံးဖွဲ့နေထိုင်မှုကို ရှောင်ကြဉ်ရပါမည်။ ရလာသော ငွေကြေးကို သာသနာအတွက်၊ အများအတွက် အကျိုးရှိသော လုပ်ငန်းများ၌ စနစ်တကျ စီမံခန့်ခွဲ သုံးစွဲတတ်ရပါမည်။

၉။ ကိုယ်ရေးကိုယ်တာ ပကာသနရှောင်ပါ – သာသနာပြုပုဂ္ဂိုလ်သည် မိမိ၏ ကိုယ်ရေးကိုယ်တာ မွေးနေ့ပွဲ၊ အလှူပွဲ စသည်ပြုလုပ်သည့်အခါများတွင် ပကာသနပါသော စီမံဆောင်ရွက်မှုကင်းရပါမည်။ ပကာသနပါလာပါက မရှိဆင်းရဲသော တိုင်းရင်းသားများကို စော်ကားတတ်သကဲ့သို့ ဖြစ်သွားတတ်သည်ကို သတိပြုရပါမည်။

၁၀။ ချစ်ဖွယ်စကား နှုတ်မှာထား – သာသနာပြုပုဂ္ဂိုလ်များသည် ဒေသခံတိုင်းရင်းသားများကို သာသနာပြုရာတွင် ဦးစွာ သူတို့၏ဘာသာစကားကို တတ်နိုင်သလောက် လေ့လာသင်ကြားပြီး စကားပြောဆို ဆက်ဆံရာတွင် နူးညံ့ပျော့ပျောင်းပြီး ချစ်ဖွယ်သောစကားဖြင့် ပြောဆိုဆက်ဆံတတ်ရပါမည်။

၁၁။ ဓလေ့ယဉ်ကျေးမှု – ဒေသဆိုင်ရာ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ယုံကြည်မှုများကို မိမိက လေးစားလိုက်နာတတ်ရပါမည်။ သူတို့၏ ဒိတ်နေသဘောထား၊ စိတ်ရင်းကိုသိအောင် လေ့လာထားရပါမည်။ ထိုသို့

ပြုလုပ်ဆောင်ရွက်က သာသနာပြုလုပ်ငန်း ပိုမိုအောင်မြင်ပါမည်။

၁၂။ လုပ်ငန်းခွင် – သာသနာပြုပုဂ္ဂိုလ်သည် မိမိကိုယ်ကို သာသနာပြုလုပ်ငန်း လုပ်ရာ၌ သတိတရား အမြဲရှိနေရန် လိုအပ်ပါသည်။ မေတ္တသုတ်လာ (၁၅) ချက်ကို အမြဲကျင့်နိုင်ရန် ကြိုးစားရပါမည်။

၁။ မေတ္တာတရား ထားရှိပွားများနိုင်ရန် ကြိုးစားရပါမည်။

၂။ ကိုယ်နှုတ်နှစ်ပါး ဖြောင့်မတ် ရိုးသားရပါမည်။

၃။ စိတ်နေသဘောထား ဖြောင့်မတ်ရပါမည်။

၄။ ပညာရှိ သူတော်ကောင်း၏ ဆုံးမစကားကို နာခံတတ်ရပါမည်။

၅။ နူးညံ့သိမ်မွေ့မှု ရှိရပါမည်။

၆။ မာန်ထောင်လွှားမှု မရှိစေရပါ။

၇။ တင်းတိမ်ရောင့်ရဲလွယ်ရပါမည်။

၈။ သက်မွေးဝမ်းကျောင်း လွယ်ကူရပါမည်။

၉။ ပြဿနာ အမှုကိစ္စ နည်းပါးရပါမည်။

၁၀။ ကိုယ်ပိုင်ပစ္စည်း နေထိုင်မှု ပေါ့ပါးစေရပါမည်။

၁၁။ ဣန္ဒြေငါးပါး တည်ကြည်ငြိမ်သက်ရပါမည်။

၁၂။ ဆင်ခြင်တုံတရား ရင့်ကျက်ရပါမည်။

၁၃။ ကြမ်းတမ်းခက်ထန် ရိုင်းပျမှု မရှိစေရပါ။

၁၄။ အပေါင်းအဖော် ဆွေမျိုး၌ တွယ်တာကပ်ငြိမှု မရှိစေရပါ။

၁၅။ ပညာရှိ သူတော်ကောင်းတို့ ကဲ့ရဲ့ပြစ်တင်စရာကို နည်းနည်းမျှ မလုပ်ရပါ။

သာသနာပြုပုဂ္ဂိုလ်များသည် ဤလက်တွေ့ဘဝ ကျင့်စဉ်များကို အလေးအနက်ထား၍ ကြိုးစားဆောင်ရွက်ကြရမည်သာ။

## သာသနာပြု စည်းရုံးရေးကောင်းဟူသည်

ဗုဒ္ဓသည် သံဃပရိသ ပဉ္စဝဂ္ဂီငါးဦးမှစသော သံဃပရိသတ်ကို တည်ထောင်ပြီးသောအခါ လောကတစ်ခွင်လုံး၌ ဓမ္မစည်ကြီး ရိုက်တီးမြည်ဟည်းစေရန် မိမိ၏ တပည့်သံဃာကို –

"လောကလူသားတို့ အကျိုးစီးပွားအလို့ငှာ လှည့်လည်၍ တရားဟောကြပါကုန်လော့"

ဟု တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

ဘုရားရှင်၏ သံဃာတော်များကို တရားဟောထွက်၍ လမ်းညွှန်ချက်သည် သာသနာပြုလုပ်ငန်းလုပ်ရန် လမ်းညွှန်ချက်

ဖြစ်ပါသည်။ သာသနာပြုလုပ်ငန်းဟူသည် ခေတ်စကားအရ စည်းရုံးရေးပင် ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်၍ တစ်ဝါအရတွင် စည်းရုံးရေးကို အထက်ပါအတိုင်း မိန့်ကြားပြီး စည်းရုံးရေး ဆင်းခိုင်းခဲ့ခြင်း ဖြစ်သည်။

စည်းရုံးရေးဟူသည် ယေဘုယျလက္ခဏာအားဖြင့် အဖွဲ့အစည်းတစ်ခု နယ်ပယ်အတွင်းမှာဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်စုတို့၏ နယ်ပယ်အတွင်းမှာဖြစ်စေ လူများ အဖွဲ့အစည်းများကို သူ့နေရာနှင့်သူ နှိုးဆော်စည်းရုံး ဖွဲ့စည်းလေ့ကျင့်ပေးခြင်းကို ခေါ်သည်။

အဖွဲ့အစည်းတစ်ခု၏ နယ်ပယ်ဟူသည်မှာလည်း သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ကျေးရွာမြို့နယ်၊ ပြည်နယ်တိုင်း နိုင်ငံတော် အဖွဲ့အစည်း အဆင့်ဆင့် နယ်ပယ်အတွင်းကို ခေါ်ပါသည်။

စည်းရုံးရေး အတတ်ပညာအရပ်သည် ကျယ်ဝန်းနက်နဲခက်ခဲလှပါသည်။ နူးညံ့သိမ်မွေ့မှုလည်း ရှိပါသည်။

လူတစ်ယောက်၏ စိတ်ဓာတ်ကို စည်းရုံးသိမ်းသွင်းရမည် ဖြစ်၍ လွယ်သလိုလိုနှင့် ခက်ခဲတတ်ပါသည်။ အချိန်အခါနှင့် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး ဆုံးဖြတ်ချက်ချ လုပ်ရသော အလုပ်မျိုး ဖြစ်ပါသည်။

စည်းရုံးရေးတွင် ပုံသေကားကျ နည်းလမ်းသတ်မှတ်မှု မရှိပါ။ ကြည့်တတ်ပြီး ကြည့်လုပ်ရန် လိုအပ်ပါသည်။ စည်းရုံးရေးတွင် ကိုယ်လုပ်သော အလုပ်သဘောကို မိမိကိုယ်တိုင် သဘောပေါက်ထားပြီး အခြားသူကို သဘောပေါက်အောင် စည်းရုံးဟောပြောပြနိုင်ခြင်း အလုပ်မျိုးဖြစ်သည်။

စည်းရုံးရေးကောင်းသမား တစ်ယောက်တွင် အသိရှိဖို့သည် အလွန်အရေးကြီးလှပါသည်။ အသိရှိဖို့အတွက် အတတ်ပညာရှိဖို့က အထူးလိုအပ်လှပါသည်။

အတတ်ပညာဆိုသည်မှာ ရှေးရှေးပညာရှိတို့ ရေးမှတ်ခဲ့သော ကျမ်းစာများ၊ အတွေ့အကြုံများမှ ရယူရပါသည်။ သို့သော် စာအုပ်ထဲက အတတ်ပညာသည် ခေတ်မမီပါက လက်တွေ့အသုံးချ၍ မရနိုင်ပါ။

ခေတ်ဆိုသည်မှာ ကာလအပိုင်းအခြား တစ်ခုဖြစ်သည်။ ခေတ်ဆိုသည့်အတိုင်း ခေတ်မီသော နည်းစနစ်၊ စည်းရုံးရေးမူဝါဒများကို လက်တွေ့ကျကျ သင်ပြတတ်၊ ပြောပြတတ်၊ ဟောပြတတ်ဖို့ လိုအပ်လှပါသည်။

ထိုသို့ ပြုလုပ်နိုင်ဖို့အတွက် စာအုပ်အတွေ့အကြုံသာမက ဘဝအတွေ့အကြုံ များစွာရှိရန် လေ့လာရန် လိုအပ်လှပါသည်။

စည်းရုံးရေးတွင် အသိပညာ၊ အတတ်ပညာရှိရုံမျှနှင့် မရနိုင်ပါ။ စည်းရုံးရေး အောင်မြင်ရေးအတွက် သည်းခံခွင့်လွှတ်

မှု၊ ဖွဲ့ရှိမှုတို့ကလည်း အထူးလိုအပ်လှပါသည်။ ထို့ကြောင့်လည်း ရှေးဆရာတော်ကြီးများက သာသနာပြု စည်းရုံးရေးလုပ်ငန်း လုပ်ကြရာ၌ -

စိတ်ရှည် ဖွဲသန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ ဟူ၍ ဆိုဆုံးမ လမ်းညွှန်မှု ပြုခဲ့ကြပါသည်။

စည်းရုံးမှု အတတ်ပညာသည် အဆုံးမရှိပါ။ အဖွဲ့အစည်း တိုင်းတွင် စည်းရုံးရေးသည် အသက်ဇီဝ ဖြစ်ပါသည်။ အဖွဲ့ အစည်းတွင် စည်းရုံးရေးမရှိက အဖွဲ့သေသည်နှင့် တူပါသည်။

စည်းရုံးရေးတွင် ရည်ရွယ်ချက်၊ ယုံကြည်ချက်၊ ခံယူချက် များ ရှိကြရသည်။ ယုံကြည်ချက်၊ ခံယူချက် တူညီပါမှ ပေါင်း စည်း၍ရပါသည်။ ယုံကြည်ချက်၊ ခံယူချက် မတူပါက စုရုံးသာ စု၍ ပေါင်းသည်ဟု မဆိုနိုင်ပါ။

လမ်းညွှန်ချက်သည် ယုံကြည်ချက်တူညီသော ပုဂ္ဂိုလ် အချင်းချင်း လမ်းညွှန်ပေးပါမှ တိကျမှန်ကန်၍ အမြဲတမ်း သစ်ဆန်းနေပါမည်။

လောကတွင် မည်သည့် အသိတရားမဆို ရာနှုန်းပြည့် အကောင်အထည်ဖော်နိုင်သည်ဟူ၍ မရှိပါ။ ခန့်မှန်းချက်ဖြင့်သာ လုပ်ဆောင်နေကြရပါသည်။

စည်းရုံးရေးလုပ်ငန်းဟူသည် မိမိကိုယ်တိုင်က ဦးစွာပြည့်စုံ ပြီး ယုံကြည်မှု ရှိရပါမည်။ သို့အတွက် မိမိကိုယ်ကို ဦးစွာ

စည်းရုံးရန်၊ ဖြည့်ရန် လိုအပ်ပါသည်။ ကိုယ်က ယုံကြည်မှ၊ ပြည့်မှသာ သူများကို ယုံကြည်အောင်၊ ပြည့်အောင် စည်းရုံးနိုင် ပြည့်အောင် ပြုလုပ်ပေးနိုင်မည်။

ယနေ့ခေတ် စည်းရုံးရေးတွင် ဟောပြောရုံမျှဖြင့် မရနိုင်ပါ။ မိမိက ဦးစွာလက်တွေ့လုပ်ပြီးမှ စည်းရုံး၍ ရနိုင်ပါသည်။

စည်းရုံးရေးတွင် ကိုယ်လုပ်သော အလုပ်သဘောကို သဘောပေါက်ထားရပါသည်။ သဘောမပေါက်က လေးနက်မှု မရှိတတ်ပါ။ သဘောပေါက်ရန် အမြဲတမ်း တွေးခေါ်စဉ်းစား လုပ်တတ်ရမည်။

အတွေးအခေါ် လေးနက်သော အသိလေးနက်မည်။ အသိ လေးနက်မှ အလုပ်လေးနက်ပါမည်။

အလုပ်လုပ်ကြရာတွင် အားဆိုသောအရာ လိုအပ်ပါသည်။ အားဆိုသည်မှာ အတတ်ပညာအား၊ အသိပညာအား၊ အတွေ့ အကြုံ ဗဟုသုတအား၊ ယုံကြည်မှုအား၊ စေတနာအားများ ဖြစ် ကြပါသည်။

ထိုအားများကို လွယ်လွယ်ကူကူနှင့် ရနိုင်သည်မဟုတ်ပါ။ သင်ယူမှု၊ လေ့လာမှု စသည်ဖြင့် ပြုစုပျိုးထောင် မွမ်းမံပေးမှ ရနိုင်ပါသည်။

* အတတ်ပညာနည်းက အတတ်ပညာများအောင်

* အသိပညာနည်းက အသိပညာများအောင်

* လေ့လာမှုနည်းက လေ့လာမှုများအောင်
* မှုမမှန်က မှုမှန်ဖြစ်လာအောင်
* လျော့မှုရှိလာကာ လျော့ယုံမှုမရှိအောင်
* စိတ်ဓာတ်ကျက စိတ်ဓာတ်မကျအောင်

ကြိုးစားဆောင်ရွက် နေရပါမည်။ စည်းရုံးဆောင်ရွက် နေရပါမည်။

အလုပ်လုပ်ကြရာတွင် အားလျော့လာလျှင်၊ စိတ်ဓာတ်ပျော့ညံ့လာလျှင် လုပ်ငန်းဆိုင်ရာ၊ စည်းရုံးရေးဆိုင်ရာ ချွတ်ယွင်းလာတတ်သည်။ အားအင်ပြည့်ဝစွာရှိမှသာ လုပ်ငန်းဆိုင်ရာ တိုးတက်လာနိုင်ပါသည်။ ကိုယ်လုပ်ရမည့်လုပ်ငန်းကို သူများလုပ်ချင်လာအောင် သူများလိုအပ်ချက်ကို ဖြည့်ပေးခြင်းဖြင့် စည်းရုံးနိုင်ပါသည်။

စည်းရုံးရေးသမားသည် စည်းမျဉ်းများကို အမြဲနှိုးနေရပါမည်။ နှိုးမှနိုးမည်။ နိုးမှ တက်ကြွလာပါမည်။ ပြန့်ကျဲနေသောအားကို စုစည်းရန်လိုသည်။ စုစည်းမှုရှိမှ ရှင်သန်မှုရှိလာပါမည်။

ထို့ကြောင့် သာသနာပြု စည်းရုံးရေးကောင်းတစ်ယောက်ဖြစ်လာစေရန်အတွက် အထက်ပါ စည်းရုံးရေးလိုအပ်ချက်အခြေခံများ လိုအပ်ပါသည်။

# အခြားဘာသာဝင်တို့၏ သာသနာပြု ရည်ရွယ်ချက်ငါးချက်

ယနေ့မြန်မာနိုင်ငံတွင် သာသနာနှင့် ပတ်သက်၍ ဘာသာအသီးသီးတို့က မိမိတို့၏ သာသနာပြန့်ပွားရေးအတွက် နည်း အမျိုးမျိုးဖြင့် သာသနာပြုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို တွေ့ရပါမည်။

အထူးသဖြင့် နယ်စပ်ဒေသ၊ တောင်တန်းဒေသ၊ ပြည်နယ်ဒေသ အသီးသီး၌ ခရစ်ယာန် သာသနာပြုများက မြန်မာနိုင်ငံသို့ ကျွန်လက်အောက်ရောက်သည့် အချိန်မှစ၍ အဟုန်ကြီးစွာဖြင့် ထိုးဖောက်သာသနာပြုကြလျက် ရှိကြသည်ကို တွေ့ရပါမည်။

မိမိတို့၏ သာသနာပြုပုဂ္ဂိုလ်များသည် ထိုဒေသအသီးသီးသို့ ယခုအခါ သာသနာပြုလုပ်ငန်းများ ပြုလုပ်ရန် ကြွရောက်သာသနာပြုကြလျက်ရှိရာ ခရစ်ယာန် သာသနာပြုတို့၏ ရည်ရွယ်ချက်ငါးရပ်ကို ဦးစွာသိထားရန် လိုအပ်ပါသည်။

ဘာသာအသီးသီးတို့သည် မိမိတို့ သာသနာပြန့်ပွားရေးအတွက် စီမံချက်များဖြင့် အစွမ်းကုန် ကြိုးစားဆောင်ရွက်လျက်ရှိကြရာတွင် ခရစ်ယာန်သာသနာပြုများ၌ ရည်ရွယ်ချက်များဖြင့် အသင်းအဖွဲ့များ ဖွဲ့စည်းကာ နှစ်တိုနှစ်ရှည် စီမံကိန်းများ ရေးဆွဲချမှတ် ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရပါမည်။

လူအား၊ ငွေအား၊ ပစ္စည်းအား ဟူသော အင်အား (၃) ရပ် အလုံးအရင်းဖြင့် သာသနာပြုလုပ်ငန်းများကို အရှိန်အဟုန်ပြင်းစွာဖြင့် လုပ်ဆောင်နေကြသည်ကို သိရှိထားရန် လိုအပ်ပါသည်။

ရှေးယခင် ယခင်ခေတ်ကာလကတည်းက သူတို့၏ အစိုးရမင်းများနှင့် ရဟန်းမင်းများ ပူးပေါင်းပြီး –

* သံဝေါဟာရခေါ် ကုန်သည်လုပ်ငန်းရှင်ကြီးများ (MARCANTILE MAR CHANTARY)
* သေနင်္ဂဗလခေါ် စစ်တပ်ကြီးများ (MILL TRY)
* သာသနာ့နုဂ္ဂခေါ် သာသနာပြုပုဂ္ဂိုလ်များ (MISSIONARY)
* (M) သုံးလုံးဖြင့် စနစ်တကျ စည်းရုံးဖွဲ့စည်းပေးကာ နယ်ချဲ့ဝါဒနှင့်အတူ သာသနာပြုလုပ်ငန်းကိုပါ စီမံဆောင်ရွက်ခဲ့ကြသည်။

ထိုစီမံချက်ကို သက်ဆိုင်ရာ အစိုးရများကလည်း အားပေးကူညီခဲ့ကြသည်။

* စီးပွားရေးကို ကုန်သည်ကြီးများက ချုပ်ကိုင်၍ သွေးစုပ်ခဲ့သည်။
* နိုင်ငံအုပ်ချုပ်ရေးကို စစ်တပ်ကြီးများဖြင့် စိုးမိုးအုပ်ချုပ်ခဲ့ကြသည်။

* ဘာသာ သာသနာ ယဉ်ကျေးမှုကို သာသနာပြုများက လက်ဝါးကြီးအုပ်၍ ရိုးရာရှိနေသော ဗုဒ္ဓဘာသာနှင့် နတ်ကိုးကွယ်မှုတို့ကို အမြစ်ပါမကျန် မျိုးပြုတ်အောင် စီမံကိန်းချ၍ ဆောင်ရွက်ခဲ့ကြသည်ကို အထင်အရှား တွေ့ရပါမည်။

နှစ်ပေါင်း တစ်ရာကျော် နှစ်ရာအတွင်းတွင် မိမိတို့၏ တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီး သန်းပေါင်းများစွာတို့သည် သူတို့၏ ဘာသာထဲသို့ ကူးပြောင်းသွားခဲ့ကြသည်ကိုလည်း တွေ့ကြရပါသည်။

ဤကဲ့သို့ သူတို့တစ်တွေ အောင်မြင်ကြသည်မှာ အဘယ်ကြောင့်နည်းဟု လေ့လာဆန်းစစ်ကြည့်ရပါမည်။ သုံးသပ်ဝေဖန်ရပါမည်။ လိုက်နာကျင့်သုံးသည်ကို ကျင့်သုံးပြီး ဟစ်ဖန် သာသနာပြုနည်းကို တီထွင်ကြံဆ၍ သာသနာပြုနိုင်ရပါမည်။

ခရစ်ယာန်တို့၏ သာသနာပြုကြရာ၌ ရည်ရွယ်ချက် (၅) ရပ် ရှိသည်ကို တွေ့ရပါမည်။

**၁။ လူလူချင်း စာနာထောက်ထားသော လူတော်ကောင်းစားရေး လူမှုကယ်တင်ရေးဝါဒ (Humantarain)**

ခရစ်ယာန် သာသနာပြုများသည် ဤဝါဒကို လက်ကိုင်ထား၍ စိုက်ပျိုးရေးသင်တန်းကျောင်း၊ ကောလိပ်၊ တက္ကသိုလ်

များ ဖွင့်လှစ်ပေးခြင်းဖြင့် ရောက်ရာဒေသ ရပ်ရွာ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ဘဝများကို မြှင့်တင်ပေးကြသည်။

ဆေးပေးခန်းများ၊ ဆေးကုခန်း၊ ဆေးရုံများ တည်ထောင်ကုသပေးခြင်း၊ ဆေးပညာသင်တန်း၊ ဆေးတက္ကသိုလ်များ တည်ထောင်ဖွင့်လှစ်ကာ ဒေသခံသူနာပြုများ၊ ဆရာဝန်များ၊ ဆေးစပ်သမားများ၊ ကျန်းမာရေးဝန်ထမ်းများကို မွေးထုတ်၍ လူထုကျန်းမာရေးကို မြှင့်တင်ပေးကြသည်။

မူ၊ လယ်၊ ထက် စာသင်ကျောင်းများ၊ ဆရာဖြစ်ကျောင်းများ၊ တက္ကသိုလ်များ ဖွင့်လှစ်ပေး၍ ဝိဇ္ဇာ-သိပ္ပံ အတတ်ပညာရပ်များကို သင်ကြားပေးသည်။ ထိုသို့ သင်ကြားပေးရင်း မိမိတို့၏ ဘာသာရေး ကျမ်းစာများကိုလည်း ဖတ်စေပြီး ပညာရေး၊ သာသနာရေးဘဝကို မြှင့်တင်ပေးကြသည်။

ဆင်းရဲမွဲတေသော တိုင်းရင်းသားများကို စောင့်ရှောက်သော ရိပ်သာများ တည်ဆောက်ခြင်း၊ မိဘမဲ့ ပရဟိတဂေဟာများ တည်ထောင်ခြင်း၊ အနာကြီးရောဂါသည်များကို ဆေးခန်းဖွင့်၍ ပြုစုပေးခြင်း၊ စွန့်ပယ်ခံ လူသားများအား ကယ်တင်ရေးရိပ်သာများ ဖွင့်လှစ်၍ စောင့်ရှောက်ခြင်း စသည်လူမှုရေးကိစ္စများကို ဆောင်ရွက်၍ လူမှုရေးဘဝကို မြှင့်တင်ပေးကြသည်။

လူသားအချင်းချင်း စာနာထောက်ထား ကရုဏာပွား၍ လူသားအကျိုးကို သယ်ပိုးဆောင်ရွက် သာသနာပြုကြသော

ထိုလုပ်ငန်းကို တိုင်းရင်းသားများက အလွန်နှစ်သက် သဘော ကျကြသည်။

## ၂။ ကယ်တင်ရှင် (Savation)

မိမိဘာသာမှတစ်ပါး အခြားဘာသာဝင်များသည် မိစ္ဆာ ကောင်များဖြစ်၍ သေလျှင် ထိုသူများသည် ငရဲသို့သွားရမည်ဖြစ် ၍ လူဖြစ်ရှုံးသူတွေဖြစ်၍ ထိုသူများကို အချိန်မီ ကယ်တင်ရ မည်ဟူသော ဝါဒဖြင့် ထိုသူများ မသေမီ အယူမှန် ဝါဒမှန်ရောက် အောင်၊ ဘုရားသားတော်ဖြစ်အောင် ပြုလုပ်ရမည်။

ဤဝါဒဖြင့် တွေ့သမျှလူတို့ကို မိမိတို့ ဘာသာဝင်ဖြစ် အောင် နည်းအမျိုးမျိုးတို့ဖြင့် ချော့မော့ဖြားယောင်း သွေးဆောင် ဟောပြောကြသည်။ မိမိတို့ဘာသာသို့ ကူးပြောင်းအောင် ဟော ပြောစည်းရုံးနိုင်သူသည် ကယ်တင်ရှင်ဖြစ်သည်ဟု ယုံကြည်ကြ သည်။

## ၃။ ရောက်ရာဒေသတွင် ဘုရားရှိခိုးကျောင်းဆောက်လုပ်ခြင်း

မိမိတို့ရောက်ရှိရာ သာသနာပြုဒေသတွင် မိမိတို့ဘာသာ သို့ ကူးပြောင်းသူများ ဝတ်ပြုနိုင်ရန်အတွက် ဘုရားရှိခိုးကျောင်း ကို ဆောက်ရမည်။

ထိုကျောင်းများ ဆောက်လုပ်ပြီး ရဟန်းမင်းကြီး ဂိုဏ်း ချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ ကျောင်းထိုင်ကို ကိုယ်တော်

များ အဆင့်ဆင့် ဖွဲ့စည်းကာ အုပ်ချုပ်လုပ်ကိုင်ပြီး သာသနာပြု လုပ်ငန်းကို တွင်ကျယ်အောင် ဆောင်ရွက်ကြသည်။

## ၄။ တစ်ကမ္ဘာလုံး တစ်ခုတည်းသောဘာသာ ဖြစ်ရမည်

ကမ္ဘာ့လူသားတစ်ရပ်လုံးသည် ထာဝရဘုရားရှင်၏ မေတ္တာ အောက်ဝယ် တစ်လုံးတစ်စည်းတည်းရှိပြီး ထာဝရဘုရားရှင်၏ ကောင်းကင်ဘုံ၌ အတူတကွ ချမ်းမြေ့ပျော်ရွှင်စွာနေနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်ဟူသော ဝါဒဖြင့် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ကြသည်။

## ၅။ နောက်ဆုံးကမ္ဘာပျက်ဝါဒ

ကမ္ဘာကြီးသည် မီး, ရေ, လေ ဘေးကြောင့် မကြာခင် ပျက်သုဉ်းတော့မည်။ ကမ္ဘာပျက်ခါနီးတွင် ထာဝရဘုရားရှင်က တရားစီရင်မည်။ မကောင်းသူကို ပယ်မည်။ ငရဲဘုံ၌ ထာဝရ နေစေမည်။ ကောင်းသူကိုကယ်၍ ထာဝရကောင်းကင်ဘုံ၌ ဘုရားသခင်နှင့်အတူ ချမ်းမြေ့စွာ နေစေရမည်။ ထိုသို့ ခြောက် လှန့်၍လည်း သာသနာပြုကြသည်။

ခရစ်ယာန် သာသနာပြုများသည် ဤရည်ရွယ်ချက် ငါး ချက်ဖြင့် တိုင်းရင်းသားများကို စည်းရုံးသိမ်းသွင်း သာသနာပြု နေကြသည်။

ဗုဒ္ဓဘာသာ သာသနာပြုများသည် သူတို့၏ သာသနာပြုခြင်း၏ ရည်ရွယ်ချက်ငါးချက်ကို သေချာစွာ လေ့လာပြီး မည်သည့်အချက်က အားသာ၍ အများက လက်ခံသည်၊ မခံသည်ကို ဝေဖန်ဆန်းစစ်၍ ဟောပြောပြုရပါမည်။ မိမိဘာသာ၏ သိပ္ပံနည်းကျ မှန်ကန်မှုကို ထောက်ပြ၊ ယှဉ်ပြ၊ နှိုင်းယှဉ်ပြ၍ စည်းရုံးနိုင်ရပါမည်။

# အခန်း (၄)
# ဂေါတမဗုဒ္ဓ၏ ဝေဖန်ပိုင်နိုင်ခွင့်စံ
# (ဝိဘဇ္ဇဝါဒ)

ဤကမ္ဘာလောကတွင် ဂေါတမဘုရား မပွင့်မီက ကမ္ဘာ အရပ်ရပ်၌ ဖြစ်ပေါ်နေသော အယူဝါဒ၊ လူမှုရေး၊ ယဉ်ကျေးမှု အထူးသဖြင့် လူသားတို့၏ အားကိုးရာ၊ လူသားတို့၏ ရပ်တည်မှုအတွက် အပြင်လောကကိုသာ အားကိုးယုံကြည်နေခဲ့ကြသည်။

ဂေါတမဘုရားရှင် မပွင့်မီက ကမ္ဘာ့လူသားတို့သည် ရေ မြေတောတောင် နေ, လ, နက္ခတ်တာရာ၊ နေ့စဉ် မြင်တွေ့နေရ သော ပတ်ဝန်းကျင်အပေါ် စူးစမ်းလေ့လာသုံးသပ်မှုထက် ကြောက် စိတ်ကိုအခြေခံ၍ ကိုးကွယ်ရာအဖြစ် သတ်မှတ်ခဲ့ကြသည်။

တောတောင်ရေမြေဟူသော မြေပေါ်ကိုးကွယ်မှုမှ တစ်ဆင့် တက်ကာ အာကာသကိုးကွယ်မှုအတွက် ကောင်းကင်ဘုံကို ...ည်ဆောက်ခဲ့ကြသည်။

အမျိုးမျိုးသော နတ်များသည် ကိုးကွယ်ရာမှ တစ်ဆင့်တက်ကာ ကောင်းကင်ပိုင်ရှင် ဖန်ဆင်းရှင် ထာဝရဘုရားသခင်ရှိဖို့ လိုလားကြ၍ ဖန်ဆင်းရှင်ဆိုသူက ကမ္ဘာနှင့် လူသားကို ဖန်ဆင်းသည်၊ မဖန်ဆင်းသည်ကို အတိအကျ မပြောနိုင်ခဲ့ကြသော်လည်း ဖန်ဆင်းရှင်ကိုမူ လူသားတို့ ဖန်ဆင်းခဲ့သည်က သေချာနေပါသည်။

အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘုရားမပွင့်မီက အာရှအလယ်ပိုင်းမှ အရိယန်လူမျိုးများ ကူးပြောင်းလာကြရာမှ အိန္ဒူမြစ်ဝှမ်း၌ အများဆုံး နေထိုင်ခဲ့ကြပြီး ယင်းတို့တွင် ပါလာသော ဝေဒကျမ်းများကို အခြေခံကာ ဟိန္ဒူဘာသာ ဖြစ်ပေါ်စေခဲ့သည်။

ထိုအခါမှစ၍ ဗြဟ္မာကြီးသည် ဖန်ဆင်းရှင် ထာဝရဘုရားသခင် ဖြစ်လာခဲ့သည်။

မီးနတ် စသည့်ကိုးကွယ်ခြင်း၊ သွေးချောင်းစီး ယဇ်ပူဇော်ခြင်း၊ နတ်ဘုရားထံ အမြန်လွှတ် ဘေးကင်းရန် ခယတောင်းပန်ခြင်း၊ ကောင်းချီးတောင်းခြင်းများဖြင့် ဆုတောင်းစာများ ရွတ်ဆိုလာခဲ့ကြသည်။

အစ္စရေးနိုင်ငံ၌ ခရစ်မပေါ်မီ ၁၂၃၀ ခုနှစ်က [illegible] ထာဝရဘုရားသခင်ကို ကိုးကွယ်သော ဂျူးဘာသာ ပေါ်ပေါက်ခဲ့သည်။

၆၁၈ ခုတွင် ပါရှား (အီရန်) နိုင်ငံ၌ အဟုရမဇဒါ ထာဝရဘုရားသခင်ကို ကိုးကွယ်သော ဇိုရိုက်စတာ ပေါ်ပေါက်လာခဲ့သည်။

ဂျပန်နိုင်ငံ၌ ထာဝရဘုရားနှင့် သဘာဝတရား ပေါင်းစပ်ကိုးကွယ်ခဲ့သော ရှင်တိုဘာသာ ပေါ်ပေါက်ခဲ့သည်။

အီဂျစ်၊ ဘေဘီလုံနီးယား၊ ဂရိနှင့် ရောမတို့တွင် ကိုးကွယ်ခဲ့သော ဘာသာများကား ယခုအခါ ကွယ်ပျောက်သွားပြီ ဖြစ်ပါသည်။

အီဂျစ်တွင် လူသေကို မြှုပ်နှံသော ပိရမစ်ကြီးများ တည်ဆောက်ပြီး လူသေကို မပုပ်မသိုးအောင် မံမီးစီရင်ထားမှုသည် သေသူအလောင်းနှင့်ဝိညာဉ် တစ်စုံတစ်ရာ ဆက်သွယ်မှုရှိသည်ဟု ယုံကြည်ထားကြသည်။

ဗုဒ္ဓမပွင့်မီက ကမ္ဘာ့လူသားအများစုသည် အမျိုးမျိုးသော ဖန်ဆင်းရှင်ဘုရား၊ နတ်ဘုရားများထံ ခယတိုးလျှိုးတောင်းပန်ခြင်း၊ ဆုလာဘ်တောင်းခံခြင်း၊ ယဇ်ပူဇော်ခြင်းများဖြင့် မိမိတို့ဖန်ဆင်းထားသော ထာဝရဘုရားများ၊ နတ်ဘုရားများအကြိုက်လိုက်လျောနေထိုင်ခဲ့ကြသည်။ ထိုခေတ်ရှိ ကမ္ဘာလူသားများအဖို့ အခြားရွေးချယ်စရာလမ်း မရှိခဲ့ကြပါ။

ခရစ်တော်မပေါ်မီ ၆ ရာစုက (ဘီစီ ၆၂၄) တွင် အိန္ဒိယနိုင်ငံတွင် လောကသဘာဝ အမှန်တရားကို ဖော်ထုတ်ပေးသော ဂေါတမဘုရား ပွင့်လာခဲ့သည်။

ဂေါတမဘုရား ပွင့်ခါနီးတွင် ပုရာဏကဿပ စသော အယူဝါဒ အမျိုးမျိုးကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လက်ခံထား ကြသော တိတ္ထိဆရာကြီး (၆) ဦးကလည်း တင်ကြို၍ ပေါ်ပေါက် နေခဲ့ကြပြီး ဖြစ်သည်။

ထို့နောက်မှာ မကြာမီပင် အနောက်ဘက်ကမ္ဘာ ဂရိ၊ ရောမနိုင်ငံများ၌ နတ်ဘုရားများ ကိုးကွယ်နေကြသောကြားက ပင် သဘာဝကို တွေးခေါ်သော အတွေးအခေါ် ပညာရှင်များ ဆက်ကာဆက်ကာ ပေါ်ထွက်လာခဲ့ကြသည်။

ဂေါတမဘုရားက ဓာတ်ကြီးလေးပါး အဏုမြူသဘော နှင့် အနိစ္စသဘောကို ထုတ်ဖော်ဟောပြောခဲ့သည်။ သဘာဝဓမ္မ ကို စဉ်းစားလာခဲ့ကြသော တွေးခေါ်ပညာရှင်များကလည်း ထို သဘောတရားကို လက်ခံပြီး တစ်ဆင့်ပြီးတစ်ဆင့်မြှင့်ကာ တွေး ခေါ်လက်ခံလာကြသည်။

ဤသို့ဖြင့် ကမ္ဘာဦးအစ လူသားတို့ ကိုးကွယ်ခဲ့သော တော, တောင်, ရေ, မြေ, နေ, လ, နက္ခတ်တာရာတို့ကို ကိုး ကွယ်မှုသည် တစ်စတစ်စ ပပျောက်လာပြီး ထိုအရာများသည် လူသားတို့၏ လေ့လာစရာ၊ စူးစမ်းဆင်ခြင် သုံးသပ်စရာများ ဖြစ်လာခဲ့ကြသည်။

ခရစ်မပေါ်မီ ၆၀၀ ခန့် ပတ်ဝန်းကျင်၌ ကမ္ဘာအရပ်ရပ် တွင် နတ်ဘုရားအမျိုးမျိုးကို ကိုးကွယ်နေကြရသည်ကို ငြီးငွေ့ လာကြသည်။

ထို့ကြောင့် အတွေးအခေါ် ပညာရှင်ကြီးများ၊ သဘာဝတရား စူးစမ်းသူများ၊ ကိုယ်ကျင့်တရားနှင့် လွတ်မြောက်မှု လမ်းညွှန်သူများ အသီးသီး ပေါ်ပေါက်လာခဲ့သည်။

ထိုအထဲတွင် ဂေါတမဗုဒ္ဓသည် ကမ္ဘာ့သဘာဝ ဓာတ်ကြီးလေးပါး၊ အာကာသ၊ အဏုမြူ စသော သဘာဝလောကကြီးကို စတင်ဖော်ထုတ် ဟောကြားခဲ့သည်။

ဗုဒ္ဓပေါ်ထွန်းပြီးနောက် ခရစ်မပေါ်မီ ၅၅၁ ခုနှစ်ထိက လူမှုရေး၊ ယဉ်ကျေးမှုကို လမ်းညွှန်သူ ကွန်ဖြူးရှပ် ပညာရှင်ကြီးနှင့် တာအိုဘာသာကို စတင်ထူထောင်သူ လာအိုဇူဟုခေါ်သော ပညာရှင်များ ထွက်ပေါ်လာခဲ့သည်။

လေးနက်သော သဘောတရားတစ်ခုကို လက်ခံရန် တရုတ်လူမျိုးတို့ အဆင်သင့်ဖြစ်နေကြသော အချိန်ကာလဖြစ်၍ ထိုဆရာကြီးများ၏ အတွေးအခေါ် အယူအဆများ လက်ခံလာခဲ့ကြသည်။

ဂေါတမဗုဒ္ဓ အပါအဝင် ကမ္ဘာအရပ်ရပ်၌ ထူးခြားသော တွေးခေါ်ရှင်များ၏ ထုတ်ဖော်ဟောပြောချက်များ၏ ခေတ်အခြေအနေ လူသားတို့နှင့် ချိန်းချက်ထားသည့်အလား တိုက်ဆိုင်နေကြပါသည်။

လူသားများသည် အသိဉာဏ် ဆာလောင်နေကြသည်။ အရာခပ်သိမ်းကိုသိ၍ လူသားထုအား လမ်းညွှန်နိုင်သူ အတုမဲ့

ရှူသား တစ်စုံတစ်ယောက် ရှိကောင်း၏ဟု တောင့်တမျှော်ခေါ် မိတ်များ လူသားတို့၏ နှလုံးသား၌ ဝင်မှန်းမသိ ကိန်းဝပ်နေခဲ့သည်။

အတွေးအခေါ် ပညာရှင်ကြီးများက အဆက်ဆက် ထုတ်ဖော်ပေးနေသော သဘောတရားများကို အားရတင်းတိမ်မှုမရဘဲ တိုး၍သာ ဆာလောင်ခဲ့ကြသည်။

အိန္ဒိယတွင် လူသားအများစု လက်ခံထားသော ဖန်ဆင်းရှင်နှင့် အတ္တကို အမာခံထားသည့် ဗြာဟ္မဏဝါဒသည် ထွန်းကားထင်ရှားနေခဲ့သည်။

ဂေါတမဗုဒ္ဓ မပေါ်ပေါက်မီနှင့် ပေါ်ထွန်းခါနီး ခေတ်တွင်လည်း ကိလေသာကုန်၍ ဘဝလွတ်မြောက်မှုရရန် နည်းမျိုးစုံ အသွင်မျိုးစုံဖြင့် ကျင့်ကြံနေကြသည်။

ဗြာဟ္မဏတို့၏ အစဉ်အလာအရ အသက်ကြီးလာသော အခါ တောထွက်၍ သမထဘာဝနာ အားထုတ်နေသော ရသေ့ ရဟန်းများလည်း ရှိနေကြသည်။ လောကီ အသိဉာဏ်များကို လည်း ရကြသည်။ သမထအမည်ခံ တိတ္ထိအမျိုးမျိုးလည်း ရှိကြသည်။ အဝတ်မဝတ်သော နိဂဏ္ဌာတက္ကတွန်းများ၊ ကိုယ်အင်္ဂါပိုင်း၌သာ အဝတ်ပိုင်းထားသော ပရိဗိဇ်များ၊ ရှေ့ပိုင်းမှာသာ အဝတ်စဖုံးထားသော တိတ္ထိများ၊ အမွေးရှည်ထားသူများ စသည်ဖြင့် ပတ်စားဆင်ယင်ပုံလည်း အမျိုးမျိုးရှိသည်။

အလွန်အေးချမ်းသော ဆောင်းကာလ၌ ကိလေသာကုန်ရန် ရေစိမ်သူများ၊ နွေရာသီ နေပူတွင် မီးပုံများအလယ်၌ ထိုင်နေသူများ၊ ခြေတစ်ချောင်းသာ ထောက်နေသူများ၊ ကင်းမြီးကောက်ထောင်နေသူများ၊ တစ်နေကုန် မီးပူဇော်နေသူ၊ နေကိုရပ်၍ တစ်နေကုန်ကြည့်နေသူ၊ ခွေး, နွား များ ကဲ့သို့ စားသောက်နေထိုင်သူ စသည်ဖြင့် ကျင့်ကြံပြုမူပုံလည်း အထွေထွေများစွာ ရှိနေပါသည်။

သွေးချောင်းစီးသော ယဇ်ပူဇော်ပွဲကြီးများလည်း ဆင်နွှဲလျက်ရှိကြသည်။ အယူဝါဒနှင့်စပ်၍ ၆၂ ဂိုဏ်း ရှိသည်။ တိတ္ထိအယူဝါဒ တီထွင်သူများအနက် ထင်ရှားသော ဂိုဏ်းကြီး ၆ ဂိုဏ်းရှိခဲ့ပြီး အမျိုးမျိုး ဟောပြောလျက်ရှိကြသည်။

အတွေးအခေါ် ပညာရှင်များ၊ ရသေ့များ အပါအဝင် အခြားဘာသာ အယူရှိသူများသည် နေ, လ, နက္ခတ်တာရာနှင့် ကမ္ဘာကြီးကို မည်သို့စတင်ကြောင်း အလေးပေး တွေးခေါ်မိန့်ဆိုလာကြသည်။

ဇီဝဗေဒ၊ ရက္ခဗေဒ၊ သတ္တဗေဒ၊ အဏုမြူအကြောင်း၊ မသေမပျောက် အမြဲတည်နေသော အတ္တအဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကံနှင့် ဘဝကူးပြောင်းပုံ စသော သဘာဝတရားများ၊ လူမှုဆက်ဆံရေးနှင့် ကျင့်ဝတ်များကို အမျိုးမျိုးသတ်မှတ် ပညတ်ခဲ့ကြသည်။

ဤသုတ်တော်အရ ဂေါတမဘုရားသည် အယူဝါဒများကို လေ့လာရာ၌ စစ်မှန်သော တရားအယူဝါဒ ဟုတ်,မဟုတ်၊ မှန်,မမှန် မိမိဉာဏ်ဖြင့် ချင့်ချိန်ကာ ကိုယ်တိုင်သိနိုင်သော စမ်းသပ်နည်းဖြင့် စမ်းသပ်ရာ ကိုယ်တိုင် ထိတွေ့ကျင့်ကြံ အားထုတ်ပြီးမှသာ သက်ဝင်ယုံကြည်ကြရန် ညွှန်ပြတော်မူသည်။

ဂေါတမဘုရားသည် မိမိဝါဒကိုသာ ဂုဏ်တင်၍ အခြားဆန့်ကျင်ဘက်ဝါဒများကို နှိမ်ချပုတ်ခတ်တော်မမူ။ အခြားဝါဒများကိုလည်း နာမည်တပ်ကာ မှန်သည်၊ မှားသည် သုံးသပ်တော်မမူဘဲ လူတိုင်းသိနိုင်သော သဘောတရားအရှိကိုသာ အရှိအတိုင်း ဦးတည်၍ ဓမ္မဓိဋ္ဌာန်ကျကျ ဟောပြောပြခဲ့သည်။

ဝါဒရေးရာ လွတ်လပ်စွာ လက်ခံယုံကြည်မှုနှင့် စပ်လျဉ်း၍ သိပ္ပံနည်းကျ ဝေဖန်ဆန်းစစ်နည်း (၁၀) မျိုးကိုလည်း ဤကဲ့သို့ အတိအကျ ညွှန်ပြတော်မူခဲ့ပါသည်။

ဤသည်ပင်လျှင် ဂေါတမဗုဒ္ဓ၏ (ဝိဘဇ္ဇဝါဒ) ဝေဖန်ပိုင်းခြား ခွဲခြမ်းစိတ်ဖြာမှုကို လွတ်လပ်စွာ ခွင့်ပြုသောသဘောကို ထင်ရှားစေပါသည်။

# မိမိကိုယ်ကိုမိမိ ဖန်ဆင်းကယ်တင်ပါ

ဤဘဝ ဤလောကကို မည်သူက ဖန်ဆင်းပါသလဲ။ ပုဂ္ဂိုလ်တစ်ဦးဦးက ဖန်ဆင်း၍ ဤလောက ဤဘဝများ ဖြစ်ပေါ်လာရပြီး ကောင်းမှုတွေ တောင်းဆုတွေ ပြုနေရပါသလော ဟု မေးစရာရှိလာပါသည်။

သတ္တဝါ အသီးသီး၏ ဘဝလောကကို ဖန်ဆင်းသူနှင့် ဖျက်ဆီးသူမှာ ထာဝရဘုရား မဟုတ်ပါ။ ထိုသတ္တဝါအသီးသီး၏ လောကနှင့် ဘဝဆိုသည်မှာ ရုပ်တရား၊ နာမ်တရားနှင့် ဓမ္မသတ္တိ ဓာတ်သဘောတရားတို့၏ အစုအပေါင်းသာ ဖြစ်ပါသည်။

ရုပ်နာမ်ဓမ္မသင်္ခါရ အစုစုတို့ကို ဖန်ဆင်းသူနှင့် ဖျက်ဆီးသူမှာ ပုဂ္ဂိုလ်အသီးသီး၏ အတွင်းသန္တာန်၌ ကိန်းဝပ်နေသော လောဘ, ဒေါသ, မောဟ ဟူသော အကုသိုလ်တရားများကသာ မကောင်းသော ဘဝလောကကို ဖန်တီးနေခြင်း ဖြစ်သည်။ နတ်ဆိုး, ဗြဟ္မာဆိုး, မာရ်နတ်ဆိုး, ထာဝရဘုရားရှင် စသည်က ဖန်တီးနေခြင်း မဟုတ်ပါ။

အလားတူ အလောဘ, အဒေါသ, အမောဟ ဆိုသော ကုသိုလ်တရားများက ကောင်းသောလောကကို ဖန်တီးနေပါသည်။ နတ်ကောင်းနတ်မြတ်တွေ၊ ဗြဟ္မာတွေ၊ သိကြားတွေနှင့် ထာဝရဘုရားရှင်က ဖန်တီးပေးနေခြင်း မဟုတ်ပါ။

ဗုဒ္ဓဘုရားက သတ္တဝါများ ဖြစ်ပေါ်မှုကို ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ဘဝက မိမိ၏တဏှာ (လောဘ)၊ အဝိဇ္ဇာ (မောဟ) နှင့် သင်္ခါရဓမ္မတို့က ပူးပေါင်းစပ်ယှက်ပြီး ဖန်တီးပေးနေခြင်း ဖြစ်သည်ဟု လမ်းညွှန်ဟောထားပါသည်။ အဝိဇ္ဇာ (မသိမှု) နှင့် တဏှာ (လိုချင်မှု) သည် သတ္တဝါအသီးသီးဖြစ်ပေါ်မှု မူလအစ တရားဟု ဆိုပါသည်။

ထို့ကြောင့် ဤလောကတွင် ဖန်ဆင်းရှင်ဟူ၍ ပုဂ္ဂိုလ် သီးခြား မရှိပါချေ။

ဒုက္ခသံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ကယ်တင် ရှင် အမှန်မှာ –

* အလောဘဟုခေါ်သော ဒါနကုသိုလ်စေတနာ
* အဒေါသဆိုသော သီလကုသိုလ်၏စေတနာ
* အမောဟဆိုသော ဘာဝနာကုသိုလ် (အပ္ပမာဒ) သတိ တရားများသာ ဖြစ်ကြပါသည်။

ထိုတရားများကို သတိတရားဖြင့် ကြိုးစားအားထုတ်ပြု လုပ်ခြင်းဟူသော ကံ, ဉာဏ်, ဝီရိယ တရားများသည် မိမိ၏ ဘဝကို ဖန်တီးခြယ်လှယ်နေပါသည်။

* မိမိက မကောင်းမှုပြုလုပ်လျှင် မကောင်းသောဘဝ ရောက်မည်။
* မိမိက ကောင်းမှုပြုလုပ်လျှင် ကောင်းသောဘဝရောက် မည်။

ဤအသိတရားကို မမေ့အောင်ထားရှိပြီး ကြိုးစားလုပ်ကိုင်ရမည်။ ဖန်ဆင်းရှင်၊ ကယ်တင်ရှင်၊ နတ်ဗြဟ္မာတွေကို ကြောက်ရွံ့အားကိုးပြီး ရှိခိုးနေရုံ၊ ဆုတောင်းနေရုံမျှဖြင့် မိမိတို့ဘဝ ချမ်းသာအစစ်ကို မရနိုင်ပါ။ ထိုပုဂ္ဂိုလ်များကို ရှိခိုးတောင်းပန်နေ၍လည်း ဘာမျှမရနိုင်ပါ။

မိမိ၏ အတိတ် ပစ္စုပ္ပန်ဘဝ၌ လောဘ, ဒေါသ, မောဟ, မာန, ဣဿ, မစ္ဆရိယ စသော အကုသိုလ်ပြုလုပ်မှုကံများရှိက ထိုပြုလုပ်မှုကံ၏ မကောင်းအကျိုးကို ပြန်လည်ခံစားကြရပါမည်။

မိမိ၏ အတိတ် ပစ္စုပ္ပန်ဘဝ၌ အလောဘ, အဒေါ, အမောဟ, သဒ္ဓါ, သီလ, သုတ, စာဂ စသော ကုသိုလ်ပြုလုပ်မှုကံများရှိက ထိုပြုလုပ်မှုကံ၏ ကောင်းကျိုးကို ပြန်လည်ခံစားကြရပါမည်။

ဤသို့ ယုံကြည်မှုကိုလည်း မှန်ကန်သောအမြင် (သမ္မာဒိဋ္ဌိ) ဟု ဆိုပါသည်။

ဗုဒ္ဓတရားက ဓမ္မပဒ အတ္ထဝဂ် (၁၆၅) ၌ –

"မကောင်းတာ မိမိ လုပ်ခဲ့လျှင် မိမိပင် ညစ်နွမ်းခံစားရ၏။ မကောင်းမှုကို မိမိက မလုပ်ခဲ့လျှင် မိမိမှာ စင်ကြယ်စွာ ကောင်းကျိုးရ၏"

မစင်ကြယ်သော အကုသိုလ်ကံနှင့် စင်ကြယ်သော ကုသိုလ်ကံသည် တခြားစီဖြစ်၏။ တစ်ဦးတစ်ယောက်က အခြားတစ်

ယောက်ကို စင်ကြယ်သန့်ရှင်းအောင်၊ ကောင်းကျိုးခံစားရအောင် ကိုယ်စား မသုတ်သင်၊ မကယ်တင်နိုင်ပါ။

မိမိဘဝ လွတ်မြောက်ရေး၊ ချမ်းသာရေး၊ ကောင်းကျိုးချမ်းသာ အဆင့်ဆင့် ရရှိခံစားနိုင်ရေးအတွက် ဗုဒ္ဓ လမ်းညွှန်ခဲ့သော ကျင့်စဉ် (၈) ပါးကို သိရှိပြီး ကျင့်ကြံအားထုတ်ရန်သာ လိုအပ်ပါသည်။

ဤကျင့်စဉ် (၈) ပါးမှာ–

| | | |
|---|---|---|
| ၁။ | မှန်သောအယူ | (သမ္မာဒိဋ္ဌိ) |
| ၂။ | မှန်သောကြံစည်မှု | (သမ္မာသင်္ကပ္ပ) |
| ၃။ | မှန်သောစကား | (သမ္မာဝါစာ) |
| ၄။ | မှန်သောအလုပ် | (သမ္မာကမ္မန္တ) |
| ၅။ | မှန်သောအသက်မွေးမှု | (သမ္မာအာဇီဝ) |
| ၆။ | မှန်သောကြိုးစားအားထုတ်မှု | (သမ္မာဝါယမ) |
| ၇။ | မှန်သောသတိ | (သမ္မာသတိ) |
| ၈။ | မှန်သောတည်ကြည်မှု | (သမ္မာသမာဓိ) |

ဤမှန်ကန်သော အလယ်အလတ်ဖြစ်သော အစွန်းနှစ်ဘက်လွတ်သော ကျင့်စဉ်များကို ကျင့်ကြံတတ်အောင် သိရှိသဘောပေါက် နားလည်အောင် သာသနာပြုများသည် ဒေသခံတိုင်းရင်းသားများအား တဖြည်းဖြည်း ဟောပြောပြသပြီး သာသနာပြုနိုင်အောင် ကြိုးစားကြရပါမည်။

## ဝေဖန်ပိုင်းခြားမှုနှင့် ကိုယ့်အားကိုယ်ကိုးစေသော ဗုဒ္ဓဝါဒ

ဘာသာရေးသည် လူသားများကို အရာရာ၌ ချုပ်ချယ်တားဆီးတတ်ပြီး လူသားတို့၏ လွတ်လပ်စွာ တွေးခေါ်မြော်မြင်မှု အသိဉာဏ်ကို အဟန့်အတား ဖြစ်စေသည်၊ တွေဝေမိန်းမောစေသည်။ ထို့ကြောင့် ဘာသာရေးသည် ဘိန်းနှင့်တူ၏ဟု ရုပ်ဝါဒီနှင့် ခေတ်သစ်သိပ္ပံပညာရှင် (ဝါ) ဗုဒ္ဓအဘိဓမ္မာကို ယထာဘူတကျကျ မသိသူတို့က ဆိုတတ်ကြပါသည်။

ဘိန်းနှင့်တူသည်ဟုဆိုသော ဘာသာရေး ချုပ်ချယ်သည်ဟူသော၊ ဘာသာရေး လွတ်လပ်စွာ တွေးခေါ်မှုကို ပိတ်ပင်သည်ဟူသော၊ ဘာသာရေးအသိဉာဏ်ကို အဟန့်အတား ဖြစ်စေသည်ဟူသော ဘာသာရေးတွင် ဗုဒ္ဓဘာသာသည် လုံးဝ လုံးဝ မပါချေ။

* ဗုဒ္ဓဝါဒသည် သဒ္ဓါ၊ ပညာ၊ စရဏကို အခြေခံသော ဝါဒ၊
* မည်သည့်ဘာသာဝါဒကိုမျှ ရှုတ်ချမှု မရှိသောဝါဒ၊
* လူသားတို့၏ ယထာဘူတကျကျ တွေးခေါ်မြော်မြင်မှုကို အားပေးသောဝါဒ၊
* စူးစမ်းလေ့လာဆည်းပူးမှုကို အမြဲတမ်း ဖိတ်ခေါ်လျက်ရှိသောဝါဒ၊

* ဘဝလွတ်မြောက်ရေးအတွက် သစ္စာတရားကို ရှာဖွေရာ၌ နည်းလမ်းကောင်းကို ဖော်ထုတ်ညွှန်ပြပေးနေသောဝါဒ၊
* ကိုယ့်အားကိုယ်ကိုးလျက် စနစ်တကျ ကြိုးစားအားထုတ်ပါလျှင် ကောင်းကျိုးချမ်းသာများကို ကိုယ်တိုင်တွေ့မြင်ခံစားနိုင်ကြောင်း ညွှန်ပြလျက် မိမိကိုယ်ကို မိမိ အားကိုးစေသောဝါဒများ ဖြစ်ပါသည်။

* ယုံကြည်မှု သဒ္ဓါ
* အသိဉာဏ် ပညာ
* ကျင့်ကြံမှု စရဏ

ဤသုံးမျိုး အခြေခံသော ဗုဒ္ဓဝါဒတွင် အသိဉာဏ်ပညာနှင့် စရဏတို့မပါသော ယုံကြည်မှုသဒ္ဓါမျိုးကို ဗုဒ္ဓဝါဒက လက်မခံပါချေ။

အဘယ်ကြောင့်ဆိုသော် ယုံကြည်မှု သဒ္ဓါတရား အားကောင်း လမ်းမှန်နည်းကျ စူးစမ်းဝေဖန် မြော်မြင်တတ်သော ဉာဏ်ပညာနည်းပါး၊ ဉာဏ်ပညာမရှိသောသူသည် အချည်းအနှီးဖြစ်ခြင်း အလွဲကို ယုံကြည်တတ်သည်၊ မကြည်ညိုအပ်၊ မယုံကြည်အပ်သောအရာ၌ာနန္ဒ ကြည်ညိုတတ် ယုံကြည်တတ်သည် ဟု မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ၌ ဖွင့်ဆိုထားသောကြောင့် ယထာဘူတကျကျ ဝေဖန်တွေးခေါ် မြော်မြင်တတ်သော အသိ

ဉာဏ်မပါဘဲ ယုံကြည်မှုမျိုးကို ဦးစားပေးပါက၊ အမှားအယူမျိုး၌ ယုံကြည်မိသွားပါက တစ်သံသရာလုံး ဒုက္ခရောက်နေတော့မည်။

ထို့ပြင် ယုံကြည်မှု သဒ္ဓါတရားမပါသော အသိဉာဏ်မျိုးကိုလည်း ဗုဒ္ဓဝါဒက လက်မခံပါ။ အကြောင်းမှာ အသိဉာဏ်လွန်ကဲပြီး ယုံကြည်မှုသဒ္ဓါတရား အားနည်းသောသူသည် ကောက်ကျစ်သည့်စိတ်ဘက်သို့ ရောက်သွားတတ်သည်။ ဆေးကြောင့်ဖြစ်သော ဆေးလွန်ရောဂါကို ဆေးကု၍ မရနိုင်တော့သကဲ့သို့ဟူသော မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာအဖွင့်အရ ဝေဖန်စဉ်းစားတွေးခေါ်မှု လွန်ကဲပြီး ယုံကြည်မှု သဒ္ဓါတရား မရှိပြန်လျှင်လည်း ကောက်ကျစ်စဉ်းလဲသောစိတ်များ ဖြစ်လာတတ်သည်။

ကုသိုလ်ဆိုသည်မှာ စိတ်ထဲသိလျှင် ပြီးသည်၊ လက်တွေ့လိုက်နာကျင့်သုံး အားထုတ်နေစရာမလို စသည်ဖြင့် မှားယွင်းဖောက်ပြန်သော စိတ်ဓာတ်မကောင်းများ ဖြစ်ပေါ်လာတတ်သည်။

သဒ္ဓါနှင့်ပညာ တရားနှစ်ပါးတို့ ဟန်ချက်ညီညီ ယှဉ်တွဲဖြစ်နေရုံမျှနှင့် ဗုဒ္ဓဝါဒတွင် ပြီးပြည့်စုံပြီဟု မယူဆရသေးပါ။ သဒ္ဓါပညာရှိပြီး အကျင့်စရဏမရှိလျှင် လိုချင်သော ချမ်းသာကို မရနိုင်ပါ။ သဒ္ဓါနှင့် အသိပညာကို စရဏအကျင့်ဖြင့် ပံ့ပိုးပေးမှသာ ချမ်းသာစစ် ချမ်းသာမှန်ကို လက်တွေ့ခံစားရမည် ဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ဗုဒ္ဓဝါဒကို သက်ဝင်ယုံကြည်ပြီး ဆိုင်ရာသဘာဝဓမ္မတို့ကို ခွဲခြမ်းဝေဖန် သိမြင်ရုံမျှဖြင့် ကျေနပ်နှစ်သိမ့်မနေသင့်ပါ။ မိမိ၏ ကာယဉာဏ စွမ်းရည်များကို အသုံးချ၍ ကိုယ်တိုင်ကျင့်သုံး အားထုတ်နိုင်မှသာ လိုရာခရီး အပြီးရောက်နိုင်မည် ဖြစ်ပါသည်။

ဗုဒ္ဓဝါဒသည်ကား မိမိသည်သာ မိမိအားကိုးရာဖြစ်သည်။ တစ်ပါးသော တန်ခိုးရှင်၊ ဖန်ဆင်းရှင်၊ ဗြဟ္မဗိဿနိုး၊ ထာဝရဆိုသော ပုဂ္ဂိုလ်များသည် အဘယ်မှာလျှင် အားကိုးရာအားထားရာ ဖြစ်နိုင်မည်နည်းဟု ဘုရားရှင်က ဟောကြားခဲ့သည်။

ဤတရားတော်အရ –

"မိမိကိုယ်သာ မိမိ အားကိုးရမည်၊

မိမိတို့၏ ကာယစွမ်းရည်ကိုသာ အားကိုးရမည်၊

မိမိတို့၏ ကာယဉာဏ စွမ်းရည်မှတစ်ပါး အခြားကိုးကွယ်ရာ အားထားရာ ရှာရန်မဖြစ်နိုင်"

မိမိတို့၏ ကိုယ်ကျင့်တရားမှလွဲ၍ အခြားအားကိုးစရာ မရှိပါဟု အဖြေထုတ်ယူ ရရှိပါသည်။

ဤအချက်များကို သဘောပေါက် နားလည်ထားပြီး မိမိတို့၏သန္တာန် ထင်ရှားရှိနေသေးသော စိတ်–စေတသိက်ဟူသော နာမ်တရားတို့၏ စွမ်းရည်သတ္တိကို လွတ်လပ်စွာ အသုံးချပြီး ယထာဘူတကျကျ စဉ်းစားဝေဖန်သော အသိဉာဏ်တို့ဖြင့် ကျင့်ကြံအားထုတ်ရန်သာ လိုပါသည်။

ဗုဒ္ဓဝါဒသည် ကိုယ်အားကိုယ်ကိုးသောဝါဒ၊ လူသားတို့၏ အသိဉာဏ်အားလျော်စွာ ယထာဘူတကျကျ တွေးခေါ်ဝေဖန်မှု၊ သုံးသပ်မှုကို ခွင့်ပြုသော ဝါဒဖြစ်ကြောင်းကို ဗုဒ္ဓက ကောသလတိုင်းသား ကာလာမအမျိုးသားတို့ကို မိန့်ကြားခဲ့သော ဩဝါဒ (၁၀) ချက်က ထင်ရှားသက်သေခံနေပါသည်။

ဗုဒ္ဓ၏ ဤဩဝါဒများကို လေ့လာကြည့်လျှင် ဗုဒ္ဓသည် မိမိ၏ အယူဝါဒ အတွေးအခေါ်သည်သာ မှန်ကန်သည်ဟု မိမိကိုယ်ကိုယ် ချီးမြှောက်သည့်သဘောမရှိ။ သူတစ်ပါးရေးရာများကို ပုတ်ခတ်ဝေဖန်မှုမရှိကြောင်း တွေ့ရပါမည်။

မည်သည့်ဝါဒ၊ မည်သည့်လမ်းစဉ်မျိုးမဆို ယထာဘူတကျကျ တွေးတောဝေဖန် ဆန်းစစ်မှုမရှိဘဲ မျက်စိမှိတ် လက်ခံယုံကြည်မှုမျိုး မပြုလုပ်မိရန်နှင့် အကျိုးရှိ အကျိုးမဲ့သဘောကို ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ဆန်းစစ်ကာ အကျိုးရှိကို လက်ခံကျင့်သုံးပြီး အကျိုးမဲ့ကိုဖယ်ရန် လူတို့အား လမ်းညွှန်မှု ပြုခဲ့ပါသည်။

ထို့ကြောင့် ဗုဒ္ဓဝါဒသည် ဝေဖန်ပိုင်းခြားမှုကို အလေးထားသော၊ ကြောင်းကျိုးဆက်စပ်မှုကို အလေးထားသော သဒ္ဓါ၊ ပညာ၊ စရဏ သုံးချက်ညီကို ကျင့်သုံးလက်ခံသောဝါဒ ဖြစ်ပေသည်။

## ကမ္မဝါဒနှင့် ဖန်ဆင်းရှင်ဝါဒ ခြားနားမှု

ယနေ့ ကမ္ဘာပေါ်တွင်ရှိသော အယူဝါဒများကို လေ့လာလျှင် –

* အတိတ်ကံကိုစွဲယူသော – ပုဗ္ဗေကတဟေတုဝါဒ
* ဖန်ဆင်းရှင်ဝါဒ – ဣဿရနိမ္မာနဝါဒ
* ကြောင်းကျိုးမဲ့ဝါဒ – အဟေတုကပစ္စယဝါဒ
* မိမိပြုလုပ်ထားသော အလုပ်ကြောင့် ကောင်းဆိုးနှစ်တန် မိမိသာ ခံစားရသည်ဟူသော – ကမ္မဝါဒ

ဟူ၍ တွေ့ရပါမည်။

သတ္တဝါဟူသမျှသည် မိမိတို့ အတိတ်ဘဝက ပြုလုပ်ခဲ့သော ကံတစ်ခုတည်း အကြောင်းကြောင့်သာ ယခုဘဝ ချမ်းသာဆင်းရဲကို ခံစားနေရသည်ဟု ယူဆကြသည်။

ထိုအယူသည် ရှေးဟောင်းဗြာဟ္မဏတို့၏ ဝါဒအယူဖြစ်ပြီး ပစ္စုပ္ပန်၏ ဆောင်ရွက်မှု၊ ကြိုးစားအားထုတ်မှုကို မျက်ကွယ်ပြုထားသည်။

ဖန်ဆင်းရှင်ဝါဒသည် သိပ္ပံပညာ မထွန်းကားခင်နှင့် ဗုဒ္ဓဘာသာတရားများ မပေါ်ခင်က ဘာသာအားလုံး လက်ခံယုံကြည်ခဲ့သော ဝါဒကြီးဖြစ်သည်။ ယနေ့ခေတ်အထိ ဘာသာအချို့က လက်ခံယုံကြည်နေဆဲ ဖြစ်ပါသည်။

ယနေ့ခေတ် သိပ္ပံပညာ ထွန်းကားလာသည့်တိုင်အောင်ပင် မိမိတို့၏ အစဉ်အလာကို အရိုးစွဲ ကိုးကွယ်ယုံကြည်ခဲ့သော ဝါဒကြီးဖြစ်၍ ခေတ်ပညာနှင့်သိပ္ပံ အတွေးအခေါ်ရှိသူများပင် မိရိုးဖလာအနေဖြင့် လက်ခံကိုးကွယ်နေကြဆဲ ဖြစ်သည်။

ယနေ့ ဤကမ္ဘာပေါ်တွင် ထင်ရှားသော ဘာသာကြီးလေးခုအနက် ဗုဒ္ဓဘာသာမှတစ်ပါး ကျန်ဘာသာကြီးများသည် ဖန်ဆင်းရှင်ဝါဒကို အဓိကထားသော ဘာသာကြီးများ ဖြစ်သည်။

သိပ္ပံပညာရှင်တို့က ကမ္ဘာလောကကြီး တစ်ခုလုံးတွင် ဒြပ်နှင့်စွမ်းအားသာ ရှိသည်။ ထိုဒြပ်နှင့် စွမ်းအင်ကို မည်သူမျှ မဖန်တီးနိုင်၊ မည်သူမျှ မချေဖျက်နိုင်။ သက်ရှိသတ္တဝါတို့သည် ဒြပ်နှင့်စွမ်းအင်ကို အခြေပြု၍ ဖြစ်ပေါ်လာသည်ဟု လက်ခံထားကြသည်။

သတ္တဝါနှင့် ကမ္ဘာကြီးကို ဘုရားသခင်က ဖန်ဆင်းခဲ့သည်၊ တန်ခိုးရှင်တစ်ဦးက ဖန်ဆင်းခဲ့သည်၊ နတ်ဒေဝတာ ဗြဟ္မာကြီးက ဖန်ဆင်းခဲ့သည်ဟူသော အယူဝါဒကို သိပ္ပံပညာရှင်တို့က လက်မခံသလို ဗုဒ္ဓဘာသာကလည်း လက်မခံပါချေ။

လောကသဘာဝ ဟူသမျှတို့သည် အကြောင်းကြောင့် အကျိုးဖြစ်သည်။ အတိတ်၏ အကြောင်းကြောင့် အကျိုးဖြစ်ပေါ်သည်ဟူသော ကြောင်းကျိုးဆက်စပ်မှုကို သိပ္ပံနှင့် ဗုဒ္ဓဝါဒက လက်ခံသည်။

ကြောင်းကျိုးမဲ့ (အဟေတုကပစ္စယ) ဝါဒမှာလည်း သတ္တဝါနှင့် ဤကမ္ဘာလောက စကြဝဠာအနန္တတို့သည် အကြောင်းအကျိုး ဆက်သွယ်မှုမရှိဘဲ အလိုအလျောက် ဖြစ်ချင်သလို ဖြစ်လာခဲ့သည်။ လူတိုင်း အောင်မြင်မှုများ၊ တိုးတက်မှုများသည် အကြောင်းအကျိုးမရှိဘဲ၊ ဆက်သွယ်မှုမရှိဘဲ အလိုအလျောက်ဖြစ်ချင်သလို ဖြစ်လာကြသည်ဟု ဆိုပါသည်။

မိုးရွာမှုသည် ကြောင်းကျိုးရှိသည်။ လေတိုက်ခတ်မှုသည်လည်း ကြောင်းကျိုးရှိသည်။ မည်သည့်အရာမဆို ကြောင်းကျိုးဆက်စပ်မှု ရှိစမြဲဖြစ်သည်။

ဗုဒ္ဓ၏ ကမ္မဝါဒက ရှင်းပါသည်။ ကိုယ်, နှုတ်, စိတ်ကံသုံးပါးသည် လူတိုင်းတွင် ရှိနေကြသည်။ ကိုယ်အမူအရာသုံးမျိုးဖြင့် လူတို့သည် နာရီ၊ မိနစ်၊ စက္ကန့်မလပ် အလုပ်လုပ်နေကြသည်။ ပြုမူပြောဆို ကြံစည်နေကြသည်။

လူတစ်ဦး၏ ပြုမူပြောဆို ကြံစည်မှုသည် သူတစ်ပါးကိုထိခိုက်နစ်နာသွားစေလျှင် မကောင်းသောကံ၊ အကုသိုလ်ကံဖြစ်မည်။ အကုသိုလ်ကံကို ပြုလုပ်လျှင် မိမိလည်း မကောင်းကျိုးကို တုံ့ပြန်ခံစားရမည်။

လူတစ်ဦး၏ ပြုမူပြောဆိုကြံစည်မှုသည် သူတစ်ပါးကိုကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြစေလျှင် ကောင်းသောကုသိုလ်ကံဖြစ်မည်။ ကုသိုလ်ကံကို ပြုလုပ်လျှင် မိမိလည်း ကောင်းကျိုးချမ်းသာကို တုံ့ပြန်ခံစားရမည်။

ထိုကံများသည် သံသရာတစ်လျှောက် ဘဝများစွာ ပြု လုပ်ခဲ့သဖြင့် အတိတ်ကံ၊ ပစ္စုပ္ပန်ကံဟူ၍ ကွဲပြားသည်။

အတိတ်ကောင်းမှု ကုသိုလ်ကံကြောင့် လူ၊ နတ်၊ ဗြဟ္မာ ဟူသော ကောင်းသောဘဝများကို ရနိုင်သလို မကောင်းသော အတိတ်အကုသိုလ်ကံကြောင့် တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဟူသော ဆင်းရဲသောဘဝများသို့လည်း ရောက်နိုင်သည်။

ယနေ့ရှိ လူသာမန်တို့အဖို့ အတိတ်ကံကြောင့် ခြေလက် အင်္ဂါ စုံလင်သော လူအဖြစ်ကိုရခဲ့သည်။ အတိတ်ကံ ပြုခဲ့ဖူး သော ဒါန၊ သီလ အကျိုးတို့ကြောင့် ရုပ်ရည်သန့်ရှင်းလှပမှု၊ ဥစ္စာပစ္စည်း ပြည့်စုံမှု စသည်တို့ကို ရရှိခဲ့သည်။ အတိတ်က ပြုခဲ့သော ဒါန, သီလ အားနည်းမှုကြောင့် ရုပ်ရည်အဆင်းမလှပ ခြင်း၊ ပစ္စည်းဥစ္စာ ချို့တဲ့ခြင်းများ ရှိပါသည်။

ပြည့်စုံသူက ပြည့်စုံသထက် ပြည့်စုံအောင်၊ မပြည့်စုံသူ က ပြည့်စုံမှုရအောင် ဤပစ္စုပ္ပန်ဘဝတွင် အသိနှင့်ယှဉ်၍ ကြိုး စားဆောင်ရွက်ကြရမည့်တာဝန် ရှိပါသည်။ ကံ, ဉာဏ်, ဝီရိယ သုံးပါးညီပြီး ဆောင်ရွက်လျှင် ပစ္စုပ္ပန်ဆောင်ရွက်မှုများ အား ကြီးလာပါက ပစ္စုပ္ပန်တွင်လည်း အကျိုးခံစားရပါမည်။ အနာ ဂတ် တမလွန်ဘဝတွင် အကျိုးခံစားရမည်။ ယခု ပစ္စုပ္ပန် ပြု လုပ်ခဲ့မှုသည် နောင်ဘဝအတွက် အတိတ်ကံ ဖြစ်ပေမည်။

ဗုဒ္ဓ၏ ကမ္မဝါဒမှာ ဉာဏ်၊ ဝီရိယ ညီမျှစွာ ဆောင်ရွက် ၍ဖြစ်စေ၊ လူ့ဘဝတွင် နေ့စဉ်နှင့်အမျှ တွေ့ကြုံနေရသော

ဆင်းရဲချမ်းသာ ကွာခြားမှု၊ ရုပ်ရည်အဆင်း ကွာခြားမှု၊ ပညာတတ်မတတ် ကွာခြားမှု၊ ဥစ္စာခနေကြွယ်ဝခြင်း ကွာခြားမှု စသော ကွာခြားမှုများသည် လူ့ဘဝ ကြောင်းကျိုးဆက်နွယ်မှုကြောင့် ဖြစ်သည်။

ကမ္မဝါဒသည် အလုပ်ဝါဒ ဖြစ်သည်။ လူ့လောကကို အကောင်းဘက်ကလည်းမကြည့် အဆိုးဘက်ကလည်း မကြည့်သော ဝါဒမဟုတ်ပါ။ မိမိဖြစ်ချင်သည်ကို မိမိပြုလုပ်မှရသည်။ မိမိပြုလုပ်သော အရာများသည် မိမိနောက်သို့ အရိပ်ပမာလိုက်ပါသည်။ အမှားအမှန်ကို ဝေဖန်ပိုင်းခြားသော (ဝိဘဇ္ဇ) ဝါဒ ဖြစ်သည်။

ထို့ကြောင့် ယနေ့ လူသားတို့သည် မိမိတို့ ဘာဖြစ်ချင်သနည်း။ ဖြစ်ချင်တာကို ကံ, ဉာဏ်, ဝီရိယယှဉ်၍ လုပ်ရန်သာဖြစ်သည်။ မည်သူက ပေးမည်၊ ကူညီမည်၊ ဖန်ဆင်းပေးမည်ကို မျှော်နေ၍ရမည် မဟုတ်ပါ။

မိမိကိုယ်ကိုသာ အားကိုလုပ်ဆောင်၍ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဘဝ သံသရာတစ်လျှောက် ချမ်းသာပြည့်စုံရေး၊ လွတ်မြောက်ရေးကို ကြိုးစားရမည် ဖြစ်ပါသည်။

# ဆုတောင်းပြည့်ရန် နည်းလမ်းမှန်သင်ပေးပါ

ကမ္ဘာပေါ်ရှိ ကိုးကွယ်မှု ဘာသာတိုင်းတွင် ရှိခိုးဆုတောင်းမှုရှိကြ၍ ထိုဆုတောင်းမှုသည် မိမိတို့ ကိုးကွယ်သော သာသနာအတွက် အရေးကြီးသော သော့ချက် ဖြစ်ပါသည်။

ဆုတောင်းပတ္ထနာပြုလျှင် ဆုတောင်းရကျိုး မင်္ဂလာဆုလာဘ်ကို ရနိုင်သည်ဟု ကိုးကွယ်သူတိုင်းက ယုံကြည်ထားတတ်ကြပါသည်။ အားကိုးတကြီး မျှော်လင့်တောင့်တတတ်ကြပါသည်။

ဆုတောင်းပတ္ထနာ ပြုသောအခါ မကောင်းသော ဘေးဒုက္ခ အန္တရာယ်အမျိုးမျိုးမှ ကင်းလွတ်ပါစေကြောင်း၊ လွတ်မြောက်ပြေငြိမ်းပါစေကြောင်း၊ အန္တရာယ်အပေါင်းမှ ကျော်လွှားနိမ်နင်းနိုင်ပါစေကြောင်းကို အများအားဖြင့် ဆုတောင်းကြလေ့ရှိကြပါသည်။

တစ်ဖန် ကောင်းကျိုးချမ်းသာ မင်္ဂလာရှိသော ဆုထူးလာဘ်ထူးကို ရလိုပါကြောင်းကိုလည်း ထပ်လောင်း ဆုတောင်းတတ်ကြပါသည်။

သို့သော် များသောအားဖြင့် ဆုတောင်းခြင်းများသည် ဗုဒ္ဓဘာသာ အယူအဆအရ သရဏဂုံတည်ခြင်း၊ ငါးပါးသီလစသော သီလနှင့်ပြည့်စုံခြင်း၊ မှန်သောအယူရှိခြင်း (သမ္မာဒိဋ္ဌိ) အပေါ် အခြေခံ အမှီသဟဲပြုထားပါသည်။ မှန်သောအယူ အခြေခံ

ရှိရင်းစွဲ ဗြာဟ္မဏဝါဒကိုလည်း အချို့သော သမဏ၊ အာဇီဝကနှင့် ပရိဗိုဇ်များသည် မြို့ရွာစဉ် လှည့်လည်လျက် ရိုးရာယဇ်ပူဇော်မှု ဗြာဟ္မဏဝါဒကို အပြင်းအထန် တိုက်ခိုက်လာကြသည်။

ရှိရင်းစွဲ ဗြာဟ္မဏဝါဒနှင့် တိတ္ထိဆရာကြီးတို့၏ အယူဝါဒကို လေ့လာသုံးသပ်ကြည့်လျှင် ဗုဒ္ဓမပွင့်ပေါ်မီနှင့် ပွင့်စခေတ်က လူသားများ၏ အယူဝါဒရေးရာ မည်မျှတွေဝေစရာ ဖြစ်နေသည်မှာ ထင်ရှားလှပါသည်။

ဂေါတမဘုရားသည် ထိုသို့သောကမ္ဘာ့အခြေအနေ၊ ဤသို့သော ပတ်ဝန်းကျင်၌ ပွင့်တော်မူလာခဲ့ပြီး ဦးစွာပထမ ဓမ္မစကြာနှင့် အနတ္တလက္ခဏ သုတ်တော်ကို ဟောကြားပြီး ကမ္မဿကတဉာဏ်ကို အခြေခံ၍ သစ္စာလေးပါး အထွဋ်တင်သော အနတ္တဝါဒကို ဖော်ထုတ်ခဲ့သည်။

ကိုယ်တော်တိုင် ထိတွေ့ခဲ့သော ဝဲယာအစွန်းလမ်းနှစ်ခုကို ဖယ်ရှားကာ မဇ္ဈိမပဋိပဒါ မဂ္ဂင်ရှစ်ပါးအကျင့် လမ်းစဉ် (သီလ၊ သမာဓိ၊ ပညာ) ကိုပါ ညွှန်းပြတော်မူသည်။

ဂေါတမဗုဒ္ဓက သတ္တဝါတိုင်း သိနိုင်သော၊ သတ္တဝါတိုင်း ရင်ဆိုင်နေရသော၊ မငြင်းနိုင်သော နိယာမဒုက္ခကြီး ၇ မျိုးဖြစ်သည်။

ဂေါတမဘုရားကား ထုတ်ဖော်ပေးသူသာဖြစ်၍ တီထွင် ဟောပြောသူ မဟုတ်ပါချေ။ ရှေးရှေး ဘုရားရှင်များသည်လည်း အလားတူပင် သဘာဝအမှန်တရားကို ဖော်ထုတ်ပေးခဲ့ကြသူများ သာ ဖြစ်ကြပါသည်။

ထို့ကြောင့် ဂေါတမဗုဒ္ဓ၏ တရားများသည် ဘုရားပွင့် လာမှ ပေါ်လာခဲ့သော တရားများ မဟုတ်ခဲ့ပါ။ ထိုတရားများ သည် အခြားပုဂ္ဂိုလ်များ ဟောကြားသကဲ့သို့ ကြံဆတွေးခေါ်၍ ဟောကြားသော အတွေးအခေါ်များလည်း မဟုတ်ပါ။ ကိုယ်တိုင် ထိုးထွင်းသိမြင်ကာ ဟောထားသော တရားများချည်းသာ ဖြစ်ပါ သည်။

ထို့ကြောင့် ဂေါတမဗုဒ္ဓ၏ တရားများကို ချဉ်းကပ်ရာ ဝယ် အတွေးအခေါ်ဖြင့် ချဉ်းကပ် မရပါ။ လက်တွေ့လိုက်နာ ကျင့်သုံးခြင်းဖြင့်သာ ချဉ်းကပ်ရပေသည်။ တရားကို လက်တွေ့ လိုက်နာကျင့်သုံးရာတွင်လည်း ကိုယ်တိုင် အားထုတ်ယူရသည်။

ဘုရားက ရစေသတည်းဟုဆို၍မရ၊ ကူညီလုပ်ကိုင်ပေး၍ မရချေ။ ကိုယ့်အားကိုယ်ကိုး ကြိုးစား၍ ကိုယ် လွတ်မြောက်မှု ကို ကိုယ်တိုင်လုပ်ယူမှ ရလေသည်။

ဘုရားရှင်ဟူသည် နည်းပေးလမ်းညွှန်သူသာ ဖြစ်သည်။

"မည်သည့်အရာမဆို ဘုရားရှင်က တာဝန်ယူသည်၊ အာမခံသည်ဟု ဆိုကြွားအံ့၊ အသိဉာဏ်မဲ့သူများ ဝမ်းပါ

ရုံမျှသာဖြစ်၍ ထိုအဆိုပြုချက်ကို သဘာဝတရားက လက်မခံပါချေ”

သားသမီး ကျူးလွန်မှု ပြစ်ဒဏ်ကို အဘယ်မိဘကမျှ ကိုယ်စားကျခံခြင်း ဖယ်ရှားခြင်း ပြုနိုင်ပါအံ့နည်း။

ဂေါတမမြတ်စွာဘုရားက သဘာဝအရှိအတိုင်းကို ထုတ်ဖော်လမ်းညွှန်သူသာဖြစ်သဖြင့် သဘာဝတရားက လက်မခံသော အာမခံချက်မျိုးကို ပေးတော်မမူခဲ့ချေ။

ဂေါတမဗုဒ္ဓက မိန့်ကြားခဲ့သည်။

“ချစ်သားတို့– သင်တို့သည် မိမိကိုယ်ကို ကိုင်းကျွန်းပမာ ဆောက်တည်မှီခိုရာပြု၍ နေကြကုန်လော့၊ မိမိကိုယ်ကို ကိုးကွယ်ရာပြု၍ နေကြကုန်လော့၊ မိမိမှတစ်ပါး အခြား တစ်စုံတစ်ရာ ကိုးကွယ်ရာမထားမူ၍ နေကြကုန်လော့။

“ချစ်သားတို့ သင်တို့၏ လွတ်မြောက်မှုအတွက် သင်တို့ ကိုယ်တိုင် ကြိုးစားအားထုတ်အပ်၏။ ဘုရားရှင်တို့မည်သည် လမ်းညွှန်ဟောကြားရုံသာ ဟောပြတော်မူ၏”

ဤသည်မှာ ဂေါတမဗုဒ္ဓ၏ အဓိကလမ်းညွှန်ချက် ဖြစ်ပါသည် (ဝါ) ဂေါတမဗုဒ္ဓ၏ ဝါဒလမ်းစဉ်ပင် ဖြစ်ပါသည်။

ရှေးအခါက လူတို့သည် ကံနှင့် ကံ၏အကျိုး ကိုယ်ကျင့်သိက္ခာများ ပြောဆိုကျင့်သုံးခဲ့ကြသော်လည်း လမ်းပြသူကို

အရောင်အမျိုးမျိုး ရသာအဖုံဖုံရှိသော ချောင်း၊ မြောင်း၊ မြစ်ကြီး၊ မြစ်ငယ် အသွယ်သွယ်မှ စီးဆင်းလာသော ရေများသည် သမုဒ္ဒရာထဲသို့ ရောက်သည့်အခါ ကွဲပြားမှုမရှိ တစ်သွေးတစ်ရောင်တည်း အရသာတစ်မျိုးတည်းသာ ဖြစ်ရသကဲ့သို့ ဓမ္မအရသာကို ခံစားရရှိသူ မှန်သမျှ အသွေးအရောင် အဆင့်အတန်း ခွဲခြားမှု မရှိတော့ချေ။

ထိုအရာသည်ပင် ဓမ္မဖြစ်၍ ဓမ္မသည် မကျဉ်းမြောင်း ကျယ်ပြောသည်။ အသွေးအရောင် မကွဲပြား၊ တစ်သားတည်း ဖြစ်သည်။

ကွဲပြားသောအရာတို့ စုပေါင်းညီညွတ်ခြင်းသည်ပင်လျှင် တည်ငြိမ်ကြီးမားသော အားဖြစ်လာရသည်။

ဗုဒ္ဓက တစ်ယောက်နှင့်တစ်ယောက် မကောက်ကျစ်၊ မစဉ်းလဲနှင့်၊ အချင်းချင်း အထင်မသေးနှင့်၊ တစ်ဦးနှင့်တစ်ဦး ထိပါးပုတ်ခတ်ကာ တစ်ဖက်သား ဒုက္ခရောက်မည်ကို မလိုလားနှင့်ဟု လူအချင်းချင်း စာနာထောက်ထား တရားထားရန် လမ်းညွှန်ခဲ့သည်။

ဗုဒ္ဓဂေါတမသည် ငါ့ဟာမှ အမှန်, ကျန်တာ အမှားဟူ၍ ခံယူနေကြသော သတ္တလောကကြီးအတွင်းဝယ် ဂေါတမဗုဒ္ဓက မယုံလျှင် လာလှည့် စူးစမ်းလှည့်ဟု ကြွေးကြော်ဆိုလက်ကမ်းပြီး လမ်းဖွင့်ပေးသော ဝါဒကျင့်သုံးခဲ့သည်။

မိမိ လက်ခံသောတရား မှန်, မမှန် စူးစမ်းလေ့လာခွင့်၊ စဉ်စားဆင်ခြင်ခွင့်ကို အပြတ်ခွင့်ပြုထားသည်။

ဘာသာအယူဝါဒ အမျိုးမျိုးတို့ကြားဝယ် နားထောင် နားယောင်နေခဲ့ကြသော ကာလာမအမျိုးသားတို့အား ဟောကြားလမ်းညွှန်ခဲ့သော ကေသမုတ္တိသုတ်သည် ဘာသာအယူဝါဒရေးရာနှင့် စပ်၍စံထားအပ်သော ဂေါတမဗုဒ္ဓ၏ ဝေဖန်ပိုင်းခြားမှုကို ခွင့်ပြုသောစံကို တွေ့ရပါသည်။

ဘုရားရှင်သည် ကာလာမင်းသားတို့နေရာ ကေသမုတ္တိနိဂုံးရွာသို့ရောက်စဉ် ထိုရွာသားများက –

"မြတ်စွာဘုရား၊ ကေသမုတ္တိနိဂုံးရွာသို့ ရောက်လာသမျှသော ရဟန်းပုဏ္ဏားတို့သည် မိမိတို့အယူဝါဒသာ ကောင်းမွန်မှန်ကန်ကြောင်း ဂုဏ်သတင်းပြောဆို၍ အခြားသူတို့ဝါဒများ မှားယွင်းကြောင်း ထိပါးပုတ်ခတ် ကဲ့ရဲ့၍ ပစ်ပယ်ပြောဆိုကြပါသည်။ တပည့်တော်တို့သည် ထိုသူတို့၏ စကားကို ကြားနာရသဖြင့် မည်သူ၏ဝါဒသည် အစစ်အမှန်ဖြစ်၍ မည်သူ၏ဝါဒသည် မှားယွင်းကြောင်း မဝေခွဲနိုင်အောင် ဖြစ်နေရပါသည်၊ အားလုံးသော အယူဝါဒများအပေါ်၌ ယုံမှားသံသယ ဖြစ်နေရပါသည်"

ထိုအခါ မြတ်စွာဘုရားက –

အပ်သော တရားတို့တည်း၊ ဤတရားများကို လက်ခံကျင့်သုံးခဲ့သော် အကျိုးမဲ့ဖြစ်မည်၊ ဆင်းရဲဒုက္ခရောက်မည်ဟု သင်တို့ကိုယ်တိုင် သိရှိအံ့၊ ထိုတရားများကို ပယ်ရှားကြရမည်”

တစ်ဖန် မြတ်စွာဘုရားသည် ကာလာမမင်းသားတို့အား တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း၊ တွေဝေမိုက်မဲခြင်း သဘောတရားများကို ကိုယ်တိုင် ခံစား၍၊ စဉ်းစား၍ ကိုယ်တိုင် ဖယ်ရှားနိုင်ကြရန် အဆင့်ဆင့် မေးခွန်းထုတ်ကာ အောက်ပါအတိုင်း ဆက်လက်၍လည်း အကျယ်ဟောပြောတော်မူသည်။

“အို ... ကာလာမမင်းသားတို့၊ လောဘတရား၊ ဒေါသတရား၊ မောဟတရားတို့ မိမိသန္တာန်၌ ဖြစ်ပေါ်လာသည်ရှိသော် အကျိုးစီးပွားကို ဖြစ်ပေါ်စေသလော၊ အကျိုးမဲ့ကို ဖြစ်ပေါ်စေသလော၊ လောဘကြီးသောသူ၊ ဒေါသကြီးသောသူ၊ မောဟကြီးသောသူ၊ လောဘ, ဒေါသ, မောဟ လွှမ်းမိုးခံရသူတို့သည် သူတစ်ပါး အသက်ကိုလည်း သတ်ဖြတ်ကြ၏။ သူတစ်ပါးဉစ္စာကိုလည်း ခိုးယူကြ၏။ သူတစ်ပါး သားမယားကိုလည်း ကျူးလွန်စော်ကားကြ၏။ လိမ်ညာ၍လည်း ပြောဆိုကြ၏။ အခြားသူများကိုလည်း ထိုကဲ့သို့ ကျူးလွန်ရန် တိုက်တွန်းကြ၏။ ဤလောဘ၊ ဒေါသ၊ မောဟ အကုသိုလ်တရားတို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးမဲ့ကို ဖြစ်စေတတ်၏။ ဆင်းရဲဒုက္ခကို ဖြစ်စေတတ်ကုန်၏။

"အို ...ကာလာမမင်းသားတို့၊ လောဘ, ဒေါသ, မောဟ တရားတို့သည် ကုသိုလ်တရားတို့လော၊ အကုသိုလ်တရားတို့ လော၊ အပြစ်ရှိသော တရားတို့လော၊ အပြစ်မဲ့သော တရားတို့ လော၊ ပညာရှိတို့ ချီးမွမ်းအပ်သလော၊ ကဲ့ရဲ့အပ်သလော၊ အကု သိုလ်တရားကို ပြုလုပ်မိခဲ့ကြသည်ရှိသော် အကျိုးမဲ့ ဆင်းရဲဒုက္ခ ကို ဖြစ်စေတတ်ကုန်သည် မဟုတ်ပါလော။

ဤနေရာ၌ သင်တို့ အဘယ်သို့ ထင်မြင်ယူဆကြရ သနည်း။

"အို ... ကာလာမမင်းသားတို့၊ ဤသို့လျှင် တစ်ဆင့်ကြား မှုဖြင့်လည်း လက်မခံကြကုန်လင့်၊ သင်တို့ကိုယ်တိုင် သိခဲ့သော အကုသိုလ်တရားတို့ကို ဖယ်ရှားကြကုန်လော့ဟူသော စကားကို ထို့ကြောင့်ပင်လျှင် ငါဟောကြားခြင်းဖြစ်၏။"

ဂေါတမဘုရားရှင်သည် လောဘ, ဒေါသ, မောဟတို့၏ ဆန့်ကျင်ဘက် အလောဘ, အဒေါသ, အမောဟ တရားများ သည် အပြစ်ကင်း၍ ပညာရှိများ ချီးမွမ်းကြသော ကုသိုလ် တရားများဖြစ်၍ ကံငါးပါး မလွန်ကျူးတော့သဖြင့် ကောင်း ကျိုးချမ်းသာ ဖြစ်ပွားစေပုံ၊ ထိုတရားများနှင့် ပြည့်စုံအောင်နေ သင့်ပုံတို့ကို မေးခွန်းထုတ်ကာ ဆက်လက်ဟောကြားခဲ့ပါသည်။

ဂေါတမဘုရားရှင်သည် အခြေခံဖြစ်သော ကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးအပြစ်နှင့် ထိုမှမြစ်ဖျားခံလာသော ကံ

၌ပင်လျှင် ဘေးရန်ကြောင့်ကြမရှိ ကိုယ်ရောစိတ်ပါ ချမ်းသာစွာ နေထိုင်ရပေသည်ဟူသော ဒုတိယ အားကိုးရာ၊ သက်သာရာ၊ ထောက်တည်ရာကို ရနိုင်သည်။

၃။ အကယ်၍ မကောင်းမှုကိုပြုခဲ့မိ၍ မကောင်းကျိုး ခံစားရမည်ဖြစ်အံ့၊ ငါသည် ထိုမကောင်းမှုကို မပြုလုပ်ခဲ့သည့်အတွက် ငါ့အား မကောင်းကျိုးသည် အဘယ်မှာလျှင် ဖြစ်နိုင်တော့အံ့နည်းဟူသော တတိယ အားကိုးရာ၊ သက်သာရာ၊ ထောက်တည်ရာ ရနိုင်သည်။

၄။ အကယ်၍ မကောင်းမှုကို ပြုခဲ့မိသော် ပြုရာမရောက် မကောင်းကျိုးကို မခံစားရ၊ မကောင်းကျိုးဟူ၍ မရှိနိုင်ဖြစ်အံ့၊ ငါသည် (ထိုမကောင်းမှုကို မပြုလုပ်ခဲ့သောကြောင့်လည်းကောင်း၊ ထိုအယူဝါဒအရလည်းကောင်း) နှစ်မျိုးစလုံးအရလည်းကောင်း အပြစ်ကင်းစင်သူ ဖြစ်ရပေသည်ဟူသော စတုတ္ထ အားကိုးရာ၊ သက်သာရာ၊ ထောက်တည်ရာကို ရနိုင်ပေသည်။

ဤသုတ်ကို ဟောကြားအပြီးတွင် ကာလာမအမျိုးသားတို့သည် ရတနာသုံးပါးကို ကိုးကွယ်သော ဗုဒ္ဓဘာသာဝင်များ ဖြစ်လာခဲ့ကြသည်။

မပါလျှင် လောကီအကျိုးကိုသာ မျှော်ကိုးခြင်းကြောင့် သံသရာဝဋ်ဆင်းရဲမှာပင် တဝဲလည်လည် ဖြစ်နေတတ်ပါသည်။

အယူမှန်အခြေခံရှိပြီး ဆုတောင်းမှသာလျှင် သံသရာမှ လွတ်မြောက် မဂ်ပေါက်၊ ဖိုလ်ဝင် နိဗ္ဗာန်ရောက်နိုင်ပါသည်။

ကောင်းမှုပြုလုပ်မှု၊ မကောင်းမှုပြုလုပ်မှုကိုလည်းကောင်း၊ ထိုကောင်းမှု မကောင်းမှု ပြုလုပ်မှု၏ အကျိုးရရှိပုံ၊ အပြစ်ရရှိပုံတို့ကို ယုံကြည်မှုရှိခြင်းသည် မှန်သောအမြင် ဖြစ်ပါသည်။ ဤမှန်သောအမြင်ဖြင့် ဆုတောင်းလျှင် ဆုတောင်းသောအကျိုး ပြည့်စုံနိုင်ပါသည်။

ဆုတောင်းခြင်းဟူသည် မိမိ လိုအပ်သောအကျိုးကို စိတ်ဖြင့်မှန်းဆ၍ဖြစ်စေ၊ နှုတ်ဖြင့်တမ်းတ၍ဖြစ်စေ တောင်းဆိုခြင်း ဖြစ်သည်။ အဘိဓမ္မာတရားကိုယ်အားဖြင့် ဆန္ဒစေတသိက် ဖြစ်ပါသည်။

ယင်းသို့ ဆုတောင်းရာတွင် တောင်းသောဆုကို ပေးမည့်သူမှာ ဗုဒ္ဓလည်းမဟုတ်၊ ထာဝရဘုရားလည်းမဟုတ်၊ အလ္လာအရှင်မြတ်လည်းမဟုတ်၊ မိမိ ပြုလုပ်ခဲ့သော ကောင်းမှုအလုပ်သာလျှင် ဖြစ်သောကြောင့် ဆုကိုတောင်းရုံသာတောင်း၍ မရနိုင်ပါ။ ကောင်းမှုကုသိုလ်ကိုလည်း ပြုလုပ်မှသာ တောင်းဆုကို တောင်း၍ရနိုင်သည်ကို သိထားကြရန် လိုအပ်ပါသည်။ ဗုဒ္ဓက မိမိကိုယ်ကိုမိမိ ကယ်တင်နိုင်ရန် မိမိကိုယ်ကိုမိမိ လိုသလို ဖန်ဆင်းနိုင်သော နည်းလမ်းများကိုသာ ညွှန်ပြပေးခဲ့ပါသည်။

အရာရာကို ဘုရားရှင်က ဖန်ဆင်းပေးသည်ဟု ယုံကြည်ယူဆသူတိုင်း ဆုတောင်းခြင်း၌ကား ဆုပေးမည့်သူမှာ သီးခြားဖြစ်၍ ဖန်ဆင်းရှင် ဘုရားသခင်ဟူ၍ ရှိသည်။ မိမိဘာသာ မိမိအလိုကျ ဖန်ဆင်းရယူနိုင်ခြင်းမရှိ၊ ဖန်ဆင်းရှင် ဘုရားသခင်က ဖန်ဆင်းပေးမှသာ ရနိုင်သောကြောင့် ဘုရားရှင်ထံ အသနားခံ၍ တောင်းယူရပါသည်။

မိမိလိုအပ်သောဆုကို ဘုရားရှင်က တောင်းပေး၍ မရနိုင်ကြောင်းကို အသိဗန္ဓကဏ်သား ရွာသူကြီးတစ်ဦးကို ဘုရားရှင်က လမ်းညွှန်ဟောကြားခဲ့ပါသည်။

"သူ့အသက်သတ်ခြင်း စသောဒုစရိုက်များကို လုပ်ကိုင်၍ သေသောသူအတွက် လူအများက စုပေါင်း၍ နတ်ပြည်ရောက်ပါစေဟု ဆုတောင်းပေးသော်လည်း ရေ၌မြုပ်နေသော ကျောက်ခဲကို ကမ်းပေါ်တက်ပါစေဟု ဆုတောင်း၍ မရသကဲ့သို့ မရနိုင်ပါချေ"

"သုစရိုက်ကောင်းမှုပြုလုပ်ပြီး သေသွားသူအတွက် အပါယ်ငရဲကျပါစေဟု ဆုတောင်းပေးသော်လည်း ထောပတ်အိုးကို ရေ၌ချသောအခါ ရေပေါ်ဝေ့လာသော ထောပတ်ဆီများကို နစ်မြုပ်ပါစေဟု ဆုတောင်း၍နေသကဲ့သို့ ဖြစ်သည်"

ဟု မိန့်ကြားခဲ့ပါသည်။

ထို့ပြင် ဆရာအစဉ်အဆက်ကပင် ဖန်ဆင်းရှင်ကို မြင်လည်းမမြင်ဖူး၊ မည်သည့်နေရာ၌ရှိသည်ဟူ၍ မသိပါဘဲလျက် ထိုဖန်ဆင်းရှင်နေရာ ဘုံဗွာနသို့ရောက်ရန် ကျင့်ကြံနေခြင်း၊ ဆုတောင်းနေခြင်းသည် မည်သည့်အရပ်အမောင်းရှိ၍ မည်သည့်အမျိုးအနွယ် အမည်နာမ ရှိသည်ကို၊ မည်မျှလှပသည်ဟု မသိမမြင်ဖူးသော စိတ်ကူးယဉ်အလှမယ်ကို လိုချင်နေသူကဲ့သို့လည်းကောင်း၊

မည်သည့်အရပ်၌ မည်သို့ဆောက်လုပ်ထားသည်၊ မည်မျှနိမ့်သည်၊ မြင့်သည်ဟု မသိရသော အဆောက်အအုံကြီးကို ထောင်ပြီးတက်ရန် လှေကားပြုလုပ်နေသူကဲ့သို့ လည်းကောင်း၊

ဟိုမှာဘက်ကမ်းကြီးကို ဒီမှာဘက်ရောက်ပါစေဟု ဆုတောင်းနေသူကဲ့သို့လည်းကောင်း အကြောင်းယုတ္တိ မရှိပါချေဟု ဘုရားရှင်က လမ်းညွှန်ခဲ့ပါသည်။

ယုံကြည်ချက်၊ ဓွဲ၊ လုံ့လ၊ ဆန္ဒ မည်မျှပင် ကြီးမားထက်သန်စေကာမူ မိမိဆန္ဒကသာ ချမှတ်ပေးထားသော ပန်းတိုင်သည် အမှန်တကယ်ရှိသော ပန်းတိုင် မဟုတ်သောကြောင့် လိုအပ်သောအကျိုးကို မည်သည့်အခါမျှ ပြီးစီးနိုင်မည် မဟုတ်ပါချေ။

လောကဝယ် တစ်ရာတန်ပစ္စည်းကို လိုချင်လျှင် တစ်ရာကျပ်၊ တစ်သောင်းတန်ပစ္စည်း လိုချင်လျှင် တစ်သောင်းတန်ကျပ်စသည်ဖြင့် တန်ရာတန်ကြေး ပေးယူမှရသကဲ့သို့ ဆုတောင်းရာ၌လည်း တောင်းသောဆုနှင့်တန်အောင် ကုသိုလ်ကောင်းမှု ပြု

လုပ်မှသာလျှင် လိုအပ်သလောက် ရနိုင်သည်။ ငွေတစ်ကျပ်ပေးပြီး တစ်သိန်းတောင်း၍ မရနိုင်ပါချေ။

ဘုရားရှင်သော်မှ ဘုရားဖြစ်ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီ ကောင်းမှုကုသိုလ်တို့ကို ပြုစုလုပ်ခဲ့ရပါသည်။

တစ်ဖန် ကုသိုလ်ကောင်းမှုကို ပြုလုပ်ပြီး ဆုမတောင်းခဲ့ပြန်လျှင်လည်း အကျိုးရရှိမှု မသေချာနိုင်သောကြောင့် ကုသိုလ်ကောင်းမှု တစ်ခုခုပြုတိုင်း ဆုကိုလည်း တောင်းရပါသည်။

ဥပရိပဏ္ဏာသ အဋ္ဌကထာ သင်္ခါရုပတ္တိသုတ်၌ –

"အကြင်ပုဂ္ဂိုလ်အား သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာသာရှိ၍ ဆုတောင်းခြင်းမရှိပါက ထိုပုဂ္ဂိုလ်အား ကောင်းကင်သို့ ပစ်လွှတ်လိုက်သော လှံတံသည် အရင်း၊ အဖျား၊ အလယ်အားဖြင့် ဤသုံးပါးတွင် ကျချင်ရာ ကျနိုင်သကဲ့သို့ အကျိုးရမှု မသေချာ၊ ဆုကိုသာတောင်း၍ တရားငါးမျိုးမရှိလျှင်လည်း အကျိုးရမှု မသေချာ၊ တရားငါးမျိုးရှိ၍ ဆုကောင်းတောင်းသူအားသာလျှင် သေချာပေါက် အကျိုးရနိုင်သည်။ ထို့ကြောင့် ကုသိုလ်ကောင်းမှု တစ်စုံတစ်ခု ပြုတိုင်း ဆုမတောင်းဘဲ မနေသင့်"

ဟူ၍ ဟောတော်မူခဲ့ပါသည်။ ယင်းကိုထောက်ဆ၍ ကုသိုလ်ကောင်းမှုလည်းပြု ဆုလည်းတောင်းပါ။ သို့မှသာ လိုရာဆန္ဒအကျိုးစီးပွားများ အလိုကျတိုင်း သေချာပေါက် ပြီးစီးနိုင်မည်ဟု ဆိုပါသည်။

ကောင်းမှုကုသိုလ်ဆိုရာဝယ် ဆုတောင်းမှုကို ပြီးစီးပြည့်စုံစေနိုင်သော အဓိကအချက်မှာ သီလရှိသူသည် စင်ကြယ်သောသူဖြစ်သောကြောင့် မိမိ တောင့်တတိုင်း ပြည့်စုံနိုင်သည်ဟု ဆိုပါသည်။

ဤသီလကို စိတ်တည်ကြည်မှု (သမာဓိ) နှင့် ထိုးထွင်းသိမြင်မှု ပညာနှစ်ပါးတို့ဖြင့် အဆင့်ဆင့် မွမ်းမံထုံပေးနိုင်ပါက အကျိုးသည် ဆိုဖွယ်ရာမရှိ သာ၍ပင် ပြည့်စုံပြီးစီးနိုင်သည်ဟု ဆိုပါသည်။

ထို့ကြောင့် သမထ ဝိပဿနာတရား အားထုတ်ဆဲဖြစ်သော သူတော်စင်များနှင့် အားထုတ်ပြီးသော အရိယာအရှင်တို့၏ ဆုတောင်းခြင်းမှာ ပို၍ပင် မြင့်မြတ်စင်ကြယ်ပါသည်။ တွယ်တာမှုကင်းသော သီလဖြစ်၍ လိုတိုင်းရ တ,တိုင်းပြည့်နိုင်ပါသည်။

မိမိအလိုရှိရာဆုကို မိမိဘာသာ တောင်းယူခြင်းသာ ပို၍သဘာဝကျနိုင်ပါသည်။ မဂ်ဖိုလ်နိဗ္ဗာန်ရ,ရပါလို၏ ဆုတောင်းရခြင်းသည် နိဗ္ဗာန်ရောက်အောင် အားထုတ်ပါမည်ဟု မိမိကိုယ်ကိုဝန်ခံကတိပေးနေခြင်းဖြစ်သည်ဟု သတိပြုရန် လိုအပ်ပါသည်။

ဗုဒ္ဓသာသနာပြုလုပ်ငန်းကို ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များသည် ဘာသာဝင်တို့၏ ဆုတောင်းမှုကို ကွဲပြားခြားနားနားလည်အောင် ဟောပြောလမ်းညွှန်ပြနိုင်ရန် လိုအပ်ပါသေးသည်။

# နိုင်ငံသားတိုင်း မွေးမြူရမည့် စိတ်ဓာတ်ရှိပါစေ

ဤကမ္ဘာလောကရှိ တိုင်းပြည်အသီးသီးနှင့် လူမျိုးအသီးသီးတို့သည် မိမိတို့၏ နိုင်ငံနှင့်လူမျိုး ကြီးပွားချမ်းသာရေး၊ တိုးတက်စည်ပင် သာယာဝပြောရေးအတွက် ရနိုင်သော နည်းမျိုးစုံဖြင့် ဘက်စုံတိုးတက်အောင် ကြိုးစားလုပ်ကိုင်နေကြသည်ကို တွေ့ရပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည်လည်း အလားတူ နိုင်ငံတော်အကြီးအကဲများက ပြည်သူနှင့်လက်တွဲပြီး နေ့စဉ် ဘက်စုံတိုးတက်ကြီးပွားအောင် ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။

ဗုဒ္ဓဘုရားရှင်က ဟောကြားခဲ့သော ပစ္စုပ္ပန်ဘဝချမ်းသာရေးနှင့် ဘဝလွတ်မြောက်ရေး ကျင့်စဉ်တို့ကို အမျိုးသားယဉ်ကျေးမှုအဖြစ် လက်ခံယုံကြည်လာခဲ့ကြသော မြန်မာနိုင်ငံရှိ တိုင်းရင်းသားတို့သည် ဗုဒ္ဓတရားတော်နှင့်အညီ နိုင်ငံတစ်ဝှမ်း တိုးတက်ကြီးပွားအောင် မေတ္တာစေတနာအပြည့်ဖြင့် ဆောင်ရွက်လုပ်ကိုင်လျက် ရှိနေပါသည်။

ဗုဒ္ဓဘုရားရှင်သည် သတ္တဝါတို့အား မေတ္တာဖွဲ့ကြင် ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းဖြင့် ရိုင်းပင်းစီးပွား ဒီရေအလားသို့ မြင့်မားစေလိုသော မဟာကရုဏာဆန္ဒနှင့် လောကကြီးအား ထိန်းသိမ်းစောင့်ရှောက်ကာ လူသားတို့၏ ကြီးပွားစည်ပင်တိုးတက်၍ တစ်ဘက်မှာလည်း အေးငြိမ်းရာ သန္တိသုခနှင့် ပြည့်စုံ

သော နိဗ္ဗာန်မင်္ဂဖိုလ်ကို ရောက်ကြစေရန် နည်းလမ်းညွှန်ပြ တရားဓမ္မတို့ကို ထုတ်ဖော်ဟောကြားခဲ့ပါသည်။

လောကလူသားများ ချမ်းသာစေရေးအတွက် လူသားတိုင်းသည် ကာယကံဆိုး၊ ဝစီကံဆိုးတို့ကို တားဆီးပိတ်ပင် ရှောင်ကြဉ်ရသည်။ ဤသို့ တားဆီးနိုင်ခြင်းသည်ပင် မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊ မကောင်းမှုပြုရမည်ကို ကြောက်ခြင်းဟူသော လောကပါလတရားကို ထိန်းသိမ်းစောင့်ရှောက်သည် မည်ပါသည်။

လောကပါလတရားဆိုသည်မှာ ဟိရီနှင့် ဩတ္တပ္ပတရားများ ဖြစ်ကြပါသည်။ ဟိရီဆိုသည်မှာ မကောင်းသောအရာ၊ မကောင်းသည့်စရိုက်၊ မကောင်းသည့် အလေ့အကျင့် အကျင့်ဆိုးများကို ပြုလုပ်ရမည်ကို ရှက်သည့်သဘော ဖြစ်ပါသည်။ ဩတ္တပ္ပဆိုသည်မှာ မကောင်းသည့် အမှုအရာ၊ မကောင်းသည့် အလေ့အကျင့်ဆိုးများ ပြုလုပ်ရမည်ကို ကြောက်လန့်သည့်သဘောပင် ဖြစ်ပါသည်။

ဤတရားနှစ်ပါးသည် လောကကို စောင့်ရှောက်သည့်အတွက် လောကပါလတရားဟု ခေါ်ပါသည်။ ဖြူစင်ဖို့ရန်ဖြစ်သည့်အတွက် ဖြူစင်သောအကျိုးကို ပြီးစေသည့်အတွက် သုက္ကဓမ္မဟုလည်း ခေါ်ပါသည်။

ဟိရီ၊ ဩတ္တပ္ပဆိုသည့် လောကပါလတရားနှစ်ပါးတို့က စောင့်ရှောက်ထား၍ လောကကြီး မပျက်စီးရခြင်း ဖြစ်ပါသည်။

မိမိတို့၏ ယဉ်ကျေးမှု ဓာတိသွေး၊ ဓာတိမာန် မျိုးချစ်စိတ်ဓာတ်များ မပျက်စီးအောင်လည်း ဟီရိ၊ ဩတ္တပ္ပဆိုသည့် လောကပါလတရားများ စောင့်ရှောက်ထားပါသည်။

ဟီရိ၊ ဩတ္တပ္ပမရှိသည့် ပုဂ္ဂိုလ်များသည် အဟိရိက၊ အနောတ္တပ္ပတို့၏ အလွှမ်းမိုးခံရပြီး နိုင်ငံခြား၊ လူမျိုးခြား၊ ဘာသာခြားတို့၏ စာပေ၊ ဂီတ၊ ရုပ်ရှင်တို့ကို အခြေခံပြီး တဏှာ၊ ရာဂ ထကြွတိုးပွားစေတတ်သည့် ဝတ်စားဆင်ယင်မှု၊ သီဆိုကပြမှု စသည်တို့ကို အထင်ကြီးကာ အတုယူကြသဖြင့် မိမိတို့၏ ယဉ်ကျေးမှု၊ ဓာတိသွေး၊ ဓာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ်များ ပျက်ပြားကုန်ကြရပါသည်။

ဤဟီရိ၊ ဩတ္တပ္ပ မရှိသည့်အတွက် မေတ္တာ၊ ကရုဏာ စသည့် ဗြဟ္မစိုရ်တရားများ၊ သားသမီးဝတ်၊ မိဘဝတ်၊ ဆရာဝတ်၊ တပည့်ဝတ် စသည့် ဗုဒ္ဓယဉ်ကျေးမှုကို အခြေခံသည့် မြန်မာယဉ်ကျေးမှုများကို ကျောခိုင်းထားပြီး လောကကြီးသည် တိရစ္ဆာန်များနှင့် မခြားနားတော့ဘဲ ရိုင်းစိုင်းပျက်စီးရပါမည်။

ယင်းလောကပါလတရား နှစ်ပါးကိုပင် သုက္ကဓမ္မဟူ၍လည်းကောင်း၊ ဒေဝဓမ္မဟူ၍လည်းကောင်း ခေါ်ပါသည်။ သုက္ကဓမ္မ ဆိုသည်မှာ သန့်ရှင်းကြည်လင် ဖြူစင်သောတရား၊ ဒေဝဓမ္မဆိုသည်မှာ နတ်ဗြဟ္မာတို့ နှစ်သက်မြတ်နိုးသောတရား၊ ထွန်းလင်းတောက်ပ ကြည်လင်စေသောတရားဟူ၍ ဆိုလိုပါသည်။

ဤလောကပါလတရားသည် လောကတစ်ခုလုံးနှင့် လူသားအားလုံးတို့အား စောင့်ရှောက်ထားသည်။ လူနှင့် တိရစ္ဆာန်လောကကို တားဆီးဘောင်ခတ် ခွဲခြားထားသည်။ ဤလောကပါလတရား ဆိတ်သုဉ်းပျောက်ကွယ် ပျက်စီးသွားပါက လောကလူသားတို့သည် အမိနှင့်သား မောင်နှင့်နှမ မခွဲခြားတော့ဘဲ တိရစ္ဆာန်နှင့်မခြား ရိုင်းပျသွားဖွယ် ရှိပါသည်။ ထိုသို့ဖြစ်သွားပါက လောကရှိ လူသားအားလုံး လောကုတ် လောကီအကျိုးများ ပျက်စီးဆုတ်ယုတ်သွားနိုင်ပါသည်။

ထို့ပြင် ဤလောကရှိလူသားတို့ ထိန်းသိမ်းစောင့်ရှောက်ရမည့်တရားတွင် လောကပါလတရားအပြင် မေတ္တာဟူသောတရားနှင့် သစ္စာဟူသောတရားသည် အလွန်အရေးကြီးလှပါသည်။ အရေးကြီးသည်ဆိုရာဝယ် ဟင်းချက်ရာ၌ ဆားမပါလျှင် မပြီးသကဲ့သို့ သစ်ဖောင်၊ ဝါးဖောင်များ ချည်နှောင်ရာဝယ် ကြိုးမပါလျှင် မပြီးသကဲ့သို့ လူ့လောက၊ လူ့အဖွဲ့အစည်း ဖွဲ့စည်းရာ၌လည်းကောင်း၊ ပေါင်းသင်းဆက်ဆံသွားလာ လုပ်ကိုင်ရာ၌လည်းကောင်း မေတ္တာတရား၊ သစ္စာတရားမပါလျှင် မပြီးနိုင်ပါ။

ဤတွင် မေတ္တာသဘောမှာ တစ်ဦးအပေါ် တစ်ဦးက အကျိုးလိုလားသော (ဝါ) ကောင်းကျိုးချမ်းသာတွေ ဖြစ်သည်ကို မြင်လိုသောသဘောပင် ဖြစ်ပါသည်။

လူသတ္တဝါဟူသည် လောကအတွင်း၌ တစ်ဦးချင်း တစ်ယောက်ချင်း ထီးထီးကြီး နေထိုင်ကြသည် မဟုတ်ပါ။ အချင်း

ချင်း စုပေါင်းဖွဲ့စည်း၍ မြို့ရွာအသင်းအပင်း သဘောဖြင့် စုပေါင်းနေထိုင်ကြပါသည်။ ထိုသို့ စုပေါင်းဖွဲ့စည်းနေထိုင်သော အရင်းခံရှိရာသို့ တစ်ဦး၏အကျိုးကို တစ်ဦးက လိုလားသော မေတ္တာတရား မရှိခဲ့လျှင် ကြိုးကြိမ် စသည်တို့ဖြင့် ချည်နှောင်မထားသော သစ်ဖောင်၊ ဝါးဖောင် စသည်တို့ကဲ့သို့ မကြာခင် ဖရိုဖရဲ ပြိုကွဲပျက်စီးသွားမည်သာ ဖြစ်ပါသည်။

အိမ်ထောင်စုတစ်ခုတွင် မိဘ၊ သားသမီးဟူ၍ စုပေါင်းနေထိုင်ကြရာ မိဘနှစ်ပါးသည် သားသမီးများအပေါ်၌ ကောင်းကျိုးကို လိုလား၏။ သားသမီးတို့အတွက် အနစ်နာခံ ဆောင်ရွက်ပေး၏။ သားသမီးများ ဆင်းရဲဒုက္ခရောက်မည်ကို စိုးရိမ်၏။ သားသမီးများ ချမ်းသာဖွံ့ဖြိုး စည်းစိမ်တိုးနေသည်ကို မြင်ရလျှင် ရွှင်ပျကြည်နူး၏။

ဤကဲ့သို့ ကောင်းကျိုးလိုလားသော မေတ္တာတရားကြောင့် တစ်ဦးအပေါ် တစ်ဦးက သစ္စာစောင့်ကြသည်။ အပြောတစ်မျိုး၊ အလုပ်တစ်မျိုး မဟုတ်ဘဲ ပြောတိုင်းလုပ် လုပ်တိုင်းပြော အတွင်းအပြင် ချောမောပြေပြစ်ကြပါသည်။ အတွင်းမီးကို အပြင်မပေါက်ကြား စည်းကမ်းထားကြသည်။ ဤသို့ စည်းစောင့်ကြသည်ကိုပင် သစ္စာစောင့်သိသည်ဟု ဆိုလိုပါသည်။

လောကဝယ် မေတ္တာရှိမှ သစ္စာရှိနိုင်ပါမည်။ ဥပမာဆိုရသော် မေတ္တာသည် ရေနှင့်တူသည်။ သစ္စာသည် ပန်းပွင့်နှင့်တူပါသည်။ သစ္စာတည်းဟူသောပန်း ရွှင်လန်းလာအောင် မေတ္တာ

ရေဖြင့် သွန်းလောင်းပက်ဖြန်းပေးရသည်။ မေတ္တာတရား ခေါင်းပါးနေသူ၌ သစ္စာတရား မရှိနိုင်ပါ။ သတ္တဝါဟူသမျှတို့ အချင်းချင်း အကျိုးလိုလားသော မေတ္တာရှိနေပါလျှင် သစ္စာဖောက်ခြင်း၊ မဟုတ်မမှန် လုပ်ကြံပြောဆိုခြင်းများ မရှိနိုင်ပါ။

လူတချို့က အခြားလူတစ်မျိုးကို အနိုင်ယူလိုသောအခါ၌ ခွဲနည်းဥပါယ်ကို အသုံးပြုကြလေသည်။ ခွဲနည်းဥပါယ်ဆိုသည်မှာ အချင်းချင်း မေတ္တာသဘောဖြင့် ပေါင်းစည်းနေသော လူ့အသိုင်းအဝိုင်းကို မေတ္တာပျက်ကာ ကွဲပြားသွားအောင် ကြံဆောင်လုပ်ကိုင်ခြင်းပင် ဖြစ်သည်။ လူ့အသိုင်းအဝိုင်းသည် မေတ္တာဖြင့် နှောင်ဖွဲ့ထားပါလျှင် အချင်းချင်း သစ္စာစောင့်ကြသဖြင့် အတွင်းရေးကို မသိနိုင်။ အတွင်းရေးကို မသိနိုင်သည့်အတွက် လိုရာကိစ္စ မပြုနိုင်ကြပေ။ သို့အတွက် လူ့အသိုင်းအဝိုင်း ပြိုကွဲသွားအောင် ခွဲနည်းဥပါယ်ကို အသုံးပြုကြလေသည်။

ဝေသာလီပြည် လိစ္ဆဝီမင်းတို့သည် အချင်းချင်း မေတ္တာထား ဖွဲ့စည်းထားသဖြင့် အင်အားပြည့်ဝပြီး အခြားမည်သည့်မင်း၊ မည်သည့်တိုင်းပြည်ကမှ လာရောက်တိုက်ခိုက် သိမ်းပိုက်၍ မရခဲ့ပေ။ ဝေသာလီပြည်ကို သိမ်းယူလိုသော အဇာတသတ်မင်းသည် လိစ္ဆဝီအသိုင်းအဝန်း ပြိုကွဲလာအောင် ဖြိုနိုင်သော ဝေဿကာရပုဏ္ဏားကြီးကို ဝေသာလီသို့ စေလွှတ်ကာ အချင်း

ချင်း အထင်မှား၊ အမြင်မှား မေတ္တာတရားပျက်အောင် လုပ်ကိုင်စေခဲ့ရာ မကြာမီ လိစ္ဆဝီမင်းတို့ အချင်းချင်း မေတ္တာပျက်ကုန်၏။ မေတ္တာပျက်သောအခါ အချင်းချင်း စောင့်ထိန်းရမည့် သစ္စာတရားကို မစောင့်ထိန်းနိုင်တော့ဘဲ အတွင်းရေးကို ထုတ်ဖော်ပြောကြားတော့သည်။

ဤသို့ မေတ္တာမဖက် သစ္စာပျက်၍ ဖရိုဖရဲ ပြိုကွဲနေသော အချိန်အခါကျမှ အဇာတသတ်မင်းသည် ဝေသာလီပြည်ကို အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့လေသည်။ စည်းလုံးညီညွတ်မှု မေတ္တာသစ္စာ စွမ်းအားကြီးလှသည်ဟု နာမည်ကြီးခဲ့သော လိစ္ဆဝီမင်းတို့သည် မရှုမလှပြိုကွဲပြီး လူမျိုးလည်းပျောက်၊ တိုင်းပြည်လည်းပျောက်ခဲ့ရလေသည်။

မည်သည့်နိုင်ငံမဆို နိုင်ငံသားအချင်းချင်း အကျိုးလိုလားသော မေတ္တာတရား ရှိနေကြဖို့ အရေးကြီးလှပါသည်။ မေတ္တာရှိလျှင် သစ္စာလည်း အလိုလိုရှိလာမည်။ မေတ္တာတရား ကင်းမဲ့သောနေရာ၊ ကင်းမဲ့သောနိုင်ငံသည် သစ္စာပျက်စီး၍ လူမျိုးရောနိုင်ငံပါ ဆုံးရှုံးတိမ်ကောပပျောက်နိုင်ပါသည်။

ထို့ကြောင့် အမျိုး၏ ယဉ်ကျေးသိမ်မွေ့သော ဂုဏ်သိက္ခာနှင့် အမျိုး၏ ကြီးပွားချမ်းသာ တိုးတက်မှုတို့ကို လိုလားကြသော အမျိုးကောင်းသားတို့သည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိ၏ ဂုဏ်သိက္ခာ မြင့်မားရေးအတွက် လောကပါလတရားတို့ကို ထိန်းသိမ်း

စောင့်ရှောက်ကြပြီး နေရာမရွေး၊ လူမျိုးမရွေး အရေးကြီးလှသော မေတ္တာတရားကို မပျက်ပြားရလေအောင် သစ္စာတရားကို ထိန်းသိမ်းနိုင်ရလေအောင် ကြိုးစားထိန်းသိမ်းပြီး အစဉ်မပျက်ပွားများ သတိထား မွေးမြူသင့်ပေသည်။

## ဗုဒ္ဓဘာသာနှင့် နတ်ဘိုးတော်များ ကိုးကွယ်မှု

မြန်မာနိုင်ငံသမိုင်းကိုကြည့်လျှင် ပုဂံခေတ်မတိုင်မီကပင် နတ်ကိုးကွယ်မှုများ ထွန်းကားခဲ့သည်ကို တွေ့ရပါမည်။ ပုဂံခေတ်တွင် အနော်ရထာဘုရင်သည် ရှင်အရဟံ ရဟန္တာအရှင်မြတ်ကို ဆည်းကပ်ကိုးကွယ်ခွင့်ရခဲ့သဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်စင်စစ် ဖြစ်သွားခဲ့ပါသည်။

ထို့ကြောင့် တန္တရ၊ မန္တရဂိုဏ်း အနွယ်များဖြစ်သော အရည်းကြီး ကိုးကွယ်မှုနှင့် လွှန်ကဲနေသော နတ်ကိုးကွယ်မှုများကို နှိမ်နင်းဖျက်ဆီး၍ စင်ကြယ်သော ထေရဝါဒဗုဒ္ဓဘာသာကို ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်ခဲ့သည်။ အိမ်ရှေ့များတွင် ဆောက်လုပ်ထားသော နတ်အိမ်တို့ကို ဖျက်ဆီးစေ၍ နတ်ရုပ်တို့ကို သံကြိုးဖြင့် ချည်ဖွဲ့ကာ ရွှေစည်းခုံဘုရားတစ်နေရာ၌ စုထားစေလေသည်။

သို့သော် နတ်ကိုးကွယ်မှုကား လုံးဝပျောက်သွားသည်ဟု မဆိုသာချေ။ သို့ဖြစ်၍ အင်းဝခေတ်တွင် နတ်ကိုးကွယ်မှု များလာခဲ့၍ စာဆိုအကျော် ဆရာတော်ကြီးများက စာပေလက်နက်ဖြင့် နတ်ကိုးကွယ်မှုကို တိုက်ဖျက်ခဲ့ကြရပြန်၏။

ပေလေးပင် ရှင်လေးပါး အပါအဝင် ရှင်မဟာသီလဝံသ ဆရာတော်က ရတနာသုံးဖြာ ဆရာမိဘတို့ထက် နတ်ကိုးကွယ် အယုံကြည်လွန်နေကြသူများ နတ်ဝါဒီများအား –

"လူ့မြေနတ်ရွာ၊ နတ်မိစ္ဆာကို၊ ကယ်သာထင်မှတ်၊ သဘောကပ်၍၊ နတ်လူဗြဟ္မာ သတ္တဝါကို၊ ကံသာအရင်း၊ ပြုဖန်ဆင်းဟု၊ ယူလျင်းအပ်စွာ၊ ယခုမှာကား၊ ချမ်းသာဆင်းရဲ၊ နတ်ခမဲ့သည်၊ ပေးမြဲတို့မှာ၊ ထင်မှတ်ရာသည်၊ မိစ္ဆာယူမိယူမှားတည်း"

စသည်ဖြင့် နှိပ်ကွပ်ဆုံးမခဲ့ရသည်ကို သံဝေဂခန်းပျို့၌ တွေ့ရသည်။

ထို့အတူ ခေတ်ပြိုင်စာဆိုအကျော် ရှင်မဟာရဋ္ဌသာရ ဆရာတော်ကလည်း –

"ဘုရားနှင့်၊ မှန်းထားမည်ရည်၊ နတ်အိမ်တည်၍၊ အကြည်အညို၊ နတ်ကိုချဉ်းသာ၊ လုံးပန်းရှာ၏။ ရတနာသုံးပါး၊ အမြတ်အားမူ၊ များများမယုံ၊ အာရုံနှောင့်နှေး၊ နှစ်ခွတွေးလျက်၊ နာအေးဖျားတား၊ ရောက်သောခါလည်း၊ ဗြဟ္မာဘုံဟောင်း၊ အိမ်မကောင်းကို၊ မြဲကြောင်းပင့်ကူ၊ ထောက်တုဟူသား၊ အလှ

သီတင်း၊ သည်းပူခြင်းကို၊ စင်းစင်းမပြု၊ နတ်ကုစုန်းရှယ်၊ အကယ်ကယ်သို့၊ ရယ်ဘွယ်ဘိုကြီး၊ မရှက်သီးဘဲ၊ ကအပါနှင့်၊ တလဲဖြုန်း၊ ပန်းသီးပန်းရစ်၊ ဆင်ကာရစ်လျက်၊ မိစ္ဆာယောင်သီး၊ ယောင်ယမ်းတည်း”

စသည်ဖြင့် ရတနာသုံးပါးထက် နယ်ကိုးကွယ်မှု လွန်ကဲနေသည့် နတ်ဝါသနာခဲများအား ဘုရိဒတ်ဇာတ်ပေါင်းပျို့လာ ကဗျာလင်္ကာများဖြင့် ဆုံးမနိမ်နင်းခဲ့ရပေသည်။

တစ်ဖန် တောင်ငူခေတ် ဘုရင့်နောင်မင်း လက်ထက်၌ နတ်ကိုးကွယ်မှု အလွန်ဆိုးဝါလာပြန်၏။ ပုပ္ပါးနတ်၊ မင်းမဟာဂီရိနတ်မောင်နှမတို့အား ကျွဲဖြူ၊ နွားဖြူ၊ ဆိတ်ဖြူ၊ ဝက်၊ ကြက် များစွာသတ်၍ တစ်နှစ်တစ်ကြိမ် သေအရက်များနှင့် ခမ်းနားစွာ ပူဇော်ပသကြပြီး ကျွဲခေါင်း၊ နွားခေါင်း၊ ဆိတ်ခေါင်း၊ ဝက်ခေါင်းတို့ကို ကြိုးဖြင့်သီ၍ အိမ်ရှေ့နတ်တိုင်တွင် ဆင်ထားကြသည်။ လူတို့လည်း စားသောက်မူးယစ်မှု အလွန်ကြမ်းတမ်းကြ၏။ ထို့ကြောင့် ထိုနတ်ကိုးကွယ်မှု၊ ယစ်ပူဇော်မှု စသောအယူမှားများကို မင်းမိန့်ဖြင့် နိုင်နင်းစွာ တားမြစ်ဖျက်ဆီးပစ်ခဲ့ရသည်။

ထို့အတူ အနောက်ဘက်လွန်မင်းနှင့် ဟံသာဝတီပါမင်းတို့သည်လည်း နတ်ကိုးကွယ်မှုများကို နှိမ်နင်းခဲ့ကြောင်း သမိုင်းတွင် တွေ့ရ၏။

## ဘိုးတော်မယ်တော်တို့ပါ ထပ်တိုးလာ

သို့သော် နတ်ကိုးကွယ်မှုကား ပျောက်ကွယ်သွားခြင်း မရှိဘဲ ယခုတိုင် အမြစ်တွယ်လျက် ရှိနေသေးသည်။ ရန်ကုန်မြို့နှင့်တကွ အမြို့မြို့အရွာရွာများတွင် ရိုးရာနတ်ပွဲများ ခြိမ့်ခြိမ့်သဲ စည်ကားလျက်ရှိကြ၏။ တောင်ပြုံးနတ်ပွဲ၊ ရတနာဂူနတ်ပွဲများမှာလည်း အလွန်စည်ကားနေကြ၏။ ၁၉၆၂ ခုနှစ် နောက်ပိုင်း၌ ရိုးရာနတ်ကပွဲများ တဖြည်းဖြည်း နည်းပါးလာသည်ကို တွေ့ရ၏။ သို့သော် မြန်မာထေရဝါဒ ဗုဒ္ဓဝင်တို့၌ အိမ်တွင်းဦးရှင်ကြီး၊ မြင်းဖြူရှင်၊ ပဲခူးနတ် စသော မိရိုးဖလာ ရိုးရာကိုးကွယ်မှုများကား ရှိမြဲရှိနေပေ၏။ စစ်ပြီးခေတ် နောက်ပိုင်း၌မူ ရိုးရာနတ်ကိုးကွယ်မှုများကို ဘိုးတော်၊ မယ်တော် ကိုးကွယ်မှုများပါ ထပ်တိုးလာ၏။

ယခုအခါ၌မူ ရှေးက ကိုးကွယ်ခဲ့ကြသည့် မြန်မာဘိုးတော်များနှင့် သူရဿတီမယ်တော် (ဟိန္ဒူ ဗြာဟ္မဏ) များအပြင် တရုတ်ဘိုးတော် အန်းကုန်းနှင့် ကွမ်ရင်မယ်တော်တို့ကိုပါ ဘုရားစင်ပေါ်သို့ တင်လာကြ၏။ ပူဇော်ပသ ကိုးကွယ်လာကြ၏။ ဤသို့ ရတနာသုံးပါးနှင့်ရော၍ အမျိုးမျိုးအဖုံဖုံ ကိုးကွယ်မှုများ ရောထွေးလာသည့်အခါ ဗုဒ္ဓဘာသာဝင် အမျိုးသားအချို့က "ဒါတွေဟာ ကိုးကွယ်ကောင်းရဲ့လား၊ သရဏဂုံ မပျက်သွားဘူးလား၊ ဗုဒ္ဓဘာသာဝင်တွေမှ ဟုတ်ကြသေးရဲ့လား" စသည်ဖြင့်

မေးမြန်းလာကြ၏။ စိစစ်လာကြ၏။ ဤသို့ နတ်၊ ဘိုးတော်၊ မယ်တော်များ ကိုးကွယ်မှုနှင့် ပတ်သက်၍ စိစစ်မေးမြန်းလာခြင်းကို ဘုရားဟောပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ဟူသော ထေရဝါဒ ဓမ္မကျမ်းဂန်တို့ကို အခြေခံမှုစပြီး မသင်ကြားဖူးဘဲ အပေါ်ယံ တစ်စွန်းတစ်စမျှသာ တတ်သိနားလည်ထားသူ အချို့က "သရဏဂုံပျက်တာပေါ့၊ ဗုဒ္ဓဘာသာဝင်တွေ ဘယ်ဖြစ်ကြတော့မှာလဲ" ဟု မိမိသဘောအရ အဖြေပေးလိုကြသည်ကို တွေ့ရ၏။

## ဆရာတော်ဘုရားကြီး အကျဉ်းအဖြေ

ကျေးရွှေးရှင် အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကမူ "ဗုဒ္ဓဘာသာဝင် တစ်ယောက်သည် ဘေးကြောင့်သော်လည်းကောင်း၊ အန္တရာယ်ကြောင့်သော်လည်းကောင်း မိရိုးဖလာ နတ်ကိုးကွယ်သည့်အတွက် သရဏဂုံ ပျက်, မပျက်" ဟူသော အမေးကို "သရဏဂုံ မပျက်ပါ။ ဝေံဂဟိတသရဏာဿ ဥပါသကဿ ဥပါသိကာယ ဝ အညတိတ္ထိ ယေသု ပဗ္ဗဇိတံပိ ဉာတိ ဉာတကောမေ အယန္တိ ဝန္ဒနတောသရဏာ ဂမနံ နဘိဇတိ ပဂေဝ အပဗ္ဗဇိတံ"

ဤသို့ သရဏဂုံယူပြီးသော ဥပါသကာ ဥပါသိကာမသည် သာသနာ၌ ရဟန်းပြုနေသောဆွေမျိုးကို ဤသူသည် ငါ၏ ဆွေမျိုးတည်းဟု နှလုံးသွင်း၍ ရှိခိုးလျှင် သရဏဂုံ မပျက် (ကိုး

ကွယ်ဖို့နှင့် မဆိုင်သော) ရဟန်းမဟုတ်သော ဆွေမျိုးကို ရှိခိုး ခြင်း၌ကား သရဏဂုံမပျက်ဟု အထူးပြောဖွယ်မလို၊ တထာ ရာဇာနံ ဘယဝသေန ဝန္ဒနတော = မင်းကို ကြောက်သဖြင့် ရှိခိုးသူမှာလည်း ဤနည်းအတိုင်းပင် (သီလက္ခန်၊ သာမညဖလ သုတ်၊ အဋ္ဌကထာ)။

ဤအဋ္ဌကထာကိုထောက်၍ တစ်စုံတစ်ခုသော လာဘ် ကြောင့် အန္တရာယ်ကင်းလိုသောကြောင့် နတ်ကိုးကွယ်ရာ၌ ရတနာသုံးပါးကို မစွန့်သောကြောင့်လည်းကောင်း၊ ရတနာသုံးပါး ၌ အထင်မသေးသောကြောင့်လည်းကောင်း သရဏဂုံမပျက် ဟု သိသာပါသည်။ သို့သော် နတ်ကို ရတနာသုံးပါးထက်ပင် အမြတ်တနိုး ပန်း၊ ဆီမီး စသည်ဖြင့် ပူဇော်သူများအတွက်ကား သရဏဂုံ မပျက်သော်လည်း အရိအသေပေါ့သည့်အတွက် သရ ဏဂုံ ညှိုးနွမ်းစရာရှိပါသည်ဟု ရတနာဂုဏ်ရည်ကျမ်း (၁၉၉၂ ခုနှစ်၊ ဒွါဒသမအကြိမ်ရိုက်) စာမျက်နှာ ၃၃၇ ၌ အကျဉ်းချုပ် မိန့်ဆိုဖြေကြားထား၏။ ထိုကျမ်းဂန်တတ် ဆရာတော်ဘုရားကြီး အကျဉ်းချုပ်အဖြေကို ပိဋကတ်အခြေခံမရှိဘဲ "တစ်ပိုင်းကြောင် ကျက်စာရရုံနှင့် ခက်ပါလှသဘောဉာဏ်၊ တက်မာနအပြောသန် သည်၊ ဒေါသမာန်ထူပွား၊ ဒေါဒကတုဖက်လာလျှင်၊ သူ့ထက် ငါ ငြင်းတဲ့လူစားမျိုး" တို့ တလေးတစား သတိထားသင့်ကြ၏။

## အကျယ်ဖြေဆိုချက်

နတ်စသည်တို့ကို ကိုးကွယ်ရာ၌ သရဏဂုံပျက်မပျက်နှင့် ပတ်သက်၍ ကျေးဇူးနတ် စသည်တို့ကို ကိုးကွယ်ရာ၌ ဆရာတော်ဘုရားကြီး၏ ဖော်ပြပါ အကျဉ်းချုပ်အဖြေကို ထပ်မံဖြည့်စွက်၍ အကျယ်ဖြေဆိုပြပါဦးမည်။ အင်္ဂုတ္တိုရ်ပါဠိတော် ပတ္တကမ္မသုတ်လာ "ဒေဝတာဗလိအရလည်းကောင်း၊ လိစ္ဆဝီကုမာရသုတ် ကြီးပွားကြောင်း ငါးပါးအရလည်းကောင်း၊ မဆီမဆိုင် မိရိုးဖလာနတ်တို့ကို ကိုးကွယ်ကောင်းကြောင်း" ထင်ရှားသိသာ၏။ သို့သော် နတ်တို့ကို ကိုးကွယ်ရာ၌ အတိုင်းအတာပမာဏ ထားရှိ၏။ အတိုင်းအတာပမာဏလွန်လျှင် သရဏဂုံပျက်နိုင်၍ မလွန်လျှင် မပျက်နိုင်ပါ။ ရှင်းပြပါဦးမည်။

(၁) လောကုတ္တရာ သရဏဂုံနှင့် (၂) လောကီသရဏဂုံဟု နှစ်မျိုးရှိ၏။

လောကုတ္တရာ သရဏဂုံမှာ အရိယာများ သန္တာန်မှာဖြစ်သောကြောင့် ပျက်ခြင်းမရှိပေ။

လောကီသရဏဂုံသာ အကြောင်းနှစ်မျိုးကြောင့် ပျက်တတ်၏။ (၁) အယူဘာသာ ပြောင်းသွားသော်လည်းကောင်း၊ (၂) စုတေကွယ်လွန်သွားသော်လည်းကောင်း သရဏဂုံပျက်သည်။

အတ္တသန္နိယျာတန (မိမိကိုယ်ကို ရတနာသုံးပါးအား

အပ်နှင်းလှူဒါန်းခြင်း) စသည်ဖြင့် သရဏဂုံ ခံယူဆောက်တည်နည်း လေးမျိုးရှိရာ –

* ရှိခိုးခြင်း
* ခရီးဦးကြိုဆိုခြင်း
* လက်အုပ်ချီခြင်း
* အရိအသေပြုခြင်း တို့သည် ပဏိပါတ "သရဏဂုံဆောက်တည်နည်းဖြစ်၏။ ရှိခိုးခြင်း စသည်တို့ကိုပြုခြင်းသည် ဆည်းကပ်ကိုးကွယ်မှု သရဏဂုံဖြစ်သည်ဟု ဆိုလို၏။ ထိုပဏိပါတ သရဏဂုံနှင့် ပတ်သက်၍ သရဏဂုံတည်ပြီးသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် သာသနာတော်မှ ပြင်ပဖြစ်သော တိတ္ထိဂိုဏ်း၌ ရသေ့ရဟန်းပြုနေသူ ဆွေမျိုးတော်စပ်သူ တိတ္ထိရဟန်းကို ဤသူကား ငါတို့၏ ဆွေမျိုးတည်း" ဟု ရှိခိုးသော်လည်း သရဏဂုံမပျက်ပေ။ ရဟန်းမဟုတ်သည့် ဆွေမျိုးတိတ္ထိတို့ကို ရှိခိုးရာ၌ကား ဆိုဖွယ်မရှိ၊ သရဏဂုံမပျက်ပေ။

ထို့အတူ မင်းကိုရှိမခိုးလျှင် အကျိုးမဲ့ပြုမည်ကြောက်၍ မင်းကို ရှိခိုးလျှင်လည်း သရဏဂုံမပျက်ပေ။ ထို့ပြင် အတတ်ပညာ သင်ကြားပြသပေး၍ ဆရာဖြစ်ခဲ့ဖူးသည့် လူတိတ္ထိတို့ကိုပင်သော် ဤသူသည် ငါ၏ဆရာ ဖြစ်ခဲ့ဖူးသည်ဟု ရှိခိုးသူအားလည်း သရဏဂုံမပျက်ဟု သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ အင်္ဂုတ္တိုရ်အဋ္ဌကထာများ၌ တခမ်းတနား တိတိကျကျ ဖွင့်ဆိုထားသည်။

ဤကဲ့သို့ တိတ္ထိရဟန်း မင်းစိုးရာဇာနှင့် တိတ္ထိဆရာတို့သည် ရတနာသုံးပါးမှ အလွတ်ဖြစ်ကြပါလျက် ရှိခိုးမှုပြုသူများမှာ သရဏဂုံမပျက်ရခြင်းကား "လောကဓာတ်လုံးဝယ် အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်အနေဖြင့် ရှိခိုးခြင်း မဟုတ်သောကြောင့် ဖြစ်ပေသည်" ဟု သုတ်သီလက္ခန် ဋီကာကျမ်းများ၌ အတိအကျ မိန့်ဆိုထားကြ၏။

ဤအဋ္ဌကထာ ဋီကာကျမ်းတို့ မိန့်ဆိုချက်များကို ထောက်ထားပါက သရဏဂုံတည်မှု၊ ပျက်မှု နှစ်ခုလုံးသည် ရှိခိုးခြင်း စသည်တို့ကို ပြုသူတို့၏ နှလုံးသွင်းစိတ်ထားအပေါ် အခြေပြုနေသောကြောင့် ထင်ရှား၏။

အနှစ်ချုပ်၍ဆိုရသော် "မြတ်စွာဘုရား၊ တိတ္ထိရဟန်း၊ မင်းစိုးရာဇာ၊ တိတ္ထိဆရာ စသည့်ပုဂ္ဂိုလ်များကို ဆွေမျိုးပဲဟု နှလုံးသွင်း၍ဖြစ်စေ၊ ကြောက်သောကြောင့်ဖြစ်စေ၊ ဆရာပဲဟု နှလုံးသွင်း၍ဖြစ်စေ ရှိခိုးခြင်း စသည်တို့ကိုပြုပါက သရဏဂုံ မရပေ။ တည်ပြီးသား သရဏဂုံလည်း မပျက်ပေ။

ရတနာသုံးပါးကို တစ်လောကလုံးတွင် အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်အနေဖြင့် ရှိခိုးခြင်း စသည်တို့ကို ပြုမှသာ သရဏဂုံရသည်၊ တည်သည်။ သို့သော် တိတ္ထိရဟန်း၊ မင်းစိုးရာဇာနှင့် တိတ္ထိဆရာ စသူတို့ကို တစ်လောကလုံးတွင် အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်အနေဖြင့် ရှိခိုးခြင်း စသည်တို့ကိုပြုပါမူ တည်ပြီးသား သရဏဂုံ ပျက်တော့၏" ဟု ဆိုလိုပါသည်။

ဤသဘောအဓိပ္ပာယ်ကို သုတ်သီလက္ခန် အဋ္ဌကထာ အင်္ဂုတ္တိုရ် အဋ္ဌကထာတို့၌ "သေဋ္ဌဝသေနေဝဟိ သရဏံ ဂဏှာတိ၊ သေဋ္ဌဝသေနစ ဘိဇ္ဇတိ" ဟု အတိအကျ မှုချမိန့်ဆိုထားကြ၏။ အနက်မှာ ဟိ–သရဏဂုံ တည်ပုံကို အတိုချုပ်၍ပြဦးအံ့၊ သေဋ္ဌဝသေနဝ–တစ်လောကလုံးတွင် အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်၏ အစွမ်းဖြင့်သာလျှင်၊ သရဏံ–ကိုးကွယ်ခြင်းကို ဝါ၊ သရဏဂုံကို၊ ဂဏှာတိ–ယူရာရောက်၏။

စသည်တို့ဖြင့် သေရဝသေန–တစ်လောကလုံးတွင် အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်၊ သရဏံ–တည်နေသော သရဏဂုံသည်၊ ဘိဇ္ဇတိ–ပျက်သွားတော့၏ဟု မိန့်ဆိုထား၏။

အဓိပ္ပာယ်မှာ ရတနာသုံးပါးကို လောကဓာတ်လုံးတွင် အမြတ်ဆုံးအလှူခံဟု နှလုံးသွင်းမှတ်ယူကာ ရှိခိုးခြင်း၊ လက်အုပ်ချီခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ အရိုအသေပြုခြင်းတို့ကို ပြုလုပ်လျှင် သရဏဂုံယူပြီးဖြစ်၏။ သရဏဂုံတည်ပြီးသူသည် ရတနာသုံးပါးမှတစ်ပါး အခြားတိတ္ထိရဟန်း၊ တိတ္ထိဆရာ၊ နတ်၊ ဘိုးတော်၊ မယ်တော် စသည်တို့တွင် တစ်ဦးဦးကို တစ်လောကလုံးတွင် အမြတ်ဆုံးအလှူခံဟု နှလုံးသွင်း၍ ရှိခိုးခြင်း စသည်တို့ကို ပြုမိလျှင် မူလဆောက်တည်ထားသော သရဏဂုံကို ပျက်သွား၏ဟု ဆိုလိုပေသည်။

ဤအဋ္ဌကထာကျမ်းများ၏ အဆိုအမိန့်သည် သရဏဂုံ တည်မှု၊ ပျက်မှုတို့နှင့် ပတ်သက်၍ ခွဲခြမ်းဝေဖန် စိစစ်ရမည့်

'စံ' ဖြစ်၏။ ဤစံဖြင့် စီစစ်တိုင်းတာ၍ သရဏဂုံတည်မှု၊ ပျက်မှုကို ဆုံးဖြတ်ရမည့် နတ်၊ ဘိုးတော်၊ မယ်တော် စသူတို့ကို ကိုးကွယ်သူတို့ သရဏဂုံပျက်၊ မပျက်ကိုလည်း ဤအဋ္ဌကထာကျမ်းများလာ 'စံ' ဖြင့်ပင် စိစစ်တိုင်းတာ၍ ဆုံးဖြတ်ရမည်။

မူလက သရဏဂုံတည်နေသော ဗုဒ္ဓဘာသာဝင် တစ်ဦးတစ်ယောက်သည် တစ်လောကလုံးတွင် အမြတ်ဆုံး အလျှုခံပုဂ္ဂိုလ် (အဂ္ဂဒက္ခိဏေယျ) ဟု နှလုံးသွင်းမှတ်ယူကာ နတ်၊ ဘိုးတော်၊ မယ်တော် စသူတို့ကို ကိုးကွယ်လျှင် (ဝါ) ရှိခိုးမှု၊ ခရီးဦးကြိုဆိုမှု၊ အရိုအသေပြုမှုတို့ကို ပြုလုပ်လျှင် မူလသရဏဂုံပျက်သွားတော့၏။ တစ်လောကလုံးတွင် အမြတ်ဆုံးပုဂ္ဂိုလ်ဟု နှလုံးသွင်း မှတ်ယူမှုမျိုးမရှိဘဲ မပူဇော်မပသလျှင် ဘေးအန္တရာယ်ပြုမည်ကို ကြောက်သောကြောင့်လည်းကောင်း၊ စီးပွားလာဘ်လာဘ တိုးတက်လိုခြင်း စသည်တို့ကြောင့်လည်းကောင်း ထိုနတ်၊ ဘိုးတော်၊ မယ်တော် စသူတို့အား ပူဇော်ပသမှု၊ ရှိခိုးမှု၊ ကိုးကွယ်မှုကိုပြုလျှင်ကား မူလသရဏဂုံမပျက်ဟု စွဲစွဲမြဲမြဲ မှတ်ယူရမည်။

နတ်၊ ဘိုးတော်၊ မယ်တော် စသည်တို့ကို ကိုးကွယ်ရာ၌ ကိုးကွယ်မှုအတိုင်းအတာအရ သရဏဂုံပျက်သူလည်း ရှိ၏။ မပျက်သူလည်း ရှိ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များသည် ထိုပုဂ္ဂိုလ်များကို ကိုးကွယ်ရာ၌ တစ်ဖက်စွန်းသို့ မရောက်သွား

ဖို့၊ ရတနာသုံးပါးထက် မကျော်လွန်မိဖို့ အထူးလေးလေးစားစား သတိထားကြရမည် ဖြစ်သည်။ နတ်စွဲ၊ ဘိုးတော်စွဲ လွန်ကဲနေသူများမှာ နတ်၊ ဘိုးတော် စသူတို့၏ ရုပ်တုရုပ်ပုံများကို ဘုရားစင်တွင် တင်ထားကိုးကွယ်နေကြသည့်အပြင် ဘုရားကို ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးတို့ကို မှန်မှန်ကပ်လှူပူဇော်ရန် သတိမရကြသော်လည်း နတ်ပွဲ၊ ဘိုးတော်ပွဲ စသည်တို့မှာ အုန်းသီး၊ ငှက်ပျောသီး၊ ပန်း၊ လက်ဖက် စသည်တို့ မညှိုးမနွမ်း မခြောက်ရအောင် အထူးဂရုစိုက်နေကြသည်။ ဤအပြုအမူများမှာ နတ်ဘိုးတော် ဆိုသူများကို ရတနာသုံးပါးထက် ပိုပြီးအမြတ်ထားသည့်သဘော သက်ရောက်နေသည့်အတွက် မူလသရဏဂုံပျက်နိုင်သည်။ ထို့ကြောင့် ထိုနတ် စသူ တို့ကို ကိုးကွယ်နေသူတို့ ရုပ်တု ရုပ်ပုံများကို ဘုရားစင်၊ ဘုရား ခန်းတို့၌ လုံးဝမထားမိအောင် အထူးသတိဆောင်ရမည်။ ထိုသူ တို့ထက် ရတနာသုံးပါးကို ပို၍ဂရုစိုက်ရမည်။ ရတနာသုံးပါး ကို ကျော်လွန်၍ နတ်စသူတို့ကို အကိုးကွယ်လွန်မိ၍ သရဏဂုံ ပျက်နေသည့် ဗုဒ္ဓဘာသာဝင် လူထွက်များ မြန်မာနိုင်ငံတွင် အတော်များနေ၏။

ဗုဒ္ဓရှင်တော်မြတ်ဘုရားက နတ်တို့ကို မေတ္တာပို့သရမည်။ ကောင်းမှုပြုတိုင်း အမျှပေးဝေရမည်။ ရိုးရာနတ်တို့ကို မပူဇော် မပသလျှင် အန္တရာယ်ပြုတတ်သောကြောင့် ရိုးရာအတိုင်း ပူဇော် ပသရမည် စသည်ဖြင့် နတ်တစ်မျိုးတည်းကိုသာ ဟောကြားထား

သည်။ ဘိုးတော်၊ မယ်တော်တို့နှင့် ပတ်သက်၍ ဤကဲ့သို့ ဟောထားချက်မျိုး မရှိခဲ့ပေ။ အဋ္ဌကထာ၌ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသည့်အတိုင်း အယူမှားနေသည့် တိတ္ထိတို့ကိုပင် ရှိခိုးသော်လည်း သရဏဂုံမပျက်ဟု မိန့်ဆိုထားသောကြောင့်သာ ဤဘိုးတော်၊ မယ်တော်တို့ကိုပါ ထည့်သွင်းရေးသားထားခြင်း ဖြစ်သည်။

အထူးသဖြင့် ဟိန္ဒူဗြာဟ္မဏဘာသာလာ သူရဿတီမယ်တော်နှင့် မဟာယာနလာ အန်းကုန်းဘိုးတော်၊ ကွမ်ရင်မယ်တော်တို့ကို ကိုးကွယ်ခြင်းတို့ကား တခြားဘာသာများ ရောယှက်လာသဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်ဖို့ ခဲယဉ်းသွားတော့၏။ ဘိုးတော်၊ မယ်တော်တို့ကို ကိုးကွယ်ခြင်းသည် ရတနာသုံးပါးအပေါ်၌ ယုံကြည်မှု၊ ရိုသေလေးစားမှု လျော့ပါးရာရောက်သောကြောင့် သရဏဂုံ ညစ်နွမ်းရာလည်းရောက်၏။ ၎င်းကိုမယုံကြည်တော့ဘဲ သူတို့ကိုသာ ယုံကြည်အားကိုးမှုမျိုးဖြစ်ပါလျှင်ကား အင်းဝခေတ် စာဆိုအကျော် ဆရာတော်ကြီးနှစ်ပါး မိန့်ကြားတော်မူသကဲ့သို့ သရဏဂုံပျက်သည့် ဒွန်းစဏ္ဍားဥပါသကာမျိုး ဖြစ်သည့်အပြင် အယူမှားသည့် မိစ္ဆာဒိဋ္ဌိများအထိဖြစ်သွားနိုင်သည်ကို ဗုဒ္ဓဘာသာဝင်တိုင်း လေးစားသတိထားရန်၊ သိရန် ဟောပြောပညာပေးရပါမည်။

# သာသနာပြုရဟန်းတော်များနှင့် တိုင်းရင်းဆေးပညာ သင်ကြားတတ်မြောက်မှု

သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ တောင်တန်းနှင့်နယ်စပ် သာသနာပြု ကြွရောက်ကြမည့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) တို့မှ သံဃာတော်များကို တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့ ပူးပေါင်းကာ ကျန်းမာရေး စောင့်ရှောက်မှု တိုင်းရင်းဆေးသင်တန်းဖွင့်၍ သင်တန်းပို့ချပေးခဲ့ပါသည်။

ထိုသင်တန်း ဖွင့်လှစ်ပို့ချမှုနှင့် ပတ်သက်၍ ရဟန်းတော်များ ဆေးပညာသင်သင့်သလား၊ ဆေးကုသကောင်းသလား ဟူသော မေးခွန်းပြဿနာ ပေါ်လာခဲ့ပါသည်။ ထိုပြဿနာနှင့် ပတ်သက်၍ ပထမအကြိမ် တိုင်းရင်းဆေးပညာအခြေခံနှင့် တိုင်းရင်းဆေးဖြင့် ပဏာမကျန်းမာရေး စောင့်ရှောက်မှုသင်တန်း ဖွင့်ပွဲတွင် သာသနာရေးဝန်ကြီး၏ လျှောက်ထားချက်၌ –

"ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား –

ရဟန်းတော်များ ကုလဒူသကဟုခေါ်သော မလုပ်ကောင်းသော အရာများတွင် ဆေးဝါးကုသပေးခြင်းသည်လည်း မပြုလုပ်ကောင်းဟု တပည့်တော် လေ့လာသိရှိခဲ့ပါသည်ဘုရား။ သို့ရာတွင် မြတ်စွာဘုရားရှင်က ဝိနည်းမဟာဝါ ဂီလာနဝတ္ထု၌

အကြင်ရဟန်းသည် မကျန်းမာသော ရဟန်းအား ပြုစုလုပ်ကျွေးခြင်းသည် ငါဘုရားရှင်အား ပြုစုလုပ်ကျွေးသည်မည်၏ဟု ဟောကြားထားကြောင်း ဝိနည်းမဟာဝါ၌လည်း –

သီတင်းဖော်ငါး နှစ်ပါးမိဘ
ကပ္ပိယ၊ မိဘလုပ်ကျွေးသူ
ရှင်ရဟန်းလောင်း၊ မှီကျောင်းကပ်
(၁၁) ရပ်၊ ကုသပေးအပ်သူ

ဟု လယ်တီဆရာတော်ဘုရားကြီး ရေးသားထားသော ဝိနယသံခိပ်ကျမ်း အလင်္ကာ၌ ရဟန်းတော်များ မိမိဆေးဖြင့် မိမိကုသပေးနိုင်သူ (၁၁) ဦးရှိကြောင်း တပည့်တော် လေ့လာမှတ်သားဖူးပါသည်။

သို့ဖြစ်၍ ရဟန်းတော်များအတွက် ဆေးဝါးအတတ်ပညာသည်လည်း တတ်ကောင်းသင့်သည့် ပညာတစ်ခုပင် ဖြစ်ပါသည်ဘုရားဟူ၍ ထည့်သွင်းလျှောက်ထားခဲ့သည်ကို တွေ့ရပါသည်။

မြတ်စွာဘုရားရှင်က ဝိနည်းတော်၌ –

"ယောဘိက္ခဝေ မံ ဥပဋ္ဌဟေယျ သောဂိလာန ဥပဋ္ဌဟေယျ ရဟန်းတို့၊ ငါဘုရားကို ပြုစုလုပ်ကျွေးလိုသူသည် လူနာရဟန်းကို ပြုစုလုပ်ကျွေးရာ၏"

ဂိလာနရဟန်းတစ်ပါးကို ပြုစုလုပ်ကျွေးမှုနှင့် ပတ်သက်၍ လမ်းညွှန်မိန့်ကြားခဲ့သည်ကို တွေ့ရပါသည်။

ရဟန်းဟူသည် အဖော်မဲ့ တစ်ကိုယ်တည်း ကျင့်ကြံရသဖြင့် မကျန်းမမာဖြစ်လျှင် ပြုစုစောင့်ရှောက်မည့် ဇနီး၊ သားသမီး၊ မိဘသားချင်းဟူ၍ အနီးအနား၌ မရှိချေ။ အစကတည်းက သာသနာတော်ကို ယုံကြည်၍၊ အားကိုး၍ သာသနာဘောင်သို့ ဝင်လာသူများဖြစ်ကြ၍ မကျန်းမမာ ဖြစ်လာသောအခါ ဖြစ်သော ရဟန်းတော်အချင်းချင်းသာ ကူညီစောင့်ရှောက်ရန် တာဝန်ရှိနေကြပါသည်။

တာဝန်ယူရာ၌ သာမန်သဘောမျိုးမဟုတ်ဘဲ မပြုစုလျှင် မနေရ၊ ပြုစုစောင့်ရှောက်ရမည့် တာဝန်ရှိသည်ကို ဝိနည်းတော်၌ "ဂိလာနပုဂ္ဂိုလ်၏ ဥပဇ္ဈာယ်ဆရာရှိလျှင် ဥပဇ္ဈာယ်ဆရာ ကိုယ်တိုင် အသက်ထက်ဆုံး သို့မဟုတ် ရောဂါပျောက်ကင်းသည့်အထိ ပြုစုစောင့်ရှောက်ရမည်။ ပရိသတ် စသည်ကို သင်ကြားပေးသော ဆရာရှိလျှင် ထိုဆရာက ပြုစုစောင့်ရှောက်ရမည်။ အတူနေတပည့်၊ အနီးနေတပည့်၊ ဥပဇ္ဈာယ်တူတပည့်၊ ဆရာတူတပည့်တို့က အသက်ထက်ဆုံး သို့မဟုတ် ရောဂါပျောက်ကင်းသည်အထိ ပြုစုစောင့်ရှောက်ရမည်။ ထိုပုဂ္ဂိုလ်များ မရှိခဲ့လျှင် သံဃာက တာဝန်ယူ စောင့်ရှောက်ရမည်။ မပြုစု မစောင့်ရှောက်ဘဲနေလျှင် ဒုက္ကဋ်အာပါတ်သင့်၏"ဟု ဘုရားရှင်က ပညတ်ခဲ့သည်။

မြတ်စွာဘုရားသည် လူနာရဟန်းအား ပြုစုစောင့်ရှောက်မည့်သူ (သူနာပြုရဟန်း) ကို ခွင့်ပြုတော်မူခဲ့သည်။ ထိုသို့ ခွင့်

ပြုရာ၌ သူနာပြုရဟန်းသည် အရည်အချင်း အင်္ဂါ (၅) ပါးနှင့် ပြည့်စုံရမည်ဟု ဝိနည်းသတ်မှတ်ထားသည်ကို တွေ့ရပါသည်။

(၁) ကိုယ်တိုင် ဆေးဝါးဖော်စပ်တတ်ခြင်း

(၂) လူနာနှင့်သင့်လျော်သည့် ဆေးဝါးခါတ်စာ စသည်ကို သိကျွမ်းပြီး မသင့်လျော်သည်ကိုပယ်၍ သင့်လျော်သည်ကို ကျွေးမွေးနိုင်ခြင်း

(၃) လက်ဆောင် စသည်ကို မျှော်လင့်ချက်မထားပါဘဲ မေတ္တာစိတ်သက်သက်ဖြင့်သာ ပြုစုစောင့်ရှောက်နိုင်ခြင်း

(၄) လူမမာ၏ ကျင်ကြီး၊ ကျင်ငယ်၊ တံတွေး၊ အန်ဖတ် စသည်ကို မရွံ့ရှာဘဲ သုတ်သင်ပေးနိုင်ခြင်း

(၅) လူနာ စိတ်ရွှင်လန်းလာအောင် အချိန်အခါအားလျော်စွာ ထိုက်သင့်သော တရားစကားပြောပြနိုင်ခြင်းတို့ ဖြစ်ပါသည်။

ဤအင်္ဂါငါးပါးသည် လူနာကို ပြုစုစောင့်ရှောက်မည့်သူ သူနာပြုမှန်သမျှ လိုက်နာကျင့်သုံးအပ်သော လမ်းညွှန်ချက်များ ဖြစ်သည်။ ဤအင်္ဂါရပ်နှင့် မပြည့်စုံလျှင် သူနာပြုရဟန်း မဖြစ်နိုင်ဟု ဘုရားရှင်က မိန့်ကြားထားပါသည်။

ထို့ပြင် လူနာရဟန်းဘက်က လိုက်နာရမည့် အင်္ဂါ (၅) ရပ်ကိုလည်း ဟောကြားထားခဲ့ပါသည်။

(၁) အနာရောဂါအား လျော့ကပ်ပတ်သည်ကိုပြခြင်း

(၂) အနာရောဂါ၌ အတိုင်းအရှည်ကိုသိခြင်း

(၃) ရောဂါ၏ အတိုးအလျော့ကို သူနာပြုအား မှန်ကန်စွာ ပြောပြခြင်း

(၄) ဆေးကို ညွှန်ကြားသည့်အတိုင်း မှီဝဲခြင်း

(၅) ရောဂါဝေဒနာကို သည်းခံနိုင်စွမ်းရှိခြင်း

ဤအင်္ဂါအရ လူနာသည် ငါလူနာပဲဆိုပြီး ထင်သလိုမနေရပါ။ ညွှန်ကြားသည့်အတိုင်း နေရန်ဖြစ်ပါသည်။ သူနာပြုသည် ဆေးကို ရွေးချယ်တတ်ခြင်းဟူသော အင်္ဂါရပ်များကို ထောက်၍လည်းကောင်း၊ ဝိနည်းဘေသဇ္ဇက္ခန္ဓကဝါ ဆေးအစီအရင်များကို ထောက်၍လည်းကောင်း၊ ရဟန်းသာမဏေများသည် ဆေးပညာကို သင်ယူကောင်းကြောင်း၊ ဆေးပညာကို တတ်မြောက်ရမည်ဖြစ်ကြောင်း ထင်ရှားလှပါသည်။

ဘုရားရှင်က ကုလဒူသက သိက္ခာပုဒ်အရ ဆေးပညာဖြင့် အသက်မွေးမှု မပြုကောင်းကြောင်းသာ ပညတ်ခဲ့ပါသည်။

ဝိနည်းတော်အရ ဆေးပေးကုသကောင်းသူများကို ဘုရားရှင်က ခွင့်ပြုခဲ့သည်။ ယင်းတို့မှာ –

* ရဟန်း၊ ရဟန်းမ၊ သိက္ခမန် (သာမဏေလောင်း၊ သာမဏေ၊ သာမဏေမ)

* အမိအဖ၊ မိဘကို ပြုစုလုပ်ကျွေးနေသူ၊ မိမိ၏ ဝတ်ကြီးဝတ်ငယ်ကို ဆောင်ရွက်နေသူ၊ သံဃဝေယျာဝစ္စကို ဆောင်ရွက်နေသူ ဖောင်ရင်လောင်း (ကျောင်းသား)
* အစ်ကိုကြီး၊ ညီငယ်၊ အမကြီး၊ နှမငယ်၊ ဒေါ်ကြီး၊ ဒေါ်လေး၊ ဘကြီး၊ ဘထွေး၊ ဦးကြီး၊ ဦးလေး

ဤပုဂ္ဂိုလ်များကို ဆေးပေးကုသကောင်းသည်။ ဤပုဂ္ဂိုလ်များမှတစ်ပါး အခြားသူကို ဆေးကုသပေးလျှင် မိစ္ဆာဇီဝ (မှားယွင်း ယုတ်မာသော အသက်မွေးမှု)၊ ကုလဒူသန (လူတို့၏ သဒ္ဓါတရားကို ပျက်စီးမှု) ကြောင့် ဒုက္ကဋ်အာပတ်သင့်၏ဟု ဘုရားရှင်က ပညတ်ခဲ့ပါသည်။ ဆေးအတတ်ပညာကို သင်ကြားထားပြီးလျှင် ဝိနည်းတော်က ခွင့်ပြုသော ဆေးပေး၊ ဆေးကုကောင်းသည့် ပုဂ္ဂိုလ်များအား မိမိ တတ်ကျွမ်းသော ဆေးပညာဖြင့် ကုသ၍ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ခြင်းသည် အမျိုးဘာသာ သာသနာအတွက် အတိုင်းမသိ ကျေးဇူးများဖွယ်သာ ရှိပါသည်။ ထို့ကြောင့် သာသနာပြုရဟန်းတော်များ ဆေးပညာ စောင့်ရှောက်မှု သင်ကြားတတ်မြောက်ထားခြင်းသည် မိမိတို့အား ပစ္စည်းလေးပါးထောက်ပံ့မည့် ဒါယကာ ဒါယိကာမများအတွက် ထောက်ပံ့ကူညီရာရောက်၍ အပြစ်မရှိပေ။

## ကောင်းကင်ဘုံနှင့် နိဗ္ဗာန်

ဤကမ္ဘာပေါ်တွင် လူသားတို့ ကိုးကွယ်အားထားရာ ဘာသာကြီးအသီးသီး ပေါ်ထွန်းခဲ့ရာတွင် –

* ဟိန္ဒူဘာသာသည် အိန္ဒိယနိုင်ငံတွင် ပေါ်ခဲ့သည်။ ဘီစီ (၁၃၀၀) ခန့်က ပေါ်ခဲ့သည်ဟု ခန့်မှန်းကြသည်။ တည်ထောင်သူကို မသိကြပါချေ။
* ဂျူးဘာသာသည် ပါလက်စတိုင်းနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း (၃၀၀၀) ကျော်က ပေါ်ထွန်းခဲ့သည်။ တည်ထောင်သူမှာ မိုးဆက် ဖြစ်သည်။
* ပါရာစီဘာသာခေါ် ဇိုရိုအက်စတာဘာသာသည် ပါရှားပြည် (ယခု အီရန်) တွင် လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခန့်က ပေါ်ခဲ့သည်။ တည်ထောင်သူမှာ ဇိုရိုအက်စတာ ဖြစ်သည်။
* ဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က ပေါ်ခဲ့သည်။ တည်ထောင်သူမှာ သိဒ္ဓတ္ထမင်းသား ဖြစ်သည်။
* ခရစ်ယာန်ဘာသာသည် ပါလက်စတိုင်းနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ခန့်က ပေါ်ခဲ့သည်။ တည်ထောင်သူမှာ ယေရှု ဖြစ်သည်။

* အစ္စလာမ်ဘာသာသည် လွန်ခဲ့သောနှစ်ပေါင်း ၁၄၀၀ ခန့်က အာရေဗျနိုင်ငံတွင် ပေါ်ခဲ့သည်။ တည်ထောင်သူမှာ မိုဟာမက် ဖြစ်သည်။

ထိုဘာသာကြီးများအနက် ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဇိုရိအက်စတာဘာသာတို့သည် ဘုရားတစ်ဆူဝါဒ၊ နောက်ဘဝ၊ တမန်တော်၊ ကောင်းကင်ဘုံနှင့် ငရဲဘုံ၊ နောက်ဆုံးတရားစီရင်ခြင်း စသည်တို့ကို အခြေခံ ယုံကြည်ချက်များအဖြစ် လက်ခံထားရှိကြပါသည်။

ထိုဘာသာတို့၏ အယူအဆမှာ တစ်နေ့တစ်ချိန်တွင် ကမ္ဘာကြီး လုံးဝဥဿုံ ပျက်စီးမည်။ ကမ္ဘာပျက်သည်နှင့် သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးသည် အကုန်ပျက်စီးမည်။

ထိုအချိန်တွင် ထာဝရဘုရားသည် ကမ္ဘာသို့ သက်ဆင်း၍ အသက်ဝင်လာမည်။ အရိုးစုများနှင့် သေသောရုပ်ကလာပ်အားလုံး လူသားများ ပြန်ဖြစ်လာမည်။ ယင်းလူသားများ၏ ကောင်းကျိုး၊ ဆိုးကျိုးတို့ကို ထာဝရဘုရားသခင်က အဆုံးအဖြတ်ပေးမည်။ ယင်းနေ့ကို တရားဆုံးဖြတ်သောနေ့ဟု ခေါ်သည်။

တရားဆုံးဖြတ်သောနေ့တွင် ထာဝရဘုရားသည် မကောင်းမှုပြုသူများကို ငရဲသို့ ထာဝရသွားနေရန် ညွှန်ကြား၍ ကောင်းမှုပြုသူများကို ကောင်းကင်ဘုံ၌ ထာဝရနေရန် မိန့်ကြားမည်။

ငရဲနှင့် ကောင်းကင်ဘုံကို ဘုရားသခင်ကသာ ပိုင်ဆိုင်သည်။ ကောင်းမှု၊ မကောင်းမှု (ကုသိုလ်၊ အကုသိုလ်) ကံများကိုလည်း ဘုရားသခင်ကသာ ပိုင်ဆိုင်သည်။

ဟိန္ဒူဝါဒသည် ဖန်ဆင်းရှင်ဗြဟ္မာကို ထာဝရဘုရားအဖြစ် ယုံကြည်သည်။ အတ္တခေါ် ဝိညာဉ်ကောင်ရှိသည်ဟု ယုံကြည်သည်။ အတ္တသံသရာလည်၍ စင်ကြယ်သောအတ္တသည် နောက်ဆုံးတွင် ဗြဟ္မာ၏ဝိညာဉ်နှင့် ပူးပေါင်းကာ ထာဝရအေးချမ်းသောဘဝသို့ ရောက်သည်ဟု ယုံကြည်ကြသည်။

ဗုဒ္ဓဘာသာသည် ထာဝရခေါ် ဖန်ဆင်းရှင်ဘုရားကို မယုံကြည် လက်မခံပေ။ အတ္တခေါ် ဝိညာဉ်လိပ်ပြာကောင် ရှိသည်ကိုလည်း လက်မခံ။ အရာဝတ္ထုအားလုံးသည် အကြောင်းကြောင့် အကျိုးဖြစ်သည်။ ပြုပြင်မှုတရားမှန်သမျှသည် မမြဲ၊ ဆင်းရဲ၊ အစိုးမရရှိသည်။ မိမိ ပြုလုပ်ခဲ့သော ကောင်းမှု၊ မကောင်းမှုကသာ မိမိဘဝကို ဖန်တီးသည်။

မကောင်းမှု အကုသိုလ်ပြုလုပ်က ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟုခေါ်သော အပါယ်လေးဘုံတွင် တစ်ဘုံဘုံသို့ ကျရောက်ပြီး မိမိ ပြုခဲ့သော အကုသိုလ် အတိုင်းအတာအရ ခံရမည်။ ထိုသို့ခံပြီးက ဘဝသစ်တစ်ခုသို့ ပြန်လည်ဝင်ရောက်နိုင်သည်။

ကာမာဝစရ ကုသိုလ်ကောင်းမှု ပြုလုပ်သူသည် မိမိတို့ ပြုလုပ်သော ကုသိုလ်ကောင်းမှု အဆင့်အတန်း အတိုင်းအတာ

အရ လူပြည်နှင့် နတ်ပြည်ခြောက်ထပ်သို့ အသီးသီး ရောက်နိုင်သည်။

မဟာဂ္ဂုတ်ကုသိုလ်ဟုခေါ်သော ဈာန်သမထ အကျင့်ကို ကျင့်သောပုဂ္ဂိုလ်သည် မိမိတို့ ကျင့်ကြံအားထုတ်သော ဈာန်သမထ အဆင့်အတန်း အတိုင်းအတာအရ ရူပဗြဟ္မာပြည် (၁၆) ဘုံ၊ အရူပဗြဟ္မာပြည် (၄) ဘုံသို့ ရောက်ရှိနိုင်သည်။

လောကုတ္တရာကုသိုလ်ဟုခေါ်သော ဝိပဿနာအကျင့်ကို ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်သည် မိမိတို့ ကျင့်ကြံအားထုတ်သော မဂ်ဖိုလ်အဆင့်အတန်းအရ သောတာပတ္တိမဂ်ရသောပုဂ္ဂိုလ်သည် သုဂတိဘုံဘဝ၌ ခုနစ်ဘဝသာ ကျင်လည်ရပြီး ကေန်မုချ သန္တိသုခ နိဗ္ဗာန်နန်းသို့ စံမြန်းမည်ဖြစ်ပါသည်။

သကဒါဂါမိမဂ်ရသော ပုဂ္ဂိုလ်သည် မိမိ မဂ်ရသောဘုံ၌ တစ်ကြိမ်သာ ပဋိသန္ဓေ ဖြစ်နေသည်။ ဗြဟ္မာဘုံ၌ဖြစ်မူ သောတာပန်ကဲ့သို့ ခုနစ်ဘဝ ဖြစ်နိုင်ပြီးနောက် နိဗ္ဗာန်နန်းသို့ စံမြန်းရမည် ဖြစ်ပါသည်။

အနာဂါမိမဂ်ရသောပုဂ္ဂိုလ်သည် ကာမဘုံသို့ မလားရောက်တော့။ ရူပ–အရူပတဏှာ ရှိနေသေး၍ ရူပ–အရူပ ဗြဟ္မာပြည်သို့ ရောက်ရှိပြီး ထိုမှ နိဗ္ဗာန်နန်းသို့ စံမြန်းရမည် ဖြစ်ပါသည်။ အရဟတ္တမဂ်ရသော ပုဂ္ဂိုလ်သည်ကား ကိလေသာအားလုံး ကုန်ဆုံးပြီးဖြစ်၍ နိဗ္ဗာန်နန်းသို့ စံမြန်းရပါတော့သည်။

ဗုဒ္ဓဘာသာဝင်တို့၏ ထိုနိဗ္ဗာန်ဟူသည် အဘယ်နည်း။

ဗုဒ္ဓဘာသာတို့၏ အမြတ်ဆုံးရည်ရွယ်ချက်နှင့် အမြင့်ဆုံး ပန်းတိုင်သည် နိဗ္ဗာန်ဖြစ်ပါသည်။

ထိုနိဗ္ဗာန်ကို ပညာရှိတို့က နိဗ္ဗာန်ရွှေဘုံ၊ နိဗ္ဗာန်ရွှေပြည်၊ နိဗ္ဗာန်နန်း၊ နိဗ္ဗာန်ရွှေမြို့ဟူ၍ တင်စားခေါ်ဝေါ်နေကြသဖြင့် အချို့သော ဉာဏ်ပညာနည်းသူနှင့် ဘာသာခြားတို့က လူ့ပြည်၊ နတ်ပြည်ကဲ့သို့လည်းကောင်း၊ ကြီးကျယ်ခမ်းနားသော ဘုံဗိမာန်ကြီးကဲ့သို့လည်းကောင်း တင့်တယ်လှပနေသော ဘုံကြီးဟူ၍ ထင်မြင်ယူဆနေကြပါသည်။ အမှန်မှာ နိဗ္ဗာန်သည် ဘုံမဟုတ်ပါ။ နိဗ္ဗာန်သည် တဏှာမှထွက်မြောက်သောတရား ဖြစ်ပါသည်။

ကိလေသာဝဋ်ဆင်းရဲတို့၏ ငြိမ်းခြင်းသဘော၊ အမြဲမပြတ်ဖြစ်နေသော ရုပ်နာမ်သင်္ခါရတို့မှ ကင်းဆိတ်သောသဘောသည် နိဗ္ဗာန်ဖြစ်ပါသည်။

ထိုနိဗ္ဗာန်တွင် အဆင်း၊ သဏ္ဌာန်၊ အရွယ်၊ အတိုင်းအရှည် မရှိပါ။ နိဗ္ဗာန်သည် ဘယ်နေရာမှာ တည်ပါသနည်းဟုဆိုက ဤလောကတွင် ဉာဏ်ပညာဆိုသောအရာ၊ လေဆိုသောအရာ၊ မီးဆိုသော အရာများ တည်ရှိသည်။ ထိုအရာများ တည်ရှိရာနေရာကို သေချာစွာ မကိုင်ပြနိုင်သလို နိဗ္ဗာန်၏တည်ရာကို မပြ နိုင်ပါ။

အမှန်မှာ နိဗ္ဗာန်သည် မိမိခန္ဓာကိုယ်တွင်းမှာသာ ရှိသည်။

မိမိက မဂ္ဂင်ရှစ်ပါးတရားဖြင့် တရားအားထုတ်၍ ကိလေသာကင်းစင်သွားလျှင် ချမ်းအေးခြင်း နိဗ္ဗာန်အရသာကို ခံစားရသည်။

ထိုအရသာသည် အဘယ်ကဲ့သို့ ရှိသနည်းဟုဆိုပါက အနာရောဂါရှိသူအား အနာပျောက်စေသောဆေးဖြင့်ကု၍ အနာပျောက်သော် ခံစားရသော ဝမ်းသာမှု ပီတိအရသာကို ဘယ်လိုရှိပါသလဲဟုမေးက ထိုခံစားရသော အရသာကို မပြောပြနိုင်သလို၊ ထောင်မှလွတ်လာသူတစ်ဦး၏ ခံစားရသော ဝမ်းသာမှုအရသာကို ပြောမပြတတ်သလို မဂ္ဂင်ရှစ်ပါးဟူသောအကျင့်ဖြင့် မဂ်ဖိုလ်ကို ရရှိသောသူ၏ နိဗ္ဗာန်အရသာခံစားရမှုကို ဘယ်လိုအရသာရှိပါသည်ဟူ၍ ပြောမပြနိုင်ပါ။ ကိုယ်တိုင် လက်တွေ့အားထုတ်ပြီး ကိုယ်တိုင် ခံစားကြည့်မှ ထိုအရသာကို သိပါသည်။

နိဗ္ဗာန်နှင့် ပတ်သက်၍ ကျမ်းဂန်တို့၌လည်း အမျိုးမျိုးဖွင့်ပြပါသည်။ အဋ္ဌကထာဆရာများကလည်း ဥပမာ ဥပမေယျစုံလင်စွာဖြင့် နှိုင်းယှဉ်ပြထားပါသည်။

ပဋိသမ္ဘိဒါမဂ်၌ ဖော်ပြထားသည်မှာ –

| | |
|---|---|
| * ဖြစ်ခြင်းရှိသောတရားသည် | သင်္ခါရ |
| * ဖြစ်ခြင်းကင်းသောတရားသည် | နိဗ္ဗာန |
| * မပြတ်ဖြစ်နေသော ရုပ်နာမ်အစဉ်သည် | သင်္ခါရ |
| * မပြတ်ဖြစ်နေသော ရုပ်နာမ်အစဉ် ကင်းခြင်းသည် | နိဗ္ဗာန |

* ပုံသဏ္ဍာန်ကိုယ်ထည် ဒြပ်ရှိသော
  တရားသည် သင်္ခါရ
* ပုံသဏ္ဍာန်အထည်ကိုယ် မထင်ပေါ်သော
  တရားသည် နိဗ္ဗာန
* ချမ်းသာကောင်းစားရန် ရည်သန်
  အားထုတ်ခြင်းသည် သင်္ခါရ
* ချမ်းသာကောင်းစားရန် အားထုတ်ခြင်း
  ကင်းသောတရားသည် နိဗ္ဗာန

လက်တွေ့ခံစားရသော နိဗ္ဗာန်နှင့်ပတ်သက်၍ ဇာဏုသောဏိ ပုဏ္ဏားကြီးကို ဘုရားရှင်က ဖြေကြားသည်မှာ –

"ရာဂ, ဒေါသ, မောဟတို့ဖြင့် တတ်စွမ်းသောသူသည် ရာဂ, ဒေါသ, မောဟတို့ ဖိစီးထားသည်ဖြစ်၍ ရာဂ, ဒေါသ, မောဟတို့က သိမ်းကျုံးဆွဲဆောင်ထားသောစိတ် ရှိရကား မိမိ ဆင်းရဲရန်ကိုလည်း ကြံစည်၏။ သူတစ်ပါး ဆင်းရဲရန်ကိုလည်း ကြံစည်၏။ မိမိ သူတစ်ပါး နှစ်ဦးစလုံး ဆင်းရဲရန်လည်း ကြံစည်၏။ ထိုအခါ စိတ်ကို စွဲမှီ၍ဖြစ်သော ဆင်းရဲခြင်း, နှလုံးမသာယာခြင်းကို ခံစားရ၏"

"ရာဂ, ဒေါသ, မောဟကို ဖယ်ခွာလိုသူရှိသော် မိမိ ဆင်းရဲရန်ကိုလည်း မကြံစည်၊ သူတစ်ပါး ဆင်းရဲရန်

ကိုလည်း မကြံစည်၊ နှစ်ဦးစလုံး ဆင်းရဲရန်ကိုလည်း မကြံစည်၊ ထိုအခါ စိတ်ကိုစွဲမှီ၍ဖြစ်သော ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းတို့သည် မခံစားရတော့ပေ”

“ဤသို့ဖြင့် ဤသူသည် အကြွင်းမဲ့ ရာဂကုန်ရာ နိဗ္ဗာန်၊ ဒေါသကုန်ရာ နိဗ္ဗာန်၊ မောဟကုန်ရာ နိဗ္ဗာန်ကို ခံစားရ၏”

ဟူ၍ ဟောတော်မူသည်။ ဤသည်ကိုထောက်၍ မိမိ စိတ်သန္တာန်၌ ရာဂ, ဒေါသ, မောဟ စသော ကိလေသာ အညစ်အကြေးများ ကင်းစင်လျှင် နိဗ္ဗာန်ခံစားရသည် မည်ပါသည်။

ရုပ်အစရှိသော သင်္ခါရ၌ တဏှာ၊ ဒိဋ္ဌိတို့ဖြင့် မမှီသောသူအား တုန်လှုပ်မှုမရှိ၊ တုန်လှုပ်မှုမရှိသော် ငြိမ်းအေး၏။ ငြိမ်းအေးမှုရှိလတ်သော် ညွှတ်မှုတဏှာမဖြစ်၊ ညွှတ်မှုတဏှာမရှိသော် ပဋိသန္ဓေအားဖြင့် ဤဘဝသို့ လားရောက်ခြင်း၊ စုတိအားဖြင့် ထိုဘဝသို့သွားခြင်းများ မဖြစ်။ လာခြင်း၊ သွားခြင်းမရှိသော် စုတေခြင်း၊ ပဋိသန္ဓေ နေခြင်းမဖြစ်။ စုတေခြင်း၊ ပဋိသန္ဓေနေခြင်း မဖြစ်သော် မျက်မှောက်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း၊ နှစ်ပါးစုံဘဝ၌လည်းကောင်း မဖြစ်လတ္တံ့။ ဤသည်ပင် ဆင်းရဲခြင်း၏အဆုံး ချမ်းအေးရာ နိဗ္ဗာန်တည်း။

ဤသို့ ပဋိသန္ဓေနေရခြင်း၊ သေရခြင်း ပြတ်သည်ကိုပင် နိဗ္ဗာန်ဟူ၍ ဆိုပါသည်။

ရတနသုတ်၌ လားရာဘဝ မရှိတော့ခြင်း၊ ပဋိသန္ဓေနေမှု မျိုးစေ့ကုန်ခြင်း၊ ဆီမီးငြိမ်းပျောက်သွားသကဲ့သို့ ငြိမ်းပျောက်သွားခြင်းကို နိဗ္ဗာန်ခံစားရသည်ဟု ဆိုပါသည်။

ထိုနိဗ္ဗာန် ခံစားမှုသည် ဤဘဝ၊ ဤခန္ဓာ သေပျောက်မှ ရရှိခံစားရသည် မဟုတ်ပါ။ ယခု ပစ္စုပ္ပန်ဘဝမှာပင် မဂ္ဂင်ရှစ်ပါး အကျင့်ဖြင့်ကျင့်၍ သစ္စာလေးပါး သိမြင်က ရရှိခံစားရပါသည်။

သို့တွက် နိဗ္ဗာန်ကို –

ခန္ဓာငါးပါး အကြွင်းရှိသေးသော သဉပါဒိသေသနိဗ္ဗာန်

ခန္ဓာငါးပါး အကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာန်

ဟူ၍ နှစ်မျိုးခွဲခြား ပြထားပါသည်။

"ရဟန်းတို့၊ ခန္ဓာငါးပါး အကြွင်းရှိသော သဉပါဒိသေသ နိဗ္ဗာန်ရောက်သူဟူသည်–

"အာသဝေါကုန်ခန်းသူ၊ အကျင့်မြတ်ကို ကျင့်ပြီးသူ၊ ပြုအပ်ပြီးသော မဂ်ကိစ္စရှိသူ၊ ခန္ဓာဝန်ကိုချထားပြီးဖြစ်သူ၊ မိမိအကျိုး အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ၊ ဘဝသံယောဇဉ် ကုန်ခန်းပြီးသူ၊ ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်သူ ဖြစ်သည်။

"ထိုရဟန္တာပုဂ္ဂိုလ်အား နောက်ဆုံးဘဝ၏ အကြောင်းကံ မကုန်သေးသမျှ မျက်စိ စသော ဣန္ဒြေငါးပါးတို့သည် တည်ရှိကုန်သည်သာလျှင်တည်း။

"ထိုရဟန္တာပုဂ္ဂိုလ်များသည် ဤဣန္ဒြေငါးပါး ရှိနေသေးသောကြောင့် နှစ်သက်ဖွယ်၊ မနှစ်သက်ဖွယ်သော အာရုံတို့ကို ခံစားရသေး၏။ ချမ်းသာဆင်းရဲကို ခံစားရသေး၏။

"ထိုရဟန္တာပုဂ္ဂိုလ်အား ရာဂကုန်ခန်းမှု၊ ဒေါသကုန်ခန်းမှု၊ မောဟကုန်ခန်းမှုတို့သည် ရှိ၏။ ထိုသို့ ကုန်ခန်းခြင်းရှိသော ခန္ဓာငါးပါး ရှိနေမှုကိုပင် သဥပါဒိသေသနိဗ္ဗာန်ရောက်သူဟု ခေါ်သည်။

"ခန္ဓာငါးပါး အကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာန်ဟူသည်ကား ခန္ဓာပျက်ပြီးသောအခါဖြစ်၍ အလုံးစုံသောဘဝတို့၌ (ဝါ) သုံးဆယ့်တစ်ဘုံတို့၌ ဖြစ်ခြင်းမရှိ ချုပ်ခြင်းတို့ကို ခေါ်သည်။"

ဗုဒ္ဓဘာသာတို့၏ နိဗ္ဗာန်ဟူသည် နိဂုံးချုပ် ဆိုရသော် ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ အစဉ်ဖြစ်ပေါ်နေသော စိတ်၊ စေတသိက်၊ ရုပ်တရားတို့၏အဖြစ် ငြိမ်းမှုပင် ဖြစ်ပါတော့သည်။